စနေ၊ အောက်တိုဘာ (၁)

**ယာကုပ် ၁း၁**

တမန် ၁၂း၁-၂

*"ယောဟန်၏ အစ်ကိုဖြစ်သော ယာကုပ်ကို ဓားနှင့်ကွပ်မျက်လေ၏"*

# တမန်တော်ယာကုပ်–တပည့်တော်၊စာရေးသူနှင့်မာတုရ

ရှင်ယာကုပ်ဩဝါဒစာကို ရေးသားသောသူကမိမိသည် ဘုရားသခင်နှင့်သခင်ယေရှုခရစ်တော်၏အစေခံကျွန်ယာကုပ်ဖြစ်သည်ဟု ဖော်ပြခဲ့ပါသည်။ မိမိ၏သခင်အပေါ်၌မိမိသစ္စာရှိကြောင်းနှင့်သခင်အတွက်အသေခံသည့်တိုင်အောင် နာခံဆက်ကပ်မှုရှိကြောင်းကိုလည်း ဖော်ပြခဲ့ပါသည်။

သို့သော်လည်း ဤယာကုပ်သည်အဘယ်ယာကုပ်ဖြစ်သနည်းဟူသောအချက်၌ခရစ်ယာန်ကျမ်းတတ်ပုဂ္ဂိုလ်များအမြင်မတူကြပါ။ ဖြစ်နိုင်ချေသုံးဦးရှိပါ၏-ဇေဗေဒဲ၏သားယာကုပ်၊ အာလဒဲ၏သားယာကုပ်နှင့် သခင်ယေရှု၏ညီ ယာကုပ်တို့ဖြစ်ကြပါသည်။ အများစုကသခင်ယေရှု၏ ညီယာကုပ်ဖြစ်မည်ဟုဆိုကြပါသည်။ သူသည် ကနဦးအသင်းတော်၌ အရေးပါသောပုဂ္ဂိုလ်ဖြစ်၍၊ ယေရုရှလင်အသင်းတော်ကိုဦးဆောင်သောသူဟု သိမှတ်ထားပါသည် (တမန် ၁၂း၁၇၊ ဂလာ ၂း၉)။ Calvin ကမူ အာလဖဲ၏သားယာကုပ် ဖြစ်မည်မှာ ပို၍အကြောင်းပြချက်ရှိပါ၏။ သူသည်ယောဟန်၏အစ်ကိုဖြစ်၍သခင်ယေရှု၏တမန်တော်ဆယ့်နှစ်ပါးတွင်တပါးဖြစ်ပါသည် (မသဲ ၁၀း၂ မာကု ၃း၁၇၊ လုကာ ၆း၁၄၊ တမန် ၁း၁၃)။ ယေရှုနှင့်အထူးသိကျွမ်းဝင်သောပုဂ္ဂိုလ်သုံးဦးတွင်တဦးဖြစ်သောကြောင့် သခင်ယေရှုသွန်သင်ပေးသောအချက်ကို အခြေခံ၍သူရေးသားခဲ့ခြင်းဖြစ်ပါလိမ့်မည်။ သူသည် Herod Agrippa ၏သတ်ဖြတ်ခြင်းကို အေဒီ၄၄ တွင် ခံရသောကြောင့် (တမန် ၁၂း၁-၂)၊ ဤဩဝါဒစာသည် အစောဆုံးရေးသားသောဩဝါဒစာ၊ သတေဖန်အသေသတ်ခြင်းခံရပြီးနောက် တမန်တော်ဝတ္ထု ၈ ၌ ရေးသားသောဩဝါဒစာ၊ သတေဖန်အသေသတ်ခြင်းခံရပြီးနောက် တမန်တော်ဝတ္ထု ၈ ၌ ဖြစ်ပျက်သောပျံ့နှံ့ခြင်းကာလ၌ ရေးသားခြင်းဖြစ်နိုင်ပါသည်။

<u>တပည့်တော်</u>၊ ယာကုပ် (ဇေဗေဒဲ၏သား၊ ယောဟန်၏အစ်ကို) သည် ယေရှု၏ဖိတ်ခေါ်ခြင်းကိုနာခံလျက်၊ အရာခပ်သိမ်းကိုထားခဲ့ပြီး၊ ယေရှုနောက်တော်သို့လိုက်ခဲ့ပါသည်(မသဲ ၄း၂၁-၂၂၊ မာကု ၁း၁၉-၂၀၊ လုကာ ၅း၁၀-၁၁)။

<u>စာရေးသူ</u>၊ ယာကုပ်ဩဝါဒစာ၌ယေရှု၏သွန်သင်ချက်စုံလင်စွာ တွေ့ရ၏။ ဤဩဝါဒစာကယာကုပ်နှင့်သူ့သခင်ဖြစ်သောယေရှုတို့၏ သုံးနှစ်သုံးမိုးဆက်နွယ်မှုကို ခိုင်မာစွာဖော်ပြလျက်ရှိ၏။

<u>မာတုရ</u>၊ သူသည် Herod ၏သတ်ခြင်းကိုခံရခဲ့၏။ သူအသတ်မခံရမှီအသင်းတော်တို့ထံ ဩဝါဒစာပို့ခြင်း၌ ဘုရားသခင်ကအသုံးပြုခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

ဘုရားသခင်သည် မိမိအသုံးတော်ခံများကို မိမိ၏အချိန်နှင့်အခြေအနေပေါ်မူတည်၍ တိကျစွာအသုံးပြုတော်မူတတ်၏။ ထို့ကြောင့် ယုံကြည်သူတို့သည် မိမိတို့၏အသက်တာကို ဘုရားသခင်ထံဆက်ကပ်အပ်နှံကြရပါမည်။ ဘုရားသခင်သည် ယုံကြည်ကိုးစားထိုက်တော်မူ၏။ မိမိကိုယ်ကို ဘုရားသခင်ထံသင်ဆက်ကပ်ပြီးပြီလား။ ခရစ်တော်၏အစေခံကျွန်ဟု မိမိကိုယ်ကို သင်ခံယူပါသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၏အမှုတော်ကိုဆောင်ရွက်သောအကျွန်ုပ်သည် ခရစ်တော်အတွက် အသက်ပေးခြင်း၌ ကျွန်တော်အသင့်ရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သေသည့်တိုင်အောင် ကိုယ်တော်၏နောက်တော်ကို နာခံလိုက်လျှောက်သောသူဖြစ်မည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၂)
**ယာကုပ် ၁း၁**
တမန် ၈း၁-၄

*"အရပ်ရပ်သို့ကွဲပြားသောသူတို့သည် လှည့်လည်၍ နှုတ်ကပတ်တော်တည်းဟူသော ဧဝံဂေလိတရားကိုဟောပြောကြ၏"*

# အမှုတော်အတွက် အရပ်ရပ်သို့ကွဲပြားခြင်း

"အရပ်ရပ်တို့၌ကွဲပြားသော" (ယာကုပ် ၁း၁၊ ဂရိ "diaspora")ဟူသော စကားလုံးတို့ကို တမန်တော်ဝတ္ထုရေးသားသော ရှင်လုကာကလည်း တမန် ၈း၁ တွင်အသုံးပြုခဲ့ပါသည်။ ဤစကားလုံး၏အဓိပ္ပာယ်မှာ မျိုးစေ့ကြဲ၍ပျံ့နှံ့သကဲ့သို့သော ကွဲပြားပျံ့နှံ့ခြင်းကို ဆိုလိုပါသည်။ ညှင်းပန်းနှိပ်စက်ခြင်းကြောင့် ခရစ်ယာန်တို့အရပ်ရပ်၌ ကွဲပြားကြခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌တွေ့ရသော"အရပ်ရပ်" သည် ယေရုရှလင်မြို့နှင့်ပါလက်စတိုင်းအပြင်ဘက်အရပ်ကို ဆိုလိုပါ၏။ ယုဒအာဏာရှင်တို့က လိုက်လံရှာဖွေကြသောကြောင့် အရပ်ရပ်သို့ထွက်ပြေးကွဲပြားခဲ့ကြပါသည်။

<u>ကွဲပြားသောသူများ၊</u> "တဆယ့်နှစ်ပါးသောအမျိုး" (ယာကုပ် ၁း၁)ဟူသော စကားလုံးက ယုဒယုံကြည်သူတို့ကို ရည်ညွှန်းပါ၏။ ဤအသုံးအနှုန်းသည် ဓမ္မသစ်ကျမ်းထဲ၌ ဣသရေလလူမျိုးကို ရည်ညွှန်း၍အသုံးပြုလေ့ရှိပါ၏ (မဿဲ ၁၉း၂၈၊ တမန် ၂၆း၇၊ ဗျာဒိတ် ၂၁း၁၂)။ ထိုကာလ၌ ယုံကြည်သူသည် ယုဒလူများဖြစ်ကြ၏။ နောက်မှသာ တပါးအမျိုးသားထဲမှာ ယုံကြည်သူရှိလာခဲ့ကြ၏။

<u>နှုတ်ဆက်ခြင်း၊</u> "မေတ္တာနှင့်ကြားလိုက်ပါ၏" (ယာကုပ် ၁း၁) ဟူသောစကားလုံးသည် "ဝမ်းမြောက်ခြင်းရှိလော့" ဟူ၍အဓိပ္ပါယ်ရ၏။ ထိုအချိန်၌ဤစကားသည် ပုံမှန်နှုတ်ဆက်ခြင်းစကားလုံးဖြစ်ပါသည်။ ဆုံတွေ့ခြင်းနှင့်ခွဲခွာခြင်း၌ အသုံးပြုသောနှုတ်ဆက်စကားဖြစ်ပါသည်။ အခြား ဓမ္မသစ်ကျမ်းသြဝါဒစာစောင်ထဲ၌ ဤနှုတ်ဆက်ခြင်းကို မတွေ့ရသော်လည်း၊ ပထမရာစု၌အသုံးပြုသောအသုံးအနှုန်းဖြစ်ပါသည်။ တမန်တော်၌တွေ့ရသောပို့စာနှစ်စောင်၌ ဤစကားလုံးတွေ့ရပါသည် (၁၅း၂၃၊ ၂၃း၂၆)။

ဤသြဝါဒစာသည် တမန်တော်တို့နှင့်အဆက်အသွယ်ပြတ်ခဲ့သော ယုံကြည်သူများထံ ရေးသားခဲ့ခြင်းဖြစ်ပါသည်။ သူတို့သည် ညှင်းပန်းနှိပ်စက်ခြင်းကာလ၌ ခွန်အားပေးစကားကို အလွန်လိုအပ်ခဲ့ကြ၏။ ထို့ပြင် ခက်ခဲသောကာလ၌ သူတို့၏အမြင်ကိုလည်း သွန်သင်တည့်မတ်ဖို့လိုပါသည်။ ထို့ကြောင့် သူတို့သည်ခရစ်ယာန်အသက်တာ၌ လိုအပ်ချက်မရှိရလေအောင် တမန်တော်က ကယ်တင်ရှင်၏စကားများကို သူတို့သည် ပြန်လည်သတိရခြင်းငှါ အလိုရှိ၏။

သခင်ဘုရားက မိမိသားသမီးတို့အား အသက်တာ၌ဖြစ်ပျက်သောအရာတိုင်း၌ အကျိုးအကြောင်းရှိကြောင်း ဤသြဝါဒစာအားဖြင့် သိစေလိုပါ၏ (တမန် ၈း၄)။

ချစ်သောစာဖတ်သူ၊ သခင်ဘုရားက သင့်ကိုလမ်းပြတော်မူကြောင်း သိမှတ်ပါလော့။ သင်မနေချင်သောအရပ်၌ သင်ရောက်လျှင်လည်း၊ ထိုအရပ်၌ ဘုရားသခင်ကသင့်အဖို့ ပို၍ကောင်းသောရည်ရွယ်ချက်ရှိကြောင်း သိမှတ်ပါလော့။ ထိုအရပ်၌ သင်လုပ်ဆောင်ရမည့်တာဝန်တစ်ခုခုရှိပြီး၊ ထိုအတွက် သင့်အဖို့ကြီးမြတ်သောဆုလာဘ်တည်းဟူသော ထာဝရဝမ်းမြောက်ခြင်းခြင်းရှိပါ၏။

**ဆင်ခြင်ရန်** - လိုချင်သောအရာမရသောအခါ ကျွန်တော်မြည်တမ်းညီးတွားပါသလား။
**ဆုတောင်းချက် -** အဘဘုရား၊ ကိုယ်တော်ထားတော်မူသောအရပ်နှင့်လုပ်ဆောင်စေလိုသောအမှုကို ကျွန်တော်လက်ခံမည်အကြောင်း မစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၃)

**ယာကုပ် ၁း၂**

မဿဲ ၅း၁၀-၁၂

*"ဝမ်းမြောက်ရွှင်မြူးခြင်းရှိကြလော့။ အကြောင်းမူကား၊ ကောင်းကင်ဘုံ၌သင်တို့၏အကျိုးသည် ကြီးလှပေ၏"*

# ညှဉ်းဆဲခြင်း၌ဝမ်းမြောက်ခြင်း

ယာကုပ်က ညီအစ်ကိုတို့အား အရာရာတိုင်းကိုဝမ်းမြောက်စရာအကြောင်းဟု မှတ်ယူကြရန် တိုက်တွန်းပါ၏။ ယာကုပ် ၁း၂ ၌တွေ့ရသော "စုံစမ်းနှောင့်ယှက်ခြင်း" သည်စစ်ကြောခြင်းကိုဆိုလို၏။ ဤအချက်ကို "သင်တို့၏ယုံကြည်ခြင်းကိုစစ်ကြောစုံစမ်းခြင်း" ဟု ရှင်းပြခဲ့ပါသည်။ ထို့ကြောင့်၊ ဤစစ်ကြောခြင်းသည် ယုံကြည်သူတို့သာ ကြုံတွေ့ရသောအရာဖြစ်၏။ ယုံကြည်ခြင်းမရှိသောသူအဖို့ ယုံကြည်ခြင်းစစ်ကြောခြင်းမလိုအပ်ပါ။ ဘဝ၌အခက်အခဲဒုက္ခဆင်းရဲကြုံတွေ့နေရသော မယုံကြည်သူတို့သည် အပြစ်၏နောက်ဆက်တွဲဆိုးကျိုးကို ခံနေကြရခြင်းဖြစ်ပါသည်။

<u>ခရစ်ယာန်အပေါင်းကိုဖိတ်ခေါ်ခြင်း၊</u> ခရစ်ယာန်လက်တွေ့အသက်တာအကြောင်းရေးသား သောဤသြဝါဒစာသည် ညှဉ်းဆဲခြင်းကိုခံနေရသောယုံကြည်သူတို့၏လိုအပ်ချက်ကိုဖြည့်ဆည်းပေး ခြင်းငှါ ရေးသားခြင်းဖြစ်ပါသည်။ ယေရှုကိုယုံကြည်သော၊ ဘုရားသခင်၏သားသမီးများ၊ ယုံကြည်သူ ညီအစ်ကိုတို့ကို ဖိတ်ခေါ်တိုက်တွန်းခြင်းဖြစ်ပါသည်။ အချို့က ယာကုပ်သည်ယုဒလူမျိုးကို ရည်ညွှန်း ခြင်းဖြစ်သည်ဟု ဆိုကြ၏။ သို့သော်လည်း၊ တမန်တော် ၈ ကိုအခြေခံ၍လေ့လာသောအခါ ဤသြဝါဒစာကို လက်ခံသောသူတို့သည် သူတို့၏ယုံကြည်ခြင်းကြောင့် ညှဉ်းဆဲခံရပြီး ကွဲပြားသောယုဒလူတို့ ဖြစ်ကြောင်း တွေ့ရပါသည်။ ထို့ကြောင့် ယာကုပ်၏သြဝါဒစာသည် ခရစ်တော်၌ညီအစ်ကိုဖြစ်သော၊ စစ်မှန်သောယုံကြည်သူများဖြစ်ကြ၏။

<u>ဝမ်းမြောက်စရာအကြောင်းသက်သက်ဟုမှတ်ကြလော့၊</u> ယုံကြည်သူတို့သည် ကြုံတွေ့ရသော စစ်ကြောစုံစမ်းခြင်းအပေါင်း၌ အချိန်တိုင်းဘုရားသခင်၌ ဝမ်းမြောက်ခြင်းရှိရမည်အကြောင်း ယာကုပ်တိုက်တွန်းခဲ့ပါသည်။ "မှတ်ကြလော့" (ယာကုပ် ၁း၃) ဆိုသည်မှာ အခြေအနေနှင့်အချက်အလက်တို့ကို ဆင်ခြင်သုံးသပ်ပြီးမှ ဆုံးဖြတ်ချက်ချရန် ခိုင်းစေခြင်း၊ အမိန့်ပေးခြင်းဖြစ်ပါသည်။ ဝမ်းနည်းစရာအကြောင်းများ၌ မိမိခံယူချက်များဆင်ခြင်သုံးသပ်သောအခါ၌ပင် ဝမ်းမြောက်ခြင်းရှိခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ "တွေ့ကြုံသောအခါ" ဆိုသည်မှာ ထိုသို့သောအခက်အခဲ၊ စစ်ကြောခြင်းအရာတို့၏ဝန်းရံခြင်းခံရသောအခါဟူ၍ အဓိပ္ပာယ်ရ၏။

လူတိုင်း အခက်အခဲကိုယ်စီကြုံတွေ့ကြပါ၏။ အပြစ်တရားကြောင့် ဤကမ္ဘာကြီးသည် ဘုရားသခင်၏ကျိန်ခြင်းကိုခံရ၏ (ကမ္ဘာ ၃း၁၇-၂၄)။ ဘုရား၏သားသမီးတို့လည်း မလွတ်ပါ။ ယုံကြည်ခြင်းကိုစစ်ကြောစုံစမ်းခြင်းငှါရင်း၊ ဆုံးမစရာအတွက်သော်ရင်း ထိုအခက်အခဲတို့ကို ဘုရားသခင်ကယုံကြည်သူတို့ကို ကြုံတွေ့စေတော်မူ၏။ ဤယာကုပ်သြဝါဒစာစောင်ထဲတွင် ယေရှု၏စကားကိုနာခံခြင်းရှိမရှိ စမ်းစစ်ခြင်းငှါ ဤညှဉ်းဆဲခြင်းကို ဘုရားသခင်ခွင့်ပြုတော်မူ၏။

သင်သည် မိမိ၏မယုံကြည်ခြင်းကြောင့် အခက်အခဲကြုံတွေ့နေခြင်းလော။ သို့ဆိုလျှင် နောင်တရ၍ယုံကြည်လက်ခံပါလော့။ သင်၏ယုံကြည်ခြင်းကြောင့် စစ်ကြောခြင်းခံရနေရပါသလား။ သို့ဆိုလျှင် နှုတ်ကပတ်တော်ကိုဖတ်ရှုလျက်၊ ဝိညာဉ်တော်၏ခွန်အားပေးခြင်းဖြင့် ဘုရားသခင်အကြောင်း ပို၍သိလျက်၊ ကိုယ်တော်၏ချစ်ခြင်းမေတ္တာကို ပိုသိ၍ဝမ်းမြောက်ခြင်းရှိပါလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ကြုံတွေ့နေသောအခက်အခဲသည် စုံစမ်းစစ်ကြောခြင်းလော၊ ဆုံးမခြင်းလော။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘဘုရား၊ အကျွန်ုပ်စိတ်နှလုံးကို ကိုယ်တော်သိတော်မူ၏။ ကြုံတွေ့နေသောအခက်အခဲဒုက္ခကို နားလည်သဘောပေါက်ခြင်းငှါ အသိဉာဏ်အလင်းပေးသနားတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၄)

**ယာကုပ် ၁း၃**

ရောမ ၅း၁-၁၁

*"ဒုက္ခဆင်းရဲခြင်းကိုခံ၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏"*

# ညှင်းဆဲခြင်းခံရခြင်း၏ရည်ရွယ်ချက်

ဘုရားသခင်ကိုသိမှတ်ပြီဟု ကျွန်တော်တို့ မခံယူရပါ။ သို့သော်လည်း၊ ကျွန်ုပ်တို့အပေါ် ပြုတော်မူသောအမှုကို ကျွန်တော်တို့သိနိုင်ပါ၏။ သို့သော်လည်း၊ စစ်ကြောစုံစမ်းခြင်းခံရခြင်း၌ ဘုရားသခင်၏ရည်ရွယ်ချက်ကိုသိခြင်းငှါ နှုတ်ကပတ်တော်ကိုသေချာလေ့လာ၍ ဆင်ခြင်ကြရပါမည်။

<u>သေချာမှု၊</u> "သိမှတ်လျက်" (ယာကုပ် ၁း၃) ဟူသောစကားသည် ဦးနှောက်အသိဖြင့် သိရုံမဟုတ်ပါ။ ဖြစ်လာမည့်မျှော်လင့်သောအကျိုးကို ကြိုတင်သိနားလည်ခြင်းလည်းမဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်အားဖြင့် သေချာစွာသိနားလည်ခြင်းကို ဆိုလိုပါ၏။ ကြုံတွေ့နေသောအခက်အခဲဒုက္ခကို ကျွန်ုပ်တို့၏အတွေးအခေါ် အမြင်အားဖြင့် မဆုံးဖြတ်သင့်ပါ။ သမ္မာကျမ်းစာဖတ်လျက်၊ ဝိညာဉ်တော်၏အလင်းပေးခြင်းဖြင့်သာ၊ ဘုရားသခင်၏အလိုတော်ကို သေချာသိမှတ်နိုင်ပါ၏။ "စုံစမ်းနှောင့်ယှက်ခြင်း" (အငယ် ၃) နှင့် "စစ်ကြောစုံစမ်းခြင်း" (အငယ် ၂) တို့သည် မတူညီကြပါ။ သို့သော်လည်း တူညီသောအဓိပ္ပာယ်ကို ဖော်ဆောင်ကြပါသည်။ တစုံတရာစစ်မစစ်သိခြင်းငှါ စမ်းစစ်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ လူတဦး၏ယုံကြည်ခြင်းစစ်ကြောခြင်းခံရသောအခါ ဖြစ်ပေါ်လာမည့်အကျိုးရလဒ်ကို သေချာသိမှတ်ခြင်းရှိခြင်းကို ဖော်ပြခြင်းဖြစ်ပါသည်။

<u>အကျိုးရလဒ်၊</u> ယာကုပ် ၁း၂-၃ ထဲတွင် တွေ့ရသော "ပွါးစေတတ်သည်" ဆိုသည်မှာ အကျိုးအကြောင်းမွေးဖွားခြင်းကိုဆိုလို၏။ ထို့ကြောင့် ကြုံတွေ့ရသောစစ်ကြောခြင်းက ကောင်းသောအကျိုးဖြစ်ဖော်စေမည်ကို သေချာတွက်ဆပြီးဖြစ်ပါသည်။ ဆိုလိုသည်မှာ ခံရသောစစ်ကြောခြင်းသည် ဘုရားသခင်၏အနန္တတန်ခိုးတော်လက်တော်အားဖြင့်ဖြစ်ကြောင်း ဆိုလို၏။ ထိုအဖြစ်အပျက်တို့ကို စီမံခန့်ခွဲတော်မူသောသူသည် အနန္တတန်ခိုးရှင်ဘုရားသခင်ဖြစ်တော်မူ၏။

ဖြစ်ပွားစေသောအရာကား သည်းခံခြင်း (အငယ် ၂) ဖြစ်ပါသည်။ ထိုခက်ခဲသောအရာကြုံတွေ့ခြင်းကိုပင် ဆက်လက်ကြံ့ကြံ့ခံရင်ဆိုင်ရသောခွန်အားပင်ဖြစ်ပါသည်။ ထို့ကြောင့် ဘုရားသခင်ကြုံတွေ့စေတော်မူသော ဤခက်ခဲသောအရာ၌ ဝိညာဉ်အသီးများ၊ အထူးသဖြင့် သည်းခံခြင်းဖြစ်ပွားစေမည်မှာ ဘုရားသခင်၏ရည်ရွယ်ချက်ဖြစ်ပါသည်။ ထို့ကြောင့် ထိုစစ်ကြောခြင်း၌ ကျွန်တော်တို့ ဝမ်းမြောက်ကြရပါမည်။ ထိုစစ်ကြောခြင်းက ကျွန်ုပ်တို့၏ယုံကြည်ခြင်းကို ခိုင်မြဲစေပါ၏။ ကယ်တင်ခြင်းခံရသောသူတိုင်းသည် ရန်သူ၏စုံစမ်းနှောင့်ယှက်ခြင်းအကြား၌ ကြံ့ကြံ့ခံနိုင်မှု၊ သည်းခံခြင်းကို လိုအပ်ကြပါ၏။

စစ်ကြောခြင်းကြောင့် သင်စိတ်ညစ်နေပါသလား။ ဤဘုရားသခင်၏နှုတ်ကပတ်တရားသိမှတ်ခြင်းရှိမှသာလျှင် သင်ကြုံတွေ့နေရသောအခက်အခဲကြား၌ သင်ဝမ်းမြောက်ခြင်းရှိနိုင်မည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အသက်တာ၌ ဘုရားသခင်ပြုတော်မူသောအရာသည် ကောင်းသောအကျိုးကိုဖြစ်ပွားစေတော်မူလိမ့်မည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်အပေါ်၌ ကိုယ်တော်ပြုသောအမှု၏ကောင်းသောရည်ရွယ်ချက်နှင့် ကိုယ်တော်၏ကောင်းမြတ်တော်မူခြင်းကို ပို၍သိရှိလျက်၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေမည်အကြောင်း မစတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၅)
**ယာကုပ် ၁း၄**
ယောဟန် ၁၇း၂၀-၂၆

*"အကျွန်ုပ်သည် သူတို့၌ရှိ၍၊ ကိုယ်တော်သည်လည်း အကျွန်ုပ်၌ရှိတော်မူသောအားဖြင့်. . ."*

# ညှင်းဆဲခံရခြင်း၏အသီးများ

ယုံကြည်သူတို့သည် သည်းခံခြင်းအားစုံလင်စွာအမှုပြုစေလျက်၊ သူတို့သည် အလျှင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း ယာကုပ်ကတိုက်တွန်းထားပါသည်။ စစ်ကြောစုံစမ်းခြင်း၏ ရည်ရွယ်ချက်သည် သည်းခံခြင်းဖြင့်အဆုံးမသတ်ပါ။ သည်းခံခြင်းက သန့်ရှင်းသူကို စုံလင်စေမည်ဖြစ်ပါသည် (အငယ် ၄၊ မဿဲ ၅း၄၈)။ ဤစစ်ကြောခြင်းဖြင့် သခင်ဘုရားက ကျွန်ုပ်တို့ကို မိမိ၏ သဏ္ဍာန်တော်နှင့်အညီ ထုဆစ်ပြုပြင်တော်မူ၏။ စစ်ကြောခြင်းက ရင့်ကျက်ခြင်းအသက်တာကို ဖြစ်စေ၍၊ သခင်ယေရှု၏အသက်တာနည်းတူ၊ လူကိုပြုပြင်စေတတ်၏။ ဘုရားသခင်ရှေ့၊ လူရှေ့၌ အလွန်တင့်တယ်သောအသီးကို သီးစေတတ်၏။

<u>အကောင်းဆုံး၊</u> "စေ့စပ်စုံလင်" ဟူသောစကားသည် ဝိညာဉ်အသက်တာရင့်ကျက်မှုကို ဆိုလိုပါသည် (၁ ကော ၂း၆၊ ယာကုပ် ၁း၄၊ ၁ ယော ၄း၁၈)။ သို့သော်လည်း၊ အကျင့်နှင့်ဝိညာဉ်ရေးရာအမှု၌ လုံးဝအပြစ်ကင်းစင်မှုကိုမဆိုလိုပါ။ ရင့်ကျက်မှုကိုဆိုလို၏။ ဘုရားသခင်၏အမှုတော်အတွက် အဆင်သင့်ရှိသော၊ တတ်နိုင်သော၊ စုံလင်သောသူကိုရည်ညွှန်းခြင်းဖြစ်ပါသည် (ကောလော ၁း၂၈၊ ယာကုပ် ၃း၂)။ သားသမီးတို့အပေါ် ဘုရားသခင်ပေးသနားတော်မူသော ကျေးဇူးတော်လည်း ဖြစ်ပါသည်။ ထို့ကြောင့် သည်းခံခြင်းကအလွန်အကျိုးရှိသောအရာ၊ အကောင်းဆုံးသောအရာ စုံလင်ခြင်းကိုဖြစ်ပေါ်မွေးဖွားစေ၏။

<u>အကုန်အစင်၊</u> ဤစကားလုံးက အစိတ်အပိုင်းအားလုံးကိုဆိုလိုပါသည်။ ချို့တဲ့သောနေရာ၊ လိုအပ်သောနေရာမရှိဘဲ အကုန်လုံးစုံလင်မှုကိုဆိုလို၏။ ထိုသို့ သည်းခံခြင်းက အကုန်အစင်အမှုပြုခြင်းဖြင့် ယုံကြည်သူသည်စေ့စပ်စုံလင်စွာ ပြည့်စုံသောသူဖြစ်လာပါ၏။ ထို့ကြောင့် စုံစမ်းစစ်ကြောခြင်းအသီးအပွင့်သည် မချိုမြိန်သော်လည်း၊ ယုံကြည်သူ၏ဝိညာဉ်အသက်တာအတွက် စုံလင်သောအာဟာရကို ဖြစ်ပေါ်စေပါသည်။

ဤသည်ကား ဘုရားသခင်ပြုတော်မူသောအမှုဖြစ်ပါ၏။ ယုံကြည်သူကြုံတွေ့ရသောအခက်အခဲသည် မတော်တဆမဟုတ်ပါ။ ဘုရားသခင်က မိမိ၏ဂရုဏာတော်နှင့်ကျေးဇူးတော်အတိုင်း ကျွန်ုပ်တို့၏အကျိုးအတွက် ချပေးသနားတော်မူရာဖြစ်၏။ ထို့ကြောင့် ကြုံတွေ့ရသောအခက်အခဲ၌ ခရစ်ယာန်သည် ဘုရားသခင်ကိုလုံးဝသံသယမရှိရပါ။

ချစ်သောစာဖတ်သူ၊ သင့်အခက်အခဲဒုက္ခကိုကျော်၍ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသော ဘုရားသခင်၏လက်တော်နှင့်ဖြစ်ပေါ်လာမည့်အကျိုးကို မျှော်ကြည့်ပါလော့။ ထိုအခက်အခဲဒုက္ခသည် သင့်အဖို့ရင်း၊ သင့်အသက်တာ၌ ဘုရားသခင်ပြုတော်မူသောထိုအမှုကို မြင်တွေ့ရသောပတ်ဝန်းကျင်လူတို့အဖို့ရင်း ကြီးမြတ်သောမင်္ဂလာဖြစ်လာပါလိမ့်မည်။

**ဆင်ခြင်ရန်** - လက်ရှိကြုံတွေ့ရသောစစ်ကြောခြင်းအခက်အခဲဒုက္ခကိုကျော်၍ ဖြစ်လာမည့်အကျိုးကို ကျွန်ုပ်တော်မြင်နိုင်ပါသလား။

**ဆုတောင်းချက်** - ကောင်းကင်ဘုံရှိအဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ ကျွန်ုပ်အသက်တာ၌အမှုပြုတော်မူသော ကိုယ်တော်၏လက်တော်ကို မြင်နိုင်မည်အကြောင်းကျွန်ုပ်မျက်စိကိုဖွင့်တော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၆)
**ယာကုပ် ၁း၅**
ယောဟန် ၁၆း၁၉-၂၉

*“သင်တို့သည် ဝမ်းမြောက်စရာအကြောင်း စုံလင်စေခြင်းငှါ တောင်းကြလော့”*

# ဒုက္ခဆင်းရဲခံစဉ်မစတော်မူခြင်း

စစ်ကြောခြင်းခံရစဉ် စာတန်ကသံသယစိတ်ဝင်စေရန် ယုံကြည်သူကိုသွေးဆောင်တတ်၏။ ယာကုပ်က ဘုရားသခင်သည်ကျွန်ုပ်တို့ကိုစစ်ဆေးခြင်းခံစေတော်မူသည်နည်းတူ လိုအပ်သောမစတော်မူခြင်းကိုလည်း ပေးတော်မူကြောင်းဖော်ပြခဲ့ပါသည်။ မိမိကြုံတွေ့နေရသော စစ်ကြောခြင်းကို နားမလည်သောအခါ ဘုရားသခင်ထံဉာဏ်ပညာတောင်းလျှောက်ခြင်းငှါ ယာကုပ်တိုက်တွန်းခဲ့ပါသည်။ ထိုသို့တောင်းလျှောက်လျှင် ကောင်းကင်ဘုံရှိအဘဘုရားက အစဉ်ပေးတော်မူလိမ့်မည်။ ဘုရားသခင်သည် ကဲ့ရဲ့ပြစ်တင်ခြင်းမပြုဘဲ စေတနာစိတ်ဖြင့်ပေးတော်မူလိမ့်မည်ဖြစ်ပါသည်။ တောင်းလျှောက်သောသူတိုင်းအား ဉာဏ်ပညာကိုဘုရားသခင်ပေးတော်မူလိမ့်မည်။

<u>ဘုရားသခင်၏ဉာဏ်တော်</u>၊ ဘဝ၌ကြုံတွေ့ရသောဒုက္ခဆင်းရဲက ယုံကြည်သူ၏ဝိညာဉ်အသိဉာဏ်ကိုမှေးမှိန်စေတတ်ပါသည်။ စိုးရိမ်ပူပန်ခြင်းကလည်း ဘုရားသခင်၏လမ်းပြတော်မူသောလက်တော်ကိုမမြင်ဘဲ ဖြစ်စေတတ်ပါသည်။ ဆင်ခြင်တုံတရားကင်းမဲ့ခြင်းက အခြေအနေကိုပို၍ဆိုးရွားစေတတ်ပါ၏။ ဝိညာဉ်အသိဉာဏ်မရှိခြင်းက အခြေအနေကိုရှုပ်ထွေးစေတတ်ပါသည်။ လောကီဉာဏ်ပညာက ထိုအခြေအနေအဖြစ်အပျက်ကို မဖြေရှင်း၊ နားမလည်နိုင်ပါ။ ဘုရားသခင်၏ဉာဏ်ပညာလိုအပ်ပါ၏။ ဤဘုရားသခင်၏ဉာဏ်တော်အားဖြင့်သာ ထိုအခြေအနေကိုနားလည်သဘောပေါက်နိုင်၏။

<u>ဘုရားသခင်၏နှုတ်ကပတ်တော်</u>၊ ဘုရားသခင်အဖြေပေးတော်မူမည်အကြောင်း ယာကုပ်လုံးဝယုံကြည်ထားပါ၏။ ဤအဖြေသည် ဗျာဒိတ်ရူပါရုံအားဖြင့်မဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တရားတော်မှ ရောက်ရှိလာမည်ဖြစ်ပါသည် (ဟေဗြဲ ၄း၁၂)။

“တောင်းစေ” ဟူသောစကားသည် အမိန့်ဖြစ်ပါ၏။ ဘုရားသခင်ထံမှအမိန့်ပေးခြင်းဖြစ်ပါသည်။ ယုံကြည်သူသည် ဤလောက၌မဟုတ်ဘဲ ဘုရားသခင်ထံမှဉာဏ်ပညာကို တောင်းလျှောက်ရမည်ဖြစ်ပါသည်။

ဘုရားသခင်သည် ဉာဏ်ပညာကိုစေတနာစိတ်နှင့်ပေးတော်မူလိမ့်မည်။ အခက်အခဲကြုံတွေ့နေရသောယုံကြည်သူ၏အကျိုးအတွက် လိုအပ်သောပညာကိုပေးတော်မူမည်။ ထိုပညာကို ကြိုးစားဆုတောင်းလျက် ဘုရားသခင့်နှုတ်ကပတ်တရားတော်၌ ဝိညာဉ်တော်၏အသိဉာဏ်ပေးခြင်းဖြင့်သာ ရရှိနိုင်ပါသည်။ ထိုသို့ကျမ်းစာလေ့လာလျှင် ရင့်ကျက်သောယုံကြည်သူတို့၏ သွန်သင်မှုကိုသင်လိုအပ်နိုင်ပါသည်။ ထိုယုံကြည်ခြင်း၌ ပို၍ရင့်ကျက်သောသင်းအုပ်ဆရာတို့သည် သင့်ကိုကူညီနိုင်ပါ၏။ သင်၏ဝန်ထုပ်ကို မိမိတစ်ဦးတည်းမထမ်းပါနှင့်။ ဘုရားသခင်၏ဉာဏ်ပညာကိုတောင်းလျှောက်ပါလော့။ ဂတိတော်အတိုင်း ဘုရားသခင်ပေးသနားတော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်အပေါ် ပြုသောအမှုကိုနားလည်ခြင်းငှါ ဘုရားသခင်၏ဉာဏ်ပညာကို ကျွန်တော်တောင်းလျှောက်ရှာဖွေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ဝိညာဉ်တော်နှင့်ယုံကြည်သူတို့၏မစခြင်းအားဖြင့် ကိုယ်တော်၏နှုတ်ကပတ်တရားတော်မှ ဉာဏ်ပညာကိုကျွန်တော်ရှာဖွေမည်အကြောင်း မစတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၇)

**ယာကုပ် ၁း၆**

မာကု ၁၁း၁၂-၂၄

*"အကြင်သူသည် ယုံမှားသောစိတ်နှင့် ကင်း၍ . . . ယုံကြည်လျက် . . . "*

# ယုံကြည်ခြင်းဖြင့်တောင်းကြလော့

ခရစ်ယာန်သည် ဘုရားသခင်ထံမှပညာကို ယုံကြည်သောစိတ်နှင့်တောင်းခြင်းငှါ ယာကုပ်တိုက်တွန်းထားပါသည် (ယာကုပ် ၁း၆)။ ယုံကြည်ခြင်းဆိုတာ ဘာလဲ။ ဤယုံကြည်ခြင်းက ယုံကြည်သောအရာတည်းဟူသောဘုရားသခင်၏ စုံလင်သောနှုတ်ကပတ်တော်ကို ဆိုလိုပါသည်။ ထိုနှုတ်ကပတ်တော်သည် လုံးဝယုံကြည်ကိုးစားထိုက်သောစကားဖြစ်ပါ၏။ ထို့ကြောင့် ဤတောင်းလျှောက်ခြင်းသည် ယုံကြည်သူအသက်တာ၌ဘုရားသခင်၏အလိုတော်ကို အသုံးပြုနိုင်ခြင်းငှါ နှုတ်ကပတ်တော်သိနားလည်ခြင်းဉာဏ်ကို တောင်းလျှောက်ခြင်းဖြစ်၏။ ကြုံတွေ့နေရသောအခက်အခဲဒုက္ခကြား၌ ယုံကြည်သူသည် ဂရုဏာတရားနှင့်ပြည့်စုံတော်မူသော အဘဘုရား၏လက်တော်အောက်၌ မိမိအသက်ရှင်လျက် ရှိကြောင်း သိနားလည်ခြင်းငှါ ဉာဏ်ပညာတောင်းလျှောက်ခြင်းပေတည်း။

<u>တွေဝေခြင်းမရှိနှင့်၊</u> တွေးတောတွေဝေခြင်းမရှိဘဲ တောင်းရပါမည် (ယာကုပ် ၁း၆)။ တွေးတောတွေဝေခြင်းသည် ဘုရားသခင်၏ဂတိတော်နှင့်သစ္စာတော်ကို သံသယဝင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏စုံလင်သောစီမံခန့်ခွဲမှုကို မကိုးစားခြင်းဖြစ်၏။ ဒုက္ခဆင်းရဲကြုံတွေ့စဉ် ကြားရသောအသံမှာ၊ "ကိုယ်တော်၊ အကျွန်ုပ်ကြုံတွေ့နေရသောအရာကို ကိုယ်တော်မသိပါ" ဟူ၍ဖြစ်ပါသည်။ ဤစကားသည် ပညာရှိသောသူ၏စကားဖြစ်ပါသလား။ လုံးဝမဟုတ်ပါ၊ ဉာဏ်ပညာ မတောင်းလျှောက်သော၊ သံသယနှင့်ပြည့်သောစကားဖြစ်ပါ၏။ သမ္မာကျမ်းစာယုံကြည်သော ခရစ် ယာန်သည် ဘုရားသခင်၏အဆုံးစွန်အာဏာရှိတော်မူခြင်း၊ အရာခပ်သိမ်းသိမြင်တော်မူခြင်းတို့ကို သိမှတ်လျက် တောင်းလျှောက်ကြရပါမည်။

<u>ခွဲခြားခြင်းမရှိနှင့်၊</u> တွေးတောတွေဝေခြင်း၏အခြားအဓိပ္ပာယ်အား ခွဲခြားအလေးပေးခြင်းဖြစ်ပါသည်။ ရင့်ကျက်သောယုံကြည်သူ (သင်းအုပ်ဆရာ) က အကြံပေးသောအခါ အချို့ခရစ်ယာန်သည် မိမိ၏အလိုကိုလိုက်၍ မိမိအကျိုးရှိမည်ဟုထင်သောအရာကို အလေးပေး၍ရွေးချယ်လိုက်လျှောက်တတ်ကြ၏။ ဘုရားသခင်ကိုစိတ်နှလုံးအကြွင်းမဲ့မကိုးစားခဲ့ကြပါ။ ဘုရားသခင်၏ဉာဏ်ပညာကို ယုံကြည်ခြင်းနှင့်မဟုတ်ဘဲ အမြင်အားဖြင့် တောင်းလျှောက်တတ်ကြ၏။

တွေဝေသောသူနှင့်သံသယဝင်တတ်သောသူတို့သည် ဘုရားသခင်နှုတ်ကပတ်တော်၌ အမြစ်မတွယ်ကြသောကြောင့် ယိမ်းယိုင်ခြင်းရှိကြ၏။ သူတို့သည် မိမိ၏အတွေးအခေါ်နှင့် ဤလောကီအရာ၏အကြံပေးမှု၌ လှိုင်းတံပိုးကဲ့သို့လှုပ်ခတ်တတ်ကြ၏။ သူတို့၏ကျောက်ဆူးသည် ဘုရားသခင်မဟုတ်ခဲ့ပါ။

ချစ်သောစာဖတ်သူ၊ ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်ကိုးစားမှသာ ဘုရားသခင်ထံမှဉာဏ်ပညာကို ယုံကြည်ခြင်းဖြင့် သင်တောင်းလျှောက်နိုင်မည်ဖြစ်ပါသည် (၁ ကော ၂း၁၆)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏စုံလင်သောဉာဏ်တော်ကို ယုံကြည်ကိုးစားခြင်းဖြင့် ကျွန်တော် မြဲမြံခိုင်ခံ့ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ပြုသောအမှုနှင့် ကိုယ်တော်၏တန်ခိုးတော်ကို ကျွန်တော် သံသယမဝင်မည်အကြောင်း မစတော်မူပါ။

စနေ၊ အောက်တိုဘာ (၈)
**ယာကုပ် ၁း၇**
မဿဲ ၇း၇-၁၂

*"တောင်းသောသူမည်သည်ကားရ၏။*
*ရှာသောသူလည်းတွေ့၏"*

# ယုံကြည်ခြင်းဖြင့်လက်ခံရရှိခြင်း

တွေဝေခြင်းမရှိဘဲ၊ သံသယစိတ်မရှိဘဲ၊ ယုံကြည်သောစိတ်နှင့်တောင်းလျှောက်ကြရန် တိုက်တွန်းထားပါသည်။ ထိုသို့ဘုရားသခင်ထံမှ ဉာဏ်ပညာရရှိသောအခါ ဘုရားသခင်က ဆုတောင်းခြင်းအဖြေပေးတော်မူကြောင်း စိတ်နှလုံးအကြွင်းမဲ့ယုံကြည်ခြင်းရှိရပါမည်။ မသေချာမရေရာသောအခြေအနေနှင့် ရှုပ်ထွေးသောအခြေအနေ၌ မှန်ကန်သောအမှုကိုပြု၍၊ ယုံကြည်ခြင်းနှင့်ဘယ်အရာမဆိုလက်ခံနိုင်ခြင်းငှါ ခရစ်ယာန်သည် ကြိုးစားရပါမည်။

<u>ယုံကြည်ပါလော့</u>၊ ခရစ်ယာန်သည် ဘုရားသခင်၏ပြောင်းလဲခြင်းမရှိသောနှုတ်ကပတ်တရားတော်နှင့်အလိုတော်ကို စိတ်နှစ်ခွမရှိဘဲ လုံးဝယုံကြည်ရပါမည်။ ထိုဘုရားသခင်၏ပညတ်တော်သည် လုံးဝပြောင်းလဲခြင်းမရှိပါ။ ဥပမာအားဖြင့်၊ ကျောင်းသားသည် စာမေးပွဲအောင်ခြင်းငှါ စာခိုးယူခြင်းမပြုရပါ။ နေမကောင်း၍ စာမကြည့်နိုင်သောကြောင့်လည်း စာခိုးခြင်းမပြုရပါ။ ထိုခိုးခြင်းသည် ဘုရားသခင်၏အလိုတော်နှင့်လုံးဝကိုက်ညီမှုမရှိပါ။ ယုံကြည်သူသည် ဘုရားသခင်၏သမ္မာတရားမှန်ကန်မှုကို ကောင်းကောင်းသိပါ၏။ ထို့ကြောင့် ခရစ်ယာန်ယုံကြည်ခြင်းအခြေခံတရားကို ယုံကြည်သူသည် လေ့လာသိရပါမည်။ ထိုနှုတ်ကပတ်တရားတော်နှင့်အညီ ဆုတောင်းသောအခါ ဘုရားသခင်သည် လမ်းပြပို့ဆောင်တော်မူ၏။ ထိုဘုရားသခင်၏အလိုတော်အတိုင်း ယုံကြည်သူအတွက် အချို့တံခါးကို ပိတ်၍အချို့တံခါးကိုဖွင့်ပေးတော်မူ၏။ ဘုရားသခင်ပိတ်တော်မူသောတံခါးကို ယုံကြည်သူသည် အတင်းမဖွင့်ခိုင်းသင့်ပါ။ သို့မဟုတ်လျှင် ပို၍ကြီးမားသောဒုက္ခကြုံတွေ့နိုင်ပါသည်။

<u>လက်ခံပါလော့</u>၊ ဘုရားသခင်၏နှုတ်ကပတ်တော်နှင့်အညီ အဖြေရသောအခါ ယုံကြည်သူသည် ထိုအဖြေကိုလက်ခံနိုင်ရပါမည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအစဉ်ကြည့်ရှုတော်မူသည်ဖြစ်၍ လိုအပ်သောအရာကို ဖြည့်ဆည်းပေးတော်မူလိမ့်မည်။ ဘုရားသခင်သည် အဖြေပေးတော်မူမည်အကြောင်း၊ လိုအပ်သောပညာကို ပေးတော်မူမည်အကြောင်း ကျွန်တော်တို့ယုံကြည်စိတ်ချရပါမည်။ ရှေ့အနာဂတ်သည် မှောင်မည်းသည်ဟု ထင်ရသည့်တိုင် နှုတ်ကပတ်တော်နှင့်အညီ ဘုရားသခင်ပေးတော်မူသောအဖြေကို ကျွန်တော်တို့လက်ခံနိုင်ရပါမည်။ မမြင်ရသေးသည့်တိုင်၊ ယုံကြည်ခြင်းဖြင့် ယုံကြည်လက်ခံရပါမည် (၂ ကော ၅း၇)။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတ်တော်တရားတော်သည် ဘုရားသခင်၏သားသမီးတို့အတွက် အစဉ်မှန်ကန်၍သစ္စာရှိသောတရားဖြစ်ကြောင်း သင်ယုံကြည်ပါသလား။ မဿဲ ၇း၇-၁၁ ကိုဖတ်ပါ။ နှုတ်ကပတ်တော်ကို သင်ယုံကြည်ပါသလား။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံမှ ဉာဏ်ပညာအဖြေကို ကျွန်တော်ယုံကြည်ခြင်းဖြင့် လက်ခံပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ပေးတော်မူသောနှုတ်ကပတ်တော်တရားတော်ကို ကျွန်တော်ယုံကြည်လက်ခံမည်အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၉)
**ယာကုပ် ၁း၈**
မဿဲ ၆း၁၉-၂၄

*"ထို့ကြောင့် မျက်စိကြည်လင်လျှင် တကိုယ်လုံးလင်းလိမ့်မည်"*

# စိတ်နှစ်ခွမရှိကြနှင့်

"စိတ်နှစ်ခွရှိသောသူ" သည် အဘယ်သူနည်း (ယာကုပ် ၁း၈)။ စိတ်သဘောတည်ကြည် မြဲမြံခြင်းမရှိဘဲ၊ အစဉ်ပြောင်းလဲတတ်သောသူဖြစ်ပါသည်။ ဘုရားသခင်၏တည်ကြည်မြဲမြံမှုကို မသိသောသူ၊ နှုတ်ကပတ်တော်ကို သေချာမသိသောသူ၊ ဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းမရှိဘဲ ပြောင်းလဲတတ်သောသူဖြစ်ပါသည်။ မရင့်ကျက်သောယုံကြည်သူသည် ထိုသို့တခါတရံဖြစ်တတ်သော်လည်း၊ ထိုအခြေအနေ၌အစဉ်မရပ်တည်ကြပါ။ ထိုသို့သောယုံကြည်သူတို့ကို မယုံကြည်သူကပင် မယုံကြည်ရဲကြပါ။

<u>စိတ်ချမှုရှိပါလော့</u>၊ စိတ်နှစ်ခွရှိသောသူ၌ စိတ်နှစ်မျိုးရှိသည်ဟု ဆိုကြပါသည်။ သူသည် အရာခပ်သိမ်း၌ ဘုရားသခင်ကိုမကိုးစားရဲပါ။ နှုတ်ကပတ်တရားတော်ကို သံသယဝင်သောသူဖြစ်ပါသည်။ အဘယ်အမှုပြုရမည်ကို သေချာမသိ၊ တွေဝေသောသူဖြစ်၏။ ဘုရားသခင်၏အမိန့်တော်ကို မကိုးစားရဲသောသူဖြစ်၏။ ဘုရားသခင်၏သားသမီးတိုင်းသည် ဘုရားသခင်၏ဂတိတော်တိုင်းကို ယုံကြည်စိတ်ချစွာလိုက်နာရပါမည်။ ထိုဘုရားသခင်၏သမ္မာတရားသည် သူ၏လုံခြုံစိတ်ချမှုဖြစ်ပါသည်။ ထိုနှုတ်ကပတ်တရားတော်သည် မမှားနိုင်သော၊ အမှားကင်းစင်သောဘုရားသခင်မှုတ်သွင်း၍ စောင့်ရှောက်တော်မူသောရားဖြစ်ပါသည်။ ဆိုလိုသည်မှာ၊ အမှားကင်းစင်၍၊ မမှားနိုင်သောတရားဖြစ်ပါသည်။

<u>တည်ကြည်မြဲမြံခြင်းရှိလော့</u>၊ ယုံကြည်သူခိုင်ခံ့မြဲမြံခြင်းမရှိခြင်း၏ အကြောင်းရင်းသည် စိတ်နှစ်ခွရှိခြင်းပင်ဖြစ်ပါသည်။ ထိုသူသည် အစဉ်စိတ်ပြောင်းလဲခြင်းရှိ၏။ ထိုသို့သောစိတ်ရှိခြင်းသည် လူကိုပို၍ဒုက္ခရောက်စေတတ်၏။ စစ်ကြောခြင်းခံရစဉ်၊ တည်ကြည်ခြင်းမရှိသောအခါ အခြေအနေကိုပို၍ဆိုးရွားစေပါ၏။ ထိုသို့သောသူသည် ဘုရားသခင်ပြုစေလိုသောအမှုကို သေချာမသိသောကြောင့် အမှုတော်မြတ်၍အသုံးမဝင်ဖြစ်တတ်၏။ ခရစ်ယာန်တို့သည် ဘုရားသခင်၌ မိမိတို့၏ စိတ်နှလုံးတည်ကြည်မြဲမြံခြင်းရှိကြရပါမည် (ရောမ ၈း၂၈ ကိုဖတ်ပါ)။

မယုံကြည်သောသူတို့အား စိတ်နှစ်ခွရှိသောသူဟု ခေါ်နိုင်ပါသည်။ သူတို့သည် ဘုရားသခင်အကြောင်း၌ သေချာမှုမရှိသောကြောင့် မြဲမြံမှုမရှိကြပါ။ မိမိကိုယ်ကိုတခါတရံတည်ကြည်ခြင်းရှိတတ်ကြသော်လည်း၊ လုပ်ရမည့်အရာမသိဘဲ နေကြသောအခါ စိတ်ပူပန်ခြင်းရှိတတ်ကြ၏။ ဤစိတ်နှစ်ခါရှိသောသူတို့ကဲ့သို့ သင်ဖြစ်ပါသလား။ သခင်ယေရှုခရစ်တော်၌ သင်တည်ကြည်မြဲမြံခြင်းရှိပါလော့။ ထိုသို့တည်ကြည်မြဲမြံသောစိတ်နှလုံးရှိပါလော့။ ထိုသို့သောစိတ်နှလုံးကို ပိုင်ဆိုင်ခြင်းငှါ သင့်အပြစ်ကိုနောင်တရ၍ ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်အဖြစ် လက်ခံယုံကြည်ဖို့လိုပါသည် (ဟေဗြဲ ၄း၇)။

**ဆင်ခြင်ရန်** - ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ကျွန်တော်ယုံကြည်လက်ခံပြီးပြီလား။

**ဆုတောင်းချက်** - အနန္တတန်ခိုးရှင်အဘဘုရား၊ အပြစ်ကိုနောင်တရလျက် ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်မည်အကြောင်း မစသနားတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၁၀)

**ယာကုပ် ၁း၉-၁၀**

မဿဲ ၅း၁-၉

*"စိတ်နှလုံးနှိမ့်ချသောသူတို့သည် မင်္ဂလာရှိကြ၏။ အကြောင်းမူကား ကောင်းကင်နိုင်ငံတော်သည် ထိုသူတို့၏နိုင်ငံဖြစ်၏"*

# စစ်မှန်သောချီးမြှောက်ခြင်း

ယာကုပ်သည် နေရာအနှံ့ပျံ့နှံ့ကွဲပြားနေသော ခရစ်ယာန်တို့၏အခက်အခဲဒုက္ခကို နားလည်သဘောပေါက်ပါ၏။ သူတို့၏ပတ်ဝန်းကျင်၌ ဓမ္မဟောင်းပညတ်တရားတို့ကို လိုက်လျှောက်နေသောယုဒလူများရှိ၍၊ သူတို့သည် အဆင်ပြေလျက်ရှိကြ၏။ သူတို့ပိုင်ဆိုင်သောအရာနှင့် စိတ်ချမ်းသာစွာ ဘဝဖြတ်သန်းလျက်ရှိခဲ့ကြ၏။

လောကီဂုဏ်ပုဒ်၌မတည်ပါ၊ လောကီအရာ၌နှိမ့်ချလျက် လူတို့၏ကဲ့ရဲ့ခြင်းကို ခံရသောသူသည် စစ်မှန်သောစံနှုန်းကို သိဖို့လိုပါသည်။ သူသည် နှိမ့်ကျ၍ညှင်းဆဲခြင်းခံနေရသော်လည်း၊ ဘုရားသခင်အမြင်၌ ပြောင်းပြန်ဖြစ်နိုင်ပါသည်။ ဘုရားသခင်က ထိုသူကို မိမိ၏နိုင်ငံတော်၌ အစဉ်နေရသောအခွင့်ပေးတော်မူမည်ဖြစ်၏။ သို့သော်လည်း၊ ဘုရားသခင်က မိမိ၏ရည်ရွယ်ချက်အတိုင်း၊ ဤလောက၌ ဆားနှင့်အလင်းဖြစ်မည်အကြောင်း နေထိုင်အသက်ရှင်ခွင့်ပေးနေသရွေ့ ဤကမ္ဘာ၌ နေရမည်ဖြစ်ပါသည်။

ကြွယ်ဝချမ်းသာမှု၌မတည်ပါ၊ ဆင်းရဲသောသူသည် ပတ်ဝန်းကျင်ရှိ ကြွယ်ဝချမ်းသာသော မယုံကြည်သူတို့ကို မနာလိုခြင်းမရှိရပါ။ ထိုကြွယ်ဝချမ်းသာမှုသည် ထာဝရတည်မည်မဟုတ်ပါ။ ပန်းကလေးများကဲ့သို့ ထိုကြွယ်ဝချမ်းသာမှုသည် ကွယ်ပျောက်ကြပါလိမ့်မည်။ "ဖောက်ပြန်ခြင်းသဘော" (ယာကုပ် ၁း၁၀) ဆိုသည်မှာ အဆုံးသတ်ခြင်းကိုဆိုလိုပါသည်။ ထိုစည်းစိမ်ကြွယ်ဝမှုသည် အဆုံးသတ်ပျောက်ကွယ်ကြပါလိမ့်မည်။ ကြွယ်ဝချမ်းသာသောသူတို့၏ ဝါကြွားမှုသည် မိုက်မဲမှုသာဖြစ်ပါသည်။ သူတို့သည် ခဏတာတည်၍ မကြာမီကွယ်ပျောက်ကြပါလိမ့်မည်။

အားငယ်သောယုံကြည်သူတို့ကို ယာကုပ်က ဘုရားသခင်၌ သူတို့၏မြင့်မြတ်သောဂုဏ်ပုဒ်ကို သတိရခြင်းငှါ အားပေးခဲ့ပါသည်။ ဘဝကို ဘုရားသခင်အမြင်အားဖြင့်ကြည့်၍၊ ဝိညာဉ်မျက်စိအားဖြင့် မိမိတို့၏မြင့်မြတ်သောဂုဏ်ပုဒ်ကို သိမြင်ဖို့လိုအပ်ပါသည်။ ဘုရားသခင်ခွင့်ပြု၍ကြုံတွေ့နေရသောအခက်အခဲ၌ ရည်ရွယ်ချက်ရှိကြောင်း သိမှတ်ကြရပါမည်။ ဘုရားသခင်အတွက် ပြုရမည့်ကြီးမြတ်သောအမှုရှိပါ၏။ သူတို့ခံရမည့်ဆုလဒ်သည် ဤလောက၌မဟုတ်၊ ဤကောင်းကင်နှင့်မြေကြီးအလွန်ယေရုရှလင်မြို့သစ်၌ ခံစားကြရမည်ဖြစ်ပါသည်။

ဤလောကီစည်းစိမ်ဥစ္စာသည် စစ်မှန်သောချီးမြှောက်ခြင်းကို တိုင်းတာခြင်းငှါ မှန်ကန်သော စံနှုန်းမဟုတ်ပါ။ ယုံကြည်သည် ဘယ်တော့မှမကွယ်ပျောက်မည့်ထာဝရကြွယ်ဝချမ်းသာခြင်းကို ဘုရားသခင်ပေးသနားတော်မူသည်ဖြစ်၍ ထိုဘုန်းတော်ကို ဘုရားသခင်နှင့်အတူ ခံစားကြရလိမ့်မည်။ ထာဝရချီးမြှောက်ခြင်းလော (သို့) ယာယီချီးမြှောက်ခြင်းလော၊ အဘယ်တခုကို သင်လိုချင်ပါသနည်း။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်က သင့်ယုံကြည်ခြင်းကို ယနေ့စစ်ကြောတော်မူလျှင်၊ ဘုရားကို ချီးမွမ်းပါလော့။ သင့်ကိုချစ်တော်မူသော ဘုရားသခင်က သင့်အဘို့ပြင်ဆင်တော်မူသော၊ ဘုန်းအသရေနှင့်ပြည့်စုံသောဂုဏ်တော်နှင့် သင့်ကို ဘုရားသခင်၏နိုင်ငံတော်၌ ချီးမြှောက်ပါလိမ့်မည်။

**ဆင်ခြင်ရန်** - စည်းစိမ်ဥစ္စာကြွယ်ဝချမ်းသာသောသူတို့ကို ကျွန်တော်မနာလိုဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နိုင်ငံတော်၌ အကျွန်ုပ်ကိုချီးမြှောက်တော်မူမည်အကြောင်း သိနားလည်ခြင်းငှါ ကိုယ်တော်၏သမ္မာတရားကို သိနားလည်စေတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၁၁)
**ယာကုပ် ၁း၁၁**
လုကာ ၁၂း၁၆-၂၁

*"ကိုယ်အဘို့ ဘဏ္ဍာများကိုဆည်းဖူး၍ ဘုရားသခင်ရှေ့တော်၌ဆင်းရဲသောသူ. . . "*

# ဘုရားသခင်မပိုင်သောကြွယ်ဝချမ်းသာသောသူ

တက္ကသိုလ်ကျောင်းသားတဦးက ကျွန်ုပ်တို့ကျောင်းသည် တပြားနှစ်ပြားအကြောင်းမဟုတ်ဘဲ၊ သိန်းသန်းပေါင်းအကြောင်းကိုသာ ဆွေးနွေးကြကြောင်း ပြောခဲ့ဘူးပါသည်။ ယနေ့ခေတ်ပညာသင်ကြားခြင်းသည် ထိုငွေကြေးကိုရည်စူးကြောင်း ပေါ်လွင်ပါ၏။ ယခုသန်းကြွယ်သူဌေးတို့ထက်ပို၍ကြွယ်ဝချမ်းသာခြင်းငှါ ကျောင်းသားတို့ကို ကြိုးစားပုံသွင်းကြပါသည်။ လူတို့သည် ရွှေငွေကိုသာမျက်စိကျလာကြပါ၏။ စာဖတ်သောချစ်မိတ်ဆွေ၊ သင်ကော ဤလောကီစည်းစိမ်ဥစ္စာကိုမည်ကဲ့သို့မြင်ပါသနည်း။

<u>ချမ်းသာသောသူသည် ကြွေလွင့်တတ်၏</u>၊ ယာကုပ်က ကြွယ်ဝချမ်းသာသောသူကို မြက်ပင်ကဲ့သို့ သွေ့ခြောက်မည်ဟု ဆိုပါသည် (ယာကုပ် ၁း၁၁)။ နေပူဒဏ်ကြောင့် မြက်ပင်သည် ခြောက်သွေ့မည်ဖြစ်ပါသည်။ ထိုနည်းတူ၊ ကြွယ်ဝချမ်းသာသောသူသည် စည်းစိမ်များစွာရှိသော်လည်း နာမကျန်းဖြစ်သောအခါ၊ သေခြင်းကြုံတွေ့ရသောအခါ ထိုငွေကြေးကမကယ်နိုင်ပါ။ မိမိအသက်ကိုတစ်စက္ကန့်တောင် မဆွဲဆန့်နိုင်ပါ။ သူသည် ကြွေလွင့်မည်ဖြစ်ပါသည်။

<u>ချမ်းသာသောသူသည် ပျောက်ကွယ်တတ်၏</u>၊ ယာကုပ်က ပန်းသည်အပူဒဏ်ကြောင့်သေဆုံးတတ်ကြောင်းဖော်ပြခဲ့ပါသည်။ ပန်းပွင့်၏အဆင်းသည် မြေ၌ကြွေကျသောအခါ ပျောက်ကွယ်တတ်ပါ၏။ ချမ်းသာကြွယ်ဝသောသူသည်လည်း ကျော်ကြားခြင်းရှိသော်လည်း၊ သေဆုံးသောအခါထိုဂုဏ်ပုဒ်တို့သည် ပျောက်ကွယ်ခဲ့ပါသည်။

<u>ချမ်းသာသောသူသည် ပျောက်ပျက်ခြင်းသို့ရောက်တတ်၏</u>၊ ဤပုံဥပမာတို့က ကြွယ်ဝချမ်းသာခြင်း၏ အချည်းနှီးမှုကို ဖော်ပြလျက်ရှိ၏။ အချို့လူတို့သည် သူတို့၏ကြွယ်ဝချမ်းသာမှုကြောင့်ဖျက်ဆီးတတ်ကြ၏။ ဝိညာဉ်ရေးရာကို အလေးမထားဘဲ၊ ငွေကြေးတပ်မက်ခြင်းကျော့ကွင်း၌ ပိတ်မိနေတတ်ကြ၏ (၁ တိ ၆း၁၀)။ မိမိဘဝအသက်တာကို ဤလောကီစည်းစိမ်ဥစ္စာကြွယ်ဝခြင်းအတွက်ရင်းနှီးတတ်ပါသည်။ ဘုရားတရားတို့ကို အလေးမထားဘဲ၊ ဤလောကီစည်းစိမ်ကြွယ်ဝချမ်းသာမှုကိုသာ လုံးဝအာရုံစိုက်ပါ၏။

သို့သော်လည်း၊ သူသည် ပျက်စီးမည့်ဤကမ္ဘာမြေကြီးထက်တောင်မှ ပို၍အသက်ရှည်မည်မဟုတ်ပါ။ လူ့ဘဝသည် ခဏတာမျှသာဖြစ်ပါသည်။ မွေးဖွားလာကြပြီး၊ ကြွယ်ဝချမ်းသာခြင်းရှိကြသော်လည်း များမကြာမှီပျောက်ကွယ်တတ်ကြ၏။ စည်းစိမ်ဥစ္စာတို့သည် ပျက်စီးတတ်သောအရာဖြစ်ပါ၏။ ဒေသနာ ၅း၁၃-၁၆ ကိုဖတ်ပါလော့။

**ဆင်ခြင်ရန်** - ဤလောကီစည်းစိမ်ဥစ္စာနှင့်ကောင်းကင်ဘဏ္ဍာတို့တွင် အဘယ်အရာကိုသင်ပို၍လိုချင်ပါသနည်း။

**ဆုတောင်းချက်** - အို အဘဘုရား၊ ဤလောကီစည်းစိမ်ဥစ္စာလိုချင်တပ်မက်ခြင်းနှင့်အကျွန်ုပ်ကိုကင်းဝေးစေတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၂)
**ယာကုပ် ၁း၁၂**
၁ ပေ ၁း၇

*"ရွှေကို စစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည်သာ၍ မြတ်သည်"*

# စစ်ကြောစုံစမ်းခြင်းမင်္ဂလာ

"မင်္ဂလာရှိသောသူ" ကား အဘယ်နည်း (ယာကုပ် ၁း၁၂)။ ယေရှုက ဤစကားလုံးကို မဿဲ ၅း၃-၁၁ ထဲတွင် အသုံးပြုခဲ့ပါသည်။ ယေရှုကိုယုံကြည်ခြင်းဖြင့် ဘုရားသခင်၏သားသမီးဖြစ်လာသောယုံကြည်သူ၏ အခြေအနေကိုဖော်ပြသောစကားလုံးဖြစ်ပါ၏။ မင်္ဂလာဟူသည်ကား ပျော်ရွှင်ရယ်မောခြင်းသက်သက်မဟုတ်ဘဲ၊ စိတ်နှလုံးထဲမှ ဝမ်းမြောက်ခြင်းနှင့်ရောင့်ရဲတင်းတိမ်ခြင်းပင်ဖြစ်ပါသည်။ သခင်ယေရှုပေးသနားတော်မူသောဝမ်းမြောက်ခြင်းဖြစ်သောကြောင့်၊ ဘယ်အရာကမျှ မပျောက်ကွယ်စေနိုင်ပါ။ ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်လက်ခံခြင်း သက်သေလည်းဖြစ်ပါသည်။ မင်္ဂလာသည် ဤလောကီစည်းစိမ်ဥစ္စာ၌မတည်ပါ။

<u>ခံနိုင်ရည်ရှိခြင်း</u>၊ ဘဝ၌စစ်ကြောခြင်းကို ခံနိုင်ရည်ရှိသောသူ၌ ဤမင်္ဂလာတည်ရှိ၏။ စစ်ကြောခြင်းခံရခြင်းသည် ဘုရားသခင်၏သားသမီးစစ်မှန်ကြောင်း သက်သေဖြစ်သည်။ ထိုသူသည် ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် အခက်အခဲကို ကျော်ဖြတ်နိုင်ပါ၏။ ထိုသူသည် ဘုရားသခင်ထံမှ အသက်သရဖူကိုရလိမ့်မည်။ သရဖူသည် အောင်နိုင်ခြင်းကိုဆိုလိုပါ၏။ ယုံကြည်သူခံနိုင်ရည်ရှိခြင်းသည် ဘုရားသခင်၏လူမှန်ကန်ကြောင်း သက်သေဖြစ်၍၊ အသက်သရဖူသည် ထာဝရအသက်ရှင်ခြင်းကို ရည်ညွှန်းပါသည်။ ဘဝ၌စစ်ကြောခြင်းကို သည်းခံသောသူသည် မင်္ဂလာရှိ၏။

<u>ယုံကြည်စိတ်ချမှု</u>၊ မိမိအပြစ်ကို နောင်တရ၍သခင်ယေရှုခရစ်တော်ကို ယုံကြည်လက်ခံသောသူသည် ထာဝရအသက်ကိုပိုင်ဆိုင်၏။ ဘဝ၌စစ်ကြောခြင်းခံခြင်းသည် ဘုရားသခင်၏ချစ်ခြင်းကိုခံရခြင်းဖြစ်ပါသည်။ စစ်ကြောခြင်းသည် ခရစ်ယာန်ကိုအနာခံစေရန်မဟုတ်ဘဲ ယုံကြည်ခြင်း၌ကြီးထွား၍ စုံလင်သောသူဖြစ်ခြင်းငှါ ဖြစ်ပါသည် (ယာကုပ် ၁း၄)။ စစ်ကြောခြင်းခံစဉ် ခံနိုင်ရည်ရှိခြင်းသည် အောင်မြင်ခြင်းငှါ ယုံကြည်စိတ်ချခြင်းဖြစ်ပွားစေ၏။ စစ်ကြောခြင်းမရှိလျှင် ဘုရားသခင်အတူပါရှိတော်မူခြင်း၏မင်္ဂလာနှင့်ဂတိတော်စုံလင်စေတော်မူခြင်းကို ကျွန်တော်တို့သိရမည်မဟုတ်ပါ။

ဘုရားသခင်သည် မိမိသန့်ရှင်းသူတို့ကို ချစ်တော်မူ၏ဟူသော အသိနှင့်အတူ မင်္ဂလာရှိခြင်းရောက်လာတတ်၏။ ထာဝရအသက်ရရှိသောသူတို့ကသာလျှင် စစ်ကြောခြင်းကိုခံနိုင်ရည်ရှိကြ၏။ ၁ ယော ၄း၁၉ အတိုင်း ဘုရားသခင်က ကျွန်ုပ်တို့ကို ချစ်တော်မူသောကြောင့်၊ ကျွန်တော်တို့သည် ဘုရားသခင်ကိုချစ်ကြ၏။

ချစ်သောစာဖတ်သူ၊ စစ်ကြောခြင်းကို သင်သည်းခံနိုင်ပါသလား။ အရှုံးပေးဖို့အားလျော့နေပါသလား။ ၁ ပေ ၄း၁၂-၁၃ ကိုသတိရပါလော့။

**ဆင်ခြင်ရန်** - ကျွန်ုပ်ဘဝ၌ကြုံတွေ့ရသောစစ်ကြောခြင်းကြောင့် ကျွန်တော်သည်မင်္ဂလာရှိသောသူ ဖြစ်ပါ၏။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်ကို ခံနိုင်ရည်ပေးသနားတော်မူ၍မင်္ဂလာရှိသောသူ ဖြစ်စေတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

ကြာသပတေး၊ အောက်တိုဘာ (၁၃)
**ယာကုပ် ၁း၁၃**
ဝတ် ၁၁း၄၅

*"ငါသည်သန့်ရှင်းသောကြောင့်၊ သင်တို့သည် သန့်ရှင်းခြင်းရှိရကြမည်"*

# ဘုရားသခင်သည် သန့်ရှင်းတော်မူ၏

ယာကုပ် ၁း၁၃ တွင် အပြစ်သွေးဆောင်ခြင်းကိုတွေ့ရပါသည်။ ယုံကြည်သူသည် အပြစ်သွေးဆောင်ခြင်းကိုခံရတတ်ပါသည်။ ထိုသို့သောသွေးဆောင်ခြင်းကို ဘုရားသခင်ထံမှဖြစ်သည်ဟု မထင်သင့်ပါ။ "မပြောစေနှင့်" ဟူသည်အမိန့်ဖြစ်ပါ၏။ ဘုရားသခင်က ကျွန်ုပ်ကိုအပြစ်ပြုခြင်းငှါ သွေးဆောင်သည်ဟုယုံကြည်သူလုံးဝမတွေးသင့်ပါ။ အပြစ်ပြုခြင်း၌ ဘုရားသခင်ကိုလည်း လုံးဝမလွှဲချသင့်ပါ။ ဘုရားသခင်သည် အဘယ်သူမျှအပြစ်ပြုရန် မသွေးဆောင်ပါ။

ကျွန်ုပ်တို့၏ဘုရားသခင်သည် သန့်ရှင်းတော်မူ၍၊ မိမိ၌လုံးဝအပြစ်ရှိတော်မမူ (ဝတ် ၂၀း၇)။ ဘုရားသခင်သည် ထာဝရပြောင်းလဲခြင်းရှိတော်မမူ။ သူသည် သန့်ရှင်းဖြောင့်မတ်တော်မူပြီး၊ အပြစ်နှင့်လုံးဝမပတ်သက်ပါ။

<u>မကောင်းသောအရာသည် ဘုရားသခင်ကိုမသွေးဆောင်နိုင်ရာ၊</u> ဤလောက၌ ယေရှုကျင်လည်ခဲ့စဉ် စာတန်က ယေရှုကိုအပြစ်သွေးဆောင်ခဲ့ပါသည်။ သို့သော်လည်း ယေရှုသည် ဘုရားသခင်ဖြစ်သောကြောင့် အပြစ်သွေးဆောင်ခြင်းခံရသော်လည်း အပြစ်မပြုနိုင်ပါ။ အပြစ်ပြုခြင်းငှါ သူ့၌အားနည်းချက်လုံးဝမရှိပါ။ အဘယ်သွေးဆောင်ခြင်းကမျှ သူ့ကိုအပြစ်မပြုစေနိုင်ပါ။ တဖက်တွင်၊ ကျွန်တော်တို့သည် ခါတ်ဆီထဲ၌စိမ်ထားသော သစ်သားကဲ့သို့ဖြစ်၍ လွယ်ကူစွာအပြစ်သွေးဆောင်ရာနောက်လိုက်ပါလောင်ကျွမ်းတတ်ကြ၏။

<u>ဘုရားသခင်သည် လူကိုအပြစ်သွေးဆောင်တော်မမူ၊</u> သန့်ရှင်းစုံလင်တော်မူသော ဘုရားသခင်သည် မည်သူကိုမျှ အပြစ်သို့သွေးဆောင်တော်မမူ၊ ဘုရားသခင်သည် သန့်ရှင်းတော်မူသည်ဖြစ်၍၊ လူတို့ကို အပြစ်ပြုခြင်းငှါ မသွေးဆောင်နိုင်ပါ။ အပြစ်သွေးဆောင်ခြင်းသည် ဘုရားသခင်နှင့်လုံးဝမသက်ဆိုင်ပါ။ အပြစ်သည် စာတန်နှင့်သာဆိုင်၏။ မကောင်းမှုပြုခြင်းငှါ ဘုရားသခင်သည် ဘယ်သူကိုမျှမသွေးဆောင်ပါ။ ဘုရားသခင်သည် လူတို့ကိုစစ်ကြောစုံစမ်းခြင်းပြုသော်လည်း၊ အပြစ်သွေးဆောင်ခြင်းပြုတော်မမူ။ ထို့ကြောင့် လူသည် အပြစ်ပြုသောအခါ ဘုရားသခင်အပေါ် အပြစ်လွှဲချ၍မရပါ။ ဘုရားသခင်ကြောင့် အပြစ်ပြုသည်ဟု ကျွန်တော်တို့လုံးဝမတွေးသင့်ပါ။ ဤသည်ကား ဘုရားသခင်အား မတရားစွပ်စွဲခြင်းဖြစ်ပါသည်။

စာတန်သည် လူကိုဘုရားသခင်၏ပညတ်တော်ကျူးလွန်ခြင်းငှါ သွေးဆောင်လျက်၊ ထိုသူကို ဘုရားသခင်မုန်းတီးစေလို၏။ စာတန်၏နည်းလမ်းသည် အစကတည်းက ထိုသို့ဖြစ်ပါ၏ (၁ ယော ၂း၁၆-၁၇)။ သို့သော်လည်း၊ ဝိညာဉ်တော်ကိန်းဝပ်ခြင်းခံသောယုံကြည်သူသည် မိမိအပြစ်ကို ဘုရားသခင်ထံ ဝန်ခံလျက်၊ ဘုရားသခင်ကလည်း ခွင့်လွှတ်တော်မူလိမ့်မည်။

**ဆင်ခြင်ရန်** - (ဆာလံ ၅၁း၅ ကိုဖတ်ပါ)။
**ဆုတောင်းချက်** - အဘဘုရား၊ စာတန်သည် အကျွန်ုပ်ကို အပြစ်သွေးဆောင်ခြင်းမပြုနိုင်မည်အကြောင်း ကိုယ်တော်၏လက်တော်ထဲ၌ အကျွန်ုပ်ကိုထားတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၁၄)

**ယာကုပ် ၁း၁၄**

သုတ္တံ ၄း၂၃

*"နှလုံးသည် အသက်၏အခြေအမြစ်ဖြစ်သောကြောင့်၊ သင်၏နှလုံးကို အထူးသဖြင့်စောင့်ရှောက်လော့"*

# လူသည်ဘယ်အချိန်၌စုံစမ်းခြင်းခံရပါသနည်း

အပြစ်သွေးဆောင်ခြင်းသည် ဘုရားသခင်ထံမှမဟုတ်ဘဲ၊ စာတန်ထံမှဖြစ်ကြောင်း သိရပါ၏။ ဤသည်ကား အပြစ်ပြုခြင်း၏မှန်ကန်သောတရားဖြစ်ပါသည်။ ဤလောက၌ဖြစ်လာမည့်အရာတိုင်း ဘုရားသခင်ကကြိုတင်စီမံခွဲခန့်ထားတော်မူကြောင်း ကျွန်တော်တို့သိသော်လည်း၊ အပြစ်ပြုခြင်း၏တရားခံသည် ဘုရားသခင်မဟုတ်ကြောင်း ဘုရားသခင်ခွင့်ပြုတော်မူခြင်းသာဖြစ်ကြောင်း ထင်ရှားလှပါ၏ (ယောဘ ၁း၁၂၊ ၂း၆)။

<u>မိမိတပ်မက်သောစိတ်ဆွဲငင်ခြင်းကိုခံသောသူ</u>၊ လူ၏တပ်မက်သောစိတ်သည် ဘုရားသခင်ထံမှလူကိုဆွဲထုတ်တတ်ကြောင်း ယာကုပ်ဖော်ပြခဲ့ပါသည်။ လူ့ဇာတိသည် အပြစ်ဘက်သို့အစဉ်ယိမ်းယိုင်တတ်ပါသည်။ ဤတပ်မက်ခြင်းသည် သံလိုက်ကဲ့သို့ဖြစ်၍ အပြစ်သို့ဆွဲငင်တတ်၏။ လူ၏ပူးပေါင်းပါဝင်ခြင်းမရှိဘဲ စာတန်သည်ဘာမျှမပြုနိုင်ပါ။ လူ့ဇာတိသည် အပြစ်ဘက်သို့ အစဉ်ယိုင်တတ်ပါသည်။ ဒါဝိတ်က၊ "အကျွန်ုပ်သည်မွေးစကပင် အပြစ်ပါလျက်ရှိပါ၏။ အမိဝမ်းထဲမှာ ပဋိသန္ဓေယူစဉ်ပင်အပြစ်ပါလျက်ရှိပါ၏" (ဆာလံ ၅၁း၅)ဟုဆိုခဲ့ပါသည်။ လူ့ဇာတိ ဖြစ်သော၊ ကိုယ်ကာယတပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်းနှင့်မာန်ထောင်လွှားခြင်းတို့ကြောင့် လူသည် အပြစ်သို့ ဆွဲငင်ခြင်းခံရ၏။

<u>အပြစ်ဖြားယောင်းခြင်းကိုခံသောသူ</u>၊ ဖြားယောင်းခြင်းဆိုသည်မှာ တခုခုအသုံးပြု၍ အပြစ်ပြုခြင်းငှါ သွေးဆောင်ခြင်းဖြစ်ပါသည်။ အပျော်ကျူးခြင်းက လူ့ဇာတိသဘောကိုသွေးဆောင်တတ်၏။ ထိုနည်းတူ၊ စည်းစိမ်ဥစ္စာနှင့်ကျော်ကြားခြင်းကလည်း လူကိုအပြစ်သွေးဆောင်ခြင်းပြုတတ်၏။ မကောင်းသောဆန္ဒသည် ဆာလောင်သောငါးကဲ့သို့ဖြစ်၍ ငါးမျှားချိတ်ကိုမမြင်ဘဲ အစာကိုလျင်မြန်စွာဝါးမြိုတတ်၏။ ခြောက်သွေ့သောသစ်ကိုင်းကဲ့သို့ လူ၏ဇာတိသဘောနှင့်တပ်မက်ခြင်းသည် အပျော်ကျူးခြင်း၌ လွယ်ကူစွာလောင်ကျွမ်းတတ်ကြ၏။

ချစ်သောစာဖတ်သူ၊ သင်သည် ယေရှုခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်လက်ခံခြင်းမရှိသေးလျှင်၊ အထက်ကဖော်ပြချက်သည် သင့်ကိုရည်ညွှန်းလျက်ရှိပါ၏။ ခရစ်ယာန်သည်လည်း ခရစ်တော်၏စိတ်နှလုံးပိုင်ဆိုင်ကြသည်ဖြစ်သောကြောင့် အပြစ်အန္တရာယ်ကို သေချာသတိထားတွေးတောဆင်ခြင်ကြရပါမည်။ ကျွန်တော်တို့သည် ဒုတိယမွေးဖွားခြင်းခံ၍ ဘုရားသခင်၏ဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းခံရကြသော်လည်း၊ ဤခန္ဓာကိုယ်နှင့်လောက၌ အသက်ရှင်နေကြသောကြောင့် အပြစ်ပြုနိုင်ကြကြောင်း သိမှတ်ကြရပါမည်။ စာတန်၏သွေးဆောင်ခြင်း၌ မလဲကျဖို့ သတိထားကြရပါမည်။ အပြစ်မှကယ်တင်ခြင်းခံရပြီဖြစ်သောကြောင့်၊ ထိုအပြစ်ထဲ၌ ပြန်၍ မကျော့မိဖို့ သတိထားကြရပါမည်။ သုတ္တံ ၁း၁၀-၁၉ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - အပြစ်ပြုခြင်းငှါ စာတန်၏သွေးဆောင်မှုကို ကျွန်တော်သတိထားပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကို မပြစ်မှားမည်အကြောင်း ကိုယ်တော်၏နှုတ်ကပတ်တရားကို စိတ်နှလုံးထဲ၌ သိုထားလိုပါ၏ (ဆာလံ ၁၁၉း၁၁)။

စနေ၊ အောက်တိုဘာ (၁၅)
**ယာကုပ် ၁း၁၅**
၂ တိ ၂း၂၂

*"လူပျိုတို့၏တပ်မက်ခြင်းကိလေသာစိတ်ကို ကြဉ်ရှောင်လော့။ ဖြောင့်မတ်ခြင်း . . ကို မှီအောင်လိုက်လော့"*

# တပ်မက်ခြင်းကိလေသာစိတ်ကိုကြဉ်ရှောင်လော့

ယာကုပ် ၁း၁၅ ထဲတွင် တွေ့ရသောတပ်မက်ခြင်းသည် မကောင်းသောအရာ၊ ဆီးတားသောအရာကို လိုချင်သော၊ မကောင်းသောဆန္ဒကိုဆိုလိုပါ၏။ ထို့ကြောင့် ယာကုပ်က "တပ်မက်သောစိတ်" ဟု ဆိုရာတွင် အပြစ်နှင့်ဆိုင်သောအရာမှန်သမျှ၏ အရင်းအမြစ်၊ မကောင်းသောအရာလိုချင်သောဆန္ဒကိုရည်ညွှန်းပါ၏။ ဤတပ်မက်သောစိတ်မှ လူ့ဇာတိသဘောတပ်မက်ခြင်းသည် ပဋိသန္ဓေစွဲ၍ ထာဝရပြစ်ဒဏ်ခံထိုက်သောအပြစ်များ မွေးဖွားလာကြ၏။

လူ့စိတ်ထဲ၌ တပ်မက်ခြင်းရှိသောအခါ လူသည်အပြစ်ရှိသောသူဖြစ်ပါပြီ။ ယေရှုက ထိုစိတ်နှလုံးထဲမှ အပြစ်တို့သည် အပြင်၌ပြုသောအပြစ်နည်းတူ ပြစ်ဒဏ်ခံထိုက်ကြောင်း ဖော်ပြခဲ့ပါသည်။ သားအိမ်၌တည်သောသန္ဓေသားသည် လူဖြစ်သကဲ့သို့ တပ်မက်သောစိတ်သည်လည်း အပြစ်ဖြစ်ပါ၏။ မဿဲ ၅း၂၁-၂၂၊ ၂၇-၂၈ ကိုဖတ်ပါ။

<u>ဒုစရိုက်ကိုဘွားတတ်၏၊</u> တပ်မက်သောစိတ်ကဒုစရိုက်ကို ဖြစ်ပွားစေတတ်၏။ ထိုဖျက်ဆီးတတ်သောဒုစရိုက်အပြစ်သည် လူ့စိတ်ထဲ၌သန္ဓေတည်ပြီးမှ ထွက်ပေါ်လာခြင်းဖြစ်ပါသည်။ ဒုစရိုက်အပြစ်ကိုပြုစုသောအရာကား စိတ်နှလုံးဖြစ်ပါသည်။ ယေရမိ ၁၇း၉ နှင့် မာကု ၇း၂၁-၂၃ ကိုဖတ်ပါ။

<u>သေခြင်းကိုဘွားတတ်၏၊</u> ယာကုပ်က ကိုးလလွယ်ပြီးမှ မွေးဖွားလာသောကလေးကဲ့သို့ ဒုစရိုက်သည် သေခြင်းကိုမွေးဖွားစေကြောင်း ဖော်ပြခဲ့ပါသည်။ တပ်မက်သောစိတ်သည် အသက်ရှင်ခြင်းမဟုတ်ဘဲ၊ သေခြင်းကိုယူဆောင်လာတတ်၏။ "အပြစ်၏အခကား သေခြင်းပေတည်း" (ရောမ ၆း၂၃)။ သို့သော်လည်း၊ ပေါလုက ထိုကျမ်းပိုဒ်တွင်ပင် "သို့သော်လည်း၊ ဘုရားသခင်၏ဆုကျေးဇူးတော်သည် ကျွန်ုပ်တို့၏သခင်ယေရှုခရစ်တော်အားဖြင့် ထာဝရအသက်ဖြစ်၏"ဟု ဖော်ပြသောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းပါ၏။

ချစ်သောစာဖတ်သူ၊ သင်သည် ယေရှုခရစ်တော်ကို ကယ်တင်ရှင်သခင်အဖြစ် လက်ခံယုံကြည်သောသူဖြစ်ပါလျှင်၊ တပ်မက်သောစိတ်အလိုသို့လိုက်၍ အပျော်ကျူးခြင်းမပြုခြင်းငှါ သတိထားပါလော့။ သို့သော်လည်း အပြစ်၌သင်ကျင်လည်၍ အပြစ်ရှိသည်ဟု သင်မခံစားမိလျှင် ဝိညာဉ်ရေးရာ၌ သင်သည်သေလူဖြစ်သည်ဟု မှတ်ယူရပါမည်။ ဘဝ၌မကောင်းသောတပ်မက်ခြင်းနောက်သို့ မလိုက်ခြင်းငှါ ကြိုးစားဆုတောင်းကြရပါမည်။ ယုံကြည်သူသည် ထိုတပ်မက်သောစိတ်ကို ဝိညာဉ်တော်နှင့်မဆိုင်ကြောင်း သိနားလည်တတ်ပါ၏။ ဂလာတိ ၅း၁၇ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - ဘဝ၌ ဇာတိတပ်မက်ခြင်းတွေးတောလျက် ကျွန်တော်ပျော်ရွှင်နေပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်စိတ်နှလုံးထဲ၌ မကောင်းသောတပ်မက်ခြင်းတိုးဝင်လာသောအခါ ဝိညာဉ်တော်၏ တို့ထိခြင်းဖြင့် အကျွန်ုပ်ကိုအသိပေး၍ စောင့်ရှောက်တော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၁၆)
**ယာကုပ် ၁း၁၆**
ဂလာတိ ၆း၇

*"အလွဲမယူကြနှင့်။ ဘုရားသခင်သည် မထီမဲ့မြင်ပြုခြင်းကိုခံတော်မမူ"*

# မိမိကိုယ်ကိုလှည့်ဖြားခြင်းမပြုပါနှင့်

ယနေ့အင်တာနက်ခေတ်ကြီးတွင် ငွေကြေးဝန်ဆောင်မှုများကို အီလက် ထရောနစ်ဖြင့် ဆောင်ရွက်ကြသောအခါ ငွေကြေးလှည့်ဖြားသောသူများစွာ ပေါ်ထွက်လာကြ၏။ သူတို့သည် နားမလည်သောသူ၊ သတိမထားသောသူနှင့် လောဘကြီးသောသူတို့ကို ပစ်မှတ်ထားကြပြီး၊ ကျွန်တော်တို့လည်း သတိမထားမိလျှင် ခံရနိုင်ပါသည်။ စာတန်၏နည်းဗျူဟာလည်းဖြစ်ပါ၏။ သူသည် လှည့်စားသောသူ၊ မုသာ၏အဘဖြစ်ပါသည်။ လှည့်ဖြားခြင်းမခံရအောင် သတိပြုကြပါလော့။

<u>တားမြစ်ချက်၊</u> ယာကုပ် ၁း၁၆ ထဲတွင် တမန်တော်က ချစ်သောညီအစ်ကိုတို့ကို လှည့်ဖြားခြင်းမခံရမည်အကြောင်း တိုက်တွန်းထားပါသည်။ ဤတိုက်တွန်းတော်မူချက်သည် အစဉ်သဖြင့် သတိရလိုက်လျှောက်ခြင်းငှါ မိန့်တော်မူခြင်းဖြစ်ပါသည်။ ထို့ပြင် ထိုလမ်းသို့ ဆက်မလျှောက်ခြင်းငှါ တားမြစ်ခြင်းလည်းဖြစ်ပါသည်။ စာတန်၏လှည့်ဖြားခြင်းအမျိုးမျိုးတို့၌ မလဲကျမည်အကြောင်း သတိပေးချက်ဖြစ်ပါသည်။

<u>တားမြစ်ခံရသောသူ၊</u> ညှင်းဆဲခြင်းခံရသောယုံကြည်သူတို့သည် လွတ်မြောက်ခြင်းပေးမည်ဟု သွေးဆောင်ခြင်းခံရတတ်ပါသည်။ စာတန်သည် လွယ်ကူနည်းလမ်းဖြင့် ချမ်းသာကြွယ်ဝခြင်း၊ ကျော်ကြားခြင်းနှင့်အဆင်ပြေမှုရရန် သွေးဆောင်တတ်ပါ၏။ ထိုသို့ခက်ခဲသော ကာလ၌ယုံကြည်သူသည် ထိုစာတန်၏သွေးဆောင်ခြင်းကို ပို၍ခံရတတ်၏။ သို့သော်လည်း ယုံကြည်သူသည် အစဉ်သတိမူလျက် ဘုရားသခင်၏လက်တော်ကို သိမှတ်ရပါသည်။ အရာရာတိုင်းကို ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် တိုင်းတာရပါမည်။

ယနေ့တွင် များစွာသောလှည့်စားသူရှိကြသည်ဖြစ်သောကြောင့် ယာကုပ်၏သတိပေးချက်ကို သတိပြုကြပါစို့။ စာတန်သည် အသစ်သောသွန်သင်ချက်နှင့်ခံယူချက်များကို ယူဆောင်ပါလိမ့်မည်။ ထိုအရာတို့သည် လောကီလူတို့နှင့်နားမလည်သောသူတို့အဖို့ အလွန်ဆွဲဆောင်မှုရှိတတ်ပါသည်။ လှည့်ဖြားခြင်းမခံရမည်အကြောင်း သမ္မာကျမ်းစာကိုအစဉ်လေ့လာသင်ယူကြပါစို့။

အမှုတော်မြတ်၌စာတန်၏လှည့်ဖြားခြင်းခံရသောအခါ ကျွန်တော်တို့သည် အကျိုးမရှိ ဖြစ်တတ်ပါသည်။ ထို့ပြင် သူတပါးကိုလဲကျစေသောသူလည်း ဖြစ်လာတတ်၏။ ချစ်သောစာဖတ်သူ သင်ရောက်ရှိမည့်နေရာသည် ကောင်းကင်ဘုံဖြစ်ကြောင်း သင်သေချာသိပါလျှင် ထိုကောင်းကင်ဘဏ္ဍာကိုသာ ဆည်းဖူးပါလော့။ ဤလောကီအရာနှင့်လောကီလူတို့၏ ချီးမြှောက်ခြင်းအရာ၌ လှည့်ဖြားခြင်းမခံပါနှင့်။ ထိုအရာတို့သည် ကြာရှည်မခံကြပါ။ သင့်ကိုထာဝရင်ရဲမီးသို့သာ ခေါ်ဆောင်ကြပါလိမ့်မည်။ လှည့်ဖြားခြင်းမခံပါနှင့်။

**ဆင်ခြင်ရန်** - အရာရာတိုင်းကို သမ္မာတရားဖြင့် ကျွန်တော်တိုင်းတာစမ်းစစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်၌ ဟောပြောသွန်သင်သောအရာများကို ဆုတောင်းခြင်းနှင့်အတူ သေချာလေ့လာစိစစ်ခြင်းငှါ အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၁၇)
**ယာကုပ် ၁း၁၇**
ဟောပြ ၁၃း၈

*"ယေရှုခရစ်သည် မနေ့၊ ယနေ့၊ နောင်ကာလ အစဉ်အမြဲမပြောင်းမလဲနေတော်မူ၏"*

# အလင်းတို့၏အဘ

"အလင်းတို့၏အဘ" (ယာကုပ် ၁း၁၇) ဟူသည်မှာ အလင်းကိုပေးတော်မူသော၊ ဖန်ဆင်းရှင်ဘုရားသခင်ကို ရည်ညွှန်း၍ ပေးသောယုဒလူတို့၏ ဘုရားကိုခေါ်သောအခေါ်အဝေါ်ဖြစ်ပါသည် (Mac Authur)။ ဘုရားသခင်သည် ကောင်းကင်ရှိကြယ်နှင့်လများကို မဖန်ဆင်းမီကတည်းက သူသည် အလင်း၏အရင်းအမြစ်ဖြစ်တော်မူ၏ (ကမ္ဘာ ၁း၁၄-၁၈)။

<u>အစဉ်ပေးတော်မူ၏</u>၊ အလင်းသည် အလင်းရောင်ကို အစဉ်ပေးလျက်ရှိ၏။ ကောင်းမြတ်စုံလင်သောဆုကျေးဇူးတို့သည် အလင်း၏အဘထံမှ သက်ရောက်၏။ ကိုယ်တော်သည် ကောင်းမြတ်တော်မူ၏။ "ကောင်းမြတ်" ဆိုသည်မှာ ကောင်းသောအကျိုးကိုဖြစ်စေသောအရာ၊ သစ်ပင်ပန်းပင်တို့အတွက် ကောင်းသောမြေဩဇာကဲ့သို့ဖြစ်ပါသည်။ ထိုဆုကျေးဇူးသည် လက်ခံရရှိသောသူကို ကောင်းကျိုးဖြစ်စေကြောင်းဆိုလိုပါ၏။ ထိုဆုကျေးဇူး၏စုံလင်ပြည့်စုံခြင်းကို ဖော်ပြပါ၏။ အထက်မှလာသောဆုကျေးဇူးသည် လက်ခံသောသူအဖို့လိုလေသေးမရှိပြည့်စုံတော်မူ၏။

<u>ပြောင်းလဲခြင်းမရှိပါ</u>၊ အလင်းသည် အစဉ်လင်းသကဲ့သို့ ပြောင်းလဲခြင်းမရှိပါ။ သို့သော်လည်း အလင်းဖြစ်သောနေနှင့်လတို့သည် ရွေ့လျားမှုအရ ကွယ်သောအချိန်ရှိတတ်ပါ၏။ သို့သော်လည်း ဘုရားသခင်တည်းဟူသောအလင်းတို့၏ အဘသည်လုံးဝပြောင်းလဲခြင်းရှိတော်မမူ။ ပေးတော်မူသောဆုကျေးဇူးသည်လည်း ပြောင်းလဲခြင်းမရှိပါ။ ကောင်းမြတ်သောအရာတို့ကိုလည်း အစဉ်ချပေးသနားတော်မူ၏။ ဘုရားသခင်သည် စုံလင်ပြည့်စုံသောသူဖြစ်၍ယနေ့၊ မနေ့၊ နောင်ကာလအစဉ်တည်သောပြောင်းလဲခြင်းမရှိသောဘုရားဖြစ်တော်မူ၏။

သမ္မာကျမ်းစာ၌တွေ့ရသော ယေဟောဝါဘုရားသည် သခင်ယေရှုခရစ်တော်နည်းတူပြောင်းလဲခြင်းရှိတော်မမူ။ မိန့်တော်မူချက်တို့သည်လည်း မှန်ကန်၍သစ္စာနှင့်ပြည့်စုံတော်မူ၏။ မောပန်းပင်ပန်းသောယုံကြည်သူတို့သည် ထိုဘုရားသခင်၏သစ္စာနှင့်ပြည့်စုံသောနှုတ်ကပတ်တော်၊ ဂတိတော်တို့ကို ကိုးစားယုံကြည်ရပါမည်။ ဤလောက၌ မကောင်းသောအရာတို့၏ဆွဲဆောင်ခြင်း၊ သွေးဆောင်ခြင်းကို ကျွန်တော်တို့ခံရပါမည်။ သို့သော်လည်း ဘုရားသခင်သည် မိမိသားသမီးတို့အားလိုအပ်သောခွန်အား၊ ဆုကျေးဇူးများကို ပေးသနားတော်မူမည်။ သင်သည်ဘုရားသခင်၏ သားသမီးဖြစ်ပါသလား။

ချစ်သောစာဖတ်သူ ဘုရားသခင်၏သားသမီးဖြစ်မှသာ သင်သည် ထိုဘုရားသခင်၏ မပြောင်းလဲသော ဆုကျေးဇူးများကို ရရှိမည်ဖြစ်ပါသည် (ယောဟန် ၁း၁၂)။

**ဆင်ခြင်ရန်** - ပြောင်းလဲတော်မမူသော ဘုရားသခင်ကို ကျွန်တော်အမှန် ယုံကြည်ကိုးစားပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏မပြောင်းလဲသော ဂတိတော်တို့ကို ယုံကြည်ကိုးစားမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ၏။

အင်္ဂါ၊ အောက်တိုဘာ (၁၈)

**ယာကုပ် ၁း၁၈**

ရောမ ၉း၁၆

*"လိုချင်သောသူသည် တတ်နိုင်သည်မဟုတ်၊*
*ပြေးသောသူသည်လည်းတတ်နိုင်သည်မဟုတ်"*

# အဦးသီးသောအသီး

အဦးသီးသောအသီးသည် ကျန်အသီးများလူတို့မသုံးဆောင်မီ ဘုရားသခင်အတွက် သီးသန့်ဖယ်၍ ဆက်ကပ်ထားသောအရာဖြစ်ပါသည်။ အဦးဆုံးပူဇော်သောယဇ်လည်းဖြစ်ပါသည် (ဝတ် ၂၃း၁၀)။ လယ်သမားတို့သည် နောက်ရာသီ၌စိုက်ပျိုးဖို့ရန် အကောင်းဆုံးသောအသီးမျိုးစေ့ကို သိမ်းထားတတ်ကြ၏။ သို့သော်လည်း ဘုရားသခင်က အဦးသီးသောအသီးနှင့် အကောင်းဆုံးကို မိမိထံပူဇော်ခြင်းငှါ တောင်းခဲ့ပါသည်။

<u>ကျွန်ုပ်တို့ကိုမွေးဖွားတော်မူ၏</u>၊ ဘုရားသခင်၏ဖန်ဆင်းခြင်းအားဖြင့် ဤကမ္ဘာ၌ ကျွန်တော်တို့မွေးဖွားလာ၍ ရွေးနှုတ်တော်မူခြင်းဖြင့် ကယ်တင်ခြင်းခံရကြ၏။ "ဖြစ်ဘွားစေတော်မူ၏" ဟူသော စကားလုံးသည် မိခင်က ကလေးမွေးဖွားခြင်း၌အသုံးပြုသောစကားဖြစ်ပါ၏။ ထိုဂရိစကားကို ယာကုပ် က အငယ် ၁၅ တွင်လည်းအသုံးပြုခဲ့ပါသည်။ အငယ် ၁၅ တွင် အပြစ် ဒုစရိုက်သည် သေခြင်းကို ဘွားမြင်စေ၏။ ဘုရားသခင်သည် ယုံကြည်သူကို နှုတ်ကပတ်တော်အားဖြင့် ယေရှုယုံကြည်ခြင်းတည်း ဟူသော ကျေးဇူးတော်ကြောင့် ဒုတိယမွေးခြင်းခံရကြ၏။ လူ့အပြစ်က လူကို သေခြင်းသို့ပို့ဆောင်၏၊ ဘုရားသခင်ကသာလျှင် လူကိုအသက်ရှင်ခြင်းပေးတော်မူ၏။

<u>ကျွန်ုပ်တို့ကိုစောင့်ရှောက်တော်မူ၏</u>၊ မောရှေ၏ပူဇော်ခြင်းပညတ်တရားထဲတွင် အဦးသီးသောအသီးသည် ဘုရားသခင်ထံဆက်ကပ်ပူဇော်သော အသီးအနှံနှင့် တိရိစ္ဆာန်ကိုရည်ညွှန်းပါ၏ (၆ ရာ ၃၁း၅)။ ကျွန်ုပ်တို့ကို ဒုတိယမွေးခြင်းခံစေပြီး၊ ဘုရားသခင်သည် မိမိအဖို့ကျွန်တော်တို့ကို သီးခြားထား၍မိမိအမှုတော်အတွက် ဆက်ကပ်ခဲ့ပါသည်။ ဤဘုရားသခင်၏ ကြီးမားလှသော ကျေးဇူးတော်ကြောင့် ကျွန်တော်တို့သည် ကယ်တင်ခြင်းခံရ၍ ကိုယ်တော်အဖို့ အသက်ရှင်ခြင်းငှါ လိုအပ်သော မစတော်မူခြင်းကိုလည်း ပေးတော်မူလျက် ကျွန်ုပ်တို့ကို အကောင်းဆုံးပြုပြင်မွမ်းမံတော်မူ၏။

ဘုရားသခင်က သင်နှင့်အကျွန်ုပ်အား ရွေးနှုတ်တော်မူသောအကြောင်းကို သင်အံ့ဩမိပါသလား။ ထို့အပြင်ကျွန်ုပ်တို့ကို မိမိသားသမီးအဖြစ် ခန့်ထားတော်မူ၏။ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်၏အမှုဆောင်အဖြစ်လည်း ခန့်ထားတော်မူ၏။ ထိုကြီးမြတ်သောကောင်းကြီးမင်္ဂလာတို့ကို သင်ဆင်ခြင်တွေးတောမိပါသလား။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏အမှုတော်မြတ်၌ သင်ဆက်ကပ်ပါသလား။ သင်၏အကောင်းဆုံးအချိန်ကို ဘုရားသခင်အတွက် အသုံးပြုပါသလား။ အကောင်းဆုံးမပေးနိုင်အောင် ဘဝအခက်အခဲက သင့်ကိုဆီးတားပါသလား။ ရွေးနှုတ်ခြင်းခံရခြင်းငှါ ကျွန်တော်တို့ဘက်မှ ဘာတစ်ခုမှမလုပ်ခဲ့ပါ။ သို့သော်လည်း ကျွန်ုပ်တို့ကို ကယ်တင်ခြင်းပေး၍အမှုတော်မြတ်သို့ ဆက်ကပ်တော်မူ၏။ သင့်သခင်အား အကောင်းဆုံးပေးဆပ်ပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်အတွက် အကောင်းဆုံးအဦးသီးသော အသီးဖြစ်ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အမှုတော်မြတ်၌အကျွန်ုပ်အသက်တာကို ဆက်ကပ်၍ ကိုယ်တော်၏နာမတော်ဘုန်းတော်ထင်ရှားစေခြင်းငှါ အကျွန်ုပ်ကို မစတော်မူပါ။

ဗုဒ္ဓဟူး၊ အောက်တိုဘာ (၁၉)
**ယာကုပ် ၁း၁၉-၂၀**
ဒေ ၅း၂

*"သင်၏နှုတ်သည် သတိမလစ်စေနှင့်။ . . .
သင်၏စိတ်နှလုံးမလျင်မမြန်စေနှင့်"*

# လျင်မြန်လော့၊ သို့သော်လည်းနှေးလော့

ဤလောကီပြိုင်ဆိုင်မှု၌ဘယ်သူမှ နှေးကွေး၍မရပါ။ လူတိုင်းအချင်းချင်း ကျော်တက်လိုကြ၏။ အချို့သည် မိမိအထက်ရောက်ခြင်းငှါ သူတပါးကို တွန်းတိုက်တတ်ပါသည်။ ဤသည်ကား လောကီလူတို့၏အကျင့်ဖြစ်ပါသည်။ သို့သော်လည်း အချို့ခရစ်ယာန်တို့သည်လည်း ထိုသို့ဖြစ်တတ်ကြ၏။ ဝမ်းနည်းစရာကောင်းလှပါသည်။ သင်ရောပါဝင်ပါသလား။

ဘုရားသခင်၏သားသမီးဖြစ်သော ကျွန်တော်တို့သည် တမန်တော်ယာကုပ်၏ သတိပေးစကားကို သတိပြုကြရပါမည်။ ဘုရားသခင်သည် အလင်း၏အဘဖြစ်၍မှောင်မိုက်ခြင်း လုံးဝမရှိပါ။ ဆိုလိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို အပြစ်ပြုခြင်းငှါ မသွေးဆောင်၊ ကျွန်ုပ်တို့၏ ကောင်းကျိုးအတွက် စစ်ကြောတော်မူ၏။ ထိုစစ်ကြောခြင်း၌ ကျွန်တော်တို့သည် အပြစ်မပြုဘဲသည်းခံကျော်ဖြတ်နိုင်ခြင်းငှါ "နားကြားခြင်း၌လျင်မြန်၍၊ စကားပြောခြင်း၌၎င်း၊ အမျက်ထွက်ခြင်း၌၎င်း နှေးကြရပါမည်" (ယာကုပ် ၁း၁၉)။

<u>နားကြားခြင်းငှါလျင်မြန်ကြစေ</u>၊ ဆိုလိုသည်မှာ လျင်မြန်စွာကြားနာရမည်ဖြစ်ပါသည်။ ချက်ချင်းနားထောင်၍လျင်မြန်စွာ လှုပ်ရှားဖို့ဖြစ်ပါသည်။ ကျမ်းစာဖတ်ခြင်းနှင့်တရားဟောချက် နားထောင်ခြင်းဖြင့် ဘုရားသခင်၏စကားကို နားကြားရပါမည်။ နှောင့်နှေးခြင်းမရှိဘဲ ထိုအမှုကို လျင်မြန်စွာ ပြုရပါမည်။ ထို့ပြင် စိတ်နှလုံးပြင်ဆင်လျက် ကြိုးစားကြားနာရပါမည်။

<u>စကားပြောခြင်းငှါ နှေးကြစေ</u>၊ နှေးခြင်းသည်လျင်မြန်မှု၏ ဆန့်ကျင်ဘက်ဖြစ်ပါ၏။ "နှေးလော့" ဟူသေစာစကားတွင် မပြုမီ၊ မပြောမီအချိန်ယူဆင်ခြင်ရနမ်လည်း ပါဝင်ပါ၏။ ဒေ ၅း၂ နှင့် သုတ္တံ ၂၁း၂၃ ကိုဖတ်ပါလော့။

<u>အမျက်ထွက်ခြင်းငှါနှေးကြစေ</u>၊ အမျက်ထွက်ခြင်း၌လည်းနှေးဖို့လိုပါသည်။ အမျက်ထွက်ခြင်းဆိုသည်မှာ တစုံတဦးအပေါ် မကျေနပ်ခြင်းကိုဆိုလို၏။ စိတ်နှလုံးမှ ပေါ်ပေါက်လာသော မကျေနပ်မှုခံစားချက်ပင်ဖြစ်ပါသည်။ တစ်ဖက်တွင် ခရစ်ယာန်သည်မိမိကိုယ်ကို ထိန်းချုပ်လျက်၊ တစုံတရာကိုလျင်မြန်စွာ ဆုံးဖြတ်ချက်မချဘဲ မတုံ့ပြန်ဘဲ နေရပါမည် (သုတ္တံ ၁၄း၂၉၊ ဒေ ၇း၉)။

မအော်မပြောမီရပ်လျက်၊ ကြည့်လျက်၊ အရင်လေ့လာရပါမည်။ ချစ်သောစာဖတ်သူ၊ သင်သည် ကြားနာခြင်း၌ နှေးကွေး၍၊ စကားပြောခြင်း၌လျင်မြန်လျက်၊ အမျက်ဒေါသအလျင်အမြန် ထွက်တတ်ပါသလား။ ဤသတိပေးစကားကို သတိပြုခြင်းငှါ ဘုရားသခင်က သင့်အပေါ်သနားတော်မူပါစေသော်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ကြားနာခြင်း၌ လျင်မြန်၍၊ စကားပြောခြင်းနှင့်အမျက်ထွက်ခြင်း၌နှေးပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကြားနာခြင်း၌ အကျွန်ုပ်ကိုဆင်ခြင်ခွဲခြားတတ်သော ဉာဏ်ပေးသနားတော်မူပြီး၊ သူတပါးကိုချစ်၍ ကြင်နာသောစကားပြောခြင်းငှါ မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၂၀)
**ယာကုပ် ၁း၂၁**
ဆာလံ ၂၅း၉

*“နှိမ့်ချသောသူတို့ကို တရားလမ်း၌ သွေးဆောင်တော်မူ၏”*

# နှိမ့်ချခြင်း၊ နှိမ့်ချခြင်း၊ နှိမ့်ချခြင်း

အမျက်ဒေါသသည် ဘုရားသခင်၏ဘုန်းတော်ကို မထင်ရှားစေပါ။ ယာကုပ်ခေတ်ရှိ ခရစ်ယာန်တို့သည် သူတို့ကြုံတွေ့ရသောအခက်အခဲဒုက္ခကြောင့် လွယ်ကူစွာအမျက်ထွက်နိုင်ကြပါသည်။ ထိုအခက်အခဲကြား၌ ဘုရားသခင်အပေါ် ညည်းတွားမြည်တမ်းနိုင်ကြပါ၏။ ထိုအမှုတို့သည် ဘုရားသခင်နှစ်သက်သောအရာမဟုတ်ဘဲ၊ ပြောင်းလဲရမည်ဖြစ်ပါသည်။ ထို့ကြောင့် ယာကုပ်က ထိုခပ်သိမ်းသော ညစ်ညူးခြင်းနှင့် မနာလိုသော စိတ်လွန်ကျူးခြင်းတို့ကို ပယ်ရှားရမည်ဟု ဆိုခဲ့ပါသည်။ ထို့ပြင် ထိုအရာတို့ကို အောင်နိုင်သောတန်ခိုးရှိသည် နှုတ်ကပတ်တရားကို စိတ်နှလုံးထဲ၌ စိုက်ကြရန်နှင့် နူးညံ့သိမ်မွေ့သောစိတ်ရှိကြရန် တိုက်တွန်းခဲ့ပါသည်။

<u>ညစ်ညူးသောအရာအပေါင်းကို ဖယ်ရှားပါလော့၊</u> ခရစ်ယာန်တို့သည် ညစ်ညူးသောအရာမှန်သမျှနှင့်မသန့်ရှင်းသောအရာအပေါင်းကို ဖယ်ရှားကြရမည်အကြောင်း ယာကုပ်တိုက်တွန်းထားပါသည်။ ထိုအရာတို့သည် ဘုရားသခင်နှင့်ဆန့်ကျင်သောအရာများဖြစ်ကြ၏။ ထိုအရာတို့သည် ခရစ်ယာန်အား ကောင်းသောအမှုမဟုတ်ဘဲ၊ မကောင်းသောအရာပြုခြင်းငှါ သွေးဆောင်သောအရာများဖြစ်ကြ၏။

<u>မနာလိုစိတ်လွန်ကျူးခြင်းကိုဖယ်ရှားပါလော့၊</u> ဖျက်ဆီးတတ်သော၊ အန္တရာယ်ပြုနိုင် သော မကောင်းမှုကိုဆန့်ကျင်ခြင်းငှါ တိုက်တွန်းခြင်းဖြစ်ပါသည်။ ကျွန်တော်တို့သည် ခရစ်တော်၏ နာမတော်ကို အရှက်ရစေသောအပြစ်ကို မကျူးလွန်ကြရပါ။ သူတပါးကို ဒုက္ခရောက်စေသော၊ မနာလိုသောစိတ်၊ လှည့်ဖြားခြင်းစသည်တို့ကို ဖယ်ရှားကြရပါမည်။ ခရစ်ယာန်သည် ထိုအရာတို့ကို စိတ်နှလုံးထဲမှ ပယ်ရှင်းကြရပါမည်။

ခရစ်ယာန်သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဝမ်းမြောက်စွာ နှိမ့်ချသောစိတ်နှင့် နာခံလိုက်လျှောက်ကြရပါမည်။ နှုတ်ကပတ်တော်လေ့လာသင်ကြားသောအခါ၊ “နှိမ့်ချခြင်း၊ နှိမ့်ချခြင်း၊ နှိမ့်ချခြင်း” ရှိရမည်ဟု Calvin ကဆိုခဲ့ဖူးပါသည်။ ထိုနှုတ်ကပတ်တော်သည် လူ့အသက်ကို ကယ်တင်နိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ကယ်တင်ခြင်းခံရစဉ် ထိုနှုတ်ကပတ်တရားသည် ကျွန်ုပ်တို့၌စိုက်ခြင်းခံရပါ၏။ ထိုနှုတ်ကပတ်တော်သည် အသက်တာ၌ အသီးအပွင့်ပွင့်စေပါ၏။ ထို့ပြင် အစဉ်ကြုံတွေ့ရသော အခက်အခဲကြား၌လည်း ထိုနှုတ်ကပတ်တရားက ကျွန်ုပ်တို့ကို ကယ်နှုတ်မစမည်အကြောင်း ဖော်ပြပါသည်။ ခရစ်ယာန်သည် သမ္မာတရားကို စေ့စေ့လေ့လာသင်ယူလက်ခံခြင်းဖြင့် မိမိ၏တာဝန်ဝတ္တရားကို စုံလင်စွာဆောင်ရွက်ကြရပါမည် (၂ တိ ၃း၁၄-၁၅)။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ သန့်ရှင်းစုံလင်တော်မူသော နှုတ်ကပတ်တော်ကို သင်ယူစဉ် ကျွန်တော်သည် နှိမ့်ချခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ဝေဖန်ဆန့်ကျင်ခြင်းမပြုဘဲ ကိုယ်တော်၏ နှုတ်ကပတ်တော်ကို နာခံလိုက်လျှောက်မည်အကြောင်း မစတော်မူပါ။

သောကြာ၊ အောက်တိုဘာ (၂၁)

**ယာကုပ် ၁း၂၂**

လုကာ ၁၁း၂၈

*"ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကို နာ၍ ကျင့်စောင့်သောသူသည် မြတ်စွာသော မင်္ဂလာရှိ၏"*

# ဘုရားသခင်၏နှုတ်ကပတ်တော်ကိုလက်ခံယုံကြည်ခြင်း

ယာကုပ်က ဆက်လက်၍ယုံကြည်သူတို့ကို "တရားကျင့်သောသူ" (ယာကုပ် ၁း၂၂) ဖြစ်မည် အကြောင်းတိုက်တွန်းခဲ့ပါသည်။ တရားကိုနာရုံမျှသာပြုသောသူမဖြစ်ရပါ။ မိမိကိုယ်ကို ယုံကြည်သူဟုဆိုလျက် ကြားနာသောနှုတ်ကပတ်တော်ကို အသက်တာ၌ မလိုက်လျှောက်သောသူ သည် မိမိကိုယ်ကို လှည့်စားခြင်းဖြစ်ပါသည်။ အသက်တာ၌မလိုက်လျှောက်သောသူသည် ဘုရား သခင်၏ နှုတ်ကပတ်တော်အား စိတ်နှလုံးထဲ၌ စိုက်ပျိုးထားခြင်းမရှိသောသူဖြစ်ပါ၏။ နှုတ်ကပတ် တရားတော်ကို နားလည်သဘောပေါက်ခြင်းမရှိသောသူဖြစ်၏။ ခရစ်တော်ကို ယုံကြည်သည်ဟု မိမိ ကိုယ်ကိုဆိုသောသူတို့အား ဤအမှုဖြင့် စမ်းစစ်နိုင်ပါသည်။

<u>ကျင့်သောသူဖြစ်ပါလော့၊</u> ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကျွန်တော်တို့ လိုက် လျှောက်ကြရပါမည်။ အခြားနည်းလမ်းမရှိပါ။ တရားကိုကျင့်သောသူသည် နှုတ်ကပတ်တော်အား စိတ်နှလုံးထဲ၌ လက်ခံယုံကြည်သောသူဖြစ်၏။ ထိုယုံကြည်ချက်ကို အသက်တာ၌ပေါ်လွင်စေပါ၏။ မှတ်သားရမည်မှာ ကြားနာသော နှုတ်ကပတ်တရားအလုံးစုံအတိုင်း မည်သူမျှ အသက်မရှင်နိုင် ကြောင်း သိထားကြရပါမည်။ ယုံကြည်သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တရားကို မလိုက်နာ ခြင်း၌ ဇာတိသဘောက အားပေး၍၊ လိုက်နာခြင်း၌ ဝိညာဉ်တော်က အားပေးတော်မူ၏။ ထို့ကြောင့် တရားကိုကျင့်ရန် အစဉ်သတိပေးဖို့လိုအပ်ခြင်းဖြစ်ပါသည်။ သခင်ယေရှုခရစ်တော်၏ စကားကို ကြားနာကြပါစို့ "ကိုယ်တော်က၊ ဘုရားသခင်၏နှုတ်ကပတ်တရားတော်ကိုနာ၍ ကျင့်စောင့်သောသူ သည် မြတ်စွာသောမင်္ဂလာရှိသည်ဟု မိန့်တော်မူ၏" (လုကာ ၁၁း၂၈)။

<u>နာရုံမျှသာမပြုကြနှင့်၊</u> ခရစ်ယာန်သည် တရားကိုနာရုံမျှသာ ပြုသောသူမဖြစ်နိုင်ပါ။ ထိုသို့နာရုံမျှသာပြုသောသူသည် ဒုတိယမွေးခြင်းမခံရကြောင်း သေချာပါ၏။ စစ်မှန်သော ယုံကြည် သူသည် တရားကိုကျင့်ခြင်း၌ ရုန်းကန်နေရသော်လည်း၊ ဘုရားသခင်၏ ဝိညာဉ်တော်က ထိုသို့ ကျင့်နိုင်ခြင်း၌ မစတော်မူလိမ့်မည်။ ထိုသို့ဖြင့် တရားကို ကျင့်ခြင်း၌ အားနည်းသည့်တိုင်း တဖြည်း ဖြည်း တရားကျင့်ခြင်းကို ပြုနိုင်ပါလိမ့်မည်။ သတိပြုရမည်မှာ မကျင့်ဘဲ၊ နာရုံမျှသာအစဉ်ပြုသောသူ သည် စစ်မှန်သောခရစ်ယာန်မဟုတ်ပါ။ မိမိကိုယ်ကို လှည့်ဖြားခြင်းသာဖြစ်၍ ဝမ်းနည်းစရာကောင်း လှပါသည်။ မိမိကိုယ်ကို ကောင်းကင်ရောက်မည်ဟု ထင်ပြီး၊ အမှန်မှာ ငရဲသို့ ဦးတည်သွားနေခြင်း လောက် မိုက်မဲသောအမှုမရှိနိုင်ပါ။

ထို့ကြောင့် သခင်ယေရှုက လုကာ ၆း၄၆-၄၉ ထဲတွင် နာရုံမဟုတ်ဘဲ၊ လိုက်လျှောက်ခြင်း ၏အရေးကြီးမှုကို ဖော်ပြခဲ့ပါသည်။ ချစ်သောစာဖတ်သူ၊ မိမိကိုယ်ကို မလှည့်ဖြားပါနှင့်။ ကြားနာရုံ မပြုဘဲ နှုတ်ကပတ်တော်ကို ယုံကြည်လိုက်လျှောက်ပါလော့။

**ဆင်ခြင်ရန်** - နာရုံမျှသာပြုလျက် ကျွန်တော်မိမိကိုယ်ကို လှည့်ဖြားနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်တော်သည် ကြားနာရုံမျှသာပြုသောသူလော၊ တရားကို ကျင့် သောသူလောဟူသော အချက်ကို အမှန်သိခြင်းငှါ၊ အကျွန်ုပ်မျက်စိကို ဖွင့်ပေး တော်မူပါ။

စနေ၊ အောက်တိုဘာ (၂၂)
**ယာကုပ် ၁း၂၃-၂၄**
ဆာလံ ၁၁၉း၁၅-၁၆

*"နှုတ်ကပတ်တော်ကိုမမှတ်ဘဲမနေပါ"*

# တရားကိုနာရုံမျှသောပြုသောသူ

ကြားနာရုံမျှပြုသောသူသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို ဖော်ပြထားပါသည်။ နှုတ်ကပတ်တရားကို မကျင့်ဘဲ၊ နာရုံမျှပြုသောသူသည် ကြည့်မှန်၌ မိမိရုပ်ရည်ကိုကြည့်ပြီး၊ ထွက်သွားသောသူ၊ မိမိရုပ်ရည်မည်သို့ရှိသည်ကို ချက်ချင်းမေ့လျော့တတ်သောသူကဲ့သို့ ဖြစ်ပါသည် (ယာကုပ် ၁း၂၄)။

<u>ကြည့်မှန်၌မိမိမျက်နှာကို ကြည့်သောသူ၊</u> "ကြည့်" ဟူသောစကားလုံးသည် မိမိ၏ရုပ်ရည်အဆင်းသဏ္ဍာန်ကို သေချာလေ့လာခြင်းကိုဆိုလိုပါ၏။ မိမိမျက်နှာကို ဟိုဘက်သည်ဘက်လှည့်၍သေချာကြည့်ခြင်းကို ဆိုလိုပါသည်။ ယုံကြည်သူသည် သမ္မာကျမ်းစာလေ့လာသောအခါ ထိုသို့သော စိတ်သဘောဖြင့်လေ့လာရပါမည်။ ယုံကြည်သူသည် ကြိုးစားအားထုတ်သောသူ၊ နှုတ်ကပတ်တော်ကို သေချာလေ့လာသောသူဖြစ်ရပါမည် (၂ တိ ၂း၁၅)။

<u>မိမိအဆင်းသဏ္ဍာန်ကို မေ့လျော့သောသူ၊</u> ကြည့်မှန်၌ မိမိ၏အဆင်းသဏ္ဍာန်ကိုသေချာမလေ့လာဘဲ ထွက်သွားသောအခါ မိမိ၏ရုပ်ရည်ကို ချက်ချင်းမေ့လျော့ပါမည်။ သင်လည်းထိုသို့ဖြစ်ပါသလား။ ဘုရားသခင်၏ဝိညာဉ်တော်သည် ယုံကြည်သူအား သူဖတ်သော နှုတ်ကပတ်တော်ကို မည်သို့လိုက်နာကျင့်သုံးမည်အကြောင်း ခွန်အားပေးတတ်ပါသည်။ ပြဿနာမှုကား၊ ထိုသို့ဖတ်ပြီးမှ နာရုံမျှသာပြုသောသူသည် မကျင့်သုံးဘဲ နေတတ်၏။ ဖတ်ကြားသောတရားကို ချက်ချင်းပယ်ရှင်းတတ်၏။ ထို့ကြောင့် ဤလူသည် မိမိကိုယ်ကို ခရစ်ယာန်ဟုဆိုသော်လည်း ကောင်းမကောင်းကို သိသော်လည်း၊ မိမိ၏ဇာတိဟောင်းအလိုအတိုင်းနေထိုင်ကျင့်တတ်၏။ သင်ယူရရှိသော နှုတ်ကပတ်တော်ကို အသက်တာ၌မကျင့်သုံးဘဲနေ၏။

နာရုံမျှသာပြုသောသူမဖြစ်မည်အကြောင်း ဆုတောင်းကြပါစို့။ ကြားနာသောတရားအလုံးစုံကို အသက်တာ၌မကျင့်နိုင်သည့်တိုင်၊ မမေ့လျော့ဖို့လိုအပ်ပါသည်။ ထိုသို့ လိုက်လျှောက်ကျင့်သုံးနိုင်ခြင်းငှါလည်း ဘုရားသခင်ထံ ဆုတောင်းကြရပါမည်။ ဆာလံ ၁၁၉း၄-၆ ၌တွေ့ရသော ဆာလံဆရာအော်ဟစ်သကဲ့သို့ တောင်းလျှောက်အော်ဟစ်ကြပါစို့။ ချစ်သောစာဖတ်သူ၊ သင်ကြားနာဖတ်ရှုသော နှုတ်ကပတ်တော်အတိုင်း သင့်အသက်တာရှိမှားယွင်းသော အရာကို ပြုပြင်လိုသောစိတ်ရှိပါသလား။ သန့်ရှင်းသောဝိညာဉ်တော်သည် သင့်ကိုတို့ထိ၍ နှုတ်ကပတ်တရားကို ကျင့်သောသူဖြစ်စေခြင်းငှါ ဆုတောင်း၍ မစတော်မူခြင်းကို တောင်းလျှောက်ပါလော့။

**ဆင်ခြင်ရန်** - တရားကိုကျင့်သောသူဖြစ်ခြင်းငှါ ဝိညာဉ်တော်၏အသိပေးတိုက်တွန်းခြင်းကျွန်တော်ခံရပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ နာရုံမဟုတ်ဘဲ၊ ကျင့်သောသူဖြစ်မည်အကြောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏တို့ထိတိုက်တွန်းခြင်းကို ခံရမည်အကြောင်း မစတော်မူပါ။

**ယာကုပ် ၁း၂၅**

*"ငါ့စကားကိုကြား၍. . . မြော်လင့်လျက်နေသော သူသည် မင်္ဂလာရှိ၏"*

သုတ္တံ ၈း၃၄

# ပြုသောအမှု၌ မင်္ဂလာရှိသောသူကားမည်သူနည်း

ယာကုပ်သည် ယုံကြည်သူတို့အား ဘုရားသခင်၏နှုတ်ကပတ်တော်စုံလင်မှုကို သတိပေးခဲ့ပါသည်။ ဤလူတို့ကို ဘုရားသခင်က ယုံကြည်ခြင်း၌ ဆက်လက်တည်ကြရန် ကွယ်ကာစောင့်ရှောက်တော်မူ၏။ သူတို့ကို တရားကျင့်သောသူဟု ဖော်ပြထားပါသည်။ ယာကုပ်က ထိုသူတို့အား ဘုရားသခင် ကယ်တင်လွတ်မြောက်စေခြင်းအကြောင်းနှင့် ဤစုံလင်သောပညတ်တရားအားဖြင့် အပြစ်ဒဏ်မှ ကယ်လွတ်တော်မူကြောင်းကို အမှတ်ရစေလို၏။ သူတို့ယုံကြည်သောတရားသည် ဤနှုတ်ကပတ်တော်ဖြစ်ကြောင်း ယာကုပ်က သူတို့ကို သတိရစေလို၏။ "သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့်ဖြစ်၏။ ကြားနာခြင်းသည်လည်း၊ ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏" (ရောမ ၁၀း၁၇)။ သူတို့ကိုအလင်းပေးတော်မူသော ဘုရားသခင်၏ မြတ်သော နှုတ်ကပတ်တော်ကို မမေ့လျော့ကြဖို့လိုပါသည်။

<u>စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၏၊</u> ပညတ်တော်ကို စုံလင်သောတရားကို ဖော်ပြခဲ့ပါသည် (ယာကုပ် ၁း၂၅)။ သမ္မာကျမ်းစာသည် ဘုရားသခင်မှုတ်သွင်း၍ စောင့်ရှောက်တော်မူသော မမှားနိုင်သော၊ အမှားကင်းစင်သောတရားဖြစ်ပါသည်။ "စေ့စေ့ကြည့်ရှု" ဟူသော စကားလုံး၏ အဓိပ္ပာယ်သည် နားလည်သဘောပေါက်ခြင်းကို ရည်ညွှန်းပါ၏။ ထို့ပြင် သေချာလေ့လာမှုကိုလည်း ဖော်ဆောင်ပါသည်။ ထို့ကြောင့် ကောင်းကောင်းမမြင်ရသောသူသည် စေ့စေ့ကြည့်၍ သေချာစွာမြင်ရသကဲ့သို့ ပုံဖော်ထားခြင်းဖြစ်၏။ လွတ်ခြင်းနှင့်စပ်ဆိုင်သောတရားဟု ယာကုပ်က သတင်းကောင်းကို ရည်ညွှန်းခဲ့ပါသည်။ ထိုတရားက အပြစ်၏လွှမ်းမိုးချုပ်ကိုင်ခြယ်လှယ်ခြင်းမှ လွတ်မြောက်စေပါ၏။ ဤတရားက လူကိုထာဝရင်ရဲမီးအိုင်ထဲ၌ ကျရောက်မည့်အပြစ်ဒဏ်မှ ကယ်လွတ်ခြင်းပေးတော်မူ၏ (ရောမ ၁း၁၆)။

<u>စုံလင်သောတရား၌တည်ကြည်သောသူ၊</u> စေ့စေ့ကြည့်ရှုခြင်းသည် ခဏတာပြုသောအမှုမဟုတ်ဘဲ ထိုတရားကို ဆက်လက်လေ့လာ၍ ထိုတရား၌ကျင့်လည်နေထိုင်ခြင်းကို ဖြစ်စေ၏။ ထိုတရားမှထွက်မသွားဘဲ ထိုနှုတ်ကပတ်တော်ကို ကြိုးစားသင်ယူလေ့လာခြင်းပြု၏။ ဘုရားသခင်၏ အလိုတော်ကို ဆက်လက်လိုက်နာလိုသောဆန္ဒရှိ၏။ ၂ တိ ၃း၁၄-၁၇ ၌တွေ့ရသောပေါလုက တိမောသေအား တိုက်တွန်းချက်ကို ကြည့်ပါလော့။ သင့်ကိုထိန်းကျောင်းစောင့်ရှောက်တော်မူသောနှုတ်ကပတ်တော်ကို သင်ပစ်ထားပါမည်လော။ ဘုရားသခင်၏ အလိုတော်မှကား၊ ကျွန်တော်တို့သည် သခင်ယေရှုခရစ်တော် တဖန်ကြွလာ၍ စုံလင်သောအသက်တာမပိုင်ဆိုင်မချင်း၊ နှုတ်ကပတ်တရားတော်ကို ကြိုးစားလေ့လာသင်ယူကြရပါမည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နှုတ်ကပတော်အတိုင်း သင်အသက်ရှင်မှသာ သင်ပြုသောအမှု၌သင်သည် မင်္ဂလာရှိသောသူဖြစ်ပါမည်။ ဘုရားသခင်၏ ဘုန်းအသရေတော်ထင်ရှားစေခြင်းငှါ ကျွန်တော်တို့ အသက်ရှင်နိုင်ရန် တစ်ခုတည်းသောလမ်းပြကြယ်သည် နှုတ်ကပတ်တော်ပင်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏နှုတ်ကပတ်တော်ကို ကျွန်တော်ကြိုးစားသင်ယူလေ့လာနေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏နှုတ်ကပတ်တော်ကို သင်ယူလိုသောစိတ်ဆန္ဒ အကျွန်ုပ်စိတ်နှလုံး၌ ဖြစ်ပေါ်စေလျက်၊ ထိုတရား၌ ကျင့်လည်အသက်ရှင်ခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ အောက်တိုဘာ (၂၄)
**ယာကုပ် ၁း၂၆**
သုတ္တံ ၁၃း၃

*“မိမိနှုတ်ကိုစောင့်သောသူသည်
မိမိအသက်ကိုစောင့်၏”*

# အချည်းနှီးသီလ

ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောအသက်တာဖြင့် အသက်ရှင်သော ယုံကြည်သူ သည် ဘုရားသခင်အလိုရှိတော်မူသောအသက်တာဖြင့် အသက်ရှင်၏။ ယာကုပ်က ပျံ့နှံ့နေသော ယုံကြည်သူတို့ကို အသက်တာ၌ဘုရားသခင်ကြောက်ရွံ့ခြင်းရှိခြင်းငှါ တိုက်တွန်းခဲ့ပါသည်။ ထို အသက်တာသည် ယေရှုခရစ်တော်က မသဲ ၅း၁၃-၁၆ ၌ ဖော်ပြသောအသက်တာဖြစ်ပါသည်။ သို့သော်လည်း သင်၏အကျင့်သီလသည် သင်၏နှုတ်ကို မထိန်းချုပ်သောအခါ မိမိစိတ်နှလုံးကို လှည့်ဖြားသောအခါ အချည်းနှီးဖြစ်ပါ၏။

<u>(၁) သင့်နှုတ်ကို သင်မချုပ်ထိန်း</u>၊ ထိန်းချုပ်ခြင်းဆိုသည်မှာ အထူးသတိထားစောင့် ရှောက်ခြင်းကိုဆိုလိုပါသည်။ မိမိကိုယ်ကို ချုပ်တည်းခြင်းလည်းဖြစ်ပါသည်။ မိမိနှုတ်ကို မစောင့်ထိန်း သောသူသည် မိမိပြောစကားကိုလည်း မဆင်မခြင်ပြောတတ်၏။ မိမိနှုတ်စကားကိုလည်း မစောင့် စည်းပါ။ သုတ္တံကျမ်းထဲတွင် နှုတ်ကိုစောင့်စည်းခြင်းငှါ သတိပေးထားပါသည် (သုတ္တံ ၁၀း၁၉-၂၁၊ ၃၁၊ ၁၃း၂-၃၊ ၁၅း၂၊ ၁၆း၁၀၊ ၁၉း၁၊ ၂၁း၂၃ နှင့် ဆာလံ ၃၂း၉)။ ပေတရုက “အသက်ကိုမွေ့လျော်စေ ၍၊ ကောင်းမွန်သောနေ့ရက်တို့ကို တွေ့မြင်ခြင်းငှါ အလိုရှိသောသူသည်၊ မိမိလျှာကိုမကောင်းသော အရာနှင့်ကင်းလွတ်စေ။ မိမိနှုတ်ခမ်းလည်း မုသာစကားကိုမပြောစေနှင့်။ ဒုစရိုက်ကိုလွှဲရှောင်၍ သုစရိုက်ပြုစေ။ သူတပါးနှင့်အသင့်အတင့်နေခြင်းကိုရှာ၍မှီအောင်လိုက်စေ” (၁ ပေ ၃း၁၀-၁၁) ဟုဆိုခဲ့ပါသည်။

<u>(၂) မိမိစိတ်နှလုံးကို လှည့်ဖြား</u>၏၊ မိမိမှားသောအခါ၌ မှန်သည်ဟု မိမိကိုယ်ကို ထင်မြင် သောခရစ်ယာန်ဖြစ်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြင့် မိမိကိုယ်ကို မသုံးသပ်မဆင်ခြင် ဘဲ၊ မိမိအမြင်ဖြင့်သာ မိမိပြုသောအမှုကို သုံးသပ်၍မှန်သည်ဟု ထင်တတ်၏။ သူသည် ဟန်ဆောင် သောသူဖြစ်၍ သူတပါးထက်မိမိသန့်ရှင်းသည်ဟု ထင်တတ်၏။ ဤသည်ကား မိမိကိုယ်ကို လှည့် ဖြားခြင်းပင်ဖြစ်ပါသည်။ ဤအမှုက သူတပါးကိုထိခိုက်စေတတ်၏။

အချည်းနှီးဟူသည်မှာ အကျိုးမဲ့ခြင်း၊ ဟာလာဟင်းလင်းဖြစ်ခြင်းကိုဆိုလိုပါသည်။ မိမိနှုတ် ကို မချုပ်တည်းသောသူ၊ မိမိကိုယ်ကို လှည့်ဖြားသောသူ၏ အသက်တာသည် သူတပါးကို အကျိုး လုံးဝမပြုပါ။ မိမိကိုယ်ကို ခရစ်တော်၏ နောက်လိုက်ဟု ခေါ်သောအချက်သည် မိမိ၏နှုတ်မစောင့် စည်းခြင်းက မမှန်ကန်ကြောင်း သက်သေပြလျက်ရှိ၏။ တမန်တော်ပေါလုက ကောလောသဲ ၄း၆ ထဲတွင် ဤသို့တိုက်တွန်းထားပါသည် - “လူအသီးအသီးတို့အား အဘယ်သို့ပြန်ပြောရမည်ကိုသိနိုင် မည်အကြောင်း၊ သင်တို့စကားသည်ဆားအားဖြင့် ငန်သောအရသာနှင့်ပြည့်စုံလျက်၊ အစဉ်မပြတ် တင့်တယ်လျောက်ပတ်ပါစေ” (ကောလော ၄း၆)။

**ဆင်ခြင်ရန်** - အကျွန်ုပ်သီလသည် အချည်းနှီးဖြစ်ပါသလား။ ကျွန်တော်သည် အသီးမသီး သော အကျိုးမဲ့သောခရစ်ယာန်ဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နှုတ်သည် ကိုယ်တော်၏ဘုန်းအသရေတော်ကို ထင်ရှား စေမည်အကြောင်း မစတော်မူပါ။

အင်္ဂါ၊ အောက်တိုဘာ (၂၅)

**ယာကုပ် ၁း၂၇**

ဆာလံ ၆၈း၅

*"မိဘမရှိသောသူတို့၏အဘဖြစ်၍ မုဆိုးမတို့ဘက်မှာ တရားစီရင်တော်မူ၏"*

# သန့်ရှင်းသော၊ အညစ်အကြေးနှင့်ကင်းစင်သော

ဤကျမ်းပိုဒ်၌ တွေ့ရသော "သီလ" သည် ဘုရားသခင်နှင့်နှုတ်ကပတ်တော်ကို ယုံကြည်ခြင်း၊ တရားတော်တို့ကို နာခံခြင်း၊ ဘုရားသခင်၌တာဝန်ဝတ္တရားရှိခြင်း၊ အကျင့်သိက္ခာနှင့်ဆိုင် သောတရားတို့ကို လိုက်နာခြင်းနှင့်သန့်ရှင်းသောအသက်တာ၊ ဘုရားသခင်ကို ကြောက်ရွံ့သောအသက်တာကို ဆိုလိုပါသည်။

"စင်ကြယ်သန့်ရှင်းသောသီလ" (ယာကုပ် ၁း၂၇) ဆိုသည်မှာ ယုံကြည်သူ၏ သန့်ရှင်းသောအသက်တာကို ဆိုလိုပါသည်။ ဤအသက်တာသည် စစ်မှန်သောယုံကြည်သူဖြစ်ကြောင်း သက်သေခံသောအသက်တာဖြစ်၏။ အတွင်းချစ်ခြင်းမေတ္တာမရှိဘဲ၊ အပြင်ပန်းဘုရားတရားလုပ်ခြင်းသည် အချည်းနှီးဖြစ်ပါသည်။ ခရစ်ယာန်သည် ဘာသာတပါးဟု သတ်မှတ်ကြသော်လည်း၊ ယုံကြည်သူခရစ်ယာန်သည် ထိုထက်ပိုကြောင်း သိနားလည်ပါ၏။ "စင်ကြယ်သန့်ရှင်းသောသီလဘာသာတရား" ဤအချက်နှစ်ချက်ပါဝင်ကြပါသည်။

<u>(၁) မိဘမဲ့နှင့်မုဆိုးမတို့ကိုကြည့်ရှုပြုစုခြင်း၊</u> ကြည့်ရှုပြုစုခြင်းဆိုသည်မှာ လိုအပ်သောအရာများကို ဖြည့်ဆည်းပေး၍ ကွယ်ကာစောင့်ရှောက်ခြင်းပင်ဖြစ်ပါသည်။ ကနဦးအသင်းတော်၌ ပြုစုစောင့်ရှောက်ဖို့အလိုအပ်ဆုံးသောသူသည် မိဘမဲ့နှင့်မုဆိုးမများပင်ဖြစ်ကြပါသည်။ သူတို့သည် သူတပါး၏ကြင်နာသနားမှုခံရကြသောအခါ ပြန်၍ တုံ့ပြန်ပေးဆပ်နိုင်သော အင်အားမရှိကြပါ။ ထို့ကြောင့် မိဘမဲ့နှင့်မုဆိုးမများကို ပြုစုစောင့်ရှောက်ခြင်းသည် ယုံကြည်သူ၏စစ်မှန်သော ချစ်ခြင်းမေတ္တာကိုပေါ်လွင်စေပါ၏။

<u>(၂) လောကီအညစ်အကြေးနှင့်ကင်းစင်ခြင်း၊</u> "ကင်းစင်" ဆိုသည်မှာ အစွန်းအထင်း မရှိခြင်း၊ သန့်ရှင်းခြင်းကိုဆိုလိုပါ၏။ ထို့ကြောင့် စစ်မှန်သောသီလဘာသာတရားသည် ဤလောကီအညစ်အကြေးနှင့် ကင်းလွတ်၍ ဝိညာဉ်ရေးရာသန့်ရှင်းခြင်းပင်ဖြစ်ပါသည်။ လောကီဆိုသည်မှာ စာတန်၏အလိုအတိုင်း ဤလောကီစည်းစိမ်ဥစ္စာကို အလေးထားလျက် နေထိုင်လှုပ်ရှားခြင်းပင်ဖြစ်ပါသည် (ယောဟန် ၁၄း၃၀၊ ၁ ယော ၅း၁၉)။ ဘုရားသခင်၏ နှုတ်ကပတ်တရားကို အစဉ်သိမှတ်နာခံလိုက်လျှောက်ခြင်းဖြင့် စာတန်၏ဆိုးညစ်သော သွေးဆောင်ခြင်းနှင့် အညစ်အကြေးမှ ကင်းလွတ်နိုင်ပါသည်။ ဤသန့်ရှင်းခြင်းက စစ်မှန်သောအကျင့်သီလကို ပေါ်လွင်စေပါသည်။

ယနေ့အသင်းတော်သည် လိုအပ်သောသူတို့ကို ကူညီထောက်ပံ့ပေးခြင်းငှါ သွေးအေးနေတတ်ကြပါသည်။ သင်လည်း ထိုသို့ဖြစ်ပါသလား။ ၁ ကော ၁၃း၁ ကိုဖတ်ပါလေ့။ ချစ်သောစာဖတ်သူ၊ သင်သည်သူတပါးအတွက် ကောင်းကြီးယူဆောင်သောသူဖြစ်မည်အကြောင်း ဆုတောင်းပါလေ့။

**ဆင်ခြင်ရန်** - နှုတ်ကပတ်တရားတော်ကို စစ်မှန်သော သန့်ရှင်းခြင်းဖြင့် ကျွန်တော်လိုက်လျှောက်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ပြန်၍မတုံ့ပြန်နိုင်သော သူတို့ကိုစစ်မှန်သော ချစ်ခြင်းမေတ္တာဖြင့်၊ စတေးခြင်းမေတ္တာဖြင့်ကူညီမစလိုသော စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

**ယာကုပ် ၂း၁**
၁ တိ ၅း၂၁

*"ငဲ့ကွက်သောစိတ်နှင့်အလျှင်းမပြုဘဲ . . . "*

## မျက်နှာသာပေးခြင်းသင့်ပြုပါသလား

ကျွန်တော်တို့နေထိုင်ရာ ဤကမ္ဘာကြီးတွင် လူတို့ကို အသားအရောင်၊ ပကာသန၊ အလုပ်အကိုင်၊ ပညာရေးအောင်မြင်မှုစသည်အားဖြင့် ခွဲခြားတတ်ကြ၏။ ထို့ကြောင့် လူတို့သည် ဆင်းရဲသားတို့ကို ဆန့်ကျင်တတ်ကြ၏။ တမန်တော်ယာကုပ်ခေတ်၌လည်း ထိုသို့ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် သခင်ယေရှုခရစ်တော်၌ ယုံကြည်သူတို့ကို မဆန့်ကျင်ကြရန် တိုက်တွန်းခဲ့ပါသည်။

မျက်နှာသာပေးခြင်းဆိုသည်မှာ "လူမျက်နှာကိုထောက်ခြင်း" (ယာကုပ် ၂း၁) ပင်ဖြစ်ပါသည်။ ထိုဆိုးညစ်သောသဘောကို ကနဦးခရစ်ယာန်တို့၌ တွေ့ရပါ၏။ ထိုလူမျက်နှာကို ထောက်ခြင်းစိတ်သဘောကြောင့် အသင်းတော်ကွဲခဲ့ကြပါသည်။ ထို့ကြောင့် ယာကုပ်ကလူတို့ကို မျက်နှာသာပေးခြင်းဖြင့် မဆက်ဆံကြရန် တိုက်တွန်းခဲ့ပါသည်။ သခင်ယေရှုခရစ်တော်သည် လူတို့အပေါ်၌ မျက်နှာသာပေးခြင်းမပြုခဲ့ပါ။ ကျွန်တော်တို့လည်းမပြုရပါ။

<u>သခင်ယေရှုယုံကြည်ခြင်းဖြင့်ပြုသောအမှုမဟုတ်ပါ</u>။ ချမ်းသာသောသူကို မျက်နှာသာပေးခြင်းသည် ဘုရားသခင်၏ဇာတိသဘောနှင့်ဆန့်ကျင်ဘက်ဖြစ်ပါသည်။ မိမိလူတို့ကို ဘုရားသခင်ရွေးနုတ်တော်မူခြင်းသည် သူတို့၏ဂုဏ်၊ အခြေအနေပေါ်၌မတည်ပါ။ "ယုံကြည်ခြင်း" (ယာကုပ် ၂း၁) သည် သခင်ယေရှု၏ သွန်သင်ချက်အပေါင်းကို ဆိုလိုပါ၏။ ဤယုံကြည်ခြင်းသည် ယုံကြည်သူ၏ စံနှုန်းဖြစ်ပါသည်။ လူမျက်နှာကိုထောက်ခြင်းက အဖွဲ့အစည်းကို ဖရိုဖရဲ ဖြစ်စေသည်သာမက၊ ဘုရားသခင်၏အလိုတော်နှင့်လည်း ဆန့်ကျင်ဘက်ဖြစ်ပါသည်။ သမ္မာ တရားကအချို့သောသူကို မျက်နှာသာပေးပါဟုမသွန်သင်ခဲ့ပါ။ ဘုရားသခင်သည် လူ၏မျက်နှာကို ထောက်တော်မမူ။

<u>ဘုန်းကြီးတော်မူသောဘုရားသခင်နှင့်မဆိုင်ပါ</u>၊ လူမျက်နှာထောက်ခြင်းသည် ဘုရားသခင်နှင့် မဆိုင်၊ ဘုရားသခင်၏ဘုန်းတော်ကို မထင်ရှားစေပါ။ တရားမျှတတော်မူသော ဘုရားသခင်၏ဇာတိ သဘောနှင့်ဆန့်ကျင်ဘက်ဖြစ်ပါ၏။ အသင်းတော်၌လူနည်းစုအပေါ် မျက်နှာသာပေးခြင်းရှိခဲ့ပါလျှင် လူတို့သည်ဘုရားသခင်ကိုငြင်းပယ်ကြနိုင်ပါသည်။ ခရစ်တော်၏ ဖြူစင်သော ချစ်ခြင်းမေတ္တာနှင့် ညီအစ်ကို၊ အိမ်နီးချင်းကိုချစ်သောသူတို့ကို ဘုရားသခင်နှစ်သက်တော်မူ၏။

တရား ၁၅း၇-၁၁ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - အသင်းတော်၌ လူအချို့ကို ကျွန်တော်မျက်နှာသာပေးပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် လူမျက်နှာကိုထောက်တော်မမူ။ ကိုယ်တော်ကဲ့သို့ ဖြစ်မည်အကြောင်း မစတော်မူပါ။

ကြာသပတေး၊ အောက်တိုဘာ (၂၇)
**ယာ ၂း၂-၄**
ယောဟန် ၇း၂၄

*"မျက်နှာကိုသာကြည့်၍မစီရင်ကြနှင့်"*

# ခွဲခြားဆက်ဆံခြင်းမပြုရ

ယာကုပ်က ဆင်းရဲသောသူနှင့်ကြွယ်ဝသောသူကို ဖော်ပြခဲ့ပါသည်။ ဆင်းရဲသောသူသည် ညစ်ပတ်သော၊ ဟောင်းနွမ်းသောအဝတ်ကို ဝတ်ဆင်၏။ ချမ်းသာကြွယ်ဝသောသူကား တင့်တယ်တောက်ပသောအဝတ်အစားနှင့်ရွှေငွေရတနာကို ဝတ်ဆင်၏။ ထိုတောက်ပသောအဝတ်အစားနှင့် ရွှေလက်စွပ်တို့က မြင်သောသူအာရုံကို ဖမ်းစားထားတတ်၏။ ထိုအပြင်ပန်းသဏ္ဍာန်တောက်ပခြင်းက ဆင်းရဲသောသူနှင့်ကြွယ်ဝသောသူ၏ ခြားနားမှုကိုပေါ်လွင်စေပါသည်။

<u>မကောင်းသောမျက်စိ</u>၊ တရားစရပ်သို့တောက်ပသောအဝတ်အစားနှင့် ရွှေလက်စွပ်ဝတ်ဆင်၍လာသောသူကို ယုံကြည်သူများကအထူးဆက်ဆံခဲ့ကြ၏။ သို့သော်လည်း၊ ဟောင်းနွမ်းသောအဝတ်အစားနှင့်ဝင်လာသော ဆင်းရဲသားကိုမူ ဂရုမစိုက်ခဲ့ကြပါ။

<u>မကောင်းသောအပြုအမူ</u>၊ ချမ်းသာသောသူကို မျက်နှာသာပေးခြင်းက မကောင်းသောအပြု အမူကို ဖြစ်ပေါ်စေပါသည်။ အကောင်းဆုံးနေရာကို ပေးခဲ့ကြ၏။ ဆင်းရဲသောသူကား ရပ်စေကြ၏ (သို့) အောက်၌ထိုင်စေကြ၏။ ဤတဖက်သားကို နှိမ့်ချသောဆက်ဆံခြင်းသည် လက်ခံ၍မရပါ။

<u>မှားယွင်းသောဆုံးဖြတ်ချက်</u>၊ ထိုသို့ လူမျက်နှာကိုထောက်ခြင်းကြောင့်၊ သူတို့သည် မှားယွင်းသောဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ကြ၏။ လောကီလူတို့၏ကြမ်းတမ်းသော တဖက်သားဆက်ဆံခြင်း နည်းလမ်းကို အသုံးပြုခဲ့ကြ၏။ ထို့ကြောင့် သူတို့ကိုအသုံးပြု၍ စာတန်သည် အသင်းတော်၌ သင်းကွဲ ခြင်းကိုဖြစ်စေတတ်၏။ ဆင်းရဲသောသူတို့သည် နင်းခြေခြင်းခံရ၍၊ ချမ်းသာသောသူတို့သည် မာန ထောင်လွှားခဲ့ကြ၏။ ထိုအခါ အသင်းတော်၌ စည်းလုံးမှုမရှိဖြစ်၍ သင်းကွဲခဲ့ကြပါသည်။

ခွဲခြားဆက်ဆံခြင်းသည် သင်းကွဲခြင်းကို ဖြစ်ပေါ်စေသောကြောင့်၊ ဘုရားသခင်၏နှုတ်က ပတ်တရားတော်နှင့်မကိုက်ညီပါ၊ အပြစ်ဖြစ်ပါသည်။ သူတို့သည် ဆင်းရဲသားတို့ကို ဟန်ဆောင်ဆက်ဆံကြ၏။ ကြွယ်ဝချမ်းသာသောသူကို မျက်နှာသာပေးကြ၏။ ဤအပြုအမူက ဆင်းရဲသားကို စိတ်ဓာတ်ကျစေသည်သာမက၊ ချစ်ခြင်းမေတ္တာနှင့်ပြည့်စုံသောဘုရားသခင်၏ ဇာတိသဘောနှင့် ဆန့်ကျင်လျက်ရှိ၏။ ဤသည်ကား အပြစ်ဖြစ်၍၊ မကောင်းသောစိတ်အကြံအစည်ဖြင့် စီရင်ခြင်းဖြစ်ပါသည် (ယာကုပ် ၂း၄)။

ထိုသို့သောခွဲခြားဆက်ဆံခြင်းကို ယနေ့အသင်းတော်၌လည်း တွေ့မြင်ရပါသည်။ လူမျက်နှာကို ထောက်သောသူ၏မျက်စိသည် ဆိုးညစ်၍၊ ဘုရားမြင်သကဲ့သို့ မမြင်ကြပါ။ ချစ်သောစာဖတ်သူ၊ သင်သည်လည်း ခွဲခြားဆက်ဆံသောသူဖြစ်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သူတပါးကိုခွဲခြားဆက်ဆံသောသူဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးအပေါ် အကျွန်ုပ်၏ခွဲခြားဆက်ဆံခြင်းကို ခွင့်လွှတ်တော်မူပါ။ တရားမျှတ၍ ဖြောင့်မတ်သောစိတ်ကို အကျွန်ုပ်အားပေးသနားတော်မူပါ။

**ယာ ၂း၅**
သုတ္တံ ၁၄း၃၁

*"ဆင်းရဲသားတို့ကို ညှဥ်းဆဲသောသူသည်
ဖန်ဆင်းတော်မူသောဘုရားကိုကဲ့ရဲ့၏"*

# ဆင်းရဲသောသူသည် ကြွယ်ဝချမ်းသာ၏

ဘုရားသခင်သည် ဤလောက၌ဆင်းရဲသောသူတို့ကို ရွေးနှုတ်၍ဘုရားသခင်၏နိုင်ငံတော်အမွေကိုခံစေတော်မူသည်မဟုတ်လော။ ယာကုပ်က ခွဲခြားဆက်ဆံခြင်းသည် ဘုရားသခင်၏စိတ်သဘောနှင့်ဆန့်ကျင်ကြောင်းဖော်ပြခဲ့ပါသည်။ ဆင်းရဲသောသူတို့သည် ယုံကြည်ခြင်း၌ကြွယ်ဝချမ်းသာကြပြီး၊ မရေတွက်နိုင်သောအမွေကို ခံရကြ၏။ ခွဲခြားဆက်ဆံသောသူတို့က ဤယာယီဓဏသာမြဲသောအရာကိုသာမြင်ကြ၏။ ထိုစစ်မှန်သောတရားကို မြင်ခြင်း၌ ဝိညာဉ်အသိဉာဏ်အမြင်လိုအပ်ပါ၏။

<u>ယုံကြည်ခြင်း၌ကြွယ်ဝချမ်းသာခြင်း</u>၊ ဆင်းရဲသားကိုကဲ့ရဲ့ခြင်းဆိုသည်မှာ အရှက်ခွဲခြင်းပင်ဖြစ်ပါသည် (မာကု ၁၂း၄)။ ဘုရားသခင်ရွေးနှုတ်သောသူကို ကဲ့ရဲ့ခြင်းသည် လုံးဝမသင့်တော်ပါ။ ရွေးနှုတ်တော်မူသောသူသည် ဘုရားသခင်ဖြစ်ကြောင်း ယာကုပ်ဖော်ပြခဲ့ပါ သည်။ ဆင်းရဲသားကိုကဲ့ရဲ့အရှက်ခွဲခြင်းသည် ဘုရားသခင်အလေးထား တော်မူသောသူတို့ကို ဆန့်ကျင်ခြင်းဖြစ်ပါသည်။ ဘုရားသခင်၏စကားကို နာခံသောစိတ်နှင့် ဆင်းရဲသားတို့ကို ဆက်ဆံကြရပါမည်။

<u>နိုင်ငံတော်၏အမွေခံ</u>၊ ဆင်းရဲသောခရစ်ယာန်တို့သည် နိုင်ငံတော်၏အမွေခံဖြစ်ကြ၏။ သမ္မာကျမ်းစာ၏ဂတိတော်ရှိပါ၏။ အမွေခံဖြစ်ကြသောကြောင့်၊ အခြားယုံကြည်သူတို့နှင့် ခြားနားခြင်းမရှိကြပါ။ ထို့ကြောင့် ဆင်းရဲသားတို့ကို ခွဲခြားမဆက်ဆံသင့်ပါ။ ခွဲခြားဆက်ဆံခြင်းက ဘုရားသခင်၏အမျက်တော်ကိုဖိတ်ခေါ်၏။ ဤတရားကိုယေရှုက လာဇရုနှင့်သူဌေးကြီးအမှု၌ ဖော်ပြခဲ့ပါသည် (လုကာ ၁၆း၂၅)။

ဘုရားသခင်၏ဂတိတော်က ဘုရားသခင်၏သစ္စာရှိခြင်းကိုပြသ၍၊ ယုံကြည်သူသည် မိမိညီအစ်ကိုတို့ကို ချစ်ကြရပါမည်။ ယာကုပ် ၂း၅ ထဲတွင် ဘုရားသခင်ကိုချစ်သောသူတို့အားနိုင်ငံတော်အမွေခံရမည်ဟု ဂတိထားတော်မူ၏။ ထိုဂတိတော်ကို ခံရခြင်း၌ ဘုရားသခင်က ရွေးနှုတ်တော်မူကြောင်း ယာကုပ်ဖော်ပြခဲ့ပါသည်။ ထို့ကြောင့် ယုံကြည်သူသည် ဘုရားသခင်ကိုချစ်ကြရပါမည်။ ယာကုပ်က ယုံကြည်သူခံရမည့်အမွေအကြောင်းကို ဖော်ပြခဲ့ပါသည်။

ဤအမှုနှင့်ဆိုင်သော သွန်သင်ချက်ကို သုတ္တံကျမ်းထဲတွင် များစွာတွေ့ရပါသည်။ သုတ္တံ ၁၉း၁၇ သည် တခုအပါအဝင်ဖြစ်ပါ၏။ ချစ်သောစာဖတ်သူ၊ လူတဦးကို သူပိုင်ဆိုင်သောအရာဖြင့် မဆုံးဖြတ်ပါနှင့်။ အချို့သည် ဆင်းရဲသော်လည်း စစ်မှန်သောယုံကြည်သောသူဖြစ်ကြ၏။ သူတို့သည် သန်းကြွယ်သူဌေးတို့ထက် ပို၍အဆင်ပြေကြပါ၏။

**ဆင်ခြင်ရန်** - ဆင်းရဲသားတို့အပေါ်၌ ကျွန်တော်ချစ်သောစိတ်ရှိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အပြင်ပန်းသဏ္ဍာန်ကိုမကြည့်ဘဲ၊ မှန်ကန်စွာစီရင်ဆုံးဖြတ်တတ်ခြင်း၌ အကျွန်ုပ်ကိုသွန်သင်တော်မူပါ။

**ယာ ၂း၆-၇**
သုတ္တံ ၂၂း၇

*"ငွေရတတ်သောသူသည် ဆင်းရဲသောသူကို အစိုးရ၏။
ချေးငှါးယူသောသူသည် ချေးငှါးပေးသောသူ၏ကျွန်ဖြစ်၏"*

# ချမ်းသာသောသူသည် မည်သို့ဖြစ်မည်နည်း

ဘုရားသခင်သည် လူမျက်နှာကိုမထောက်ကြောင်း သိသောအမည်ခံခရစ်ယာန်တို့သည် သူတပါးအပေါ်၌ ခွဲခြားဆက်ဆံခြင်းပြုသောအခါ ပြဿနာရှိပါကြောင်း ယာကုပ်ဖော်ပြခဲ့ပါသည်။ ဤလူတို့သည် ဆင်းရဲသားတို့အား နှုတ်ဖြင့်ပြစ်မှား၍ စိတ်နာစေကြ၏။ မထီမဲ့မြင်ပြုခြင်းသည် (ယာကုပ် ၂း၆) အရှက်ခွဲခြင်းဖြစ်ပါသည်။ သူတို့အထင်ကြီးသောချမ်းသာသောသူတို့သည် ညီအစ်ကိုတို့ကို ဒုက္ခပေးသောသူဖြစ်ကြောင်း ယာကုပ်ဖော်ထုတ်ခဲ့ပါသည်။ တမန်တော်ယာကုပ်၏ ရည်ရွယ်ချက်ကား သူတို့ကိုကဲ့ရဲ့သောသူတို့အား ရိုသေအထင်ကြီးခြင်းသည် မသင့်တော်ကြောင်း ပြသခြင်းဖြစ်ပါသည်။

<u>သူတို့သည် ဆင်းရဲသားတို့ကို ညှင်းဆဲကြ၏</u>၊ ဥစ္စာစည်းစိမ်က ချမ်းသာသောသူကို သူတပါးအပေါ်၌အာဏာရှိစေတတ်၏။ လုကာကလည်း စာတန်၏ညှဉ်းဆဲခြင်းအမှုကို ဖော်ပြခဲ့ပါသည် (တမန် ၁၀း၃၈)။ ချမ်းသာသောသူသည် ဆင်းရဲသားတို့အပေါ်၌ မိမိတို့၏အာဏာကို ပြတတ်ကြ၏။ "ငါးကြီးသည် ငါးလေးကိုစား၏" ဟုဆိုရိုးစကားရှိပါသည်။ ဆင်းရဲသားတို့ကို အရေးမကြီးသောအမှု၌ပင် တရားစွဲတတ်ကြ၏။ မိမိတို့အကျိုးအတွက် ဆင်းရဲသားတို့ကို အသုံးပြုတတ်ကြ၏။

<u>သူတို့သည် ဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့ကြ၏</u>၊ "ဆင်းရဲသားတို့ကို မထီလေးစားပြုသောသူသည် ဖန်ဆင်းတော်မူသောဘုရားကိုကဲ့ရဲ့၏။ သူတပါး၌ဘေးရောက်လျှင် ဝမ်းမြောက်တတ်သောသူသည်လည်း အပြစ်ဒဏ်နှင့်မလွတ်ရ" (သုတ္တံ ၁၇း၅)။ "ကဲ့ရဲ့ခြင်း" ဆိုသည်မှာ (ယာကုပ် ၂း၇) တစုံတဦး၏ဘုန်းအသရေကို ဖျက်ခြင်းဖြစ်ပါသည်။ ထိုအပြစ်ကိုကျူးလွန်၍၊ ကယ်တင်တော်မူသောဘုရားသခင်၏နာမတော်ကို ကဲ့ရဲ့ခဲ့ကြ၏။ ဆင်းရဲသောညီအစ်ကိုတို့ကိုလည်း ကဲ့ရဲ့ခဲ့ကြ၏။ "နာမတော်မြတ်" သည် သခင်ယေရှု ၏ နာမတော်ကိုဆိုလို၏။ ယေရှု၏နာမတော်ကို ကဲ့ရဲ့ခဲ့ကြ၏။

ခွဲခြားဆက်ဆံခြင်းသည် ခရစ်ယာန်အကြား၌ပင် တွေ့ရသောအပြစ်ဖြစ်၍ ရှောင်ရှားကြရပါမည်။ လူတို့သည် အမျိုးမျိုးဖြစ်ကြ၍ မတူညီကြသောကြောင့် ဤအပြစ်ကိုလွန်ကျူးကြခြင်းဖြစ်နိုင်ပါသည်။ သို့သော်လည်း၊ ကျွန်တော်တို့သည် သူတပါးကိုမည်သို့ဆက်ဆံကြောင်းကို သတိပြုကြရပါမည်။ ဤအပြစ်သည် လူတို့အပေါ်၌သာ ကျူးလွန်သောအပြစ်မဟုတ်ဘဲ၊ ဘုရားသခင်၏နာမတော်ကဲ့ရဲ့ခြင်းလည်းဖြစ်ပါသည် (သုတ္တံ ၁၄း၃၁)။

ချစ်သောစာဖတ်သူ၊ သင်ရိုသေလေးစားသောသူကို သတိထားပါလော့။ ကြွယ်ဝချမ်းသာသောသူဖြစ်သောကြောင့် ရိုသေလေးစားသောလောကီလူတို့ပြုသကဲ့သို့ မပြုပါနှင့်။ သူတို့၏ဩဇာအာဏာအောက်၌မကျရောက်ပါနှင့်။ ဝိညာဉ်ရေးရာအမှုသည် ပို၍အရေးကြီးပါ၏။

**ဆင်ခြင်ရန်** - ချမ်းသောသူကို သူတို့၏ကြွယ်ဝချမ်းသာမှုကြောင့် ကျွန်တော်လေးစား၍မျက်နှာသာပေးနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ သူတပါးအပေါ် ချစ်ခြင်းမေတ္တာစိတ်သဘောရှိမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။

တနင်္ဂနွေ၊ အောက်တိုဘာ (၃၀)
**ယာ ၂း၈-၉**
မဿဲ ၂၂း၃၉

*"ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့"*

# တော်ဝင်ပညတ်တော်ကိုစုံလင်ပြည့်စုံစေလော့

"ရွှေပညတ်တော်" (ယာကုပ် ၂း၈) ဆိုသည်မှာ အဘယ်နည်း။ ဤပညတ်တော်သည် ဘုရားသခင်က မိမိလူတို့အား ပေးတော်မူသောပညတ်ဖြစ်ပါသည်။ ဤပညတ်တော်သည် တော်ဝင်ပညတ်တော်ဖြစ်၏။ အကြောင်းမှာ ဘုရင်တကာတို့၏ဘုရင်၊ အရှင်တကာတို့၏အရှင်က ပေးသောပညတ်တော်ဖြစ်၏။ မဿဲ ၂၂း၃၆-၄၀ ကိုဖတ်ပါလော့။

__ချစ်လော့__၊ ယာကုပ်က ဆင်းရဲသားကဲ့ရဲ့ခြင်းကိုဆန့်ကျင်သောဘုရားသခင်၏ တော်ဝင်ပညတ်တော်ကို ဖော်ပြခဲ့ပါသည်။ ဆင်းရဲသားကိုကဲ့ရဲ့သောအခါ ဘုရားသခင်၏ပညတ်တော်ဖြစ်သော၊ ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ပညတ်ကို မလိုက်လျှောက်ကြပါ။ ဤပညတ်တော်ကို သူတို့မေ့ခဲ့ကြသလော၊ ချမ်းသာသောသူ၏စည်းစိမ်ဥစ္စာကို ခံစားလိုသောကြောင့် သူတို့ကိုမျက်နှာသာပေးကြသလော။ သို့ဆိုလျှင် ကိုယ့်အကျိုးအတွက် တပ်မက်သောစိတ်နှင့်အမှုပြုခြင်းဖြစ်ပါ၏။ ထို့ကြောင့် ခွဲခြားဆက်ဆံခြင်းအပြစ်ကို နောင်တရ၍ ဘုရားသခင်၏စကားကို နာခံလျှင် သူတို့ဝိညာဉ်အတွက်ကောင်း၏။

__တရားကိုမလွန်ကျူးနှင့်__၊ လူ၏မျက်နှာကိုထောက်လျက်နေကြပါလျှင် ဘုရားသခင်နှင့်ညီအစ်ကိုအပေါ်၌ အပြစ်ကျူးလွန်ရာရောက်၏။ သူတို့သည် "ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့" ဟူသောတော်ဝင်ပညတ်တော်ကို လွန်ကျူးရာရောက်၏။ ဆင်းရဲသားတို့အပေါ်၌ ခွဲခြားဆက်ဆံခြင်းကိုပြု၍၊ သူတပါးကို ညှဉ်းဆဲခြင်းဖြင့်ချမ်းသာသောသူတို့ကို ချီးမြှောက်ကြသောကြောင့် ဘုရားသခင်၏ပညတ်တရားကို လွန်ကျူးကြသောကြောင့် မြင်သာလှပါ၏ (၁ ယော ၃း၄)။

၁ ယော ၃း၇-၁၀ ကိုဖတ်ပါလော့။ ချစ်သောစာဖတ်သူ၊ ထိုအပြစ်ကို သင်ကျူးလွန်ပါသလား။ အသင်းတော်၌ဆင်းရဲသောသူကို ကဲ့ရဲ့၍ချမ်းသာသောသူကို မျက်နှာသာပေးပါသလား။ အရာခပ်သိမ်းကို သိမြင်တော်မူသောဘုရားသခင်၏တရားစီရင်ခြင်းကို သင်ခံရမည်ဖြစ်ပါသည်။ "ထိုအပြစ်သည် သင်တို့ကို လိုက်၍မှီလိမ့်မည်" (တော ၃၂း၂၃)။

**ဆင်ခြင်ရန်** - ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှ ကျွန်တော်ချစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ဆင်းရဲသောသူနှင့်ချမ်းသာသောသူ၊ လူအပေါင်းကို ချစ်တော်မူသော သခင်ယေရှုခရစ်တော်၏စိတ်နှလုံးကဲ့သို့သော စိတ်နှလုံးကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

**ယာ ၂း၁၀-၁၁**
တရား ၆း၂၅

*"ဤပညတ်အလုံးစုံတို့ကို . . . ကျင့်စောင့် . . . လျှင်၊ ဖြောင့်မတ်ရာသို့ ရောက်ကြရလိမ့်မည်"*

# အလုံးစုံကိုလွန်ကျူးသောအပြစ်

မည်သို့လူသည် ပြစ်ဒဏ်ခံရမည့်ရာဇဝတ်သားဖြစ်ပါသနည်း။ ပြစ်မှုကိုလွန်ကျူးသောသူသည် အပြစ်သား၊ ရာဇဝတ်သားဖြစ်ပါသည်။ သမ္မာတရားက ကျွန်တော်တို့၏အမြင်၌ သေးငယ်သည်ထင်သော ဘုရားသခင်၏ပညတ်တရားကိုပင် လွန်ကျူးလျှင်၊ အခြားသောပညတ်တရားများ လိုက်လျှောက်သည့်တိုင်၊ ပညတ်အလုံးစုံကို လွန်ကျူးသောသူဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ဘုရားသခင်၏ပညတ်တော်သည် တလုံးတဝတည်းဖြစ်၍ တခုခုကိုလွန်ကျူးလျှင် အကုန်လုံးလွန်ကျူးရာ ရောက်၏။ ထို့ကြောင့် လူသည် အလုံးစုံလွန်ကျူးသောသူဖြစ်၏။

<u>တခုတည်းလွန်ကျူးခြင်း၊</u> ပညတ်တရား၌ အရေးမကြီးသော၊ သေးငယ်သောပညတ်ဟူ၍ မရှိပါ (မဿဲ ၅း၁၈-၁၉)။ ဂလာတိ ၃း၁၀ ကိုဖတ်ပါလော့။

<u>အလုံးစုံလွန်ကျူးခြင်း၊</u> ပညတ်တရားတပါးအပေါ်၌ အာဏာရှိတော်မူသောသူသည် ကျန်ပညတ်တရားအပေါင်းပေါ်၌လည်း အာဏာရှိတော်မူ၏။ ထို့ကြောင့် ပညတ်တပါးလွန်ကျူးသောသူသည် ပညတ်အပေါင်းပေးတော်မူသော ဘုရားသခင်ကို လွန်ကျူးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ပညတ်တပါးလွန်ကျူးခြင်းသည် ပညတ်အားလုံးလွန်ကျူးခြင်းဖြစ်ပါ၏။ ယာကုပ်ခေတ်၌ ယုံကြည်သူတို့သည် ပညတ်တော်၏ဒုတိယအပိုင်းကို လျစ်လျူရှုခဲ့ကြ၏။ ပညတ်အချို့ကို လိုက်လျှောက်လျှင် လုံလောက်မှုရှိသည်ဟု ထင်မှတ်ခဲ့ကြ၏။ အချို့ပညတ်တရားလွန်ကျူးကြသောကြောင့် အလုံးစုံလွန်ကျူးသောသူဖြစ်ကြကြောင်း ရှင်းလင်းလှပါ၏။ ထို့ကြောင့်၊ ပညတ်တရားလွန်ကျူးခြင်း၌ သေးငယ် သောလွန်ကျူးခြင်း၊ ကြီးမားသော၊ သေထိုက်သောလွန်ကျူးခြင်းဟူ၍ ခွဲခြားခြင်းသည် သမ္မာကျမ်းစာ နှင့်ကိုက်ညီမှုမရှိပါ။ ထို့ကြောင့် လူတို့ကသေးငယ်သည်ဟု ထင်မှတ်သောပညတ်တရားကို လွန်ကျူး လျှင်လည်း၊ သမ္မာတရားက ထိုသူသည် အလုံးစုံလွန်ကျူးသောသူဟု ဖော်ပြခဲ့ပါသည်။

ချစ်သောစာဖတ်သူ၊ လူတိုင်းသည် ပညတ်တရားကို လွန်ကျူးခဲ့ကြသည်ဖြစ်၍၊ ကျွန်တော်တို့သည် ဘုရားသခင်ရှေ့၌ အပြစ်သားဖြစ်ကြပါ၏။ ဟေရှာယ ၆၄း၆ ကိုဖတ်ပါ။ အချို့ပညတ်၌သာ ကျွန်တော်တို့ပြစ်မှား၏ဟု မဆိုနိုင်ပါ။ ဆာလံဆရာက ဆာလံ ၁၃၀း၂-၄ ထဲတွင် ဆိုသကဲ့သို့ ကျွန်တော်တို့ဆိုကြရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ပညတ်တော်အားလုံးကို ကျွန်တော်ကျူးလွန်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သာလျှင် အကျွန်ုပ်ကိုခွင့်လွှတ်သန့်ရှင်းစေတော်မူနိုင်၏။ အကျွန်ုပ်သည် ကိုယ်တော်ဘုရားရှေ့၌ ရာဇဝတ်သား၊ အပြစ်သားဖြစ်ကြောင်း ဝန်ခံပါ၏။

အဂ်ါ၊ နိုဝင်ဘာ (၁)
**ယာကုပ် ၂း၁၂-၁၃**
မဿဲ ၅း၇ *"သနားစုံမက်တတ်သောသူတို့သည် မင်္ဂလာရှိကြ၏. . . "*

# သနားစုံမက်တတ်သောသူဖြစ်ပါလော့

သန့်ရှင်းသောသူသည် အပြစ်သား၊ ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းအားဖြင့် ကယ်တင်ခြင်းရသောသူဖြစ်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်သည် မထိုက်တန်သောအပြစ်သားကို သခင်ယေရှုခရစ်တော်၌ ယုံကြည်ခြင်းဆုကျေးဇူးကို ပေးသနားတော်မူ၍၊ ဂရုဏာတော်အားဖြင့် ကျွန်ုပ်တို့ခံထိုက်သောအပြစ်ဒဏ်ကို မခံစေဘဲ နေတော်မူ၏။ ထိုအပြစ်ဒဏ်ကို သခင်ယေရှုက လူ့ဇာတိကိုခံတော်မူပြီး၊ ကျွန်ုပ်တို့ကိုယ်စား ကားတိုင်ပေါ်၌ခံတော်မူခဲ့ပြီဖြစ်ပါသည်။ ဘုရားသခင်၏သနားခြင်းကိုခံခဲ့သောကျွန်တော်တို့သည်လည်း သူတပါးထံ သနားစုံမက်ခြင်းရှိခြင်းငှါ အလိုရှိတော်မူ၏။

<u>လွှတ်ခြင်းတရားအတိုင်း စီရင်လော့</u>၊ တမန်တော်က ယုံကြည်သူဟုမိမိကိုယ်ကိုဆိုသောသူတို့အား စိန်ခေါ်ခဲ့ပါသည်။ "ဘုရားသခင်၏ကျေးဇူးတော်နှင့်ဂရုဏာတော်ကြောင့် ကယ်တင်ခြင်းရသည်ဟု ယုံကြည်သောသင်သည် သင့်ယုံကြည်ခြင်းကို အကျင့်အားဖြင့် ပြသလော့"ဟု ဆိုခဲ့ပါသည်။ မည်သို့ပြရပါမည်နည်း။ အပြစ်မှလွှတ်ခြင်းကို ပေးသောလွှတ်ခြင်းတရားစောင့်ရှောက်ခြင်းအားဖြင့် ပြရပါမည်။ သတင်းကောင်းသည် လွှတ်ခြင်းတရားပင်ဖြစ်ပါသည်။ ဤသတင်းကောင်းက ထာဝရအပယ်ငရဲမှလွှတ်မြောက်ခြင်းပေးခဲ့ပါသည်။ သခင်ဘုရားသည် ကျွန်ုပ်တို့ခံထိုက်သောအပြစ်ဒဏ်ကို လွှတ်ခြင်းတရားအားဖြင့် မခံစေဘဲ သနားတော်မူသည်ဖြစ်သောကြောင့်၊ ကျွန်တော်တို့သည်လည်း သူတပါးအပေါ်၌ သနားခြင်းမရှိသင့်သလော။

<u>သနားစုံမက်ခြင်းပြသခြင်း၊</u> ယုံကြည်သူဟု မိမိကိုယ်ကိုဆိုလျက် သူတပါးအပေါ် သနားစုံမက်ခြင်းမပြသောသူသည် အံ့ဩစရာကောင်းလှပါ၏။ မိမိသခင်ထံမှသနားခြင်းခံရသောသူသည် အဘယ့်ကြောင့် သူတပါးအပေါ်သနားခြင်းမရှိရပါသနည်း။ ထိုသို့သော သူသည် ဘုရားသခင်၏ဂရု ဏာတော်ကို မသိသောသူဟုဆိုနိုင်ပါသည်။ ဘုရားသခင်၏ သနားခြင်းဂရုဏာတော်မခံစားသောသူ ဟု ခေါ်နိုင်ပါသည်။ သူတပါးထံသနားစုံမက်ခြင်းမရှိခြင်းမှာ မိမိကိုယ်တိုင်မခံရသောကြောင့် ဖြစ်နိုင်ပါ၏။ ထိုသို့ မှန်လျှင်၊ ထိုသူသည် ကယ်တင်ခြင်းခံရသောသူမဟုတ်ပါ။

ချစ်သောစာဖတ်သူ၊ စစ်မှန်သောယုံကြည်သူသည် ဘုရားသခင်၏သနားခြင်းဂရုဏာတော်လက်တွေ့ခံစားရသောသူဖြစ်ကြောင်း သိမှတ်ပါလော့။ ထိုသို့ ဘုရားသခင်၏သနားခြင်းဂရုဏာတော်ခံရသောသူသည် သူတပါးအပေါ် သနားစုံမက်ခြင်းရှိတတ်ကြ၏။ ဘုရားသခင်၏သနားကြင်နာခြင်းခံရသောသူသည် သူတပါးကိုသနားကြင်နာတတ်၏။

**ဆင်ခြင်ရန်** - သူတပါးအပေါ် ကျွန်တော်သနားကြင်နာခြင်းရှိပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ သခင်ယေရှုခရစ်တော်အားဖြင့် ကျွန်တော်ခံစားရသောသနားကြင်နာခြင်းကို ကျွန်တော်လက်တွေ့အသုံးပြုနိုင်ခြင်းငှါ မစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၂)
**ယာကုပ် ၂း၁၄**
ဧဖက် ၂း၈-၁၀

*“ငါတို့သည် ကောင်းသောအကျင့်ကိုကျင့်ရမည်အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ . . . ဘုရားသခင်သည် ငါတို့ကိုပြင်ဆင်တော်မူပြီ”*

# ကယ်တင်တော်မူသောယုံကြည်ခြင်း

ယာကုပ်ဩဝါဒစာသည် ရောမဩဝါဒထက် စောလျင်စွာရေးသားသောဩဝါဒစာဖြစ်ပါသည်။ ထို့ကြောင့်၊ ယာကုပ်သည် ပေါလုရေးသားသောကယ်တင်ခြင်းတရားကို တိုက်ခိုက်ရေးသားခြင်း မဟုတ်ပါ။ ထိုနည်းတူ ပေါလုကလည်း ယာကုပ်၏သွန်သင်ချက်ကို တိုက်ခိုက်ခြင်းမပြုပါ။ သမ္မာကျမ်း စာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ပြီး၊ ဘုရားသခင်သည် မိမိကိုယ်ကိုဘယ်တော့မှ ဆန့်ကျင်ခြင်းမပြုပါ။ ယာကုပ်က မိမိကိုယ်ကို ခရစ်ယာန်ဟုခေါ်ပြီး အသက်တာ၌ခရစ်တော်၏ အသက်တာမလိုက်လျှောက်သောသူတို့ကို ဖော်ထုတ်ခြင်းဖြစ်ပါသည်။ ခရစ်တော်ပိုင်ဆိုင်သည်ဟု မိမိကိုယ်ကိုဆိုကြသော်လည်း၊ အမှန်မှာ ခရစ်တော်ကိုသူတို့မပိုင်ကြပါ။

<u>နှုတ်သက်သက်ယုံကြည်ခြင်းက မကယ်တင်နိုင်ပါ</u>။ တမန်တော်က မှားယွင်းသော ယုံကြည်ခြင်းဝန်ခံချက်ကို ဖော်ပြခဲ့ပါသည်။ “တစုံတယောက်သောသူက ငါသည် ယုံကြည်ခြင်း ရှိ၏ဟု ပြောလျက်” (ယာကုပ် ၂း၁၄) ဟူသောပုဂ္ဂိုလ်သည် မစစ်မှန်သောယုံကြည်ခြင်း၌ ဝါကြွား သောသူ၊ ဒုတိယမွေးခြင်းအသက်တာမရှိသောသူဖြစ်ပါ၏။ အသက်တာ၌ယုံကြည်ခြင်းသက်သက် တည်းဟူသော အကျင့်တရားမရှိဘဲ ယုံကြည်ခြင်းရှိသည်ဟု မှားယွင်းစွာဝန်ခံသောသူတို့ကို ယာကုပ်က ငြင်းဆိုခဲ့ပါသည် (တိတု ၁း၁၅-၁၆)။

<u>အကျင့်ကိုဖြစ်ပွားစေသောယုံကြည်ခြင်းက ကယ်တင်ခြင်းပေး၏</u>။ “ထိုယုံကြည်ခြင်း သည် ထိုသူကိုကယ်တင်နိုင်သလော”ဟု ယာကုပ်မေးခွန်းထုတ်ခြင်းသည် -“ထိုသူဝန်ခံသောယုံကြည် ခြင်းက သူ့ကိုကယ်တင်နိုင်ပါသလား” ဟု ဆိုလိုခြင်းဖြစ်ပါသည်။ ထိုသူဝန်ခံသောယုံကြည်ခြင်းက အကျင့်တရားကို မမွေးဖွားသောကြောင့် ထိုသူယုံကြည်ခြင်းသည် အသေဖြစ်၍မကယ်တင်နိုင်ပါ။ ယာကုပ်သည် ကယ်တင်ခြင်းကိုပေးသောယုံကြည်ခြင်းမဟုတ်ဘဲ၊ အပြောသက်သက်ယုံကြည်ခြင်းကို ဆိုလိုခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းရောက်ကြောင်းကို တိုက်ခိုက်ခြင်းမဟုတ်ပါ။ ပေါလုက ဤသို့ရှင်းလင်းစွာဖော်ပြထားပါသည် - “ယုံကြည်ခြင်းအားဖြင့်ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ရောက်ရ၏။ ကိုယ့်အလိုအလျောက်ရောက်သည်မဟုတ်။ ဘုရားသခင်သနားတော်မူရာဖြစ်သတည်း။ . . . အဘယ့်ကြောင့်နည်းဟူမူကား၊ ငါတို့သည်ကောင်းသောအကျင့်ကိုကျင့်ရမည် အကြောင်း၊ ယေရှုခရစ်၌ပြုပြင်၍ဖန်ဆင်းတော်မူရာဖြစ်ကြ၏။ ထိုကောင်းသောအကျင့်တို့၌ ငါတို့ သည်ကျင်လည်ရမည်အကြောင်း၊ ဘုရားသခင်သည်ငါတို့ကိုပြင်ဆင်တော်မူနှင့်ပြီ” (ဧဖက် ၂း၈၊ ၁၀)။

ထို့ကြောင့် ယာကုပ်သည် ပေါလုနှင့်တိုက်ခိုက်ခြင်းမပြုပါ။ ပေါလုသည် ကယ်တင်ခြင်း အတ်မြစ်အကြောင်းကို ဖော်ပြပြီး၊ ယာကုပ်က ကယ်တင်ခြင်းအသီးအပွင့်အကြောင်းကို ဖော်ပြခြင်း ဖြစ်ပါသည်။ သူတို့သည် ဘုံရန်သူကို အတူတူတိုက်ခိုက်ခြင်းဖြစ်ပါသည်။ ပေါလုက အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းဟူသော မှားယွင်းသောတရားကိုဆန့်ကျင်၍၊ ယာကုပ်က အမည်ခံ၊ နှုတ်သက်သက်ဝန်ခံခြင်းယုံကြည်ခြင်းကို ဆန့်ကျင်ခြင်းဖြစ်ပါသည်။ သူတို့၏သွန်သင်ချက်မူကား၊ ကယ်တင်ခြင်းကို ဖြစ်ပွားစေသောဘုရားသခင်ပေးသနားတော်မူသည့်ယုံကြည်ခြင်းသည် အကျင့်ကို ဖြစ်ပွားစေပြီး၊ ထိုအကျင့်သည် စစ်မှန်သောကယ်တင်ခြင်း၏သက်သေဖြစ်ပါသည်ဟူ၍ ဖြစ်၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်၌ယုံကြည်ခြင်းသာလျှင်ရှိ၏ဟု ဆိုပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်အပြစ်ကို နောင်တရ၍ယေရှုခရစ်တော်ကို မိမိ၏ ကယ်တင်ရှင်သခင်အဖြစ် လက်ခံစေတော်မူသော ကိုယ်တော်၏ကျေးဇူးတော်ကြောင့် ကျေးဇူးတင်ပါ၏။

**ယာကုပ် ၂း၁၅-၁၆**
ဂလာတိ ၆း၉-၁၀

*"ယုံကြည်ခြင်း၏အိမ်သူအိမ်သားတို့၌ အထူးသဖြင့် ကျေးဇူး ပြုလျက်၊ ခပ်သိမ်းသောသူတို့အား ကျေးဇူးပြုကြကုန်အံ့"*

# သင့်ယုံကြည်ခြင်းသည် ကျေးဇူးပြုသောယုံကြည်ခြင်းဖြစ်ပါသလား

ယာကုပ်က မိမိ၏ဩဝါဒစလက်ခံဖတ်ကြသော သူတို့၏ယုံကြည်ခြင်းစစ်မစစ်မေးခွန်းထုတ်ရခြင်း၏အကြောင်းအရင်းကို ဖော်ပြခဲ့ပါသည်။ ဆင်းရဲသောညီအစ်ကိုသည် ဆောင်းတွင်း၌နွေးထွေးသောစောင်မရှိ၊ နေ့စဉ် စားစရာမရှိဖြစ်နေစဉ် အဘယ့်ကြောင့်အကူအညီမပေးသနည်း။ ဤဆင်းရဲသားလိုအပ်ချက်သည် ခန္ဓာကိုယ်အတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်ကြ၏။ ယုံကြည်သူတို့၌ လုံလောက်စွာရှိ၍ပေးကမ်းနိုင်သောအခြေအနေ၌ ရှိကြသော်လည်း၊ "နွေးကြလော့။ ဝကြလော့" (ယာကုပ် ၂း၁၆)ဟုသာ ပြောခဲ့ကြ၏။ ထိုသို့ဆိုခြင်း၌ အကျိုးတစုံတရာရှိပါသလား။ ထိုအပြောသက်သက်က သူတို့ကိုနွေးစေသလား၊ ဝစေသလား။ သူတို့၏ယုံကြည်ခြင်းသည် ရယ်စရာကောင်းလှပါ၏။

<u>ညီအစ်ကိုအတွက်အကျိုးရှိသော၊</u> "အဝတ်အချည်းစည်းရှိ" (ယာ ၂း၁၅) ဟုသည်မှာ နွမ်းပါးစွာဝတ်စားဆင်ယင်ခြင်းကိုဆိုလိုပါ၏။ "အစားအစာ" သည် နေ့စဉ်စားသုံးသောအရာဖြစ်ပါသည် (မသဲ ၃း၄)။ ဤညီအစ်ကိုတို့သည် နေ့စဉ်လိုအပ်ချက်ဖြစ်သော အစားအစာနှင့်အဝတ်အစားမရှိသောသူဖြစ်ကြ၏။ ယာကုပ်သည် ပေးစရာမရှိသောသူတို့ကိုမဟုတ်ဘဲ၊ သူတပါးအပေါ် ပေးကမ်းနိုင်သောသူတို့ကို ပေးကမ်းရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ခရစ်တော်အား မိမိယုံကြည်သည်ဟုဆိုသောသူသည် သူတပါးထံပေးကမ်းခြင်းဖြင့် သက်သေပြရပါမည်။ ဤစိန်ခေါ်မှုသည် ဆင်းရဲသောသူတို့ထံ ပေးကမ်းခြင်းမပြုသောသူတို့အတွက် အကျုံးဝင်ပါသည်။

<u>လိုအပ်ချက်ကိုဖြည့်ဆည်းပေးခြင်း၊</u> "ငြိမ်ဝပ်စွာသွားကြလော့၊ နွေးကြလော့၊ ဝကြလော့" ဟူသောစကား၊ ပေးကမ်းနိုင်လျက်မပေးဘဲ အပြောနှင့်သာ ထိုသို့ပြောသောစကားသည် အလွန်မိုက်မဲရက်စက်လှပါ၏။ သူတပါးကို လုံးဝဂရုမစိုက်သောသဘောဖြစ်ပါသည်။ ထိုစကားသည် လိုအပ်သောသူအတွက် လုံးဝအကျိုးမရှိပါ။ ထိုသူ၏စကားသည် သူတပါးလိုအပ်ချက်ကို ဂရုမစိုက်ခြင်း၊ မိမိကိုယ်ကျိုးကိုသာ ရှာခြင်းဟူသော အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤအပြုအမူက သူတို့သည် ကယ်တင်ရှင်ကို မသိကြကြောင်း ဖော်ပြပါ၏။

ချစ်သောစာဖတ်သူ၊ သင်သည်ခရစ်ယာန်ဟုဆိုလျက် ခရစ်တော်ပြုစေလိုသောအမှုကို မပြုသောသူဖြစ်ပါသလား။ သခင်ယေရှုခရစ်တော်၏ စတေးခြင်းမေတ္တာကို ရရှိသောသူဟု မိမိကိုယ်ကိုဆိုလျက်၊ ညီအစ်ကိုထံ အဘယ်အကူအညီမျှ မပေးကမ်းလိုသောသူဖြစ်ပါသလား။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းကိုပေး၍ ကောင်းသောအကျင့်ကို မွေးဖွားပေးသော ယုံကြည်ခြင်းဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကျေးဇူးတော်သည် အကျွန်ုပ်ကို ကယ်တင်ခြင်းပေးတော်မူ၍၊ ညီအစ်ကိုအကျိုးအတွက် ကောင်းသောအမှုပြုခြင်းငှါရင်း၊ ကိုယ်တော်၏ နာမတော်ဘုန်းတော်ထင်ရှားစေခြင်းငှါရင်း အကျွန်ုပ်ကို အားပေးတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၄)
**ယာကုပ် ၂း၁၇**
၁ ကော ၁၃း၁-၃

*“ယုံကြည်ခြင်းအမျိုးမျိုးနှင့်ပြည့်စုံသော်ငြား၊ မေတ္တာမရှိလျှင် အချည်းနှီးသက်သက်ဖြစ်၏”*

## “အထီးကျန်သောယုံကြည်ခြင်း” နှင့် ယုံကြည်ခြင်းတခုတည်းအားဖြင့်

ဘုရားသခင်၏ကျေးဇူးတော်မရှိခဲ့လျှင် ယုံကြည်ခြင်းသည် စစ်မှန်သောကယ်တင်ခြင်း နှင့် ကောင်းသောအကျင့်ကို ဖြစ်ပွားစေမည်မဟုတ်ပါ။ ထိုယုံကြည်ခြင်းသည် အသေဖြစ်လိမ့်မည်။ တဖက်တွင် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဘုရားသခင်ရွေးကောက်တော်မူသောသူတို့၌ ယုံကြည်ခြင်းသည် စစ်မှန်သောပြောင်းလဲခြင်း၊ ဒုတိယမွေးခြင်းကို ဖြစ်စေတော်မူ၏။ ခရစ်တော်၌ အသက်ရှင်သောသူဖြစ်သောကြောင့် ထိုယုံကြည်ခြင်းက ယုံကြည်သူကို အသက်ရှင်ခြင်းနှင့် ကောင်းသောအကျင့်ကျင့်ခြင်းဖြစ်စေပါသည်။

<u>“အထီးကျန်သောယုံကြည်ခြင်း”</u> ဆိုသည်မှာ အကျင့်တရားကို မဖြစ်ပွားစေသော၊ ကောင်းသောအကျင့်ကိုမဖြစ်ပွားစေသော ယုံကြည်ခြင်းကိုဆိုလို၏။ ထို့ကြောင့် ဝန်ခံသောယုံကြည်ခြင်း စစ်မစစ်ကို အသီးအပွင့်အားဖြင့် သက်သေပြနိုင်ပါသည်။ လူတဦးက မိမိယုံကြည်ခြင်းကို နှုတ်ဖြင့် ခိုင်ခိုင်မာမာဝန်ခံပြောကြားနိုင်ပါသည်။ သို့သော်လည်း အကျင့်မပါလျှင် ထိုဝန်ခံချက်သည် အချည်းနှီးဖြစ်ပါသည်။ လျှပ်စီးလက်ခြင်းနှင့် မိုးခြိမ်းသံတို့သည် လူကိုကြောက်လန့်စေသော်လည်း မိုးမပါလျှင် အကျိုးမရှိသကဲ့သို့ဖြစ်ပါသည်။ အကျင့်မပါသောယုံကြည်ခြင်းသည် အလွန်တန်ဖိုးကြီးသောအခေါင်းထဲမှအလောင်းကဲ့သို့ဖြစ်ပါသည်။ အသေဖြစ်ပါသည်။

<u>ယုံကြည်ခြင်းတစ်ခုတည်းအားဖြင့်</u>၊ ယာကုပ်က အကျင့်မပါသော ယုံကြည်ခြင်းသည် အသေဖြစ်သည်ဟုဆိုခဲ့ပါသည်။ ဆိုလိုသည်မှာ အကျင့်ကိုမွေးပွားပေးခြင်းမရှိသော၊ ကောင်းသောအကျင့်ကိုမကျင့်သော၊ အမည်ခံနှုတ်သက်သက်ယုံကြည်ခြင်းကို ဆိုလိုပါသည်။ သို့သော်လည်း ယုံကြည်ခြင်းတခုတည်းဖြင့်သာ ကျွန်တော်တို့သည် ကယ်တင်ခြင်းကိုရကြ၏။ ထိုယုံကြည်ခြင်းတစ်ခုတည်းသည် ကယ်တင်ခြင်းကိုပေးသော ယုံကြည်ခြင်း၊ ကောင်းသောအကျင့်ကို မွေးဖွားပေးတော်မူ၏။ အသက်ရှင်သော၊ စစ်မှန်သောယုံကြည်ခြင်းသည် ဘုရားသခင်၏ပညတ်တရားလိုက်လျှောက်ခြင်း၌ သက်သေပြထင်ရှားတတ်ပါ၏။ ဘုရားသခင်နှင့်လူကို ချစ်ခြင်းငါမြစတော်မူ၏။

“ချစ်သူတို့၊ ငါတို့သည် အချင်းချင်းချစ်ကြကုန်အံ့၊ အကြောင်းမူကား၊ ချစ်ခြင်းမေတ္တာသည် ဘုရားသခင်နှင့်စပ်ဆိုင်၏။ ချစ်တတ်သောသူမည်သည်ကား၊ ဘုရားသခင်ဖြစ်ဘွားစေတော်မူသောသူဖြစ်၏။ ဘုရားသခင်ကိုသိသောသူလည်းဖြစ်၏။ ချစ်ခြင်းမရှိသောသူသည် ဘုရားသခင်ကိုမသိ။ အကြောင်းမူကား၊ ဘုရားသခင်သည်ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ သားတော်အားဖြင့် ငါတို့သည် အသက်ရှင်စေခြင်းငှါ၊ ဘုရားသခင်သည်တပါးတည်းသောသားတော်ကို ဤလောကသို့စေလွှတ်တော်မူသောအရာ၌၊ ငါတို့ကိုချစ်တော်မူသောမေတ္တာတော်သည် ထင်ရှားလျက်ရှိ၏။ ငါတို့သည် ဘုရားသခင်ကိုချစ်ကြသည်ဟုမဆို။ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏အပြစ်ဖြေစရာအကြောင်းဖြစ်စေခြင်းငှါ၊ သားတော်ကိုစေလွှတ်တော်မူသောအရာ၌ ချစ်ခြင်းမေတ္တာရှိ၏။ ချစ်သူတို့၊ ဘုရားသခင် သည် ငါတို့ကိုဤမျှလောက်ချစ်တော်မူသည်မှန်လျှင်၊ ငါတို့သည်လည်း အချင်းချင်းချစ်ရကြမည်။ ဘုရားသခင်ကိုအဘယ်သူမျှမမြင်စဖူး။ သို့သော်လည်း၊ အချင်းချင်းချစ်ကြလျှင်၊ ဘုရားသခင်သည် ငါတို့၌တည်တော်မူ၍၊ ငါတို့သည်ချစ်ခြင်းမေတ္တာတော်နှင့်ပြည့်စုံလျက်ရှိကြ၏။ ဘုရားသခင်သည်ဝိညာဉ်တော်၏ကျေးဇူးကိုငါတို့အားပေးတော်မူသောကြောင့်၊ ငါတို့သည် ဘုရားသခင်၌တည်တော်မူသည်ကိုငါသိရကြ၏” (၁ ယော ၄း၇-၁၃)။

**ဆင်ခြင်ရန်** - အကျွန်ုပ်ယုံကြည်ခြင်းသည် အသေလော၊ အသက်ရှင်သောယုံကြည်ခြင်းလော။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ကယ်တင်ခြင်းဆုကျေးဇူးကြောင့် ကျေးဇူးတင်ပါ၏။ ဤဆုကျေးဇူးတော်သည် အလွန်ကြွယ်ဝခြင်းရှိ၍ အလကားသက်သက်ပေးတော်မူသောဆုကျေးဇူးဖြစ်ပါသည်။

စနေ၊ နိုဝင်ဘာ (၅)
**ယာကုပ် ၂း၁၈**
တိတု ၃း၈

*"ဘုရားသခင်ကိုယုံကြည်သောသူတို့သည် ကောင်းသောအကျင့်တို့ကို အမြဲကျင့်အံ့သောငှါ သတိပြုကြရပါမည်"*

# စစ်မှန်သောယုံကြည်ခြင်း၏ဖော်မြူလာ

ယာကုပ်က "သင်၌ယုံကြည်ခြင်းရှိပြီး၊ ငါ၌အကျင့်ရှိ၏" ဟုဆိုလာသောသူတဦး အကြောင်းကို ပုံဥပမာပေးခဲ့ပါသည်။ ဤလူနှစ်ဦးတွင် ဘယ်သူကစစ်မှန်သော ကယ်တင်ခြင်းရရှိပါသနည်း။ လူသည် မိမိယုံကြည်ခြင်းကိုအကျင့်မပါဘဲ ဖော်ပြနိုင်ပါသလား။ တစ်ဦးတည် မိမိ၌ယုံကြည်ခြင်း ရှိသည်ဟုသာ ပြောနိုင်၍ သက်သေမပြနိုင်ပါ။ သို့သော်လည်း အခြားတဦးသည် အကျင့်အားဖြင့် မိမိယုံကြည်ခြင်းကို သက်သေပြခဲ့၏။

<u>ယုံကြည်ခြင်းညီမျှခြင်း ကယ်တင်ခြင်းအကျင့်မပါ</u>၊ ဤဖော်မြူလာသည် မှားယွင်း ပါ၏။ ယာကုပ်က မိမိ၌ယုံကြည်ခြင်းရှိ၏ဟု ကြွေးကြော်ပြီး အကျင့်တရားမရှိသောသူကို စိန်ခေါ်ခြင်းဖြစ်ပါသည်။ ထိုသို့သော ယုံကြည်ခြင်းသည် မှားယွင်းသောယုံကြည်သူ၏ ယုံကြည်ခြင်းဖြစ်ပါသည်။ ထိုသို့သောသူသည် စစ်မှန်သော ယုံကြည်သူတို့ကို အတုခိုး၍ ကောင်းသောအကျင့်ကို ကြိုးစားကျင့်ကြည့်ပါသော်လည်း၊ ဘုရားသခင်ပေးသနားတော်မူသော ယုံကြည်ခြင်းမှ မွေးဖွားလာသောအကျင့်မဟုတ်ကြောင်း ဘုရားသခင်သိတော်မူ၏။ "ထိုနေ့၌ကား သခင်၊ သခင်အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမဩဝါဒပေးပါ သည်မဟုတ်လော၊ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော၊ ကိုယ်တော်အခွင့် နှင့်များစွာသော တန်ခိုးတို့ကို ပြပါပြီမဟုတ်လောဟု အများသောသူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကိုငါအလျှင်းမသိ။ အဓမ္မအမှုကိုပြုသောသူတို့ ငါ့ထံမှဖယ်ကြ ဟု ထိုသူတို့အား အတိအလင်းငါပြောမည်" (မသဲ ၇း၂၂-၂၃)။

<u>ယုံကြည်ခြင်းညီမျှခြင်း ကယ်တင်ခြင်း အပေါင်းအကျင့်</u>၊ ဤသည်ကားမှန်ကန်သော ဖော်မြူလာဖြစ်ပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်ဖြင့် ရသောယုံကြည်ခြင်းသည် အသစ်သော အသက်တာကို ပေးတော်မူ၏။ ဤကယ်တင်ခြင်းသည် လူတို့နှင့်ဘုရားသခင်ဘုန်းတော်ထင်ရှားစေခြင်းငှါ ကောင်းကျိုးကိုဖြစ်စေသောအကျင့်ကို မွေးဖွားပေးတော်မူ၏။ "ထိုသခင်ယေရှုခရစ်သည် ခပ်သိမ်းသောဒုစရိုက်မှငါတို့ကို ရွေးနုတ်ခြင်းငှါ၎င်း၊ ကောင်းသောအကျင့်ဘက်၌ စိတ်အားကြီး၍ ပိုင်ထိုက်တော်မူသောအမျိုးကို မိမိအဖို့ ဆင်ခြင်စေခြင်းငှါ၎င်း ကိုယ်ကိုကိုယ် စွန့်ကြဲတော်မူပြီ" (တိတု ၂း၁၄)။

ရောမန်ကာသိုလိပ်အသင်းတော်သည် ကယ်တင်ခြင်းရရန် ယုံကြည်ခြင်းနှင့်အကျင့်ကို အပ်သည်ဟု စွဲကိုင်ထားပါသည်။ ခရစ်တော်ပြုတော်မူသောအမှု၌ အသင်းတော်၌ ကြိုးစားအားထုတ်ခြင်း၊ အသင်းတော်ပညတ်ချက်နှင့် မင်္ဂလာများလိုက်လျှောက်ခြင်းတည်းဟူသော အကျင့်ထပ်ပေါင်းခဲ့ကြ၏။ တဖက်တွင် ယနေ့လိဘရယ်နှင့်ခေတ်သစ်အသင်းတော်တို့က ပညတ်တော်လိုက်လျှောက်ခြင်းကို ငြင်းပယ်ခဲ့ကြ၏။ ခရစ်ယာန်ဟု မိမိကိုယ်ကိုဝန်ခံသောသူသည် မိမိကြိုက်သလို နေထိုင်၍ ရကြောင်းဆိုကြ၏။ သမ္မာကျမ်းစာသင်ပေးသောယုံကြည်ခြင်းသည် ယာကုပ်သင်ပေးဖော်ပြသော စစ်မှန်သည့်ယုံကြည်ခြင်းဖြစ်ပါသည်။ ယုံကြည်ခြင်းဖြင့် ကယ်တင်ခြင်းသို့ရောက်၍၊ ထိုကယ်တင်ခြင်းသည် ခရစ်တော်နှင့်တူညီသောအကျင့်၊ အသက်တာကို မွေးဖွားပေးတော်မူ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည်အမှန်ကယ်တင်ခြင်းခံရပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ ကောင်းသောအကျင့်ကို ဖြစ်ပွားစေသော ယုံကြည်ခြင်းကိုပေး၍၊ ကယ်တင်ခြင်းခံရခြင်းသေချာမှုကို အသက်တာ၌ပေါ်လွင်စေသောကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

တနင်္ဂနွေ၊ နိုဝင်ဘာ (၆)
**ယာကုပ် ၂း၁၉**
မဿဲ ၇း၂၁-၂၃

*"သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း၊ ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်"*

# နတ်ဆိုး၏ယုံကြည်ခြင်း

နတ်ဆိုးတို့၌ယုံကြည်ခြင်းရှိနိုင်ပါသလား။ ယာကုပ်က နတ်ဆိုးတို့သည်ယုံ၍ ဘုရားသခင်ရှေ့၌ ကြောက်ရွံ့တုန်လှုပ်ကြ၏ဟု ဆိုထားပါသည်။ သို့ဆိုလျှင် နတ်ဆိုး (သို့) အပြစ်ကျူးလွန်သော ကောင်းကင်တမန်တို့သည် ကယ်တင်ခြင်းရနိုင်ပါသလား။ လုံးဝမရနိုင်ပါ။ သခင်ယေရှုခရစ်တော်က "မာရ်နတ်နှင့်သူ၏တမန်တို့အဘို့ ပြင်ဆင်သောထာဝရမီး" (မဿဲ ၂၅း၄၁) ရှိကြောင်းဖော်ပြခဲ့ပါသည်။ ထာဝရမီးလျှံငရဲမီးပင်လယ်သည် သူတို့၏ထာဝရနေရာဖြစ်ပါသည်။ သို့သော်လည်း နတ်ဆိုးတို့က ယေရှုကိုသိကြ၏ - "ဘုရားသခင်၏သားတော် ယေရှု ကိုယ်တော်သည်အကျွန်ုပ်တို့နှင့် အဘယ်သို့ ဆိုင်သနည်း။ အချိန်မရောက်မီ အကျွန်ုပ်တို့ကိုညှင်းဆဲခြင်းငှါ ကြွလာတော်မူသလောဟု အော်ဟစ်၍ လျှောက်ကြ၏"(မဿဲ ၈း၂၉)။ ယေရှုကိုသိကြသော်လည်း၊ ကယ်တင်ခြင်းခံရကြရန် ဘုရားသခင်၏ကျေးဇူးတော်မခံရကြပါ။

<u>ကယ်တင်ခြင်းမပို့ဆောင်နိုင်သောယုံကြည်ခြင်း၊</u> ဘုရားသခင်တဆူတည်းရှိကြောင်း ယုံကြည်သောသူ၏ယုံကြည်ခြင်းကို ယာကုပ်ကစိန်ခေါ်ခဲ့ပါသည်။ ယုဒလူတို့သည် တရားဟောရာကျမ်း ၆း၄ ကို သူတို့၏ယုံကြည်ခြင်းဝန်ခံရာဟု သတ်မှတ်ကြ၏။ ထိုသမ္မာတရားကိုနတ်ဆိုးတို့သည် ယုဒလူတို့ထက်ပို၍ စေလျှင်စွာသိခဲ့ပါသည်။ သူတို့သည် ကောင်းကင်၌ဘုရားသခင်အထံတော်တွင် နေခဲ့ဖူးသောသူဖြစ်ကြ၍ ဘုရားသခင်တစ်ဆူတည်းရှိကြောင်း ကောင်းကောင်းသိခဲ့ကြပါ၏။ သို့သော်လည်း နတ်ဆိုးတို့သည် အပြစ်နောင်တရခြင်းမရှိနိုင်၊ သခင်ယေရှုကို ကယ်တင်ရှင်သခင်အဖြစ် ယုံကြည်ခြင်းမရှိနိုင်ကြပါ။ သူတို့ကိုကယ်တင်ခြင်းငှါ သူတို့အပြစ်အတွက် ကိုယ်စားအသေခံပေးခြင်းဘုရားသခင်ပြုတော်မမူခဲ့ပါ။

<u>အကျင့်မပါသောယုံကြည်ခြင်း၊</u> ကယ်တင်ခြင်းမခံရသည်သာမက၊ နတ်ဆိုးတို့သည် ကောင်းသောအကျင့်ကိုမကျင့်နိုင်ကြပါ။ သူတို့၌ကောင်းသောအရာတစ်ခုမျှမရှိပါ။ ယာကုပ်သည် အကျင့်မပါသောယုံကြည်ခြင်းနှင့် မာရ်နတ်၏ယုံကြည်ခြင်းသည် တူညီကြောင်းဖော်ပြခဲ့ပါသည်။ သူတို့သည်နှုတ်အားဖြင့် ယုံကြည်ခြင်းရှိကြောင်းဝန်ခံကြသော်လည်း၊ ကယ်တင်ခြင်းမခံရသောကြောင့် ကောင်းသောအကျင့်မကျင့်နိုင်ကြပါ။ ယုံကြည်ခြင်းရှိလျှင် လုံလောက်ပြီ၊ အကျင့်မလိုအပ်ပါဟု ဆိုသောသူတို့ကိုလည်း ဤနတ်ဆိုးတို့၏ယုံကြည်ခြင်းနှင့်ခိုင်းနှိုင်း၍ရပါ၏။

ချစ်သောစာဖတ်သူ၊ ခရစ်တော်ကိုနှုတ်ဖြင့်ဝန်ခံလျက် နောက်ဆုံး၌ထာဝရငရဲတွင် အဆုံးသတ်သောသူဖြစ်လိုပါသလား။ မှန်ကန်သောအရပ်သို့ရောက်ခြင်းငှါ မှန်ကန်သောဖော်မြူလာလိုအပ်ပါ၏။ အသက်တာအကျင့်မပါဘဲ၊ ဦးနှောက်အသိဖြင့်သာ ခရစ်တော်ကိုသင်သိပါသလား။ ထိုသို့ဆိုလျှင် သင်မိမိကိုယ်ကိုလှည့်ဖြားခြင်းဖြစ်ပါ၏။

**ဆင်ခြင်ရန်** - ခရစ်တော်ကို မိမိ၏ကယ်တင်ရှင်သခင်အဖြစ် ကျွန်တော်ယုံကြည်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါး၏အကျိုးနှင့်ကိုယ်တော်၏နာမတော်ဘုန်းတော်ထင်ရှားခြင်းငှါ ကိုယ်တော်၏အမှုတော်ကို ပြုမည်အကြောင်းမစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၇)
**ယာကုပ် ၂း၂၀**
လုကာ ၆း၄၉

*"ငါ့စကားကိုကြား၍နားမထောင်သောသူမူကား၊ အခုအခံမရှိဘဲ မြေပေါ်မှာ တိုက်ကိုတည်သောသူနှင့်တူ၏"*

# ယုံကြည်ခြင်းအသေ

ကယ်တင်ခြင်းရခြင်းငှါ ယုံကြည်ခြင်း၌အကျင့်ပေါင်းထည့်ရမည်ဟု မှားယွင်းစွာဆိုသောသူတို့က ယာကုပ် ၂း၂၀ကိုမှားယွင်းစွာ အနက်ဖွင့်ခဲ့ကြ၏။ "အကျင့်မပါသောယုံကြည်ခြင်း" က လူကိုမကယ်တင်နိုင်ဟုဆိုကြ၏။ ထိုသို့ မှတ်ချက်ချခြင်းသည် ဤကျမ်းပိုဒ်၏ဆိုလိုချက်ကို ရှေ့နောက်မကြည့်ဘဲ လိုရာဆွဲခြင်းဖြစ်ပါသည်။ ယာကုပ်က ယုံကြည်ခြင်းသည် အသက်ရှင်ခြင်းငှါ ထိုယုံကြည်ခြင်းသို့ အကျင့်ပေါင်းထည့်ရမည်ဟု မသင်ပေးပါ။ မိမိ၌ယုံကြည်ခြင်းရှိသည်ဟုဆိုလျက် ကောင်းသောအကျင့်မကျင့်သောသူတို့အား ဒုတိယမွေးခြင်းမခံရသောသူဟု သတိပေးခြင်းဖြစ်ပါသည်။ ထိုသို့သောယုံကြည်ခြင်းသည် အသေဖြစ်၏။ ခရစ်တော်၌ယုံကြည်ခြင်းရှိသော၊ စစ်မှန်သောယုံကြည်သူသည် ကောင်းသောအကျင့်ကိုကျင့်ခြင်းဖြင့် စစ်မှန်သောခရစ်ယာန်ဖြစ်ကြောင်း သက်သေပြ၍၊ အကျင့်အားဖြင့် သက်သေပြခြင်းမရှိသော၊ နှုတ်အားဖြင့်ယုံကြည်ခြင်းရှိသည်ဟု ဝန်ခံသောသူသည်စစ်မှန်သောခရစ်ယာန်မဟုတ်ပါ။

<u>အသိဉာဏ်မဲ့သောသူ၊</u> ယာကုပ်ကနှုတ်ဖြင့်ဝန်ခံခြင်းသည် လုံလောက်၏ဟု ဆိုသောသူတို့သည် အချည်းနှီးသက်သက်ဖြစ်ကြောင်းကို ဖော်ပြခဲ့ပါသည်။ ကောင်းသောအကျင့်ကိုမကျင့်ဘဲ နှုတ်အားဖြင့် မိမိယုံကြည်ခြင်းရှိသည်ဟု ဝန်ခံသောသူသည် ဟန်ဆောင်သောသူသာဖြစ်ကြ၏။ ထိုယုံကြည်ခြင်းက သူတို့ကိုဘုရားသခင်နားမတိုးဝင်စေနိုင်ပါ။ ဘုရားသခင်မှုတ်သွင်းတော်မူသောစကားကိုယုံကြည်သော၊ စစ်မှန်သောယုံကြည်ခြင်းသည် ကောင်းသောအကျင့်ကိုကျင့်ခြင်းငှါ လူကိုစုံလင်သောသူဖြစ်စေတတ်၏ (၂ တိ ၃း၁၇)။

<u>အကျင့်မပါသောယုံကြည်ခြင်း၊</u> ဤမှားယွင်းသောယုံကြည်ခြင်းသည် ပညတ်တရားလိုက်လျှောက်ဖို့မလိုဟုဆိုတတ်၏။ ပညတ်တရားကိုဆန့်ကျင်၏။ ဤသို့သောယုံကြည်ခြင်းရှိသောသူတို့သည် ယေရှုအားကယ်တင်ရှင်အဖြစ်သာ အလိုရှိကြပြီး၊ အသက်တာကိုအုပ်စိုးသောအရှင်သခင်အဖြစ် အလိုမရှိကြပါ။ ကယ်တင်ခြင်းသာအလိုရှိကြပြီး၊ ဘုရားသခင်၏ပညတ်တရားကိုမူ မလိုက်လျှောက်လိုကြပါ။ ပညတ်တရားလိုက်လျှောက်ခြင်းသည် ဘုရားသခင်ကိုချစ်ခြင်းဖြစ်သည်ဟု မသိကြပါ။ စစ်မှန်သောယုံကြည်သူသည် ကယ်တင်ရှင်ကိုချစ်၍ပညတ်တော်ကို လိုက်လျှောက်လို၏။ ဘုရားသခင်၏ပညတ်တရားနာခံလိုက်လျှောက်ခြင်းသည် ကောင်းသောအကျင့်ကျင့်ခြင်းပေတည်း။ နာမခံခြင်းသည် အပြစ်ဖြစ်၏။

ချစ်သောစာဖတ်သူ၊ စစ်မှန်သောကယ်တင်ခြင်းခံရသောသူသည် ဘုရားသခင်၏ပညတ်တရားနာခံလိုက်လျှောက်လိုသောဆန္ဒရှိ၏။ ကယ်တင်ခြင်းခံရပြီးနောက်၊ ဤပြောင်းလဲသောအသက်တာ၌ ကောင်းသောအကျင့်ကိုမြင်တွေ့ရပါသည်။ ကယ်တင်ခြင်းသို့ပို့ဆောင်သော ယုံကြည်ခြင်းသည် ဦးနှောက်အသိသာသာမဟုတ်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်ယုံကြည်ကိုးစားနာခံလိုက်လျှောက်ခြင်းဖြစ်၏။ စစ်မှန်သောယုံကြည်သူသည် သမ္မာကျမ်းစာကိုဖတ်ကြားလို၍၊ လေ့လာသွန်သင်လျက်၊ နာခံလိုက်လျှောက်လိုခြင်းရှိ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်ယုံကြည်ခြင်းသည် အသေလော၊ အရှင်လော။
**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်ပြုမည့်အမှုကို သွန်သင်ပြသတော်မူသောကိုယ်တော်၏ နှုတ်ကပတ်တော်ကြောင့် ကိုယ်တော့်ကိုကျေးဇူးတင်ပါ၏။

*"အာဗြဟံသည် အကျင့်အားဖြင့် ဖြောင့်မတ်ရာသို့ ရောက်သည်မှန်ပါလျှင် ဝါကြွားစရာအကြောင်းရှိ၏။ ဘုရားသခင်ရှေ့တော်၌ ထိုသို့မဟုတ်"*

## အကျင့်အားဖြင့်ဖြောင့်မတ်ရာသို့ရောက်ပါသလား

ယာကုပ်က အခန်းကြီး ၂ အငယ် ၂၁ တွင် မေးခွန်းတခုထပ်၍ဖော်ပြခဲ့ပါသည်။ အာဗြဟံသည် ကယ်တင်ခြင်းရရန်မိမိယုံကြည်ခြင်း၌ အကျင့်ပေါင်းထည့်ခဲ့သည်ဟု ဆိုသောသူတို့၏ငြင်းခုံမှုကို ယာကုပ်ကြားခဲ့သည်ဟု ထင်ရပါ၏။

ယာကုပ်သည် ဖြောင့်မတ်ရာသို့ရောက်စေသောအရာ အကြောင်းကို ဖော်ပြခြင်းမဟုတ်ပါ။ ကယ်တင်ခြင်းသို့ပို့ဆောင်သောယုံကြည်ခြင်းသည် အကျင့်ကိုမွေးဖွားပေးကြောင်း၊ သူတို့၏သက်ဆိုင်မှုကိုဖော်ပြခြင်းဖြစ်ပါသည်။ အာဗြဟံသည် ဘုရားသခင်၏အမိန့်တော်နာခံခြင်းအားဖြင့် မိမိ၏ယုံကြည်ခြင်းကို သက်သေပြကြောင်း ယာကုပ်ဖော်ပြခြင်းဖြစ်ပါသည်။ ကလေဇက်ကို မပူဇော်မီတကည်းက အာဗြဟံသည် ဘုရားသခင်၌ယုံကြည်ခြင်းရှိပြီးဖြစ်ပါသည်။ "အာဗြဟံသည် အမွေခံရလတ္တံ့သောပြည်သို့ထွက်သွားမည်အကြောင်း ဘုရားသခင်ခေါ်တော်မူသောအခါ သူသည်အဘယ်အရပ်သို့ သွားသည်ကို ကိုယ်တိုင်မသိဘဲလျက် ယုံကြည်ခြင်းအားဖြင့်နားထောင်၍ ထွက်သွားလေ၏" (ဟေဗြဲ ၁၁း၈)။

ဘုရားသခင်၏စကားကို နာခံခြင်းဖြင့် မိမိ၏သားကလေဇက်ကို မပူဇော်မီကတည်းက ါဗြဟံ၌ယုံကြည်ခြင်းရှိခဲ့၏။ ကမ္ဘာ ၂၂း၉-၁၂ တွင် ဖော်ပြထားပါသည်။ ကမ္ဘာ ၁၅း၆ တွင် "အာဗြံသည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော်မူ၏" ဟု ရေးမှတ်ထားပါသည်။ ထို့ကြောင့် ဘုရားသခင်၏အမိန့်တော်နာခံလိုက်လျှောက် ခြင်းသည် မိမိ၏ယုံကြည်ခြင်းသက်သေဖြစ်ပါသည်။ ကယ်တင်ခြင်းရခြင်း၌ အမိန့်တော်နာခံခြင်း မဟုတ်ပါ။ ဘုရားသခင်နှင့်ဆက်နွယ်မှုရှိ၍ ကယ်တင်ခြင်းရသောသူဖြစ်သောကြောင့် နာခံလိုက် လျှောက်ခြင်းဖြစ်ပါသည်။

အကျင့်အားဖြင့် အာဗြဟံဖြောင့်မတ်ရာသို့ ရောက်သည်ဟူသောယာကုပ်၏ဖော်ပြချက်နှင့် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်သည်ဟူသော ပေါလု၏သွန်သင်ချက် (ရောမ ၄) တို့သည် အချင်းချင်းဆန့်ကျင်ကြ၏ဟု ဆိုသောလူတချို့ရှိပါသည်။ အမှန်မှာ ထိုသို့မဟုတ်ပါ။ ယာကုပ်ကလည်း လူသားကယ်တင်ခြင်းခံရခြင်းသည် ဘုရားသခင်၏ကျေးဇူးတော် ဆုကျေးဇူးသာလျှင်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည် (ယာကုပ် ၁း၁၇-၁၈)။ ကျွန်တော်တို့သည် အမှန်ကယ်တင်ခြင်းခံရကြောင်း သေချာစေသောအမှုဟူမူကား၊ ဘုရားသခင်၏စကားတော်ကိုနာခံ၍ ကောင်းသောအကျင့်ကျင့်ခြင်း၌ ခွန်အားပေးတော်မူသောဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော် ကျွန်ုပ်တို့၌ကိန်းဝပ်တော်မူခြင်းပင်ဖြစ်ပါသည်။ ဘုရားသခင်၏နှုတ်ကပတ်တော်နာခံလိုက်လျှောက်ခြင်းက ကျွန်ုပ်တို့သည်ကောင်းကင်ဘုံသို့ခရီးဆက်နေကြောင်း ပြသလျက်ရှိ၏။ ထိုလမ်းမှအခြားလမ်းသို့ မလွဲပါစေနှင့်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ယုံကြည်ခြင်းစစ်မှန်ကြောင်း အကျင့်ကသက်သေပြပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကျွန်ုပ်အသက်တာ၌ကောင်းသောအကျင့်ကျင့်ခြင်းဖြင့် ကျွန်ုပ်၏ ကယ်တင်ခြင်းစစ်မှန်ကြောင်း သက်သေပြလိုပါ၏။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၉)
**ယာကုပ် ၂း၂၂**
၁ ပေ ၁း၇

*"ရွှေကိုစစ်ကြောစုံစမ်းခြင်းထက်၊ သင်တို့ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သာ၍မြတ်သည်"*

# စုံလင်သောယုံကြည်ခြင်း

ယာကုပ်က စစ်မှန်သောယုံကြည်ခြင်းသည် ယုံကြည်သူအသက်တာ၌ကောင်းသောအကျင့် ဖြစ်ပွားစေကြောင်းဖော်ပြခဲ့ပါသည်။ ထိုအကျင့်အားဖြင့် ယုံကြည်ခြင်းသည် စုံလင်ခြင်းသို့ရောက်၏။ သခင်ယေရှုက "ထို့ကြောင့်ကောင်းကင်ဘုံ၌ရှိတော်မူသော သင်တို့အဘသည် စုံလင်တော်မူသည် နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့" (မသဲ ၅း၄၈)ဟု မိန့်တော်မူ၏။ မှတ်သား ရမည်မှာ၊ ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း၌အကျင့်ပေါင်းထည့်ရန်မဟုတ်ဘဲ၊ ယုံကြည်ခြင်းနှင့် အကျင့်တို့၏ဆက်နွယ်မှုနှင့်အကျင့်၏အရေးပါမှုကို သတိပြုကြရပါမည်။ ကယ်တင်ခြင်းအရင်မခံရဘဲ အဘယ်သူမျှ ကောင်းသောအကျင့်မကျင့်နိုင်ကြပါ။

<u>ယုံကြည်ခြင်းနှင့်အကျင့်</u>၊ "ပြုပြင်" (ယာကုပ် ၂း၂၂)ဆိုသည်မှာ အတူတကွအမှုပြုခြင်း ကိုဆိုလို၏။ စစ်မှန်သောယုံကြည်ခြင်းနှင့်အကျင့်တို့သည် အချင်းချင်းဆက်နွယ်မှုရှိ၍ ခွဲခြား၍မရ ကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ ထို့ကြောင့်၊ ဟေဗြဲ ၁၁း၁၇ ထဲတွင်၊ "အာဗြဟံသည် စုံစမ်းတော်မူခြင်း ကိုခံရသောအခါ ယုံကြည်ခြင်းအားဖြင့် ဣဇာက်ကိုပူဇော်၏" ဟုဖော်ပြထားပါသည်။

<u>ယုံကြည်ခြင်းကိုအကျင့်ကစုံလင်စေ၏</u>၊ ယာကုပ် ၂း၂၂ ထဲတွင်၊ "ယုံကြည်ခြင်းသည် . . . အကျင့်အားဖြင့်စုံလင်သည်ကို သိမြင်ရ၏" ဟုဖော်ပြထားပါသည်။ ကယ်တင်ခြင်းအတွက် ယုံကြည်ခြင်း၌အကျင့်ပေါင်းထည့်ရမည်ဟု မဆိုလိုပါ။ အကျင့်သည်စစ်မှန်သောယုံကြည်ခြင်း၏ အသီးအပွင့်ပင်ဖြစ်ပါသည်။ စစ်မှန်သောယုံကြည်ခြင်းသည် အကျင့်ကစုံလင်စေ၏ဟုဆိုရာတွင်၊ အကျင့်က ထိုစစ်မှန်သောယုံကြည်ခြင်း၏စစ်မှန်မှုကို သက်သေပြသောကြောင့် စုံလင်စေ၏ဟုဆိုခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ယုံကြည်ခြင်းသည် ကယ်တင်ခြင်း၏အရင်းအမြစ်ဖြစ်၍၊ အကျင့်သည် ကယ်တင်ခြင်း၏အကျိုးရလဒ်ပင်ဖြစ်ပါသည်။ ကောင်းသောအသီးက အပင်ကောင်းကြောင်းကိုပြသ သကဲ့သို့၊ အကျိုးရလဒ်က အရင်းအမြစ်ကိုပြသဖော်ပြလျက်ရှိ၏။

စစ်မှန်သောယုံကြည်သူအသက်တာ၌ ကောင်းသောအကျင့်၏အရေးပါမှုကို ကျွန်တော်တို့ ယခုသိရပါ၏။ နှုတ်အားဖြင့်သာ ဝန်ခံခြင်းသည် စစ်မှန်သောယုံကြည်ခြင်းမဟုတ်ပါ။ စစ်မှန်သော ဘုရားသခင်၏သားသမီးတို့သည် အဖဘုရားအလိုရှိသောအရာကိုပြုလိုသောဆန္ဒရှိရပါမည်။ ဘုရား သခင်၏သားသမီးတို့၌ တင့်တယ်လျှောက်ပတ်သော၊ ကောင်းသောအကျင့်များတွေ့မြင်ရမည်ဖြစ် ပါသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်အကျင့်တို့က ကျွန်ုပ်၌ကယ်တင်ခြင်းယုံကြည်ခြင်းရှိကြောင်း သက်သေပြ ပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ သူတပါးတို့သည် ခရစ်တော်၏ကယ်တင်ခြင်းတရားကိုသိကြမည် အကြောင်း ကိုယ်တော်ပြုစေလိုသောအမှုကို ကျွန်တော်ပြုခြင်းငှါ မစခွန်အား ပေးတော်မူပါ။

**ယာကုပ် ၂း၂၃**
ယောဟန် ၁၅း၁၅-၁၆ *"သင်တို့ကိုအဆွေဟူ၍ငါခေါ်၏"*

# သင်သည်ဘုရားသခင်၏မိတ်ဆွေဖြစ်ပါသလား

လူသည် "ဘုရားသခင်၏အဆွေ" (ယာကုပ် ၂း၂၃) ဟုမည်သို့ခေါ်နိုင်ပါမည်နည်း။ ထိုသို့ခေါ်ခြင်းခံရခြင်း၊ ထိုသို့သောဆက်နွယ်မှုသည် အလွန်ကြီးမြတ်လှပါသည်တကား။ ခရစ်ယာန်သည် ဘုရားသခင်၏မိတ်ဆွေဖြစ်ကြောင်း သင်သိပါသလား။

<u>ဘုရားသခင်၏စကားတော်ကိုယုံကြည်ခဲ့၏</u>၊ အာဗြဟံသည် ဘုရားသခင်ခေါ်သောအချိန်မှစ၍ ဘုရားစကားကိုယုံကြည်ခဲ့၏။ မိမိတိုင်းပြည်မှထွက်ခွာခြင်းငှါ ဘုရားသခင်မိန့်တော်မူသောအခါ သူသည် ဘုရားစကားကိုနာခံ၍ထွက်ခွာခဲ့ပါသည်။ တခါတရံ ဘုရားသခင်၏ဂတိတော်ကိုမစောင့်စားနိုင်ဟု ထင်ရသော်လည်း၊ ဘုရားသခင်ကပြန်၍သတိပေးသောအခါ၊ "အာဗြံသည် ထာဝရဘုရားကို ယုံကြည်သည်ဖြစ်၍ သူ၏ယုံကြည်ခြင်းကိုဖြောင့်မတ်ခြင်းကဲ့သို့ မှတ်တော် မူ၏" (ကမ္ဘာ ၁၅း၆)။

<u>ဘုရားသခင်၏ဖြောင့်မတ်စေခြင်းကိုခံရခဲ့၏</u>၊ ကမ္ဘာ ၁၅း၆ ၌တွေ့ရသော၊ မောရှေဖော်ပြသည့်အာဗြံအား ဘုရားသခင်ဖြောင့်မတ်စေတော်မူခြင်းသည် ဘုရားသခင်၏မိန့်တော်မူချက်ကို နာခံ၍ဣဇက်အား မပူဇော်မှီနှစ်ပေါင်း ၃၀ ကျော်ကတည်းက ဖြစ်ပါသည်။ (အချို့က ထိုနာခံမှုကြောင့် အာဗြဟံသည်ဖြောင့်မတ်ရာသို့ ရောက်၏ဟုဆိုကြ၏။ အမှန်မှာ ထိုနာခံခြင်းမတိုင်မှီ အာဗြဟံသည် ဖြောင့်မတ်ရာသို့ရောက်ခဲ့ပြီဖြစ်၏)။ ယုံကြည်ခြင်း၌အကျင့်ပေါင်းထည့်ခြင်းလုံးဝမဟုတ်ပါ၊ ထိုအကျင့်မတိုင်မှီ ဖြောင့်မတ်သောသူဟု ဘုရားသခင်သတ်မှတ်တော်မူခဲ့ပြီဖြစ်၏။ ခါနာန်မရောက်မှီကတည်းက အာဗြဟံသည်ယုံကြည်ခြင်းရှိခဲ့ပြီဖြစ်ပါသည်။ "သူတပါးပိုင်သောပြည်၌ ဧည့်သည်နေသကဲ့သို့ ကတိတော်နှင့်စပ်ဆိုင်သောပြည်၌ ယုံကြည်ခြင်းအားဖြင့် ဧည့်သည်ဖြစ်၍နေ၏။ ထိုကတိတော်ကိုအမွေခံရသော အဖော်အဖက်တည်းဟူသော ဣဇက်၊ ယာကုပ်တို့နှင့်အတူတဲ၌နေလေ၏။ အကြောင်းမူကား ဘုရားသခင်တည်ထောင်ပြုစုတော်မူသော ခိုင်ခံ့မြဲမြံသောမြို့ကို မျှော်လင့်သတည်း" (ဟေဗြဲ ၁၁း၉-၁၀)။

ဘုရားသခင်၏မိတ်ဆွေဖြစ်လိုပါသလား။ ဘုရားသခင်၏စကားကိုယုံကြည်ကြပါစို့။ "နာခံခြင်းသည် သင်ယုံကြည်ခြင်းရှိကြောင်း အကောင်းဆုံးသက်သေဖြစ်ပါ၏။ ဘုရားသခင်မိန့်တော်မူသော အမှုကိုဝမ်းမြောက်စွာပြုခြင်းသည် သင်ယုံကြည်ကြောင်း အကောင်းဆုံးသောသက်သေဖြစ်ပါသည်"။ ယုံကြည်သူ၏အသက်တာ၌ ကောင်းသောအကျင့်မြင်ရသောအခါ ထိုယုံကြည်ခြင်းစစ်မှန်စုံလင် ကြောင်း သိရပါ၏။ ဘုရားစေခိုင်းသောအမှုတိုင်းကို ဝမ်းမြောက်စွာဆောင်ရွက်ခြင်းဖြင့် ကျွန်တော် တို့သည် ဘုရားသခင်၏မိတ်ဆွေဖြစ်နိုင်ပါသည်။ "ယေရှုကလည်း ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်။ ငါ့ခမည်းတော်သည် ထိုသူကိုချစ်တော်မူသည်။ ငါတို့သည်လည်း သူ့ဆီသို့ကြွ၍ နေရာချမည်" (ယောဟန် ၁၄း၂၃)။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဘုရားသခင်၏မိတ်ဆွေဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏စကားနာခံလိုက်လျှောက်ခြင်းသည် ကျွန်ုပ်အသက်တာ၏ အမှတ်တံဆိပ်ဖြစ်စေတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၁၁)
**ယာကုပ် ၂း၂၄**
ရောမ ၃း၂၆-၂၈

*"ပညတ်တရား၏အကျင့်မရှိဘဲယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်တတ်သည်"*

# လူသည်မည်သို့ဖြောင့်မတ်ရာသို့ရောက်နိုင်မည်နည်း

ယာကုပ်က "လူသည်ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်သည်မဟုတ်၊ အကျင့်အားဖြင့်ရောက်သည်ကို သင်တို့သိမြင်ရကြ၏" (ယာကုပ် ၂း၂၄) ဟုဆိုခဲ့ပါသည်။ အပြစ်သားသည် မည်သို့ခွင့်လွှတ်ခြင်းခံရ၍၊ အပြစ်မရှိသောဖြောင့်မတ်သူဟု မည်သို့ကြေငြာသတ်မှတ်ခြင်းခံရကြောင်း ယာကုပ်ဆိုခြင်းဖြစ်ပါသလား။ ဖြစ်ခဲ့လျှင်၊ ဆာလံ ၁၄၃း၁-၂ ထဲ၌ ဒါဝိတ်ရေးသားသောအချက်နှင့်ဆန့်ကျင်လျက်ရှိပါ၏။ သို့ဆိုလျှင် မည်သူမှန်သနည်း။

<u>အကျင့်အားဖြင့် လူသည်ဖြောင့်မတ်ရာသို့ရောက်၏</u>၊ သမ္မာကျမ်းစာက ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်စေခြင်းကိုခံရကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း ထိုယုံကြည်ခြင်းသည် ဘယ်အမှုမျှမလုပ်နိုင်သော၊ အေးစက်သောယုံကြည်ခြင်းမဟုတ်ပါ။ ယာကုပ်အသုံးပြုသော "ဖြောင့်မတ်ရာသို့ရောက်သည်"ဟူသော စကားလုံး၏အဓိပ္ပာယ်မှာ မှန်ကန်ကြောင်း သက်သေပြခြင်းကိုဆိုလို၏။ သခင်ယေရှုကလည်း ဤစကားလုံးကို လုကာ ၁၀း၂၉ ထဲတွင် ဤသို့အသုံးပြုတော်မူခဲ့၏ - "မိမိအပြစ်မရှိဟန်ပြုလိုသောစိတ်" ထို့ကြောင့် ယာကုပ်သည် မှန်ပါ၏ - ကောင်းသောအကျင့်သည် ဖြောင့်မတ်ခြင်းသက်သေဖြစ်ပါ၏။ ကောင်းသောအကျင့်သည် စစ်မှန်သောကယ်တင်ခြင်းကို ဖြစ်ပွားစေသောယုံကြည်ခြင်း၏သက်သေဖြစ်ပါသည်။ ထို့ကြောင့် နှုတ်ဖြင့်သာ ဝန်ခံသောယုံကြည်ခြင်းသည် အသေဖြစ်၏။ ဆိုလိုသည်မှာ၊ ကောင်းသောအကျင့်ကိုမွေးဖွားပေးသောယုံကြည်ခြင်းမရှိသောသူသည် ဖြောင့်မတ်ရာသို့ရောက်သောသူ မဖြစ်ပါ။

<u>ယုံကြည်ခြင်းအားဖြင့်သာ ဖြောင့်မတ်ရာသို့ရောက်၏</u>၊ ကယ်တင်နိုင်သော၊ ကောင်းသောအကျင့်ကို ဖြစ်ပွားစေသောယုံကြည်ခြင်းအားဖြင့်သာ အပြစ်သားသည် ဖြောင့်မတ်ရာသို့ ရောက်၏။ သန့်ရှင်းတော်မူသောဘုရားသခင်ရှေ့၌ အပြစ်သားကိုအဘယ်အကျင့်ကမျှ ဖြောင့်မတ်သောသူမဖြစ်စေနိုင်ပါ။ ဖြောင့်မတ်ရာသို့ရောက်စေသောအခြေခံအကြောင်းတရားသည် ဘုရားသခင်ကျေးဇူးတော်ဖြင့် ပေးသနားတော်မူသောယုံကြည်ခြင်းသာလျှင် ဖြစ်ပါသည်။ အခြားဘယ်အရာမျှ မဟုတ်ပါ။ ထို့ကြောင့်၊ လူသည်အဘယ်အကျင့်အားဖြင့်မျှ ကယ်တင်ခြင်းမခံ၊ ဖြောင့်မတ်ရာသို့ မရောက်နိုင်ပါ (ရောမ ၁၁း၅-၆)။

ထို့ကြောင့် ယာကုပ်သည် သမ္မာကျမ်းစာကိုဆန့်ကျင်သည်မဟုတ်ပါ။ "အကျင့်အားဖြင့်ရောက်သည်"ဟု ယာကုပ်ဆိုခြင်းမှာ စစ်မှန်သောကယ်တင်ခြင်းသို့ ပို့ဆောင်သောယုံကြည်ခြင်းသည် အကျင့်ဟူသောသက်သေကိုဖြစ်ပွားစေကြောင်း ဆိုလိုခြင်းဖြစ်ပါသည်။ လူသည် သခင်ယေရှုခရစ်တော်၌ ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ကြောင်းကို သူ မငြင်းဆိုခဲ့ပါ။ ထို့ကြောင့် ယာကုပ်သည်လည်း ပေါလုနည်းတူ သန့်ရှင်းသောအသက်တာပိုင်ဆိုင်ခြင်းက ထိုသူအမှန်ခရစ်ယာန်ဖြစ်ကြောင်းကို ပြသကြောင်း၊ ဘုရားသခင်သိမှတ်တော်မူသောသူဖြစ်ကြောင်း ပြသခြင်းဖြစ်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ ဘုရားသခင်ပေးသနားတော်မူသောယုံကြည်ခြင်းက လူကိုဖြောင့်မတ်ရာသို့ ရောက်စေ၍၊ ဘုရားသခင်ရှေ့၌ဖြောင့်မတ်သောသူဖြစ်စေပါ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်အကျင့်က ကျွန်တော်ဖြောင့်မတ်သောသူဖြစ်ကြောင်း သက်သေပြပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် စုံလင်၍မမှားနိုင်သော၊ အမှားကင်းစင်သော သမ္မာကျမ်းစာကို ပေးတော်မူသောကြောင့် ကျေးဇူးတင်ပါ၏။

စနေ၊ နိုဝင်ဘာ (၁၂)
**ယာကုပ် ၂း၂၅**
ယောရှု ၂း၈-၁၁

*“ထာဝရဘုရားသည် သင်တို့အားဤပြည်ကို ပေးတော်မူကြောင်း. . . ကျွန်မသိပါ၏”*

# အကျင့်သည်သက်သေဖြစ်၏

ယောရှုမှတ်စာထဲတွင် ရာခပ်သည်ကြွသရေလဘုရားသခင်အား သစ္စာရှိတော်မူသော ထာဝရဘုရားဖြစ်ကြောင်းကို သိမှတ်ကြောင်းဖော်ပြခဲ့ပါသည်။ သူသည် ဘုရားသခင်ကိုယုံကြည်ကိုး စားခဲ့ပါသည် - “အကြောင်းမူကား၊ သင်တို့၏ဘုရားသခင်ထာဝရဘုရားသည် အထက်ကောင်းကင် ဘုံ၌၎င်း၊ အောက်အရပ်မြေကြီး၌၎င်း အစိုးရသောဘုရားသခင်ဖြစ်တော်မူ၏” (ယောရှု ၂း၁၁)။ ထို့ကြောင့် သူသည် တမန်တို့ကိုလွှတ်ခဲ့ခြင်းဖြစ်ပါသည်။ ပေါလုက ဤသို့ရှင်းပြခဲ့ပါသည် - “ပြည့် တန်ဆာရာခပ်သည် သူလျှိုတို့ကိုအဆွေဖွဲ့၍လက်ခံသောကြောင့် မယုံကြည်သောသူတို့နှင့်အတူ မပျက်စီးဘဲ ယုံကြည်ခြင်းအားဖြင့် ချမ်းသာရ၏” (ဟေဗြဲ ၁၁း၃၁)။

<u>ယုံကြည်သူအသက်တာ၌ပေါ်လွင်သောအကျင့်၊</u> ယာကုပ်သည်ရာခပ်၏ယုံကြည်ခြင်း တရားကို သက်သေခံခဲ့ပါသည် (ယာကုပ် ၂း၂၅)။ ဣသရေလလူတို့ထံ ဘုရားသခင်ထားတော်မူသော ဂတိတော်ကိုရာခပ်သည်ယုံကြည်ဝန်ခံခဲ့ပါသည်။ ဣသရေလလူတို့သည် အောင်နိုင်ခြင်းရပြီးသကဲ့သို့ သူသည် မိမိမိသားစုအတွက် ခွင့်လွှတ်ခြင်းကို တောင်းလျှောက်ခဲ့ပါသည်။ သူသည် လူကိုမကြောက် ဘဲ ဘုရားသခင်ကိုသာ ကြောက်ရွံ့ခဲ့ပါသည်။ “သူမ၏ယုံကြည်ခြင်းသက်သေမှာ မိမိ၏အသက်ကိုပင် မငဲ့ဘဲ သူလျှိုတို့ကိုလက်ခံခဲ့ခြင်းဖြစ်ပါသည်။ ထိုယုံကြည်ခြင်းအားဖြင့် သူမ၏မြို့ပျက်စီးခြင်း၌ သူသည်လွတ်မြောက်ခဲ့ပါသည်” (Calvin)။

<u>ယုံကြည်သူမျှော်လင့်ခြင်း၌ပေါ်လွင်သောအကျင့်၊</u> ရာခပ်သည် သူမပိုင်ဆိုင်သော စစ်မှန်သည့်ယုံကြည်ခြင်းကြောင့် ဖြောင့်မတ်သောသူဟု သတ်မှတ်ခြင်းခံရ၏။ ထိုယုံကြည်ခြင်းသက် သေကိုလည်း ပြသခဲ့ပါသည်။ သူမ၏ယုံကြည်ခြင်းသည် ဘုရားသခင်၏အလိုတော်နာခံလိုက်လျှောက် ခြင်းကို ဖြစ်ပေါ်စေခဲ့၏။ သူမ၏ဖြောင့်မတ်ခြင်းကို ဘုရားသခင်စကားနာခံခြင်းဖြင့် ပြသပေါ်လွင် စေခဲ့ပါသည်၊ နှုတ်အားဖြင့် သက်သက်ဆိုခြင်းမဟုတ်ပါ။ ဘုရားသခင်အထံတော်၌ မိမိကိုယ်ကို လုံးဝဆက်ကပ်အပ်နှံခဲ့ပါသည်။ အဘယ်ပေးဆပ်မှုဘဲ ပေးရပေးရ၊ ဘုရားသခင်ထံ မိမိကိုယ်ကို အပ်နှံခဲ့ပါ၏။

ရာခပ်သည် ကယ်တင်ခြင်းဩဝါဒအကြောင်း မသိခဲ့သော်လည်း (ယုံကြည်ခြင်းဖြင့် ရရှိ ခဲ့သော) စစ်မှန်သောကယ်တင်ခြင်းကို မိမိပြုသောအကျင့်အားဖြင့် သက်သေပြခဲ့ပါသည်။ သူမသည် ယုံကြည်ခြင်း၌ ငယ်ရွယ်သော်လည်း သူပြုသောအမှုက သူမ၏ကြီးမြတ်သောယုံကြည်ခြင်းကို ပြသ လျက်ရှိ၏။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်ရှေ့မှောက်၌ ဖြောင့်မတ်သောသူအမှန်ဖြစ်ကြောင်း သက်သေပြသောအကျင့်ကို ဖြစ်ပွားစေသည့်ကယ်တင်ခြင်းသို့ ပို့ဆောင်သောယုံကြည်ခြင်း သင်၌ရှိ ပါသလား။

**ဆင်ခြင်ရန်** - ကျွန်တော်အမှန်ကယ်တင်ခြင်းခံရသောသူဖြစ်ကြောင်း၊ အကျွန်ုပ်ယုံကြည်ခြင်း သည် စစ်မှန်သောယုံကြည်ခြင်းဖြစ်ကြောင်း သက်သေဖြစ်သော ကောင်းသော အကျင့်ကျွန်ုပ်၌ရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ပေးသနားတော်မူသော ကယ်တင်ခြင်းနှင့်ယှဉ်သော ယုံကြည်ခြင်းသက်သေဖြစ်သော နှုတ်ကပတ်တော်နာခံလိုက်လျှောက်ခြင်းရှိမည် အကြောင်း မစတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၁၃)
**ယာကုပ် ၂း၂၆**
မဿဲ ၃း၇-၉

*"နောင်တရခြင်းနှင့်ထိုက်တန်သောအကျင့်ကိုကျင့်ကြလော့"*

# ယုံကြည်ခြင်းအသေနှင့်အကျင့်အသေ

ဘယ်သူမှ မှားယွင်းသောကယ်တင်ခြင်းမလိုချင်သကဲ့သို့ ယုံကြည်ခြင်းအသေကိုလည်း မလိုချင်ကြပါ။ သို့ဆိုလျှင် များစွာသောလူတို့သည် အဘယ့်ကြောင့် အကျင့်ဖြင့် သက်သေမပြသော ယုံကြည်ခြင်းကိုရွေးချယ်ခဲ့ကြပါသနည်း။ ဒုတိယမွေးဖွားခြင်းသက်သေမပြဘဲ အမည်ခံခရစ်ယာန်အဖြစ် အဘယ့်ကြောင့်နေနေကြပါသနည်း။ သူတို့သည် "ငါ့စကားကိုနားမထောင်ဘဲလျက်၊ ငါ့ကို သခင်၊ သခင်ဟုအဘယ့်ကြောင့်ခေါ်ကြသနည်း" (လုကာ ၆း၄၆) ဟု သခင်ယေရှု၏မေးခွန်းထုတ်ခြင်း ခံရကြပါလိမ့်မည်။

<u>ဝိညာဉ်မရှိသောခန္ဓာကိုယ်ကဲ့သို့ဖြစ်ပါ၏၊</u> ယာကုပ်က "ဝိညာဉ်နှင့်ကင်းသောကိုယ် သည် အသေဖြစ်သကဲ့သို့" (ယာကုပ် ၂း၂၆)ဟု ယုံကြည်ခြင်းအကြောင်း ဖော်ပြချက်ကို နိဂုံးချုပ်ခဲ့ ပါသည်။ ခွဲ၍မရသောအရာနှစ်ခုဖြစ်သော ခန္ဓာကိုယ်နှင့်အသက်ဝိညာဉ်ပေါင်းစပ်ထားသော သက်ရှိ နှင့် ယုံကြည်ခြင်းကိုခိုင်းနှိုင်းထားပါသည်။ ယုံကြည်ခြင်းရှိသည်ဟု ဆိုသောသူတို့၌အကျင့်မရှိခြင်း အကြောင်းကို အသက်ဝိညာဉ်မရှိသော ခန္ဓာကိုယ်နှင့်ခိုင်းနှိုင်းထားပါသည်။ ထို့ကြောင့် ယုံကြည်ခြင်း ရှိသည်ဟု ဝန်ခံလျက် အကျင့်မရှိသောသူတို့သည် ယုံကြည်ခြင်းအသေကိုပိုင်ဆိုင်သည်ဖြစ်၍ အသက်မရှိသောခန္ဓာကိုယ်ကဲ့သို့ဖြစ်ကြပါသည်။ ယုံကြည်ခြင်းရှိသည်ဟု ဆိုလျက် ဘုရားသခင်၏ စကားနာခံခြင်းမရှိသောသူသည် အသေဖြစ်ပါသည်။ စစ်မှန်သောယုံကြည်ခြင်းလုံးဝမဟုတ်ပါ။ ကယ်တင်ခြင်းစိတ်ချမှုလည်းမရှိပါ။

<u>ယုံကြည်ခြင်းကင်းသောအကျင့်၊</u> ယုံကြည်ခြင်းမပါသောအကျင့်သည်လည်း အသေဖြစ်ကြောင်း သိမှတ်ကြပါစို့။ ယုံကြည်ခြင်းမပါသောအကျင့်၊ ဘုရားသခင်ထံပူဇော်သောအရာတိုင်းသည် အချည်းနှီးဖြစ်ကြပါသည်။ ရောမန်ကာသိုလိပ်တို့က သင်၏ယုံကြည်ခြင်း၌ အကျင့်ပေါင်းထည့်ရပါမည်၊ သို့မှသာ ကယ်တင်ခြင်းရမည်ဟုဆိုကြ၏။ ဤသည်လည်း အသေဖြစ်ပါ၏။ ထိုသူသည် ငရဲနှင့်ငရဲမီးပင်လယ်သို့သာ သွားရမည်ဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ လူသည် ဘုရားသခင်ရှေ့၌မည်သို့ဖြောင့်မတ်သောသူဖြစ်နိုင်မည်နည်း၊ ယုံကြည်ခြင်းအားဖြင့်လော၊ အကျင့်အားဖြင့်လော ဟူသောအကြောင်းကို ကျွန်တော်တို့ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ ကျွန်တော်တို့သည် ကျေးဇူးတော်ကြောင့် ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်ကြောင်း သိမှတ်ကြပါပြီ။ ဤစစ်မှန်သောကယ်တင်ခြင်းက ယုံကြည်သူ၏အသက်တာ၌ ကောင်းသောအကျင့်ကို မွေးဖွားစေပါလိမ့်မည်။ ဤသည်ကား အသက်ရှင်သောယုံကြည်ခြင်းဖြစ်ပါသည်။ အကျင့်ကိုမွေးဖွားမပေးသော "အထီးကျန်သောယုံကြည်ခြင်း" သည် မှားယွင်းသောယုံကြည်ခြင်း၊ ယုံကြည်ခြင်းအသေဖြစ်ပါသည်။ ကယ်တင်ခြင်းခံရသည်ဟုဆိုလျက် ဘုရားသခင်၏နှုတ်ကပတ်တော်အတိုင်း အသက်မရှင်သောသူတို့၏လှည့်ဖြားခြင်းမခံပါနှင့်။

**ဆင်ခြင်ရန်** - အသက်ရှင်သော၊ စစ်မှန်သောယုံကြည်ခြင်းကို ကျွန်တော်နားလည်သဘောပေါက်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ နှုတ်ကပတ်တရား၌ တွေ့ရသောကိုယ်တော်၏သွန်သင်ချက်တို့ကို နာခံလိုက်လျှောက်မည်အကြောင်း နှိမ့်ချသောစိတ်အကျွန်ုပ်ကို ပေးသနားတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၁၄)
**ယာကုပ် ၃း၁-၂**
ရောမ ၂း၂၁-၂၃ *"သူတပါးကိုဆုံးမလျက်ပင် ကိုယ်ကိုမဆုံးမသလော"*

# အများသောဆရာမဖြစ်ကြနှင့်

"ငါ့ညီအစ်ကိုတို့" (ယာကုပ် ၃း၁)ဟု ယာကုပ်ဆိုခြင်းမှာ ခရစ်တော်၌ယုံကြည်သူတို့ကို ရည်ညွှန်းခြင်းဖြစ်ပါသည်။ အထူးသဖြင့် သင်ပေးသောဆရာများကို ရည်ညွှန်းပါ၏။ ယာကုပ်က ထိုသူတို့အား မိမိတို့၏အလိုဆန္ဒအတိုင်းမဟုတ်ဘဲ၊ ဘုရားသခင်၏အလိုတော်နှင့်အညီ သွန်သင်လိုသောဆန္ဒရှိကြဖို့ လိုအပ်ကြောင်းအသိပေးခဲ့ပါသည်။ "ဆရာ" (ယာကုပ် ၃း၁)ဟူသည် အသင်းတော်၌ သွန်သင်ပေးသောသူများသာမက၊ သူတပါးအပေါ် စီရင်ခြင်းပြုသောသူများလည်း ပါဝင်ကြောင်း Calvin ယုံကြည်ခဲ့ပါသည်။ ထိုသို့ သူတပါးကိုစီရင်သောသူသည် တာဝန်ခံမှုရှိကြရပါမည်။

<u>သာ၍ကျပ်တည်းသောစီရင်ခြင်း</u>၊ ယာကုပ်သည် လူတို့အားဆရာမဖြစ်လိုခြင်းငှါ အားလျော့စေခြင်းမဟုတ်ပါ။ ဘုရားသခင်ခေါ်ခြင်းခံရသောသူသည် ထိုအမှုကိုအကောင်းဆုံးဆောင်ရွက်ရပါမည်။ ယာကုပ်၏ရည်ရွယ်ချက်မှာ သမ္မာတရားကိုမှန်ကန်စွာမသွန်သင်သောသူတို့အား သတိပေးခြင်းဖြစ်ပါသည်။ မှားယွင်းစွာသွန်သင်ပေးသောသူသည် ပို၍စီရင်ခြင်းခံရမည်အကြောင်း သတိပေးခြင်းဖြစ်၏။ ထို့ကြောင့် ဤကြီးမားသောတာဝန်ဝတ္တရားကို ကောင်းကောင်းမသိဘဲ အဘယ်ယုံကြည်သူမျှ ဆရာမလုပ်ကြရန် သတိပေးခြင်းဖြစ်ပါသည်။

<u>များသောအားဖြင့်မှားတတ်ကြ၏</u>၊ "မှား" (ယာကုပ် ၃း၂) ဟူသောစကားလုံး၏မူလ အဓိပ္ပာယ်သည် သူတပါးကိုလဲကျစေခြင်းဖြစ်ပါသည်။ ဘုရားသခင်၏အလိုတော်အတိုင်း မပြုခြင်း၊ ဘုရားသခင်အပေါ်၌ အပြစ်ပြုခြင်းလည်း ရည်ညွှန်းပါသည်။ "စုံလင်သောသူ" ဆိုသည်မှာ အဓိပ္ပာယ်နှစ်မျိုးရှိနိုင်ပါသည် - တကယ်စုံလင်ခြင်းနှင့်ရင့်ကျက်ခြင်းတို့ဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌ ရင့်ကျက်ခြင်းကိုဆိုလိုပါ၏။ "ချုပ်တည်း" ဆိုသည်မှာ တစုံတခုကိုထိန်းချုပ်ခြင်းဖြစ်ပါ၏ (မိမိကိုယ်ကို ထိန်းချုပ်ခြင်းဖြစ်ပါသည်)။ ထို့ကြောင့် ယာကုပ်သည် ဆရာတို့အားမိမိတို့နှုတ်ကို သတိထားကြရမည်အကြောင်း၊ မှားယွင်းသောသွန်သင်ခြင်းကို မသင်ပေးရမည်အကြောင်း သတိပေးခြင်းဖြစ်ပါသည်။

ချစ်သောစာဖတ်သူ၊ သူတပါးကိုသွန်သင်ပေးခြင်းငှါ ကျွန်တော်တို့၌တာဝန်ရှိသော်လည်း ကျွန်ုပ်တို့၏သွန်သင်ချက်၊ ဟောပြောချက်တို့ကို သတိထားကြရပါမည်။ တစုံတယောက်ထံ မှားယွင်းပြောဆိုခြင်းသည် ဆိုးယုတ်သော်လည်း၊ အများပြည်သူထံ မှားယွင်းသွန်သင်ခြင်းသည် အလွန်ဆိုးရွားလှပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်"ဆရာ"ဖြစ်လိုပါသလား။ အဘယ့်ကြောင့်နည်း။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ပြုစေလိုသောအမှုကိုသာ ကျွန်တော်ပြုလိုပါ၏။

**ယာကုပ် ၃း၃**

ဆာလံ ၃၂း၇-၉ *"ဥာဏ်ပညာမဲ့သောမြင်းလားကဲ့သို့မဖြစ်နှင့်"*

# မြင်းအတွက်ဇက်ကြိုး

"ဇက်ခွံ" ဆိုသည်မှာ အဘယ်နည်း။ မြင်းပါးစပ်၌ တပ်ထားသောအရာ၊ ဇက်ကြိုးနှင့်ဆက်ထားသောအရာဖြစ်ပါသည်။ ထိုသို့ဖြင့် မြင်းပါးစပ်၌ ဇက်ခွံကိုတပ်၍ ဇက်ကြိုးဖြင့်လိုရာဆွဲ၍ မောင်းနှင်တတ်ကြ၏။ သေးငယ်သော်လည်း စီးသောသူက မြင်းကိုထိုဇက်ကြိုးဖြင့် ထိန်းချုပ်ခဲ့ပါသည်။

<u>နိုင်ခြင်းငှါ</u>၊ သေးငယ်သောအရာဖြင့် ပို၍ကြီးမားသောအရာကို ချုပ်ထိန်းခြင်းငှါဟူ၍ အဓိပ္ပါယ်ရပါ၏။ ယာကုပ် ၃း၅ ထဲတွင်၊ ခန္ဓာကိုယ်တစ်ခုလုံးကို လွှမ်းမိုးနိုင်သောသေးငယ်သည့် လျှာအကြောင်းကို ဖော်ပြထားပါသည်။ ဤဩဝါဒစာကိုဖတ်သောသူတို့သည် စိုက်ပျိုးရေး၌အသုံးပြုသောမြင်းကိုရင်းရင်းနှီးနှီးသိကျွမ်းသောသူဖြစ်ကြ၏။ ဤမြင်းတို့ကိုနိုင်အောင်ထိန်းချုပ်မောင်းနှင်ခြင်းငှါ ပိုင်ရှင်တို့သည် ကြိုးစား၍သွန်သင်လေ့ကျင့်စေကြပါ၏။ ထိုသို့ပြုရာတွင် ဇက်ခွံနှင့်ဇက်ကြိုးကို အသုံးပြုကြ၏။ ထိုသေးငယ်သောအရာဖြင့် ကြမ်းတမ်းသောတိရစ္ဆာန်တို့ကို ထိန်းချုပ်နိုင်ခဲ့ကြပါ၏။

<u>လှည့်စေတတ်၏</u>၊ ထိန်းချုပ်၍မရသောမြင်းသည် စီးသောသူကိုခါချနိုင်သလို၊ စီးသောသူနှင့်အတူ အဝေးကိုထွက်ပေးနိုင်ပါ၏။ ထိုနည်းတူ၊ မိမိနှုတ်ကို မချုပ်တည်းသောသူသည် အခက်အခဲကြုံတွေ့နိုင်ပါသည်။ မြင်းကဲ့သို့ လူသည်လည်း မိုက်မဲသောသူဖြစ်နိုင်ပါသည်။ ထိုမိုက်မဲမှုကို လျှာက ဖော်ထုတ်တတ်ပါသည်။ မြင်းကိုဇက်ကြိုးဖြင့် ထိန်းချုပ်နိုင်သကဲ့သို့၊ လူ၏လျှာကိုထိန်းချုပ်ဖို့လိုအပ်ပါသည် (ဆာလံ ၃၉း၁)။

ကျွန်ုပ်တို့၏လျှာကို ဘုရားသခင်ထိန်းချုပ်တော်မူသောအခါ ကျွန်တော်တို့သည် မိမိဆန္ဒအလျောက် အမှုမပြုတော့ဘဲ၊ ဘုရားသခင်အလိုတော်နှင့်အညီ ပြောဆိုတတ်လာ၏။ သခင်ယေရှုခရစ်တော်၏ကျေးဇူးတော်နှင့်ဂုဏ်ရှိတော်မှအပ အခြားသောအရာကို ကျွန်ုပ်တို့လျှာသည် မပြောမည်အကြောင်း သတိပြုကြရပါမည်။

ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့သတိပြုကြပါစို့။ ဘုရားသခင်၏ကျေးဇူးတော်ကြောင့်၊ ကျွန်ုပ်တို့၏လျှာကို ချုပ်တည်း၍ ဘုရားသခင်ထိန်းချုပ်ပါစေသော်၊ မြင်းဇက်ခွံနှင့်ဇက်ကြိုးသည် မြင်းရိုင်းကိုထိန်းချုပ်သကဲ့သို့၊ ကျွန်ုပ်တို့၏နှုတ်လျှာကို ထိန်းချုပ်ကြပါစို့။ သို့ဆိုလျှင် ပြုသောအမှုနှင့် အကျင့်အပေါင်းသည် လွယ်ကူစွာထိန်းချုပ်စောင့်ရှောက်ခြင်းခံရမည်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်လျှာကို ဘုရားသခင်ထိန်းချုပ်ခြင်းငှါ ကျွန်တော်ခွင့်ပြုပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ စကားပြောမည့်အချိန်တိုင်း၌ ကျွန်တော်သည်သတိပြုမည်အကြောင်း မစတော်မူပါ။ အိုဘုရားသခင်၊ ကျွန်ုပ်လျှာကို ထိန်းချုပ်တော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၁၆)
**ယာကုပ် ၃း၄**
သုတ္တံ ၂၁း၁ *"အလိုတော်ရှိသည်အတိုင်း လှည့်စေတော်မူပါ"*

# သင်္ဘောအတွက်တက်မ

ယာကုပ်က သင်္ဘောကို အသုံးပြု၍ထပ်မံရှင်းပြခဲ့ပါသည်။ သင်္ဘောသည် ကိုယ်ထည်ကြီးမားလှပါ၏။ ပေါလုအချိန်၌ သင်္ဘော၏အရွယ်အစားသည် လူအယောက် ၂၇၆ (တမန် ၂၇း၃၇) ဦး တင်ဆောင်နိုင်ပြီး၊ ကုန်ပစ္စည်းပါသေး၏။ ထိုသို့ကြီးမားသော သင်္ဘောတို့ကို မုန်တိုင်းကြား၌ပင် သေးငယ်သော တက်မဖြင့် မောင်းနှင်ထိန်းကျောင်းထားပါသည်။ တက်မသည်သင်္ဘောအား မိမိသွားလိုရာလမ်းကြောင်းသို့ သွားစေခြင်းငှါ မောင်းနှင့်အသုံးပြုသော သေးငယ်သည့် လက်ကိုင်ဖြစ်ပါသည်။ ထိုသေးငယ်သောတက်မဖြင့် ကြီးမားသောသင်္ဘောကိုလိုရာမောင်းနှင်ခဲ့ကြ၏။

<u>လှည့်စေ၏၊</u> ယာကုပ်ခေတ်လူတို့သည် ကြီးမားသောသင်္ဘောနှင့် ရင်းနှီးခြင်းရှိကြ၏။ သင်္ဘောသည် ထိန်းချုပ်၍မရသောအရာကဲ့သို့ ကြီးမားလှပါ၏။ သို့သော်လည်း တက်မဖြင့် ထိုသင်္ဘောတို့ကို ထိန်းကျောင်းမောင်းနှင်ခဲ့ကြ၏။ တက်မနှင့်ဆက်သော ရေအောက်ရှိ အတက်သည် သင်္ဘောကိုယ်ထည်၏ ၂% ရှိသော်လည်း သင်္ဘောကိုထိန်းချုပ်နိုင်ခဲ့သည်။ ထိုရေအောက်၊ သင်္ဘောအောက် နောက်ဖက်၌ရှိသော အတက်ကလေးက သင်္ဘောကိုယ်ထည်တစ်ခုလုံးကို လှည့်စေခဲ့ပါသည်။ ထိုအတက် (rudder) သည် သေးငယ်သော်လည်း အားကြီးလှပါသည်။

<u>မောင်းနှင်၏၊</u> မလိန်းမှူးက ထိုတက်မအားဖြင့် သင်္ဘောကို လိုရာအရပ်သို့ မောင်းနှင်ခဲ့ပါသည်။ ထိုကြီးမားသောကိုယ်ထည်ရှိသည့် သင်္ဘောပင်လျှင် ထိုတက်မအားဖြင့် ထိန်းကျောင်းမောင်းနှင်သော မလိန်းမှူး၏ မောင်းနှင်ခြင်းနောက်သို့ လိုက်ပါတတ်၏။ သင်္ဘောအတွက် တက်မ၏အရေးပါမှုကိုတွေ့ရပါသည်။ ထိုသင်္ဘောကြီးသည် သေးငယ်သော တက်မ၏မောင်းနှင်သည့်အရပ်သို့ လိုက်ပါတတ်၏။ မိမိသွားလိုရာမသွားနိုင်ပါ။

မုန်တိုင်းကြား၌ပင် ထိုတက်မအားဖြင့် သင်္ဘောကိုထိန်းချုပ်၍ မောင်းနှင်တတ်ကြသည်နည်းတူ၊ လူ့လျှာသည် ခန္ဓာကိုယ်ကို ထိန်းချုပ်နိုင်ပါသည်။ ထိုသေးသောလျှာက ကောင်းသောအခြေအနေကို ဆိုးသောအခြေအနေသို့ ပြောင်းလဲစေနိုင်ပါသည်။ ချစ်ခြင်းကိုမုန်းတီးခြင်းသို့ ပြောင်းလဲစေနိုင်၏။ ဤသေးငယ်သော ကျွန်ုပ်တို့၏လျှာသည် ကျွန်ုပ်တို့နှင့် သူတပါးအသက်တာ၌ ကြီးမားသောပျက်စီးခြင်းကို ရောက်စေနိုင်သောကြောင့် လျှာကိုထိန်းချုပ်စောင့်စည်းကြဖို့ လိုအပ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်လျှာကို ကျွန်တော်ထိန်းချုပ်နိုင်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နှုတ်သည် မုသာကိုမပြောဘဲနေ၍ ကိုယ်တော်၏ဘုန်းတော်ကို ချီးမွမ်းမည်အကြောင်း ကျွန်ုပ်လျှာကို ထိန်းချုပ်ပေးတော်မူပါ။

ကြာသပတေး၊ နိုဝင်ဘာ (၁၇)
**ယာကုပ် ၃း၅**
သုတ္တံ ၁၈း၂၁

*"လျှာသည်အသက်သေခြင်းနှင့်
ရှင်ခြင်းကို အစိုးရ၏"*

# လျှာ၏တန်ခိုးကိုအထင်မသေးပါနှင့်

လျှာသည်ကားအဘယ်နည်း။ လျှာသည်စကားပြောခြင်းနှင့် အရသာခံခြင်း၌ အသုံးပြုသော အင်္ဂါဖြစ်ပါသည်။ သမ္မာကျမ်းစာထဲတွင် လျှာကိုစကားပြောခြင်း ရည်ညွှန်းလျက် ဖော်ပြအသုံးပြုတတ်ပါသည်။ ထို့ကြောင့် အရသာခံခြင်း၌ အသုံးပြုခြင်းက လူကိုမပျက်စီးစေဘဲ၊ စကားပြောခြင်း၌ အသုံးပြုသောအခါ၌ လူကိုထိခိုက်စေကြောင်း သေချာလှပါ၏။ ယာကုပ်ကလျှာသည် ခန္ဓာကိုယ်၏ သေးငယ်သော အင်္ဂါဖြစ်သော်လည်း အလွန်ဝါကြွားတတ်၏ဟု ဖော်ပြခဲ့ပါသည်။ ထိုလျှာကို ယာကုပ်က ကြီးမားကျယ်ပြန့်သော တောသစ်ပင်ကို ဖျက်ဆီးလောင်ကျွမ်းစေသော အိမ်နှင့်လူတို့၏အသက်ကို ဖျက်ဆီးသော မီးနှင့်ခိုင်းနှိုင်းထားပါသည်။

<u>အလွန်ဝါကြွားတတ်၏</u>၊ လျှာသည် မိမိကိုယ်ကို လွန်ကျူးစွာဝါကြွားတတ်ပြီး၊ မိမိပြုသောအမှုနှင့်ပြုနိုင်သောအရာကို ချီးမွမ်း၍ တံပိုးမှုတ်သကဲ့သို့ ကြွေးကြော်တတ်၏။ မိမိ၏ တန်ခိုးအစွမ်းကို ဝါကြွားတတ်၏။ ထိုအခါ အသက်တာ၌ဘုရားသခင်ပြုတော်မူသောအမှုကို လျှာက ငြင်းပယ်တတ်၏။ မိမိကိုယ်ကို အထင်ကြီးဝါကြွားတတ်၏။ သူတပါးနှင့်ပြောဆိုဆက်ဆံသောကြောင့် သူပြောသောစကားတို့သည် ကြားနာသောသူတို့အတွက် အဆိပ်အတောက်ဖြစ်ကြပါ၏။

<u>ကျွမ်းလောင်စေတတ်၏</u>၊ ယာကုပ်က လျှာ၏အစွမ်းကို မီးနှင့်ခိုင်းနှိုင်းထားပါသည်။ မီးပွားလေးတစ်ခုက ကြီးမားသောတောကြီးကို လောင်ကျွမ်းစေနိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ခြစ်ထားသော မီးခြစ်ဆံကို နွေရာသီ၊ ပူအိုက်သောရာသီ၌ တောအုပ်ထဲသို့ လွှင့်ပစ်လျှင် ဘာဖြစ်လာမည်ကို ကျွန်ုပ်တို့သိကြပါ၏။ ထိုသေးငယ်သောအရာက ကြီးမားသောဆိုးကျိုးကို ဖြစ်စေပါလိမ့်မည်။ ထိုနည်းတူ ထိုသေးငယ်သောလျှာသည် ကြီးမားသော ဒုက္ခကို ဖန်တီးတတ်၏။ ထို့ကြောင့် မုန်းတီးသောစကား၊ မှားယွင်းသောစကား၊ အတင်းပြောသောစကားနှင့် သတိမထားဘဲ ပြောသောစကားတို့၏ ဖျက်ဆီးတတ်သောအစွမ်းကို ကျွန်တော်တို့သတိပြုကြခြင်းငှါ ရည်ရွယ်ခြင်းဖြစ်ပါသည်။

"သုံးလက်မသာရှည်လျားသောလျှာက ခြောက်ပေမြင့်သောလူကို အသေသတ်နိုင်၏" ဟူသော ဆိုရိုးစကားရှိပါသည်။ ချစ်သောစာဖတ်သူ၊ မြင်း၌ ဇက်ကြိုးရှိသကဲ့သို့ သင်္ဘော၌ တက်မရှိသကဲ့သို့၊ ကျွန်ုပ်တို့၏ လျှာကို ကြိုးစားထိန်းချုပ်ကြပါစို့။ ကလေးငယ်များက "သေးငယ်သောလျှာ၊ မိမိပြောစကားကို သတိပြုလော့" ဟု သီချင်းဆိုကြသကဲ့သို့ ကျွန်ုပ်တို့သတိထားကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်လျှာသည် မီးဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်နှစ်သက်သောစကား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေသောစကားကိုသာ ပြောမည်အကြောင်း ကျွန်ုပ်၏လျှာကို ထိန်းချုပ်ပေးတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၁၈)
**ယာကုပ် ၃း၆**
မသဲ ၁၅း၁၈

*"ခံတွင်းမှထွက်သောအရာမူကား . . . လူကို ညစ်ညူးစေသောအရာဖြစ်၏"*

# လျှာသည် ဒုစရိုက်၏လောကဓာတ်ဖြစ်၏

ယာကုပ်က "လျှာသည်မီးဖြစ်၏၊ ဒုစရိုက်၏လောကဓာတ်လည်းဖြစ်၏" (ယာကုပ် ၃း၆) ဟု ဆိုခဲ့ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့လျှာသည် ကျွန်ုပ်တို့ခန္ဓာကိုယ်တစ်ခုလုံးကို ညစ်ညူးစေနိုင်ပါသည်။ ထို့ပြင် ခေတ်အဆက်ဆက်လူတို့ကို လောင်ကျွမ်းစေနိုင်ပြီး၊ ငရဲမီးသို့ ပို့ဆောင်နိုင်ပါ၏။ အလွန်ဆိုးယုတ်သောလျှာပင်မဟုတ်ပါလော။ "ယေရှုက သင်တို့သည် ယခုတိုင်အောင် ပညာမဲ့လျက်နေသေးသလော။ ခံတွင်းသို့ဝင်သမျှသည် ဝမ်းထဲသို့ဆင်း၍ ရေအိမ်တွင် စွန့်ပစ်သည်ကို နားမလည်ကြသေးသလော။ ခံတွင်းမှ ထွက်သောအရာမူကား၊ နှလုံးထဲက ထွက်လာ၍ လူကိုညစ်ညူးစေသောအရာဖြစ်၏" (မသဲ ၁၅း၁၆-၁၈)။

<u>တကိုယ်လုံးကိုညစ်ညူးစေ၏၊</u> ယာကုပ်က လျှာကိုထိန်းချုပ်မထားလျှင် ကြီးစွာသောမကောင်းမှုများ ပြုနိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ ထို့ကြောင့်လျှာသည် ကောင်းသောအရာများစွာပြုနိုင်သလို၊ မကောင်းသောအရာများစွာပြုနိုင်ပါ၏။ ယာကုပ်က လျှာသည်ဒုစရိုက်၏ လောကဓာတ်ဖြစ်၏ဟုဆိုခြင်းမှာ ဤလျှာက လူတစ်ဦး၏အသက်တာကို လုံးဝပျက်စီးညစ်ညူးစေနိုင်ကြောင်း ဖော်ပြခြင်းဖြစ်ပါသည်။ လျှာသည်ဒုစရိုက်အပြစ်၊ ညစ်ညူးခြင်းနှင့် ပြည့်လျက်ရှိကြောင်း ရှင်းပြခဲ့ပါသည်။ လျှာက ညစ်ညူးသောစိတ်ဒေါသကို ဆွ၍ပြဿနာဖြစ်ပွားစေပါသည်။ ထိုလျှာကပင် လူ၏စိတ်ကို နာစေတတ်၏။ ဤသေးငယ်သောလျှာက လူကိုအပြစ်ဒုစရိုက်ထဲသို့ ကျရောက်စေတတ်၏။

<u>ဇာတိစက်ကိုလည်း ရှို့တတ်၏၊</u> ယာကုပ်က လျှာသည် "ဇာတိစက်ကိုလည်း ရှို့တတ်၏" ဟုဖော်ပြထားပါသည်။ များစွာသောအရာကို ဖျက်ဆီးသည့် မီးကဲ့သို့ဖြစ်ပါသည်။ ထို့ကြောင့် ဤသေးငယ်သော အင်္ဂါသည် ညီအစ်ကိုတို့အပေါ် ကြီးမားသော ပျက်စီးခြင်းကို ပြုနိုင်ပြီး၊ ဘုရားသခင်၏နာမတော်ကိုလည်း ညစ်ညူးစေတတ်၏။ ပြောသောနှုတ်စကားကြောင့် လူ့အဖွဲ့အစည်းတစ်ခုလုံးပင် ရှုပ်ထွေးပြဿနာဖြစ်နိုင်ပါသည်။ မှားယွင်းသောစကား၊ မှားယွင်းသောစွပ်စွဲချက်ကြောင့် လူတို့သည် ဖရိုဖရဲဖြစ်၍ အကုန်လုံးပြဿနာတက်နိုင်ပါသည်။ ဤလျှာက ဖြစ်ပွားစေသော ပြဿနာနှင့် ကင်းလွတ်သောလူဟူ၍မရှိနိုင်ပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်လျှာသည် "ဒုစရိုက်၏ လောကဓာတ်" ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ သူတပါးနှင့် မိမိကိုယ်ကို ညစ်ညူးခြင်းမပြုခြင်းငှါ ကျွန်ုပ်၏လျှာကို ထိန်းချုပ်နိုင်ခြင်းငှါ မစတော်မူပါ။

စနေ၊ နိုဝင်ဘာ (၁၉)
**ယာကုပ် ၃း၇-၈**
ရောမ ၃း၁၃-၁၄

*"သူတို့သည်လျှာနှင့်လှည့်စားတတ်ကြ၏"*

## မဆုံးမနိုင်သောလျှာ

ယာကုပ်က တိရစ္ဆာန်အပေါင်း သားရဲ၊ ငှက်နှင့် ရေနေသတ္တဝါတို့သည် လူတို့၏ ယဉ်ပါးအောင်ထိန်းကျောင်းခြင်းကို ခံရနိုင်ကြောင်း ဖော်ပြခဲ့ပါသည်။ သို့သော်လည်း လျှာမူကား လူက ယဉ်ပါးအောင် ဆုံးမထိန်းကျောင်း၍မရကြောင်း ဆိုခဲ့ပါသည်။ ဆိုးညစ်သောအရာဖြစ်၍ "သေစေတတ်သော အဆိပ်အတောက်နှင့်ပြည့်စုံ၏" (ယာကုပ် ၃း၈)။ ယာကုပ်က လွန်ကျူးစွာဖော်ပြသည်ဟု ထင်မှတ်နိုင်သော်လည်း အမှန်မှာ ဘုရားသခင်၏စကားဖြစ်ပါ၏။ ကျွန်ုပ်တို့၏လျှာသည် မည်ကဲ့သို့သော အရာဖြစ်သည်ကို ဘုရားသခင်သိတော်မူ၏။ ထို့ကြောင့် လျှာကိုလူတို့က ယဉ်ပါးအောင် မဆုံးမနိုင်သောကြောင့် ဘုရားသခင်၏မစတော်မူခြင်းကို ကျွန်တော်တို့တောင်းလျှောက်ရပါမည်။

<u>တိရိစ္ဆာန်တို့ကိုထိန်းကျောင်း၍ရ၏</u>၊ အလွန်ကြမ်းတမ်းသော သားရဲတိရစ္ဆာန်တို့ကိုပင် လူတို့က ယဉ်ပါးအောင်ထိန်းကျောင်းနိုင်ခဲ့ကြ၏။ ယာကုပ်က စာဖတ်သူတို့အား သင်တို့၏ လျှာထက် ဤသားရဲတိရိစ္ဆာန်တို့သည် ပို၍သိနားလည်မှုရှိကြောင်း ကိုင်တွယ်၍ လွယ်ကူကြောင်း ဆိုသကဲ့သို့ဖြစ်ပါသည်။ အားကြီး၍ ကြမ်းတမ်းသောသားရဲတို့ကို လူတို့က ယဉ်ပါးအောင် လုပ်၍ လိုရာခိုင်းစေခဲ့ကြပြီး ငှက်ကလေးများနှင့် အဆိပ်ပြင်းသော မြွေတို့ကိုပင် ယဉ်ပါးအောင်လုပ်လျက် ချစ်စရာကောင်းအောင် ဆုံးမထိန်းကျောင်းခဲ့ကြ၏။

<u>သို့သော်လည်း လျှာကိုထိန်းကျောင်း၍မရပါ၊</u> သားရဲတိရစ္ဆာန်တို့ကို ဆုံးမထိန်းကျောင်း၍ ရသော်လည်း လျှာကိုမူဆုံးမ၍မရပါ။ လျှာသည်သေစေတတ်သော အဆိပ်အတောက်နှင့် ပြည့်၍ထိန်းချုပ်၍မရသောအဆိုးအညစ်ဖြစ်ပါသည်။ ယာကုပ် ၁း၈ ၌ "မတည်ကြည်" ဟူသောစကားလုံးသည် ဤထိန်းချုပ်၍မရဟူသောစကားလုံးနှင့် တူပါ၏။ ထို့ကြောင့်လျှာသည် တည်ငြိမ်အောင်လုပ်၍မရကြောင်း သေချာလှပါသည်။ သားရဲတို့သည် မိမိတို့၏အားအင်ကို အကုန်ထုတ်၍ အချင်းချင်းတိုက်ခိုက်ကြသကဲ့သို့ လူတို့၏လျှာသည် တည်ငြိမ်ခြင်းမရှိ၊ ထိန်းချုပ်၍မရပါ။

အဘယ်သူမျှလျှာကိုမထိန်းချုပ်နိုင်သော်လည်း ခရစ်ယာန်တို့သည် ထိုလျှာကို ထိန်းချုပ်နိုင်သောဘုရားသခင်ရှိကြောင်း သိထားကြပါ၏။ ဗာလမ်၏နွားမ၏နှုတ်လျှာသည် မယဉ်ပါးသော်လည်း ဘုရားသခင်သည် မိမိအလိုရှိသောစကားကို ပြောထွက်စေတော်မူ၏။

**ဆင်ခြင်ရန်** - အကျွန်ုပ်လျှာကို ထိန်းချုပ်ခြင်းငှါ ဘုရားသခင်၏မစတော်မူခြင်းကို ကျွန်တော်တောင်းလျှောက်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်အင်္ဂါတိုင်းကို ဖန်ဆင်းတော်မူသောသူဖြစ်ပါ၏။ ကိုယ်တော်၏နာမတော်ကြောင့် အကျွန်ုပ်၏အင်္ဂါတိုင်းကို ဘုရားသခင်၏ထိန်းချုပ်မှုအောက်၌ တည်စေတော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၀)
**ယာကုပ် ၃း၉**
ဆာလံ ၃၄း၁၂-၁၄

*“ကိုယ်လျှာကိုမကောင်းသောအရာနှင့်ကင်းစေလော့။
နှုတ်ခမ်းလည်းမုသာစကားကိုမပြောစေနှင့်”*

# သင်၌နှုတ်လျှာနှစ်ခုရှိပါသလား

လူသည်ဘုရားသခင်၏သဏ္ဌာန်နှင့်အညီ ဖန်ဆင်းခြင်းခံရ၏။ “ဘုရားသခင်က ငါတို့ပုံသဏ္ဌာန်နှင့် တညီတသဏ္ဌာန်တည်း လူကိုဖန်ဆင်းကြစို့” (ကမ္ဘာ ၁း၂၆) ဟုဆို၏။ “ဘုရားသခင်သည် မြေတပြင်လုံး၌နေရသောလူအမျိုးမျိုးတို့ကို တသွေးတည်းနှင့် ဖန်ဆင်းတော်မူ၍၊ သူတို့အား ခွဲဝေစီမံသောအချိန်ကာလကိုင်၄်း၊ သူတို့၏နေရာအပိုင်းအခြားကိုင်၄်း မှတ်သားတော်မူ၏။ အကြောင်းမူကား လူတို့သည်ဘုရားသခင်ကို ရှာစမ်းသဖြင့် တွေ့ကောင်းတွေ့ကြလိမ့်မည်အကြောင်းတည်း။ သို့ဆိုသော်လည်း ဘုရားသခင်သည် ငါတို့တွင် အဘယ်သူနှင့်မျှဝေးတော်မူသည်မဟုတ်။ ငါတို့သည် ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်ရှိကြ၏။ ထိုသို့နှင့်အညီ သင်တို့တွင် လင်္ကာဆရာအချို့တို့က ငါတို့သည်ကား နွယ်တော်သားပင်၊ ဘုရားမျိုးပေ ဖြစ်ကြလေဟု စပ်ဆိုသတည်း” (တမန် ၁၇း၂၆-၂၈)။

<u>ဘုရားသခင်ကိုချီးမွမ်း၏</u>၊ လူသည် ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းခြင်းခံရကြောင်းသိလျှင် လျှာသည်ကျိန်ခြင်းကိုမပြုရပါ။ ဖန်ဆင်းရှင်ဘုရားခံထိုက်သော ချီးမွမ်းရိုသေခြင်းကို လူသည်ဆက်ကပ်ပူဇော်ရပါမည်။ ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းခြင်း သီချင်းဆိုသောအခါ၌လည်း နှလုံးသားထဲမှ အမှန်သီဆိုကြရပါမည်။ ဖန်ဆင်းခြင်းအရာနှင့်မိမိသဏ္ဌာန်တော်နှင့်အညီ လူကိုဖန်ဆင်းခြင်းကြောင့် ကျွန်တော်တို့သည် ဘုရားသခင်ကို ချီးမွမ်းကြရပါမည်။ ထို့ကြောင့် ဘုရားသခင်ကို ချီးမွမ်းခြင်းပြုသော ကျွန်ုပ်တို့လျှာဖြင့် ဖန်ဆင်းခံလူတို့ကိုလည်း ကျွန်တော်တို့ ကောင်းကောင်းဆက်ဆံ၍ခွန်အားကို ဖြစ်စေသောစကားကိုသာ ပြောကြရပါမည်။ ဘုရားသခင်၏ ကြီးမြတ်တော်မူခြင်းအကြောင်းကို သိသောသူ၏လျှာမှ ထိုသို့သောချီးမွမ်းခြင်းထွက်ရပါမည်။

<u>လူကိုကျိန်ဆဲ၏</u>၊ ဆုတောင်းသော ဘုရားသခင်ကို ချီးမွမ်းသောလျှာဖြင့် ကျိန်ဆဲခြင်း၊ မုသာပြောခြင်းကိုပြုခြင်းသည် အလွန်ဆိုးညစ်လှပါ၏။ ဘုရားသခင်၏သဏ္ဌာန်တော်နှင့်အညီ ဖန်ဆင်းထားသောလူတို့ကို ကျိန်ဆဲခြင်းသည် ပို၍ဆိုးရွားမည်မဟုတ်လော။ ထို့ကြောင့် ဘုရားသခင်ကို ချီးမွမ်းသယောင်ပြု၍ ဘုရားသခင်၏သားသမီးတို့အား ကျိန်ဆဲသောသူသည် မိုက်မဲသောသူ၊ ဆိုးသွမ်းသောသူ၊ ဟန်ဆောင်သောသူဖြစ်ကြ၏။

ထို့ကြောင့်ဘုရားသခင်ကို ချီးမွမ်းလျက်၊ လူကိုကျိန်ဆဲသောလျှာသည် ဟန်ဆောင်ခြင်းနှင့်ပြည့်သောလျှာဖြစ်ပါသည်။ ချစ်သောစာဖတ်သူ၊ သင်၏လျှာသည် နှစ်ခုဖြစ်ပါသလား။ သင်၏နှုတ်လျှာပါးစပ်ကို ဘုရားသခင်ချီးမွမ်းခြင်းနှင့်လူကို ကျိန်ဆဲခြင်းအတွက် အသုံးမပြုခြင်းငှါ ဆုတောင်းခြင်းဖြင့် သတိပြုပါလော့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် နှုတ်လျှာနှစ်ခုရှိသောသူဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နှုတ်လျှာပါးစပ်ကို ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းနှင့်ကိုယ်တော်၏လူတို့အကျိုးအတွက် အသုံးပြုမည်အကြောင်း သတိထားနိုင်ခြင်းငှါ မစတော်မူပါ။

တနင်္လာ၊ နိုဝင်ဘာ (၂၁)
**ယာကုပ် ၃း၁၀**
၁ တိ ၅း၁၃

*"မပြောအပ်သောအရာကို ပြောသဖြင့်. . . "*

## ထိုသို့မဖြစ်ကောင်းရာ

ယာကုပ်က "ငါ့ညီအစ်ကိုတို့" (ယာကုပ် ၃း၁၀) ဟူ၍သြဝါဒစာကို လက်ခံသောသူတို့ကို ဆိုခဲ့ပါသည်။ ဤအချက်က သူတို့၏ရင်းနှီးမှုကိုဖော်ပြလျက်ရှိ၏။ သူသည်ရန်သူတို့ကို ဆန့်ကျင်နေခြင်းမဟုတ်ဘဲ သခင်ဘုရား၌ ညီအစ်ကိုဖြစ်သောယုံကြည်သူတို့ကို ဆုံးမနေခြင်းဖြစ်ပါသည်။ ယာကုပ်က နှုတ်တပါးတည်းမှချီးမွမ်းခြင်းနှင့် ကျိန်ဆဲခြင်းထွက်နိုင်ပါသလားဟု မေးခွန်းထုတ်ခဲ့ပါသည်။ ယာကုပ်က အဖြေပေးလျက် ထိုသို့မဖြစ်သင့်ကြောင်း ဆိုခဲ့ပါသည်။ ထိုသို့သောအဖြစ် သည် ဘုရားသခင့်အလိုတော်နှင့်ဆန့်ကျင်လျက်ရှိကြောင်း ပုံမှန်သဘောမဟုတ်ကြောင်း ဖော်ပြခဲ့၏။

<u>နှုတ်တပါးတည်းမှ</u>၊ ယာကုပ်က နှုတ်တပါးတည်းမှ စကားတမျိုးသာထွက်သင့်ကြောင်း ဖော်ပြခဲ့ပါသည်။ ဝိညာဉ်တော်နှင့်ဆိုင်သောနှုတ်မှ ဝိညာဉ်နှင့်ဆိုင်သောစကား၊ ဘုရားသခင်ချီးမွမ်းခြင်းနှင့်ဘုရားသခင်သားသမီးတို့ တည်ဆောက်စရာဖြစ်စေသော စကားသာထွက်ရပါမည်။ ညီအစ်ကို ထံ စိတ်နာစေသောစကားကိုမဆိုရပါ။ သန့်ရှင်းသောဝိညာဉ်တော် ထိန်းချုပ်သောနှုတ်သည် ဘုရား သခင်နှင့်ဆန့်ကျင်သောစကားကို မပြောပါ။ ဘုရားသခင်သန့်ရှင်းစေတော်မူသော နှုတ်သည် ဘုရား သခင်၏ဘုန်းတော်ကိုထင်ရှားစေသော၊ ကောင်းသောစကားကိုသာ ပြောသင့်ပါသည်။

<u>စကားနှစ်မျိုးရောနှောထွက်လာ၏</u>၊ ဤသမ္မာတရားက ယုံကြည်သူတိုင်းကို ညီအစ်ကို အပေါ် လျှင်မြန်လွယ်ကူစွာ မကောင်းသောစကားမဆိုမိစေခြင်းငှါ သတိပေးလျက်ရှိ၏။ ပြောထွက်သောစကားသည် ကျိန်ခြင်းဖြစ်စေနိုင်ပါသည်။ ဘုရားသခင်၏ သားသမီးဖြစ်သော ကျွန်တော်တို့သည် ဘုရားသခင်နှင့်ဆိုင်သော၊ သနားကြင်နာခြင်း၊ ချစ်ခြင်းစကားနှင့် ချီးမွမ်းခြင်းစကားကို ဆိုကြရပါမည်။ ဘုရားသခင်နှင့်အစဉ် မိဿဟာယဖွဲ့သော သူ၏နှုတ်မှထိုသို့သော စကားထွက်လာတတ်၏။ မကောင်းသောစကား၊ မုသာစကားပြောခြင်းကို ကြောက်ရွံ့ခြင်းရှိ၏။

သို့သော်လည်း မိမိနှုတ်ကို မိမိခွန်အားဖြင့်ထိန်းချုပ်၍မရပါ။ ဇာတိဟောင်းကို အနိုင်ယူခြင်းငှါ ကျွန်တော်တို့သည် ဝိညာဉ်စစ်ပွဲကို ကြိုးစားတိုက်လှန်ခြင်းပြုကြရပါမည်။ ထိုအခြေအနေကို ပေါလုက ရောမအခန်းကြီး ၇ တွင် ဖော်ပြထားပါသည်။ ကြိုးစားအားထုတ်ခြင်းပြုရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ဘုရားသခင်၏မစတော်မူခြင်းကို တောင်းလျှောက်လျှင် ဘုရားသခင် မစတော်မူလိမ့်မည်။ မခြားမလပ်ဆုတောင်းခြင်းဖြင့် မစတော်မူခြင်းကို တောင်းလျှောက်ကြရပါမည်။ ဆုတောင်းသယောင်ပြုလျက် သူတပါးကဲ့ရဲ့သောစကားကိုမဆိုရပါ (လုကာ ၁၈း၁၀-၁၂)။ ချစ်သောစာဖတ်သူ၊ ထိုသို့မပြုကောင်းပါ (ယာကုပ် ၃း၁၀)။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ဘုရားသခင်ချီးမွမ်းခြင်းကို အစဉ်ပြုပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်နှုတ်သည်ကိုယ်တော်ကို အစဉ်ချီးမွမ်းမည်အကြောင်း ကိုယ်တော်နှင့်အတူ အစဉ်မိဿဟာယဖွဲ့ခြင်းငှါ ကိုယ်တော်နှင့်အစဉ် နေစေတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၂၂)
**ယာကုပ် ၃း၁၁**
မသဲ ၆း၂၄

*"သခင်တဦးကိုမုန်း၍ တဦးကိုချစ်မည်"*

## စမ်းရေပေါက်တပေါက်၊ ရေတမျိုး

စမ်းရေပေါက်တပေါက်တည်းအထဲမှ ချိုသောရေနှင့်ခါးသောရေနှစ်မျိုးစလုံးထွက်နိုင်ပါသလား။ ဘုရားသခင်ဖန်ဆင်းသောအရာတို့သည် လူတို့ကို များစွာအထောက်အကူပေး၍ သင်ခန်းစာပေးပါ၏။ ဘုရားသခင်စီမံသောအမှု၌ အချင်းချင်းဆန့်ကျင်သောအမှုမရှိပါ။ စမ်းရေပေါက်တပေါက်မှ မတူညီသောရေနှစ်မျိုးမထွက်ပါ။ ထွက်ခဲ့လျှင် သဘာဝတရားနှင့် ဆန့်ကျင်သောအမှုဖြစ်ပါလိမ့်မည်။ သို့သော်လည်း ထိုမဖြစ်နိုင်သောအမှုသည် အပြစ်သားလူတို့၌ ဖြစ်ခဲ့ပြီး၊ နှုတ်လျှာပါးစပ်တခုတည်းဖြင့် ကောင်းချီးပေး၍ကျိန်ခြင်းလည်းပြု၏။

<u>ချိုသော</u>၊ ချိုသောရေသည် ချိုသောစမ်းရေပေါက်မှထွက်ရပါမည်။ အခြားမထွက်နိုင်ပါ။ ထို့ကြောင့် ခရစ်ယာန်သည် ကောင်းသောစကားကိုသာ ပြောရပါမည်။ ပေါလုက ဧဖက် ၄း၂၃-၂၅ တွင် ဤသို့ရေးထားပါသည် - "စိတ်နှလုံးသဘောသစ်ကို ရပြီးလျှင်၊ မှန်သောဖြောင့်မတ်ခြင်း၊ သန့်ရှင်းခြင်းပါရမီအားဖြင့်ဘုရားသခင်နှင့်အတူအမျှ ဖန်ဆင်းသောလူသစ်ကို ယူတင်ဝတ်ဆောင်မည်အကြောင်း ခရစ်တော်၏စကားကို ကြားနာရသည်ဖြစ်၍ ယေရှု၌သမ္မာတရားရှိသည်နှင့်အညီ ထိုသခင်ထံ၌ နည်းခံကြပြီသတည်း။ ထို့ကြောင့်မုသာစကားကို ဖယ်ရှား၍ မှန်သောစကားကိုသာ အချင်းချင်းတယောက်နှင့်တယောက်ပြောကြလော့။ အကြောင်းမူကားငါတို့သည် အင်္ဂါချင်းဖြစ်ကြ၏"။

<u>ခါးသော</u>၊ တဖက်တွင် ခါးသောရေသည်မကောင်းသော စမ်းရေပေါက်မှထွက်၏။ မှန်ပါသည်။ ဆိုးညစ်သောသူ၏နှုတ်မှ သနားကြင်နာသောစကား၊ ကောင်းသောစကားထွက်မလာပါ။ ကောင်းသောစကားထွက်သည ထင်ရသော်လည်း မယုံကြည်သူသည် ဟန်ဆောင်၍ ချီးမြှောက်စကား ကို ပြောကြခြင်းဖြစ်၍ သူတပါးစိတ်ကို ဖျက်ဆီးရာရောက်၏။ မယုံကြည်သူသည် ထိုသို့ပြုတတ်ကြ ၏။ "သူတို့၏လည်ချောင်းသည် ဖွင့်ထားသောသင်္ချိုင်းတွင်းဖြစ်၏။ သူတို့သည် လျှာနှင့်လှည့်စား တတ်ကြ၏။ သူတို့နှုတ်ခမ်းအထဲမှာ မြွေဆိုးအဆိပ်အတောက်ရှိ၏။ သူတို့နှုတ်သည် ကျိန်ဆဲသော စကား၊ ကြမ်းတမ်းသောစကားနှင့်ပြည့်ဝ၏" (ရောမ ၃း၁၃-၁၄)။ ကျွန်ုပ်တို့နှုတ်မှ သူတပါး စွပ်စွဲချက်စကား၊ အကျင့်သိက္ခာ ကျစေသောစကားထွက်ပါသလား။

ကျွန်ုပ်တို့ပြောသောကားသည် ချိုသောစကားလော၊ ခါးသောစကားလောဟူသော အချက်ကို သိမြင်ခြင်းငှါ ဘုရားသခင်ထံ ဉာဏ်ပညာတောင်းလျှောက်ကြပါစို့။ သူတပါး၏ယုံကြည်ခြင်းကို ထိခိုက်စေသောအရေးအသားများကိုလည်း မရေးမိအောင် သင်သတိပြုပါလော့။ အဓိကအားဖြင့် ဘုရားသခင်၏နာမတော်ကို အချည်းနှီးမပြောမိအောင် သတိထားပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်နှုတ်ကို ချိုသောစကားနှင့် ခါးသောစကားနှစ်မျိုးလုံးပြောခြင်း၌ အသုံးပြုပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေသော စကားနှင့်ယုံကြည်သူတို့၏ကောင်းကျိုးကို ဖြစ်စေသောစကားကိုသာ ပြောခြင်းငှါ ကျွန်ုပ်နှုတ်ကို သန့်ရှင်းသောဝိညာဉ်တော်ထိန်းချုပ်တော်မူပါစေသော်။

# အပင်သည်မိမိအသီးကိုသီး၏

“ငါ့ညီအစ်ကိုတို့ သင်္ဘောသဖန်းပင်သည် သံလွင်ဆီကိုသီးနိုင်သလော။ စပျစ်ပင်သည် သင်္ဘောသဖန်းသီးကို သီးနိုင်သလော” (ယာကုပ် ၃း၁၂)။ သရက်ပင်သည် ဒူးရင်းသီးကိုမသီးနိုင်၊ စပျစ်ပင်ကလည်း စတော်ဘယ်ရီသီးမသီးနိုင်ပါ။ ထိုနည်းတူ စမ်းရေပေါက်တပေါက်မှ ငန်သောရေနှင့်ချိုသောရေနှစ်မျိုးလုံး မထွက်နိုင်ပါ။ ရေတွင်းတတွင်းမှလည်း ငန်သောရေနှင့် ချိုသောရေနှစ်မျိုးစလုံးမထွက်နိုင်ပါ။

<u>သင်္ဘောသဖန်းပင်က သံလွင်သီးသီးနိုင်သလော</u>၊ သင်္ဘောသဖန်းပင်သည် သင်္ဘောသဖန်းသီးကိုသာသီးနိုင်၏။ ထိုနည်းတူ နှုတ်ပါးစပ်သည် ခံစားချက်တမျိုးတည်းမှ ထွက်လာသော စကားတမျိုးသာထွက်ဆိုတတ်၏။ သို့ဆိုလျှင် ကယ်တင်ခြင်းခံရသောယုံကြည်သူသည် နှုတ်ဖြင့် အဘယ်ကြောင့် သူတပါးကိုနာကျင်စေပါသနည်း။ ကျွန်တော်တို့ပြောစကားကို သတိထားကြရပါမည်။ ယေရှုက မှားယွင်းသောပရောဖက်တို့၏ ဇာတိကို ဖော်ထုတ်ခဲ့ပါသည်။ “ကောင်းသောအပင်သည် မကောင်း သောအသီး၊ မကောင်းသောအပင်သည် ကောင်းသောအသီးကိုမသီးနိုင်။ ကောင်းသောအသီးမသီး သောအပင်ရှိသမျှတို့ကို ခုတ်လှဲ၍ မီးထဲသို့ချလိုက်တတ်၏။ သို့ဖြစ်လျှင် ထိုပရောဖက်တို့၏ အကျင့် ကိုထောက်သော သူတို့၏သဘောကိုသိရကြလိမ့်မည်” (မသဲ ၇း၁၈-၂၀)။

<u>စပျစ်ပင်သည် သင်္ဘောသဖန်းသီး သီးနိုင်သလော</u>၊ လုံးဝမသီးနိုင်ပါ။ ယေရှုက ဤတရားကို မသဲ ၁၂း၃၄ ထဲတွင် ဤသို့ဖော်ပြခဲ့ပါသည်။ “အချင်းမြွေဆိုးအမျိုးတို့ သင်တို့သည်အဆိုးဖြစ်လျက် ကောင်းသောစကားကိုအဘယ်သို့ပြောနိုင်မည်နည်း။ စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်မြွက်တတ်၏”။ ခရစ်ယာန်တို့ ဤအမှုကို သတိမထားဘဲ မနေသင့်ပါ။ ကျွန်တော်တို့သည် ကျွန်ုပ်တို့နှုတ်ကို အတင်းပြောခြင်း၊ မုသာပြောခြင်း၌အသုံးပြုလေ့ရှိကြောင်း ဝန်ခံရပါမည်။

စမ်းရေတပေါက်မှ ရေချိုနှင့်ရေငန်နှစ်မျိုးထွက်နိုင်ပါသလား၊ မထွက်နိုင်ပါ။ ငန်သောစမ်းရေပေါက်မှ ချိုသောရေမထွက်နိုင်ပါ။ မဖြစ်နိုင်သောအရာကို ဖော်ပြ၍ ယာကုပ်က ရှင်းပြခဲ့ခြင်းဖြစ်ပါသည်။ ဒုတိယမွေးဖွားခြင်းခံရသောသူ၏ နှုတ်ကဘုရားသခင်ကို ချီးမွမ်း၍လူတို့ကိုလည်း ကျိန်ဆဲခြင်းပြုလျှင် ထိုအမှုသည် ရယ်စရာကောင်းလှပါ၏။ သစ်ပင်တပင်က အသီးနှစ်မျိုးသီးသကဲ့သို့ဖြစ်၍ စမ်းရေပေါက်တပေါက်မှ ရေချိုနှင့်ရေငန်ထွက်သကဲ့သို့ဖြစ်ပါလိမ့်မည်။

ချစ်သောစာဖတ်သူ၊ ကျွန်တော်တို့သည် ထိုကဲ့သို့မဟုတ်ဟုဆိုလျှင် မုသာပြောရာရောက်ပါလိမ့်မည်။ ကျွန်တော်တို့သည် နောင်တရ၍ ကျွန်ုပ်တို့အကျင့်ကို ပြောင်းလဲစေခြင်းငှါ ဘုရားသခင်ထံအကူအညီ တောင်းလျှောက်ကြရပါမည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် ကောင်းသောအသီးကို သီးနေပါသလား။

**ဆုတောင်းချက်** - အဖဘုရား၊ အကျွန်ုပ်၏နှုတ်ကို ထိန်းချုပ်ခြင်း၌ ကျွန်တော်ကြိုးစားရုန်းကန်နေရသောကြောင့် ကျွန်ုပ်၏အားနည်းမှု၌ ကူညီမစတော်မူပါ။ သူတပါးအတွက် ကောင်းကြီးမင်္ဂလာယူဆောင်သောသူဖြစ်လိုပါ၏။

ကြာသပတေး၊ နိုဝင်ဘာ (၂၄)

**ယာကုပ် ၃း၁၃**

ယေရမိ ၉း၂၃-၂၄

*"ပညာရှိသောသူသည်မိမိပညာ၌မဝါကြွားစေနှင့်"*

## သင်ပညာရှိသောသူလော

ပညာရှိသောသူကား မည်သူနည်း။ သုတ္တံ ၁း၁-၄ ကို ဖတ်ကြည့်ပါလော့။ ပညာရှိသည် ဘုရားသခင်၏စကားကို နာခံ၍ဘုရားသခင်ကို ကြောက်ရွံ့ရိုသေတတ်၏။

<u>အတတ်အလိမ္မာနှင့်ပြည့်စုံသောသူ၊</u> ဤလူသည် အသိပညာရှိသောသူဖြစ်ပါသည်။ လူတဦးတယောက်သည် မည်သို့သောပုဂ္ဂိုလ်ဖြစ်သည်ကို ခွဲခြားသိရှိနားလည်နိုင်ခြင်းလည်း ဖြစ်ပါသည်။ ပညာရှိသည် အသိဉာဏ်ကို အသုံးပြုတတ်သောသူဖြစ်သောကြောင့် အသိဉာဏ်အရင်ရှိဖို့လိုပါသည်။ သို့သော်လည်း ဤအသိဉာဏ်သည် လောကီအသိဉာဏ်မဟုတ်ဘဲ သမ္မာကျမ်းစာ၊ သမ္မာတရားသိနားလည်ခြင်းဖြစ်ပါသည်။ လူတဦးသည် မိမိပညာရှိကြောင်း ဝါကြွားနိုင်ပါသည်။ သို့သော်လည်း သမ္မာတရားသိခြင်းမရှိလျှင် သူသည် မှားယွင်းသော ပညာရှိဖြစ်ပါသည်။

<u>နူးညံ့သိမ်မွေ့ခြင်းဖြင့် ကောင်းသောအကျင့်ကိုကျင့်၏၊</u> အကျင့်ဆိုသည်မှာ အသက် တာကို ဆိုလိုပါသည်။ သူတပါးအပေါ် မိမိ၏စိတ်သဘာထားလည်း ပါပါသည်။ အတတ်အလိမ္မာရှိသောသူသည် သူတပါးအားပေးတတ်သောသူဖြစ်၏။ သူတပါးကိုရိုသေတတ်သည်သာမက ဘုရားသခင်၏အလိုတော်သို့မိမိကိုယ်ကို ဆက်ကပ်သောသူဖြစ်ပါသည်။ ကောင်းသောအကျင့်ကို ပိုင်ဆိုင်သောသူဖြစ်ပါသည်။ နူးညံ့သိမ်မွေ့ခြင်းရှိသောသူဖြစ်၍ ဖော်ရွေသောသူဖြစ်ပါသည်။ သူတပါး၏ အားနည်းချက်ကို နားလည်ဖြည့်ဆည်းနိုင်သောသူလည်းဖြစ်ပါသည်။

ပညာရှိသောသူက မိမိ၏အသိဉာဏ်သည် ဘုရားသခင်ထံမှဖြစ်ကြောင်း သိမှတ်ခဲ့ပါ၏။ မိမိကိုယ်ပိုင်မဟုတ်ကြောင်း သိ၏။ ဘုရားသခင်၏ကျေးဇူးတော်နှင့် သခင်ယေရှု၏စိတ်သဘောကြောင့် မိမိသည်အသိဉာဏ်ရှိကြောင်း သိမှတ်ပါ၏။ ဘုရားသခင်၏လူတို့သည် ကောင်းသောအကျင့်ကိုကျင့်လျက် သူတပါးအတွက် ကောင်းကြီးမင်္ဂလာယူဆောင်သောသူဖြစ်ကြရပါမည်။ နှုတ်အားဖြင့်သာမဟုတ်ဘဲ အကျင့်အားဖြင့်သူတို့၏ အသိပညာတရားကို ပြသကြရပါမည်။ ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏ သမ္မာတရားအားဖြင့် ပညာရှိဖြစ်ပါလော့။ ထိုပညာကို ကောင်းသောအကျင့်နှင့် နူးညံ့သိမ်မွေ့ခြင်းဖြင့် ပြသကြလော့။ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေခြင်းငှါ သင်ပြုသောအမှုအတိုင်း၌ ဉာဏ်ပညာနှင့်ယှဉ်၍ ပြုကျင့်ပါလော့။

**ဆင်ခြင်ရန်** - ကျွန်တော်သည်ပညာရှိဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ နေ့စဉ်အသက်တာ၌ ဉာဏ်ပညာနှင့်ယှဉ်၍ အသက်ရှင်မည်အကြောင်း ကိုယ်တော်၏နှုတ်ကပတ်တော်ကို ပို၍ပို၍ သိလိုသောဆန္ဒကို အကျွန်ုပ်အား ပေးသနားတော်မူပါ။

သောကြာ၊ နိုဝင်ဘာ (၂၅)
**ယာကုပ် ၃း၁၄**
ဂလာတိ ၅း၁၄-၁၅ *"အချင်းချင်းဖျက်ဆီးမည်ဟု စိုးရိမ်၍သတိရှိကြလော့"*

# သမ္မာတရားကို့မှသာဖြင့်မဆန့်ကျင်ပါနှင့်

ယာကုပ်ကစာဖတ်သူတို့အား စိတ်ထဲ၌မနာလိုခြင်း၊ ဂုဏ်ပြိုင်ခြင်းရှိလျှင် ဝါကြွားခြင်းမပြုရန် တိုက်တွန်းထားပါသည်။ အကြောင်းမှာ ထိုအမှုသည် ဘုရားသခင်၏ဉာဏ်ပညာနှင့်ဆန့်ကျင်လျက်ရှိပါသည်။ မကောင်းသောစိတ်သဘောရှိလျှင် မိမိကိုယ်ကို ပညာရှိဟုမဝါကြွားရပါ။ တမန်တော်က ဤသို့တားမြစ်ထားပါသည်။ သမ္မာတရားကိုဆန့်ကျင်လျက် မဝါကြွားပါနှင့်။ မိမိကိုယ်ကို ခရစ်ယာန်ဟုဆိုလျက် မနာလိုခြင်းရှိသောသူ၊ ရန်တွေ့လိုခြင်း စိတ်သဘောရှိသောသူတို့ကို ဆုံးမခြင်းဖြစ်ပါသည်။

<u>ခါးစွာသောဂုဏ်ပြိုင်ခြင်းမရှိစေနှင့်</u>၊ ခါးသက်ခြင်းသည် သူတပါးကိုနာကျင်စေသောမကောင်းသောစိတ်သဘောကိုဆိုလို၏။ ထို့ကြောင့် ကောင်းသောအဓိပ္ပာယ်ဆောင်နိုင်သော "ဂုဏ်ပြိုင်ခြင်း" နှင့်ဤခါးသောဟူသည့် နာမဝိသေသနပေါင်းစပ်သောအခါ ဤစကားလုံးသည် သူတပါးကို နာကျင်စေသောတိုက်ခိုက်မှုကိုဆိုလိုခြင်းဖြစ်ပါသည်။ "ဂုဏ်ပြိုင်ခြင်း" ဟူသော စကားလုံးကို "ကြိုးစားအားထုတ်မှု" ဟူ၍လည်း အဓိပ္ပာယ်သက်ရောက်စေနိုင်ပါသည်။ ဘုရားသခင်သားသမီးတို့သည် ဉာဏ်ပညာနှင့်ယှဉ်၍နေထိုင်ကျင့်ကြံရမည် ဖြစ်သောကြောင့် ဤခါးသက်သောမနာလိုခြင်းဂုဏ်ပြိုင်ခြင်းသည် ခရစ်ယာန်နှင့်မသင့်လျော်ပါ။

<u>ရန်တွေ့ခြင်းမရှိစေနှင့်</u>၊ "ရန်တွေ့ခြင်း" (ယာကုပ် ၃း၁၄) သည် တိုက်ခိုက်ဆန့်ကျင်ခြင်းကိုဆိုလို၏။ မိမိကိုယ်ကျိုးရှာခြင်း၌ ဤစိတ်သဘောကို တွေ့ရပါသည် (ဖိလိ ၂း၃)။ မနာလိုခြင်းအရင်လာ၍ ပြီးမှရန်တွေ့ခြင်းဖြစ်ပွားခဲ့ပါသည်။ သူတပါးထက် မိမိတော်ကြောင်း၊ ပို၍ ကောင်းကြောင်းပြသလိုသောစိတ်သဘောထားကြောင့် ဆန့်ကျင့်ခြင်းဖြစ်ပေါ်လာ၏။ သူတပါးကို ဆန့်ကျင်ရန်တွေ့ခြင်းသည် သူတပါးထက် မိမိပို၍အရေးကြီးကြောင်း၊ မှန်ကန်ကြောင်းပြသလိုခြင်းဖြစ်ပါသည်။ မကောင်းသောအမှုအလုံးစုံပါဝင်၏။ သူတို့သည် မုသာနှင့်၎င်း၊ ရန်တွေ့လိုသောစိတ်နှင့်၎င်း၊ အသက်ရှင်ကြ၏။ သူတို့သည် ဉာဏ်နီဉာဏ်နက်ကို အသုံးပြု၍ သူတပါးထက် ကျော်ကြားလိုကြ၏။ ချစ်ခြင်းမေတ္တာနှင့်စည်းလုံးခြင်းစိတ်သဘောထားလုံးဝမတွေ့ရပါ။

ဂုဏ်ပြိုင်ခြင်းနှင့်ဉာဏ်ပညာသည် အတူတကွမနေနိုင်ကြပါ။ မိမိစိတ်ထဲ၌ မနာလိုခြင်း ပညာရှိသည်ဟု ပြောခြင်းသည် မိုက်မဲမှုသာဖြစ်ပါသည်။ ဘုရားသခင်၏ ဝိညာဉ်တော်ပိုင်ဆိုင်သည်ဟုဆိုလျက် အသက်တာ၌ ဂုဏ်ပြိုင်ခြင်းနှင့်ရန်တွေ့လိုခြင်းရှိခြင်းသည် လုံးဝမိုက်မဲမှုတစ်ခုဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်စိတ်နှလုံးသည် ခါးသက်သောမနာလိုခြင်းနှင့် ရန်တွေ့လိုခြင်းဖြင့် ပြည့်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်စိတ်ထဲ၌ရှိသောအရာကို ဘုရားသခင်သိတော်မူ၏။ အကျွန်ုပ်၏မနာလိုခြင်းနှင့်ရန်တွေ့လိုခြင်းမှ နောင်တရမည်အကြောင်း မစသနားတော်မူပါ။

စနေ၊ နိုဝင်ဘာ (၂၆)
**ယာကုပ် ၃း၁၅-၁၆**
၁ ကော ၂း၁၄-၁၅

*"ဇာတိပကတိလူသည် ဘုရားသခင်၏ ဝိညာဉ်တော်အရာတို့ကိုမခံမယူ"*

# မြေကြီးပညာ

"ခါးစွာသောဂုဏ်ပြိုင်ခြင်းနှင့်ရန်တွေ့ခြင်း" (ယာကုပ် ၃း၁၄) သည် လောကီနှင့်ဆိုင်သော အရာဖြစ်ပါသည်။ ဝမ်းနည်းစရာကောင်းသည်မှာ ထိုသို့သောစိတ်သဘောကို ယုံကြည်သူနှင့် အသင်းတော်ဦးဆောင်သောသူတို့၌လည်း တွေ့ရခြင်းဖြစ်ပါသည်။ ကောင်းကင်နှင့်ဆိုင်သော ပညာမရှိခြင်းလည်းဖြစ်ပါသည်။ အသင်းတော်၌ ဘုရားသခင်၏ပညာကြွယ်ဝစွာရှိခြင်းငှါ ဆုတောင်းကြပါစို့။

<u>မြေကြီးပညာ၊ ဇာတိပကတိပညာ၊ နတ်ဆိုးပညာ</u>၊ ဤလောကီပညာသည် ဤပထဝီကမ္ဘာမြေကြီးတည်ရှိသောအချိန်အထိသာ အသုံးဝင်၏။ လူတွေးတောနိုင်သောအရာ၊ လူပြုလုပ်နိုင်သောအရာ၌သာ မူတည်ပညာဖြစ်ပါသည်။ ဘုရားသခင်၏သမ္မာတရား၊ ဝိညာဉ်ရေးရာနှင့် မဆိုင်ပါ။ လူတို့တီထွင်ကြံဆခြင်းနှင့်စာတန်၏ လှွမ်းမိုးခြင်းဖြင့် ပေါ်ပေါက်လာသော လောကီပညာဖြစ်ပါသည်။ ထို့ကြောင့် ခန္ဓာကိုယ်တပ်မက်ခြင်း၊ မျက်စိတပ်မက်ခြင်း၊ မာနထောင်လွှားခြင်းနှင့် ဆိုင်သော ဇာတိပကတိပညာဟု ခေါ်ခြင်းဖြစ်ပါသည် (ယာကုပ် ၃း၁၅)။ ဘုရားသခင်နှင့်ကင်းကွာသော၊ အပြစ်၌ ကျဆုံးသောလူသား၊ ကယ်တင်ခြင်းမရသောအပြစ်သားနှင့်သာ သက်ဆိုင်သောပညာဖြစ်ပါသည်။ ထို့ကြောင့် "နတ်ဆိုးပညာ" ဟုခေါ်၏ (ယာကုပ် ၃း၁၅)။ အကြောင်းမှာ ထိုပညာ၏ အရင်းအမြစ်သည် နတ်ဆိုးဖြစ်ပါသည်။

<u>ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်းနှင့် ရုန်းရင်းဆန်ခတ်ခြင်းရှိ၏</u>၊ ယာကုပ်က အခန်းငယ် ၁၄ ၌ဖော်ပြခဲ့သော ဂုဏ်ပြိုင်ခြင်းနှင့်ရန်တွေ့ခြင်းတို့ကို ထပ်၍ဖော်ပြခဲ့ပါသည်။ ဤအကြောင်းနှစ်ခုရှိသောနေရာတိုင်း၌ ရုန်းရင်းခတ်ခြင်းအမြဲရှိတတ်ပါသည်။ ဤအရာတို့က အသင်းတော်၌ အချင်းချင်းဆန့်ကျင်ခြင်းကိုဖြစ်ပေါ်စေပြီး၊ သင်းကွဲခြင်းကိုဖြစ်စေသည်သာမက သခင်ယေရှု၏ မြတ်သောနာမတော်ကို ညစ်ညူးစေ၍ များစွာသောသူတို့ကို လဲကျစေပါ၏။

ချစ်သောစာဖတ်သူ၊ သင်၌ရှိသော မြေကြီးပညာ၊ လောကီပညာကြောင့် စာတန်သည် သင့်ကိုအသုံးပြု၍ အသင်းတော်ကိုဖျက်ဆီးမည်ကို သင်လိုလားပါသလား။ ဤလောကီပညာသည် အထက်မှလာသော ပညာမဟုတ်ပါ။ ဤလောကီပညာသည် ပျက်စီးယိုယွင်းသော အပြစ်သား၏ အမှတ်တံဆိပ်ဖြစ်ပါသည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်၏ပညာသည် ဤလောကီပညာဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်အတွက် မှန်သောအသက်တာဖြင့် အသက်ရှင်မည် အကြောင်း မာရ်နတ်၏လွှမ်းမိုးမှုမှ အကျွန်ုပ်ကို ကယ်နှုတ်တော်မူပါ။

တနင်္ဂနွေ၊ နိုဝင်ဘာ (၂၇)
**ယာကုပ် ၃း၁၇**
၁ ကော ၂း၆-၈

*"နက်နဲသောအရာ၌ဝှက်ထားသော ဘုရားသခင်၏ ပညာကိုငါတို့သည် ပြသကြ၏"*

# ကောင်းကင်ပညာ

ဤလောကီပညာနှင့်ဆန့်ကျင်ဘက်ဖြစ်သော "အထက်မှ သက်ရောက်သောပညာ" (ယာကုပ် ၃း၁၇) ကောင်းကင်ပညာရှိပါ၏။ ဤအထက်မှသက်ရောက်သော ပညာသည် ဘုရားသခင်၏နှုတ်ကပတ်တော်သိက္ခမ်းနားလည်ခြင်းမှ ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ ဤပညာသည် ဘုရားသခင်၏ ဘုန်းတော်ကို ထင်ရှားစေ၍ သူတပါးအတွက် တည်ဆောက်စရာဖြစ်ပါ၏။ ဤပညာသည် ဘုရားသခင်၏ဉာဏ်ပညာဖြစ်၍ စစ်မှန်သောယုံကြည်သူ၊ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူသော၊ ခရစ်တော်၏စိတ်သဘောရှိသောသူ၌သာ တွေ့ရပါ၏။

<u>စင်ကြယ်၏၊ အသင့်စောင့်နေတတ်၏၊ ဖြည်းညှင်းသောသဘောရှိ၏၊</u> ကောင်းကင်ပညာသည် ဘုရားသခင်၏ဆုကျေးဇူးပင်ဖြစ်ပါသည်။ လူ၏သင်ပြမှုနှင့်ဤလောကီပညာအတွေးအခေါ်တို့ဖြင့် မရနိုင်ပါ။ ထိုပညာသည် စင်ကြယ်သည်ဖြစ်၍ လူ့အတွေးအခေါ်နှင့်ရောနှောခြင်းမရှိပါ။ ဤကောင်းကင်ပညာသည်အပြစ်၏လွှမ်းမိုးခြင်းနှင့် ကင်းစင်၏။ ဤကောင်းကင်ပညာရှိသောသူသည် ငြိမ်သက်ခြင်းရှိ၍ လူတို့နှင့်ညီညွတ်ခြင်းရှိ၏။ ကောင်းကင်ပညာသည်ဖြည်းညင်းသောသဘောရှိ၏။ မိမိခံယူချက်ကို သူတပါးအားအတင်းမလိုက်လျှောက်စေပါ။ လွယ်ကူစွာအမျက်မထွက်ဘဲ၊ သည်းခံခြင်းရှိ၍ ကြမ်းတမ်းစွာမပြောဆိုတတ်ပါ။

<u>သွေးဆောင်လွယ်၏၊ ဂရုဏာနှင့်ငင်း၊ ကောင်းကျိုးနှင့်ငင်းပြည့်စုံ၏၊</u> ကောင်းကင်ပညာသည် "သွေးဆောင်လွယ်၏" ဆိုလိုသည်မှာ မကောင်းသောအရာကို ငြင်းပယ်၍ ကောင်းသောအရာကိုလွယ် ကူစွာလိုက်နာတတ်၏။ ဂရုဏာနှင့်ငင်း၊ ကောင်းကျိုးနှင့်ငင်း ပြည့်စုံတော်မူ၏။ လိုအပ်သောသူကို မစတတ်၍ အမှားပြုသောသူကို ခွင့်လွှတ်တတ်၏။ ဤကောင်းကင်ပညာသည် ဂရုဏာတော်နှင့်ပြည့် စုံ၏။ ဘုရားသခင်သည် ဂရုဏာတော်အားဖြင့် သခင်ယေရှုခရစ်တော်၌ ကျွန်တော်တို့ခံထိုက်သော အပြစ်ဒဏ်ကိုမခံစေဘဲ ခွင့်လွှတ်တော်မူ၏။

<u>လျစ်လျူသောစိတ်ရှိ၏၊ လျှို့ဝှက်ခြင်းနှင့်ကင်းစင်၏၊</u> ကောင်းကင်ပညာသည် လူမျက်နှာကို မထောက်ပါ။ တဦးကိုချီးမြောက်၍ တဦးကိုနှိမ့်ချခြင်းမပြုပါ။ အပြင်ပန်းသဏ္ဌာန် ကိုကြည့်၍လည်း ဆုံးဖြတ်ချက်မချပါ။ ဤကောင်းကင်ပညာသည် ဟန်ဆောင်ခြင်းမပြုပါ။ အစဉ် ရိုးရှင်း၍၊ အစဉ်သဖြင့် တည်ကြည်၍ မပြောင်းလဲတတ်ပါ။ ကျွန်တော်တို့၌ ကောင်းကင်ပညာ ရှိပါစေသော်။

**ဆင်ခြင်ရန်** - အကျွန်ုပ်ပညာသည် ဘုရားသခင်ထံမှရရှိသော ပညာဖြစ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ကိုကြိုးစားရှာသောမိမိလူတို့ထံ ကိုယ်တော်သည်ဉာဏ်ပညာပေးတော်မူတတ်၏။ ကိုယ်တော်၏ဉာဏ်ပညာကို ကျွန်ုပ်တို့အားပေးသနားတော်မူပါ။

**ယာကုပ် ၃း၁၈**
ရောမ ၁၂း၁၇-၁၈

*"လူအပေါင်းတို့နှင့်အသင့်အတင့်နေကြလော့"*

# ဖြောင့်မတ်ခြင်းအသီး

ကောင်းကင်ပညာသည် အသင့်အတင့်နေတော်တတ်သည်ကို သတိရပါလော့ (ယာကုပ် ၃း၁၇)။ ထိုပညာရရှိသောသူသည် ငြိမ်သက်ခြင်းရ၍ ထိုငြိမ်သက်ခြင်းကိုစောင့်ရှောက်၏။ ယာကုပ်က ကောင်းကင်ပညာပိုင်ဆိုင်သောသူသည် ငြိမ်သက်စွာဖြောင့်မတ်ခြင်းအသီး၏ မျိုးစေ့ကို ကြဲတတ်ကြောင်းဆိုခဲ့ပါသည်။ လူတိုင်း ငြိမ်သက်ခြင်းကိုလိုချင်ကြပါ၏။ စစ်မှန်သောအသိဉာဏ်ရှိသောသူသည် စစ်မှန်သောငြိမ်သက်ခြင်း၊ ထာဝရငြိမ်သက်ခြင်းကို သခင်ယေရှုခရစ်တော်၏ ဖြောင့်မတ်ခြင်းအားဖြင့်သာ ရရှိနိုင်ကြောင်း သိမှတ်ကြပါသည်။

<u>ငြိမ်သက်စွာကြဲတတ်ကြ၏</u>၊ "ဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကို ငြိမ်သက်စွာကြဲတတ် ကြ၏" (ယာကုပ် ၃း၁၈)။ ဤဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကြဲခြင်းသည် ရန်သူ၏ဆန့်ကျင်ခြင်းကို ခံရတတ်ပါသည်။ စာတန်သည် ရှုပ်ထွေးခြင်းကိုဖြစ်ပေါ်စေတတ်ပါသည်။ သို့သော်လည်း ဘုရားသခင်ရှေ့တော်၌ ပညာရှိသောသူသည် သနားကြင်နာခြင်း၊ နူးညံ့ခြင်းရှိ၍ သူတပါးကိုသနားတတ်၏။ အပြစ်ကိုမြင်တွေ့သောအခါ လွန်မသွားတတ်ဘဲ၊ ဖြည်းညင်းသောသဘောဖြင့် ဆုံးမပြုပြင်တတ်ပါသည်။ ထို့ကြောင့် ရန်သူဆန့်ကျင်သည့်ကြား၌ ကောင်းကင်ပညာရှိသောသူသည် ဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကို ဆက်လက်ကြဲလျက်ရှိပါ၏။

<u>အသင့်စောင့်နေခြင်းငှါ ပြုစုတတ်သောသူက ကြဲ၏</u>၊ ဤမျိုးစေ့ကို ငြိမ်သက်ခြင်းပြုစုသောသူကကြဲခြင်းဖြစ်ပါသည် (ယာကုပ် ၃း၁၈)။ ငြိမ်သက်ခြင်းကိုပြုစုသောသူကား မည်သူနည်း။ သူတို့သည် ဒုတိယမွေးဖွားခြင်းခံရသောခရစ်ယာန်၊ ဘုရားသခင်နှင့်သင့်မြတ်သောသူဖြစ်၍ သူတို့သည် အသင့်အတင့်နေခြင်းကိုပြုစုတတ်ကြ၏။ သူတို့သည် ငြိမ်သက်ခြင်းဟူသောဉာဏ်ပညာကို ပိုင်ဆိုင်ကြ၏ (မဿဲ ၅း၉)။ သူတို့သည် သူတပါးတို့အား ဘုရားသခင်၏ဖြောင့်မတ်ခြင်းခံရ၍ ငြိမ်သက်ခြင်းရှိကြရန် ကြိုးစားအားထုတ်ကြပါသည်။ ဘုရားသခင်ကြောက်ရွံ့သောအသက်တာဖြင့် အသက်ရှင်ကြ၍၊ ဖြောင့်မတ်ခြင်းအသီးကိုသီးကြ၏။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏နိုင်ငံတော်သို့ ဝင်ခွင့်ရှိသောယုံကြည်သူတိုင်းသည် ဘုရားသခင်၏ဉာဏ်ပညာကိုလက်ခံရရှိကြ၏။ ဤလောကီပညာသည် အသင်းတော်ကိုဖျက်ဆီး၍ ယုံကြည်သူ၏အသက်တာကို ကြိုးစားဖျက်ဆီးလေ့ရှိ၏။ အဘယ်ပညာ သင်၌ရှိပါသနည်း။ ဘုရားသခင်၏ပညာကိုပိုင်ဆိုင်လျက်၊ လူတို့သည်ကယ်တင်ခြင်းခံရကြမည်အကြောင်း သတင်းကောင်းမျိုးစေ့ကို ကြဲပါလော့။ လူ၏အဓိကဆောင်ရွက်ရမည့်အမှုဖြစ်သော၊ ဘုရားသခင်၏ဘုန်းတော်ထင်ရှားခြင်းအမှုကို သင်ပြုလျက်၊ ဘုရားသခင်နှင့်အတူ ထာဝရပျော်ရွှင်ဝမ်းမြောက်ခြင်းကို သင်ခံစားရပါလိမ့်မည်။

**ဆင်ခြင်ရန်** - ငြိမ်သက်စွာဖြောင့်မတ်ခြင်းတရား၏မျိုးစေ့ကို ကျွန်တော်ကြဲနေပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည် အနန္တတန်ခိုးရှင်ဖြစ်တော်မူ၏၊ ကိုယ်တော်၏ဘုန်းတော်ထင်ရှားစေခြင်းငှါ ကျွန်ုပ်ကို အသုံးပြုလျက်၊ ငြိမ်သက်ခြင်းအမှုကို ပြုစုသောသူဖြစ်စေတော်မူပါ။

အင်္ဂါ၊ နိုဝင်ဘာ (၂၉)
**ယာကုပ် ၄း၁**
ဂလာတိ ၅း၁၆-၁၇

*"ဝိညာဉ်ပကတိအတိုင်း ကျင့်ကြလော့။ ထိုသို့ကျင့်လျှင် ဇာတိပကတိ၏အလိုသို့ မလိုက်ဘဲနေကြလိမ့်မည်"*

# ခရစ်ယာန်အပျော်ကျူးခြင်း၏ဆိုးညစ်မှု

Hedonism က သမ္မာကျမ်းစာနှင့်ဆန့်ကျင်လျက် လူ့ဘဝ၌အရေးကြီးဆုံးသောအရာသည် ပျော်ရွှင်ဝမ်းမြောက်ခြင်းဖြစ်သည်ဟု သင်ပေးခဲ့ပါသည်။ ဤစကားလုံးသည် ဂရိစကားလုံး hedone မှ ဆင်းသက်လာခြင်းဖြစ်ပြီး၊ အဓိပ္ပာယ်ကား "ပျော်ရွှင်မှု" သို့ "တပ်မက်ခြင်း" (ယာကုပ် ၄း၁) ဟူ၍ဖြစ်ပါသည်။ "Christian Hedonism" ဟူသောအခေါ် အဝေါ်ကို John Piper က စသုံးခဲ့သည်ဟု ဆိုကြပါသည်။ Hedonism ကကောင်းသောအလုပ်တိုင်းအတွက် မှန်ကန်သောစိတ်သဘောထားသည် ပျော်ရွှင်ဝမ်းမြောက်လိုသောဆန္ဒပင်ဖြစ်သည်ဟု မှားယွင်းစွာသင်ပေးပါသည်။ ပျော်ရွှင်ဝမ်းမြောက် လိုသောဆန္ဒ သင်၌မရှိလျှင်၊ လူနှင့်ဘုရားသခင်ကို သင်ချစ်နိုင်မှာမဟုတ်ဘူးဟု သင်ပေးကြပါသည်။

<u>သင်တို့တွင် စစ်တိုက်ခြင်း၊</u> "စစ်တိုက်ခြင်း" (ယာကုပ် ၄း၁)ဟူသည် အပြင်းအထန်ဆန့်ကျင်ခြင်း၊ ငြင်းခုံတိုက်ခိုက်ခြင်းဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌အသုံးပြုခြင်းသည် အဖွဲ့အစည်း၌ အချင်းချင်းတိုက်ခိုက်ခြင်း၊ ရန်တွေ့ခြင်းနှင့်ငြင်းခုံခြင်းကို ဆိုလိုပါ၏။ ထို့ကြောင့် "စစ်တိုက်ခြင်းနှင့်ရန်တွေ့ခြင်း" သည် ဆန့်ကျင်ခြင်း၊ တိုက်ခိုက်ခြင်းကို ရည်ညွှန်းပါ၏။ ခန္ဓာကိုယ်အားဖြင့် တိုက်ခိုက်ခြင်းဖြစ်နိုင်သကဲ့သို့၊ စိတ်ပိုင်းဆိုင်ရာတိုက်ခိုက်ခြင်းလည်း ဖြစ်နိုင်ပါသည်။ ဤတိုက်ခိုက်ရန်တွေ့ခြင်းသည် ပြင်းထန်လွန်းသောအခါ အချင်းချင်းရန်သူဖြစ်စေ၍ လူသတ်ခြင်းပင် နောက်ဆုံး၌ဖြစ်ပေါ်စေနိုင်ပါသည်။

<u>သူတို့အင်္ဂါများ၌စစ်ပြိုင်ခြင်း၊</u> ဤဆန့်ကျင်တိုက်ခိုက်ခြင်း၏ အရင်းအမြစ်သည် လောကီအပျော်ကျူးခြင်းနှင့်ကိလေသာကာမစိတ် (တပ်မက်ခြင်း)ဖြစ်ပါသည်ဟု ယာကုပ်ဖော်ပြခဲ့ပါသည်။ ဂရိစကားလုံး hedone ကိုဤကျမ်းပိုဒ်၌ "ကိလေသာကာမစိတ်" ဟုဘာသာပြန်ခဲ့ပါသည်။ ဤစကားလုံးမှ "hedonist" နှင့် "hedonism" ဆင်းသက်လာခြင်းဖြစ်ပါသည်။ ဤတပ်မက်ခြင်းသည် ဇာတိပကတိနှင့်ဆိုင်သော တပ်မက်ခြင်းဖြစ်ပါသည်။ ဤစကားလုံးကို ဓမ္မသစ်ကျမ်း၌ ဘုရားသခင်နှင့်ဆန့်ကျင်သောအရာ၊ အဆိုးဘက်အားဖြင့် အစဉ်အသုံးပြုခဲ့ပါသည်။ Hedonism သည် အပျော်ကျူးခြင်းသက်သက်ဖြစ်ပါသည်။ သန့်ရှင်းသောဝမ်းမြောက်ပျော်ရွှင်ခြင်းမျိုးမဟုတ်ဘဲ၊ မိမိ၏ဇာတိအလိုနောက်သို့လိုက်၍ အပျော်ကျူးခြင်းကို ရည်ညွှန်းခြင်းဖြစ်ပါသည် (လုကာ ၈း၁၄)။

ချစ်သောစာဖတ်သူ၊ ယနေ့များစွာ လူသယ်တို့သည် ဤခရစ်ယာန်အပျော်ကျူးခြင်းဟူသော မှားယွင်းသည့်သွန်သင်ခြင်း၏လှည့်ဖြားခြင်းကို ခံနေကြရပါသည်။ ဤသွန်သင်ခြင်းသည် လောကီအတွေးအခေါ် နှင့်သမ္မာကျမ်းစာရောနှောခြင်းဖြစ်ပါသည်။ ဤသွန်သင်ချက်သည် ဇာတိပကတိ၏တပ်မက်ခြင်းကို ကျေနပ်ရောင့်ရဲစေလိုသော လူ့ဆန္ဒ၌အခြေခံထားသော လူ့အတွေးအခေါ်ဖြစ်သော်လည်း ခရစ်ယာန်သွန်သင်ခြင်းကဲ့သို့ သွန်သင်ကြသောကြောင့် အလွန်အန္တရာယ်ကြီးမားလှပါသည်။

**ဆင်ခြင်ရန်** - ကျွန်တော်သည် အပျော်ကျူးခြင်းကို တပ်မက်သောခရစ်ယာန်ဖြစ်ပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ယနေ့ခေတ်၌တွေ့ရသော အလွန်ပါးနပ်ကောက်ကျစ်လှသော လှည့်ဖြားခြင်းတို့ကို သိမြင်တတ်မည့်အကြောင်း ကျွန်ုပ်ကိုမစတော်မူပါ။ ထိုင်ရဲ့သို့ ပုံ့ဆောင်တတ်သောလေမုန်တိုင်းထဲ မကျမည့်အကြောင်းမစတော်မူပါ။

ဗုဒ္ဓဟူး၊ နိုဝင်ဘာ (၃၀)
**ယာကုပ် ၄း၂-၃**
လုကာ ၁၁း၉-၁၃

*"တောင်းကြလော့၊ တောင်းလျှင်ရမည်"*

# သင်မတောင်းခဲ့ပါ

ဆုတောင်းခြင်းသည် ခရစ်ယာန်အတွက် မရှိမဖြစ်လိုအပ်သောအရာ၊ အားကြီးသောအရာ ဖြစ်ပါသည်။ ဆုတောင်းခြင်း၏အကျိုးရလဒ်သည် ကျွန်ုပ်တို့၏ဆုတောင်းအားကြီးမှုနှင့် အပြော ကောင်းမှုအပေါ်၌မတည်မှီပါ။ ဆုတောင်းခြင်း၏တန်ခိုးကြီးမားမှုသည် ကျွန်တော်တို့ တောင်းလျှောက် သောအရာကို မိမိအလိုတော်အတိုင်း ပြည့်စုံစေမည့်အနန္တတန်ခိုးရှင် ဘုရားသခင်၌သာတည်ပါ၏။

<u>သင်တို့သည် တပ်မက်၍မရကြ</u>၊ ဤကျမ်းပိုဒ်၌တွေ့ရသောတပ်မက်ခြင်းသည် မှားယွင်း သောတပ်မက်ခြင်းဖြစ်ပါသည်။ ယာကုပ်က သူတို့တပ်မက်သောအရာကိုမူ မဖော်ပြထားပါ။ မှားယွင်း သောတပ်မက်ခြင်းသည် အလွန်အားကြီး၍ကျေနပ်မှုမရရှိသောအခါ၊ လောကီလူတို့သည် အမျက် ဒေါသထွက်၍ လူသတ်မှုပင်ကျူးလွန်တတ်ကြ၏။

<u>လူ့အသက်ကိုသတ်၍အလိုမပြည့်စုံနိုင်ကြ</u>၊ ဤကျမ်းပိုဒ်၌တွေ့ရသော "သတ်" ဟူသော စကားလုံးသည် သတ်ချင်လောက်အောင်မုန်းတီးခြင်း၊ အလွန်ကြောက်စရာကောင်းသောအကျင့်နှင့် မိမိကိုယ်ကိုသတ်သေခြင်းလည်း အကျုံးဝင်ပါသည်။ လူတဦးသည် မိမိလိုချင်တပ်မက်သောအရာ ဖြစ်သည့်၊ နာမတော်ကျော်ကြားခြင်း၊ ကိလေသာစိတ်၊ ငွေ၊ အာဏာစသည့်အရာတခုခုကို မရရှိသော အခါ သူတပါးနှင့်မိမိကိုယ်ကိုပင် မကျေနပ်၍ အလွန်ဆိုးသောအမှုကိုပြုတတ်ပါသည်။ မိမိ၏အလို တပ်မက်ခြင်းကျေနပ်ရောင့်ရဲစေခြင်းအတွက် သူတပါးကိုသတ်ခြင်းငှါ လက်မနှေးတတ်ပါ။ ထိုသို့ ဖြင့်၊ လူဆိုးတို့သည် ခဏတာအောင်မြင်သည်ဟု ထင်ရသော်လည်း၊ နောက်ဆုံးတွင် ထာဝရပြစ်ဒဏ် ခံရာ ငရဲသို့ရောက်ကြပါလိမ့်မည်။

ချစ်သောစာဖတ်သူ၊ ဘုရားသခင်၏အလိုတော်နှင့်မညီသော ရည်ရွယ်ချက်ဖြင့် ကျွန်တော် တို့ဆုတောင်းသောအခါ၊ အလွဲတောင်းမိကြ၏။ ကျွန်ုပ်တို့၏ဇာတိတပ်မက်ခြင်းရောင့်ရဲတင်းတိမ်စေ ခြင်းငှါ ကောင်းကြီးမင်္ဂလာကိုမတောင်းသင့်ပါ။ ထိုသို့တောင်းခြင်းသည် မှားယွင်းသောဆုတောင်းခြင်း ဖြစ်ပါသည်။ ဆုတောင်းသောအခါ ကျွန်ုပ်တို့၏အလိုတပ်မက်ခြင်းကို ရှေ့တန်းမတင်ဘဲ ထိန်းချုပ် လျက်၊ မှန်သောရည်ရွယ်ချက်ဖြင့် တောင်းကြရပါမည်။ ယာကုပ်က "အလွဲတောင်းသောကြောင့် မရကြ" ဟု ဆိုခဲ့ပါသည် (ယာကုပ် ၄း၃)။ သူတို့ဆုမတောင်းဘဲ နေသည်ဟုမဆိုခဲ့ပါ။ သို့သော်လည်း မှားယွင်းသောရည်ရွယ်ချက်ဖြင့် ဆုတောင်းခြင်းသည် ဆုမတောင်းခြင်းနှင့်တူပါ၏။

**ဆင်ခြင်ရန်** - ကျွန်တော် တလွဲတောင်းနေပါသလား။
**ဆုတောင်းချက်** - အဖဘုရား၊ ကိုယ်တော်၏သန့်ရှင်းသောအလိုတော်နှင့်ညီသောအရာကိုသာ ရှာဖွေတောင်းလျှောက်မည်အကြောင်း၊ မှန်ကန်စွာဆုတောင်းမည်အကြောင်း ကျွန်ုပ်ကို သွန်သင်ပေးတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၁)

**ယာကုပ် ၄း၄**

၁ ယော ၂း၁၅-၁၇

*". . . လောကကိုချစ်သောသူမည်သည်ကား ခမည်းတော်ကိုချစ်ခြင်းမေတ္တာမရှိ"*

# သင်ဟာရန်သူလား သို့မဟုတ် သူငယ်ချင်းလား

ယာကုပ်သည်ယုံကြည်သူများအား "မတရားသောမေထုန်၌မှီဝဲသောယောကျ်ား၊ မိန်းမတို့" (ယာ ၄း၄) ဟုခေါ်ဆိုရာတွင် ထိုသူတို့၏လောကီတပ်မက်၍ လုပ်ဆောင်သောအရာများနှင့် ပတ်သက် ပြီး တင်စားပြောဆိုခြင်းဖြစ်သည်။ အကြောင်းမှာ သူတို့သည် ဘုရားသခင်အပေါ် သစ္စာမဲ့သော ကြောင့် ဝိညာဉ်ရေး၌ ဖောက်ပြန်သူများဖြစ်ကြသည်။ ဓမ္မဟောင်းပရောဖက်များသည် သမ္မာကျမ်းစာ ၏ ယေဟောဝါဘုရားသခင်ကိုစွန့်၍ ရုပ်တုနောက်သို့လိုက်ကြသူများအတွက် အလားတူဘာသာ စကားကို အသုံးပြုခဲ့ကြသည်။ "မိတ်ဖွဲ့မှု" ဟုပြန်ဆိုထားသော ဂရိစကားလုံး "ဖိလီယာ" ကို ဓမ္မသစ် ကျမ်းတစ်ခုလုံးတွင် ဤနေရာတွင်သာ အသုံးပြုထားသည်။ ကြိယာပုံစံဖိလီယိုကို အခြားကျမ်းပိုဒ် များတွင် "ချစ်ခြင်းမေတ္တာ" အဖြစ် ပြန်ဆိုလေ့ရှိပြီး (ဥပမာ မသဲ ၆း၅၊ ၁၀း၃၇၊ ၁ ကော ၁၆း၂၂) သားတော်ယေရှုကို ခမည်းတော်၏ ချစ်ခြင်းမေတ္တာ (ယော ၅း၂၀) နှင့် ကယ်တင်ခြင်းပေးသော ယုံကြည်ခြင်းရှိသော သူတို့အဖို့ ခမည်းတော်နှင့်ယေရှု၏ ချစ်ခြင်းမေတ္တာအတွက် (ယော ၁၁း၃) ပင် အသုံးပြုထား၏။ ယာကုပ်၏စာကိုဖတ်သူများသည် အကျင့်ပျက်ယိုယွင်းသော ကမ္ဘာ့စနစ်အပေါ် အလွန်ချစ်မြတ်နိုးကြသည်။

<u>ဘုရားသခင်၏ရန်သူ</u> - ယာကုပ်သည် ၎င်းတို့၏လုပ်ရပ်များကို ဘုရားသခင်နှင့် ရန်ငြိုးဖွဲ့ခြင်းအဖြစ် ဖော်ပြခြင်းဖြင့် ၎င်းတို့၏ချစ်ခင်တွယ်တာမှုမကောင်းမှုအကြောင်း သူ၏ စာဖတ်သူများကို သတိပေးထားသည်။ သူတို့၏လောကနှင့်မိဿဟာယ၏စစ်မှန်သော သဘောသဘာဝက သူတို့၏ ဘုရားသခင်နှင့်ရန်ငြိုးဖွဲ့စေခဲ့သည်။ သူတို့သည် လောက၏အပျော်အပါးသို့ လှည့်သွားခြင်းဖြင့် ဘုရားသခင်အား သစ္စာဖောက်များဖြစ်လာကြသည်။ ထိုအရာသည် သူတို့အပြစ်၏ ကြီးလေးသောအမှုဖြစ်သည်။ ဧကန်စင်စစ် ယာကုပ်သည် သူတို့အား "မတရားသော မေထုန်၌မှီဝဲသော ယောကျ်ား၊ မိန်းမ" တို့အဖြစ် မှန်ကန်စွာရေတွက်ခဲ့သည်။ ကျွန်ုပ်တို့ကော အဘယ်သို့နည်း။

<u>လောကီ၏မိတ်ဆွေ</u> - ထို့ကြောင့်လောက၏မိတ်ဆွေမည်သည်ကား ဘုရားသခင်၏ ရန်သူဖြစ်၏။ မူရင်းစကားလုံး "မိတ်ဆွေ" သည် "ခင်တွယ်မှု" ဟူသောစကားလုံးမှဆင်းသက်လာသည်။ ၎င်းသည်ဘုရားသခင်ကိုစွန့်ပယ်ပြီး လောကနှင့်စဉ်ဆက်မပြတ် ဆက်နွယ်၍ လောက၏နိယာမများနှင့် အတွေးအခေါ်များကို တွယ်ကပ်မှုကိုဖော်ပြ၏။ မသဲ ၆း၂၄ ကိုဖတ်ပါ။

ကျွန်ုပ်တို့၏လောကကြီးပြီး ရုပ်တုကိုးကွယ်ခြင်းဖြစ်သော လောကကိုချစ်ခြင်းသည် ကျွန်ုပ်တို့အား ဝိညာဉ်ရေးရာဖောက်ပြန်သောသူဖြစ်စေသည်။ ထိုသို့ပြုခြင်း၏ ရလဒ်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်ကိုရန်ငြိုးဖွဲ့စေပြီး ဘုရားသခင်၏ရန်သူများဖြစ်လာစေသည်။ အဘယ်သူသည် ဘုရားသခင်ကိုတိုက်လှန်ပြီး အောင်နိုင်မည်နည်း။ ချစ်သောစာဖတ်သူ ဤလောက၏တပ်မက်မှုများနှင့် ဖြားယောင်းသွေးဆောင်မှုများသည် သင့်စိတ်ကိုတွန်းပို့ခွင့်မပြုပါနှင့်။ ဤခေတ်၏ စိတ်ကူးနှင့် ရည်မှန်းချက်များက သင့်အပြုအမူတို့ကို မပျက်စီးစေနှင့်။ သင်သည်ဘုရားသခင်၏ရန်သူဖြစ်လာမည် စိုး သောကြောင့် လောက၏မိတ်ဆွေမဖြစ်ပါနှင့်။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် သမ္မာကျမ်းစာ၌ရှိသော ဘုရားသခင်၏ရန်သူဖြစ်သည့် ခရစ်ယာန်တဦးလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သန့်ရှင်းသောအလိုတော်အတိုင်းဖြစ်သည့်အရာတို့ကိုသာ ဆည်းကပ်ခြင်းငှါ၊ မှန်ကန်စွာဆုတောင်းခြင်းငှါ သွန်သင်၍ အကျွန်ုပ်၏ ဆုတောင်းခြင်းကို နားညောင်းတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၂)
**ယာကုပ် ၄း၅**
ယောဟန် ၁၆း၁၃-၁၄

*"ထိုဝိညာဉ်တော်သည် ရောက်လာသောအခါ သမ္မာတရားကို သင်တို့အားအကြွင်းမဲ့သွန်သင်ပြ လိမ့်မည်"*

# သမ္မာကျမ်းစာနှင့်ဝိညာဉ်

ယာကုပ်က သူ၏စာဖတ်သူများကို "ကျမ်းစာချက်အချည်းနှီးသက်သက်ဖြစ်သည် ဟူ၍၎င်း၊ ငါတို့၌တည်နေသောဝိညာဉ်တော်သည် ငြူစူစေချင်သောသဘောရှိသည်ဟူ၍၎င်း၊ ထင်ကြသလော" ဟူ၍မေးခဲ့သည်။ ဤအရာဘာကိုဆိုလိုသနည်း။ ၎င်းသည်လောကကို ချစ်မြတ်နိုးသူတွေအတွက် မေးခွန်းထုတ်စရာပါ။ သူတို့တွင် စစ်မှန်သောယုံကြည်ခြင်းရှိလျှင် သန့်ရှင်းသောဝိညာဉ်တော်သည် သူတို့အထဲတွင် ကိန်းဝပ်ပြီး ဤလောက၏အရာများကို မနာလိုဖို့ တပ်မက်ခြင်းဖြင့် ပို့ဆောင်မည်မဟုတ်ပေ။ တပ်မက်ခြင်းနှင့်မနာလိုခြင်းသည် ဝိညာဉ်တော်၏သဘောသဘာဝနှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ ယာကုပ်၏ရည်ရွယ်ချက်မှာ ဘုရားသခင်၏ဝိညာဉ်တော်သည် ၎င်းတို့၏ မနာလိုမှုတွင် ပါဝင်ခြင်းမရှိကြောင်း သက်သေပြရန်ဖြစ်သည်။ သမ္မာကျမ်းစာသည်အချည်းနှီးမသွန်သင်ပါ။ သစ္စာရှိသော (သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူသော) သူသည် ဇာတိပကတိတပ်မက်ခြင်းသို့ လိုက်ကြမည်မဟုတ်ပေ။

<u>သမ္မာကျမ်းစာသည် အချည်းနှီးမဟုတ်ပါ။</u> ယာကုပ်က သမ္မာကျမ်းစာသည်အချည်းနှီးလောဟု ယုံကြည်သူများအား မေးခဲ့ပါသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့အား မနာလိုခြင်းသို့ပို့ဆောင်မည်ဟု သမ္မာကျမ်းစာက ဆိုပါသလား။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်သည်။ ၎င်းသည် ဘုရားသခင်၏ဝိညာဉ်တော်အား သမ္မာတရားအားလုံးကို လမ်းညွှန်ပေးသူအဖြစ်ဖော်ပြသည်။ သန့်ရှင်းသောဝိညာဉ်တော်သည် အပြစ်လုပ်နိုင်စွမ်းရှိသလော။ ၎င်းမေးခွန်းသည် ဖြေဆိုဖို့ရန်ပင်မထိုက်တန်ပါ။ ထို့ကြောင့် ယာကုပ်သည်ယုံကြည်သူများကို မနာလိုခြင်းမရှိဖို့ရန် ပြောကြားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူတို့အထဲ၌ရှိသော ဝိညာဉ်တော်သည် ထိုကဲ့သို့အပြစ်ရှိသောလုပ်ရပ်ကို သဘောမတူနိုင်ပါ။ ရှင်ယောဟန် ၁၆း၇-၁၀ တွင် ယေရှုပြောခဲ့သောစကားကိုဖတ်ပါ။

<u>ဝိညာဉ်တော်သည် မနာလိုသောစိတ်မရှိပါ။</u> ဝိညာဉ်တော်သည် ဘုရားသခင်၏လူတို့၌ ကိန်းဝပ်တော်မူ၍ ဟေရှာယ ၅၇း၁၅ တွင် ဖော်ပြထားသောစံနှုန်းအတိုင်း သူနေထိုင်၏ "အကြောင်းမူကား၊ သန့်ရှင်းခြင်းဟု နာမရှိတော်မူထသော၊ အနန္တကာလတည်းဟူသော ဘုံဗိမာန်၌စံတော်မူထသော၊ အထွဋ်အမြတ်ဖြစ်တော်မူသောဘုရား မိန့်တော်မူသည်ကား၊ ငါသည် မြင့်မြတ်သန့်ရှင်းသောအရပ်၌နေ၏။ စိတ်နှိမ့်ချသောသူနှင့်၊ နှလုံးကြေကွဲသောသူတို့၏စိတ်ဝိညာဉ်အသက်ရှင်စေခြင်းငှါ၊ ကြေကွဲနှိမ့်ချသောစိတ်သဘောရှိသောသူတို့၌လည်း ငါနေ၏"။ သန့်ရှင်းသောဝိညာဉ် တော်သည် ယုံကြည်သူအား သမ္မာကျမ်းစာနှင့်အညီလုပ်ဆောင်ရန် လမ်းပြပေးသည်။ ထို့ကြောင့် သူသည် ခရစ်ယာန်တို့အား ငြူစူလိုသောဆန္ဒကို မည်သည့်အခါမျှ စေခိုင်းမည်မဟုတ်ပေ။ ဂလာတိ ၅း၁၆-၁၇ ကိုဖတ်ပါ။

ချစ်သောစာဖတ်သူ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာနှင့်ဝိညာဉ်တော်ကို အပြစ်လုပ်ဖို့ လှုံ့ဆော်သူများအဖြစ် ဘယ်တော့မှမညွှန်ပြသင့်ပါ။ ဘုရားသခင်၏နှုတ်ကပတ်တော်သည် လူများကို အပြစ်လုပ်ရန် သွန်သင်ဆုံးမခြင်းမရှိသလို ယုံကြည်သူတဦးအား ဘုရားသခင်၏သွန်သင်ချက်များကို ဆန့်ကျင်ရန် ဘုရားသခင်၏ဝိညာဉ်တော်က လှုံ့ဆော်ပေးမည်မဟုတ်ပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်အထဲ၌အမှန်ကိန်းဝပ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သည် ကိုယ်တော်၏အလိုတော်ကိုဆန့်ကျင်သောအခါ အကျွန်ုပ်စိတ်နှလုံးကို စီရင်တော်မူပါ။ ကိုယ်တော်၏အထံတော်ပါးမှ အကျွန်ုပ်ကို မရှောင်မလွှဲပါစေနှင့်။

စနေ၊ ဒီဇင်ဘာ (၃)
**ယာကုပ် ၄း၆**
သုတ္တံ ၃း၂၇-၃၅

*“. . . ကဲ့ရဲ့တတ်သောသူတို့ကို ကဲ့ရဲ့တော်မူ၏။*
*စိတ်နှိမ့်ချသောသူတို့ကိုကား၊ ကျေးဇူးပြုတော်မူ၏”*

# မာနထောင်လွှားသောသူနှင့်နှိမ့်ချသူ

မာနထောင်လွှားသောသူဆိုသည်မှာ အထက်စီးဆန်သောသူနှင့်မောက်မာသောသူကို ဆိုလို ရည်ညွှန်းသည်။ သူသည် မိမိ၏ရာထူးကို ကြွားလုံးထုတ်ပြီး အခြားသူများကို မထီမဲ့မြင်ပြုတတ်သော အချည်းနှီးကြွားဝါသူဖြစ်သည်။ နှိမ့်ချသောသူသည်အဘယ်နည်း။ မူရင်းစကားလုံးက စိတ်ခေတ် ကျနေသူကို ဖော်ပြ၏။ သူသည်စိတ်ခေတ်ကျ၍ညှိုးငယ်သောကြောင့် မျှော်လင့်ချက်ကင်းမဲ့နေသည်။ သူသည် နိမ့်ပါးသောလူမှုအဆင့်တန်းနှင့် ဆက်စပ်နိုင်သည်။ ကြင်နာတတ်သော ဘုရားသခင်သည် ဤလူနှစ်မျိုးကို မည်သို့ဆက်ဆံသနည်း။

<u>မာနထောင်လွှားသောသူကိုဆီးတား၏</u>။ “ဆီးတား” ဟူသောစကားလုံးသည် “ဆန့်ကျင်ဘက်၌ခင်းကျင်းထားခြင်း” ကိုဆိုလို၏။ ဤစကားလုံးသည် အခြားသူတို့တဖက်၌ ရန်လို၍မိမိကိုယ်ကို ထားခြင်းကိုဖော်ပြ၏ (တမန်၁၈း၆)။ ယာကုပ်က မာနထောင်လွှားခြင်း၏ အပြစ်ကိုရှုပ်ချ၏။ မာနထောင်လွှားသူများကို ဘုရားသခင်မည်ကဲ့သို့ ဆီးတားတွန်းလှန်သည်ကိုဖော်ပြသည့် စစ်ဘက်ဆိုင်ရာအသုံးအနှုန်းကို အသုံးပြုထားသည်။ မာနထောင်လွှားသောသူကို ဆန့်ကျင်တိုက်ခိုက်ရာတွင် ဘုရားသခင်ကိုယ်တိုင် ရှေ့တန်းမှ နေကြောင်းကိုပြသည့်စကားလုံးကို သုံးထား၏။ ဘုရားသခင်သည် မာနထောင်လွှားသောအပြစ်သားများကို ဒဏ်ခတ်ရန် သူကိုယ်တိုင်ဆုံးဖြတ်ထား၏။ သူတို့ကို မျက်နှာသာပေးခြင်းမရှိတော့ပါ။ အမျက်တော်ကြီးစွာဖြင့် သူတို့ကို မုန်းတီးတော်မူသည်။ သူတို့ကို သူ့အမျက်တော်အား ပြသမည်ဖြစ်ပြီး နောင်တ တရားနှင့်သခင်ယေရှုကို ယုံကြည်ခြင်းမှတပါး မည်သည့်အရာကမျှ သူတို့အားမကွယ်ကာနိုင်ပါ။

<u>နှိမ့်ချသောသူတို့အား ကျေးဇူးတော်ပေး၏</u>။ “ပေးသည်” ဟူသော စကားလုံးက ဘုရားသခင် သည် ကျေးဇူးတော်ကိုအစဉ်မပြတ် ရက်ရက်ရောရောပေးဆောင်သူအဖြစ် ပုံဖော်ထားသည့် ပစ္စုပ္ပန် ကာလစကားလုံးဖြစ်သည်။ နှိမ့်ချသောသူတို့အတွက် အဘယ်နှစ်သိမ့်မှုနည်း။ ၎င်းက စိတ်ခေတ်ကျ နေသူတို့၏ဘေးမှာ ဘုရားသခင်သည် မမေ့မပန်းရှိကြောင်းကို ပုံဖော်ထားသည်။ ယာကုပ်၏စာဖတ် သူတို့မှာ ဂျူးများ၏ညှင်းပန်းနှိပ်စက်မှုအောက်တွင် ဒုက္ခခံစားရသော ခရစ်ယာန်များဖြစ်ကြောင်းကို သတိရကြပါစို့။ ဘုရားသခင်သည် ကျွန်ုပ်တို့၏လိုအပ်ချက်များနှင့်ပတ်သက်၍ ဘယ်သောအခါမှ မတုံ့ဆိုင်းပါ။ သူသည်ကျွန်ုပ်တို့အတွက် အမြဲတစေ ပိုလျက်ရှိသောကျေးဇူးတော်ရှိသည်။ သူသည် အမြဲလုံလောက်ခြင်းရှိ၏။ သူ့၌ပေးစရာလည်း ပိုလျက်ရှိပါ၏။ မသဲ ၂၃း၁၁-၁၂ မှသခင်ယေရှု ပြောသောစကားကို ဖတ်ပါ။

ချစ်သောစာဖတ်သူ သင်သည်ဘုရားသခင်ရှေ့တော်၌ အဘယ်သူနည်း။ မာနထောင်လွှားသောသူလော။ ထိုသို့ဆိုလျှင် ဘုရားသခင်သည် သင့်ကိုဆီးတားနေသည်။ ဘုရားသခင်ကို သင်တိုက်လှန်ဖို့နည်းလမ်းမရှိပါ။ သင့်အပြစ်မှ နောင်တရပြီး လက်မြှောက်အရှုံးပေးပါ။ သို့မဟုတ် သင်သည် စိတ်ခေတ်အားငယ်နေသလား။ ဘုရားသခင့်ကျေးဇူးတော်သည် ဘယ်သောအခါမျှ ပျောက်ကွယ်သွားမည်မဟုတ်သောကြောင့် စိတ်ပျက်ခြင်းမရှိဘဲ နေပါ။ သူသည် နှိမ့်ချသောသူတို့ကို ပို၍ပို၍ပေးတော်မူ၏။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်မာနထောင်လွှားသောသူလော (သို့) နူးညံ့သိမ်မွေ့သူလော။
**ဆုတောင်းချက်** - အဘဘုရား၊ မာနထောင်လွှားခြင်းအသက်တာသည် အချည်းနှီးဖြစ်ကြောင်းနှင့် ထိုအရာက ကိုယ်တော်ကိုကျေနပ်စေဖို့ရန် မကူညီနိုင်ကြောင်းမြင်စေတော်မူပါ။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၄)
**ယာကုပ် ၄း၇**
မသဲ ၄း၃-၁၁ *"ယေရှုက . . . ကျမ်းစာလာသည်ဟု မိန့်တော်မူ၏"*

# မာရ်နတ်ကိုပြေးစေပါ

"မာရ်နတ်" (ဂရိ diabolos) ဆိုသည်မှာ မှားယွင်းစွပ်စွဲသူနှင့် အသရေဖျက်သူကို ဆိုလိုသည်။ သမ္မာကျမ်းစာက သူ့ကိုဘုရားသခင်နှင့်လူသားတို့ နှစ်ဦးလုံး၏ ရန်သူအဖြစ်အမြဲတမ်းဖော်ပြသည်။ မှားယွင်းသောစွပ်စွဲသူအနေဖြင့် သူသည် ကျွန်ုပ်တို့ကိုစိတ်ဓာတ်ကျစေဖို့ ကျွန်ုပ်တို့၏အပြစ်များကို ထပ်ခါထပ်ခါပေါ်ထွန်းစေလိမ့်မည်။ ဗျာဒိတ် ၁၂း၉-၁၀ ကိုဖတ်ပါ။

ဘုရားသခင်ထံဆက်ကပ်အပ်နှံခြင်း - "မိမိကိုယ်ကိုအပ်နှံခြင်း" (ယာကုပ် ၄း၇၊ hupotasso) ဆိုသည်မှာ လက်အောက်ငယ်သားဖြစ်ခြင်းကို ဆိုလို၏။ ယုံကြည်သူသည်ဘုရားသခင်ကို နာခံမှုရှိရန်နှင့်လက်အောက်ခံရန်ဖြစ်သည်။ အပ်နှံရန်ဆိုသောအမိန့်မှာ အဓိကအားဖြင့် "ရာထူးအောက်သို့" ဟုအဓိပ္ပာယ်ရသော စစ်ဘက်ဆိုင်ရာအသုံးအနှုန်းဖြစ်သည်။ Passive ပုံစံတွင်၎င်းသည် ဆန္ဒအလျောက်အပ်နှံခြင်းကိုညွှန်ပြသည်။ ဘုရားသခင်သည် သူရေးသားထားသော နှုတ်ကပတ်တော်ကို နာခံရန် ကျွန်ုပ်တို့အားတောင်းဆိုသည်။ ကျွန်ုပ်တို့သည် သူ၏နှုတ်ကပတ်တော်ကို နာခံစောင့်ရှောက်သောအခါ သူ၏အလိုတော်ကို ကျွန်ုပ်တို့လုပ်ဆောင်ကြ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် အသက်ရှင်သောအခါ မာရ်နတ်သည် ကျွန်ုပ်တို့ထံမှ ထွက်လိမ့်မည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ဆက်ကပ်အပ်နှံသောကြောင့် သူသည် ကျွန်ုပ်တို့နှင့်သက်ဆိုင်မည်မဟုတ်ပေ။ မသဲ ၄ တွင် စာတန်သည် သူ့ကို သွေးဆောင်သောအခါ ယေရှုပြုသောအမှုကိုသတိရပါ။ သခင်ယေရှုက "ကျမ်းစာလာသည်ကား" ဟုဆိုသည်။ ယေရှုက သမ္မာကျမ်းစာမလွဲ၍ မည်သည့်အရာကိုမျှ မလုပ်နိုင်ကြောင်း မာရ်နတ်အားပြောခဲ့သည်။ ကျွန်ုပ်တို့လည်း ထိုနည်းတူလုပ်ရမည်။ ထို့ကြောင့် မနာလိုခြင်းရှိဖို့ရန် ကျမ်းစာကအမိန့်တော်မပေးသောကြောင့် ကျွန်တော်တို့သည် မနာလိုခြင်းကို ဖယ်ရှားဖို့ရန် ယာကုပ်က ကောက်ချက်ချသည်။

မာရ်နတ်ကိုဆီးတားခြင်း - "ဆီးတားခြင်း" ဆိုသည်မှာ "ဆန့်ကျင်ရပ်တည်ခြင်း" ကိုဆိုလို၏။ သမ္မာကျမ်းစာက ယုံကြည်သူများအား မာရ်နတ်ကိုခိုင်မာစွာ ရပ်တည်ဆန့်ကျင်ဖို့ မိန့်ကြားခဲ့သည် (ဧဖက် ၆း၁၃)။ "သမ္မာသတိရှိလျက် မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်သည်၊ ဟောက်သောခြင်္သေ့ကဲ့သို့အဘယ်သူကိုမျိုရမည်နည်းဟူ၍ လှည့်လည်ရှာဖွေလျက်ရှိ၏။ သို့ဖြစ်၍ လူပြည်အရပ်ရပ်တို့၌ရှိသောသင်တို့ညီအစ်ကိုများတို့သည် ထိုသို့သောဆင်းရဲကိုခံရကြသည်ဟု သိမှတ်လျက်၊ ယုံကြည်ခြင်း၌တည်၍မာရ်နတ်ကိုဆီးတားကြလော့"(၁ ပေ ၅း၈-၉)။

ချစ်သောစာဖတ်သူ မာရ်နတ်၏မာယာနှင့်လှည့်ဖြားခြင်းသို့ မဝင်မိကြပါနှင့်။ အရှုံးလုပ်ခြင်း မခံကြပါနှင့်။ သမ္မာကျမ်းစာကို သင်သိသယဝင်ပြီး ၎င်း၏အခွင့်အာဏာကို သင်မလိုက်နာပါက စာတန်သည် သင့်ထံဝင်ရောက်ပြီး အပ်စိုးလိမ့်မည်။ သမ္မာကျမ်းစာသည် ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် လုပ်ဆောင်ခြင်းတို့တွင် အမြင့်မြတ်ဆုံးနှင့် နောက်ဆုံးအာဏာဖြစ်သည်။ သမ္မာကျမ်းစာမှ ရုန်းထွက်ဖို့မကြိုးစားပါနှင့်။ ကြားနေနယ်မြေမရှိပါ။ သင်သည်ဘုရားသခင် (သို့) မာရ်နတ်၏ လက်အောက်ခံဖြစ်သည်။ အန္တရာယ်ကိုသတိထားပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံအပ်နှံပြီး မာရ်နတ်ကိုတားဆီးသလား။
**ဆုတောင်းချက်** - အဘဘုရား ကိုယ်တော်၏သန့်ရှင်းသောပညတ်တော်၌ ဆက်ကပ်အပ်နှံခြင်းဖြင့် မာရ်နတ်ကိုတားဆီးဖို့ရန် အကျွန်ုပ်အား ကျေးဇူးတော်ပေးသနားတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၅)
**ယာကုပ် ၄း၈**
ဆာလံ ၁၄၅း၁၇-၁၉

*“ထာဝရဘုရားသည်ပဌနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွ ပဌနာပြုသောသူအပေါင်းတို့၏အနီးအပါး၌ ရှိတော်မူ၏”*

# ဘုရားသခင်ထံချဉ်းကပ်လော့

“ဘုရားသခင်၌ချဉ်းကပ်ကြလော့” (ယာကုပ် ၄း၈) ဟူသောအမိန့်တော်ကို ယခုတွင် သူ၏စာဖတ်သူတို့အား ယာကုပ်မိန့်ဆိုသည်။ “ချဉ်းကပ်ကြလော့” ဟူသောစကားသည် စေခိုင်းဝိဘတ်ဖြစ်သည်။ ဘုရားသခင်ထံတော်သို့ရောက်ဖို့ ဘုရားသခင်ကိုလက်ခံဖို့ရန် ဘာလုပ်ရမည်ကို သိဖို့လိုအပ်သည်။ ယာကုပ်က အယောင်ဆောင်ယုံကြည်သူများ၏ အပြစ်များကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ သူတို့သည် သန့်ရှင်းသောဘုရားသခင်ထံ ချဉ်းကပ်သောအခါ သန့်ရှင်းဖြူစင်ဖို့ရန်လိုအပ်သည်။

<u>သင်တို့၏လက်များကိုသန့်ရှင်းစေပါ</u>- “သန့်ရှင်းခြင်း” ဟူသောစကားလုံးသည် သန့်ရှင်းသောရည်ရွယ်ချက်အတွက် အိုးများကိုဆေးကြောခြင်းကဲ့သို့ မြင့်မြတ်စွာအသုံးပြုဖို့အတွက် စေ့စပ်သန့်ရှင်းခြင်းမျိုးဖြစ်သည်။ ပုံဥပမာအားဖြင့် ၎င်းမှာ ဘာသာရေးထုံးတမ်းစဉ်လာသန့်စင်မှုနှင့် ဆက်စပ်ပြီး ကိုယ်ကျင့်တရားသန့်ရှင်းမှုကိုဆိုလိုသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သန့်ရှင်းစေပြီးမှ လက်ခံတော်မူ၏။ ထို့ကြောင့် ၎င်းသည် အပြစ်၏ညစ်ညူးစေခြင်းခံရသူအပေါင်းတို့အတွက် ပညတ်ချက်ဖြစ်သည်။ ဤနေရာတွင် ယာကုပ်သည်သူတို့၏ သံသယစိတ်ကြောင့် သို့မဟုတ် အပြစ်များကျူးလွန်ခြင်းကြောင့် ဘုရားသခင်နှင့်ကင်းကွာနေသူအားလုံးကို မိန့်ကြားခဲ့သည်။

<u>သင်တို့စိတ်နှလုံးကို သန့်ရှင်းစေပါ</u> - “သန့်ရှင်းစေပါ” ဟူသောစကားသည်လည်း အမိန့်တော်ဖြစ်ပြီး ဆေးကြောသန့်စင်ခြင်းနှင့်အဓိပ္ပာယ်တူပါသည်။ ၎င်းသည် “သန့်စင်ပါ” ဟူသောအမိန့်မှ ခြေတလှမ်းသာကွာပါသည်။ ကျွန်ုပ်တို့သည် ပြင်ပပြုပြင်ပြောင်းလဲမှုနှင့် ပြင်ပကျူးလွန်သောအပြစ်များကို ပယ်ရှားယုံမျှဖြင့်မကျေနပ်ရပါ။ အတွင်းပိုင်းပြုပြင်ပြောင်းလဲခြင်းမရှိလျှင် အပြင်ပိုင်းပြန်လည်ပြုပြင်ပြောင်းလဲရေး ပမာဏလုံလောက်မှုမရှိပါ။ စိတ်နှလုံးသို့ရောက်သော သန့်စင်ခြင်းနှင့် ကျွန်ုပ်တို့ချစ်ခြင်းမေတ္တာကို အသစ်ဖြစ်စေသော သန့်ရှင်းမှုရှိရပါမည်။ စိတ်နှလုံးသားမှားလျှင် ဘယ်အရာကမှ မှန်ကန်နိုင်မည်မဟုတ်ကြောင်း ဘုရားသခင်သိတော်မူသည်။

ဘုရားသခင်က ကျွန်ုပ်တို့ကို သူ့နားမှာ နေကြဖို့မိန့်ကြားထားသည်။ အဘယ်ကြောင့် ဆိုသော် သူတပါးတည်းကသာလျှင် ကျွန်ုပ်တို့ကို သန့်ရှင်းဖြူစင်စေနိုင်၏။ ကျွန်ုပ်တို့သည် မိမိတို့အပြစ်များကိုတွယ်ကပ်လိုသောကြောင့် ဘုရားသခင်နှင့် ခပ်ဝေးဝေးနေလိုပါက သူ့အထံတော်ပါးသို့ ချဉ်းကပ်ဖို့ရန် မျှော်လင့်ချက်မရှိပါ။ ကျွန်ုပ်တို့သည် သူ့ထံသို့ချဉ်းကပ်လျှင် သူသည် ကျွန်ုပ်တို့ထံ ချဉ်းကပ်တော်မူမည်။ သူသည်ကျွန်ုပ်တို့ကို သန့်ရှင်းစင်ကြယ်စေဖို့ အမြဲအသင့်ရှိသည်။ ယောဟန် ၆း၃၇ တွင် ယေရှုပြောခဲ့သောစကားကိုဖတ်ရှုပါ။

ချစ်သောစာဖတ်သူ၊ သင်သည်ဝိညာဉ်ရေးသန့်စင်ခြင်းနှင့် သင့်စိတ်နှလုံးသန့်စင်ခြင်း အားမရှာဖွေဘဲနေမည်လော။ ကျွန်ုပ်တို့သည် အပြစ်ရှိသောတပ်မက်မှုများနှင့် ဘုရားသခင်ကို သံသယနှင့် ဆက်လက်စွဲလမ်းနေပါက ဘုရားသခင်၏ နှစ်သက်မှုကို ဘယ်သောအခါမျှမျှော်လင့်လို့မရပါ။

**ဆင်ခြင်ရန်** - ဘုရားသခင်ထံ ကျွန်ုပ်ချဉ်းကပ်ပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သည်ကိုယ်တော်ထံသို့ ချဉ်းကပ်သောအခါ ဂရုဏာတော်အားဖြင့် အကျွန်ုပ်ထံသို့ ချဉ်းကပ်မည်ဟူသော ကတိတော်အတွက် ကျေးဇူးတင်ပါ၏။

**ယာကုပ် ၄း၉**

၂ ကော ၇း၉-၁၀

*"ဘုရားသခင်၏အလိုတော်နှင့်ညီသော ဝမ်းနည်းခြင်းသည် . . . နောင်တစိတ်ကို ပြုပြင်တတ်၏"*

# စစ်မှန်သောနောင်တ

နောင်တဆိုသည်မှာ အဘယ်နည်း။ ဓမ္မသစ်ကျမ်းတွင် ဂရိစကားလုံးနှစ်လုံးကို နောင်တရခြင်းအဖြစ် အသုံးပြုထားသည်။ Metanoeo သည် စိတ်ပြောင်းလဲသည် နောင်တရခြင်းကို ရည်ညွှန်းသည်။ ဘုရားသခင်ထံသို့ စစ်မှန်သောစိတ်နှလုံးပြောင်းလဲခြင်းနှင့်အတူ ဝမ်းနည်းခြင်းပါဝင်သည်။ လက်တွေ့ဆိုရလျှင် ၎င်းတွင် ဘုရားသခင်နှင့်ယေရှုခရစ်၏ သတင်းကောင်းမှ ဝေးကွာလျက်မယုံကြည်ခြင်းနှင့်အပြစ်အတွက် ကြီးမားသောဝမ်းနည်းခြင်းကို ဆိုလိုသည်။ အခြားစကားလုံးမှာ "metamelomai"ဖြစ်ပြီး ကြီးစွာသောဝမ်းနည်းခြင်းရှိသော်လည်း အမှန်တကယ်စိတ်ပြောင်းလဲခြင်းမရှိဘဲ၊ မိမိလုပ်ဆောင်ခဲ့သည့်အရာအတွက် ဝမ်းနည်းခြင်းမျိုး၌ အသုံးပြုထားသည်။

<u>ငြိုငြင်ခြင်းရှိလော</u> - "ငြိုငြင်" ဟုပြန်ဆိုထားသောစကားလုံးသည် ကြေကွဲခြင်းနှင့် ဝမ်းနည်းခြင်းကိုဖော်ပြသည်။ ယာကုပ်က သူ၏စာဖတ်သူတို့ကို ငြိုငြင်ခြင်းနှင့်ဝမ်းနည်းပူဆွေးခြင်းရှိရန် မိန့်ကြားခဲ့သည်။ ၎င်းတို့က ဝမ်းနည်းဖွယ်ရာခံစားချက်များ၊ ဝမ်းနည်းပူဆွေးခြင်း၊ နောင်တရခြင်း (သို့မဟုတ်) ငိုကြွေးမြည်တမ်းခြင်းတို့ကို ဖော်ပြခြင်းစြဖ်သည် (လုကာ ၁၈း၁၃)။

<u>ဝမ်းနည်းပူဆွေးခြင်းရှိလော့</u> - ဝမ်းနည်းပူဆွေးခြင်းသည် ဝမ်းနည်းခြင်းသောက ခံစားရခြင်းဖြစ်သည်။ ၎င်းသည် မိသားစုဝင်တစ်ဦးသေဆုံးမှုအား ဝမ်းနည်းပူဆွေးသည့်နည်းတူ အပြစ်အတွက် ငိုကြွေးမြည်တမ်းသည့် လုံးလုံးစိတ်ပျက်အားငယ်ခြင်းနှင့် နောင်တရခြင်းဖြစ်သည်။ သခင်ဘုရားက "စိတ်မသာညည်းတွားသောသူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ထိုသူတို့သည် သက်သာခြင်းသို့ရောက်ကြလတံ့" (မသဲ ၅း၄) ဟူ၍ ညွှန်းကြားခဲ့သည်။

<u>ငိုကြွေးလော့</u> - ငိုကြွေးခြင်းသည် ပို၍လေးနက်သော ဝမ်းနည်းမှုကိုဖော်ပြခြင်းဖြစ်သည်။ ဝမ်းနည်းပူဆွေးဖို့အမိန့်ဖြစ်သည်။ ယခင်က ဖော်ပြပြီးသော ဆင်းရဲဒုက္ခနှင့် ဝမ်းနည်းခြင်းတို့၏ အပြင် ပန်းကိုထုတ်ဖော်ခြင်းဖြစ်သည်။ ဟေရှာယက သစ္စာမဲ့သော ဣသရေလအမျိုးသားတို့အား သတိပေးသည်မှာ "ထိုကာလ၌ငိုကြွေးမြည်တမ်းခြင်း၊ ဆံပင်ကိုပယ်ဖြတ်ခြင်း၊ လျှော်တေအဝတ်ကို ဝတ်စည်းခြင်းအလိုငှါ၊ ကောင်းကင်ဗိုလ်ခြေသခင်အရှင်ထာဝရဘုရားသည် နှိုးဆော်တိုက်တွန်းတော်မူသော်လည်း" (ဟေရှာ ၂၂း၁၂)။

သင်တို့၏ရယ်မောခြင်းကို ဝမ်းနည်းပူဆွေးခြင်းဖြစ်စေကြလော့။ ဤအရာမှာ ရွှင်မြူးခြင်းမှ ငိုကြွေးခြင်းသို့ အခြေအနေကို ပြောင်းလဲစေသည့် နောက်ထပ်အမိန့်တစ်ခုဖြစ်သည်။ သူတို့သည် မိမိုပြုခဲ့သော ဆိုးသွမ်းသည့်အကျင့်တို့ကြောင့် ဝမ်းမြောက်ဖို့မဟုတ်ဘဲ ကျွန်ုပ်တို့အတွက်ကြောင့် သခင်ဘုရား လက်ဝါးကားတိုင်မှာ ခံစားရသည့်အရာအတွက် ဝမ်းနည်းပူဆွေးဖို့ဖြစ်သည်။

သတိပြုမည်လော။ မှတ်ချက် စစ်မှန်သောနောင်တသည် ဤဖော်ပြချက်များကိုပေါ်လွင်စေသည်။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်အထက်ပါအမိန့်များကို နာခံပါသလား။

**ဆုတောင်းချက်** - အဘဘုရား ကျွန်ုပ်အပြစ်များ၏ ကြီးမားမှုကို နားလည်စေပြီး ကျွန်ုပ်၏ စိတ်ကို ဘုရားသခင်ထံသို့ ပြောင်းလဲခြင်းနှင့်အတူ အပြစ်အတွက် နောင်တရရန် ကူညီတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၇)
**ယာကုပ် ၄း၁၀**
၁ ပေ ၅း၅-၆

*". . . ဘုရားသခင်၏တန်ခိုးကြီးသောလက်တော်အောက်၌ ကိုယ်ကိုကိုယ်နှိမ့်ချကြလော့"*

# နှိမ့်ချခြင်းသည်သော့ချက်

အပြောင်းအလဲသည် အများကြီးအားထုတ်ရသည်။ ဆိုးသွမ်းသောဘဝတွင် နေထိုင်လေ့ရှိသူတစ်ဦးကို ပြုပြင်ပြောင်းလဲရန် လွယ်ကူမည်မဟုတ်ပေ။ မနာလိုခြင်းနှင့်ရန်တွေ့ခြင်းစိတ်သည် လူ၏မာနထောင်လွှားခြင်းကို ထင်ရှားစေသည်။ မကောင်းမှုမှန်သမျှ၏ မျိုးစေ့သည် မာနထောင်လွှားခြင်းဖြစ်သည်။ ၎င်းသည် လူစီဖာတွင် အဦးဆုံးပေါ်ပေါက်ခဲ့ပြီး ၎င်းမျိုးစေ့ကို မြေကြီးပေါ် သို့ချခဲ့သည်။ အရေးကြီးသောဖြေဆေးမှာ နှိမ့်ချခြင်းဖြစ်သည်။ အပြစ်သားသည် မိမိကိုယ်ကို နှိမ့်ချရမည်။ သူသည် မိမိ၏လုံးလုံးမထိုက်တန်မှုနှင့်အပြစ်ကြောင့် ဆုံးရှုံးခြင်းကို အမှန်တကယ်နားလည်ခြင်းရှိရပါမည်။ ယေရှုက "စိတ်နှလုံးနှိမ့်ချသောသူတို့သည်မင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ကောင်းကင်နိုင်ငံတော်သည်ထိုသူတို့၏နိုင်ငံဖြစ်၏" (မသဲ ၅း၃) ဟုဆိုသည်။

<u>ဘုရားသခင်နှစ်သက်တော်မူမည်</u> - "ဘုရားသခင့်ရှေ့တော်၌" (ယာကုပ် ၄း၁၀) ဟူသောစကားစုသည် သခင်ဘုရား၏မျက်မှောက်တော်၌ရှိနေခြင်းကိုဆိုလိုသည်။ သူ့ရှေ့တော်၌ ကျွန်ုပ်တို့နှိမ့်ချသောအခါ ဘုရားသခင်နှစ်သက်တော်မူလိမ့်မည်။ လူအများစုသည် လူတို့ရှေ့၌ နှိမ့်ချနေပုံပေါ်၏။ သို့သော် သူတို့တဦးတည်း (သို့) စိတ်နှလုံးထဲ၌ရှိနေသောအခါ ထောင်လွှားသောစိတ်ရှိကြသည်။ ဘုရားသခင်သည် ဟန်ဆောင်သောသူတို့ကို နှစ်သက်တော်မမူပေ။ ယေရှုက "ထိုအခါအတိုင်းမသိများစွာသောလူတို့သည်စုဝေး၍ အချင်းချင်းနင်းမိမတတ်နေကြသည်ရှိသော်၊ ယေရှုသည် တပည့်တော်တို့အားမိန့်တော်မူသည်ကား၊ လျှို့ဝှက်ခြင်းတည်းဟူသောဖာရိရှဲတို့၏တဆေးကို ရှေ့ဦးစွာကြဉ်ရှောင်ကြလော့။ဖုံးထားလျက် ရှိသမျှတို့သည် ပွင့်လိမ့်မည်။ ဆိတ်ကွယ်ရာ၌ရှိသမျှတို့သည်လည်း ထင်ရှားလိမ့်မည်" (လုကာ ၁၂း၁-၂) ဟု သတိပေးခဲ့သည်။ ကျွန်ုပ်တို့၏ ဘုရားသခင်သည် နေရာတိုင်း၌ ရှိပြီး အရာခပ်သိမ်းကိုသိတော်မူ၏။ ဤအရာကိုဒါဝိဒ်မင်းကြီးသိတော်မူခဲ့သည်။ ဆာလံ ၅၁း၄ တွင် သူ၏ဆုတောင်းချက်ကိုဖတ်ပါ။

<u>ဘုရားသခင်သည် သင့်ကိုချီးမြှောက်တော်မူလိမ့်မည်</u> - ကျွန်ုပ်သည် အမှန်တကယ်နှိမ့်ချပြီး အပြစ်များအတွက် စိတ်ရင်းမှန်ဖြင့်နောင်တရလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချီးမြှောက်တော်မူလိမ့်မည်ဟု ယာကုပ်ဆို၏။ "ချီးမြှောက်" ဟူသောစကား၏ မူရင်းစကားလုံးသည် ဂုဏ်အသရေနှင့်ရာထူးကို ပံ့ဆောင်ပြောဆို၏။ ဆိုလိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့အားချီးမြှောက်တော်မူမည်။ ချီးမြှောက်ခံရဖို့ လူ၏ကြိုးပမ်းအားထုတ်မှုတို့မှာ အချည်းနှီးဖြစ်သည်။ ဘုရားသခင်သာလျှင် ကျွန်ုပ်တို့အား စစ်မှန်သောသဘောဖြင့် ချီးမြှောက်နိုင်၏။ သူသည် ကျွန်ုပ်တို့အားဒုက္ခထဲမှကယ်ထုတ်မည် (သို့မဟုတ်) ကျွန်ုပ်တို့၏စိတ်ဝိညာဉ်ကိုမြှင့်တင်ပေးပြီး အကျပ်အတည်းတွင် နှိမ့်သိမ့်ပေးမည်ဖြစ်သည်။ ကောင်းကင်ဘုံသို့သွားရာလမ်း၌ ကျွန်ုပ်တို့ကို ဧကန်မုချချီးမြှောက်တော်မူမည်။ ဆာလံ ၁၄၇း၅-၆ ကိုဖတ်ပါ။

ချစ်လှစွာသောစာဖတ်သူတို့၊ ကျွန်ုပ်တို့၌ဂုဏ်ယူဝါကြွားနိုင်သည့်အရာမရှိပေ။ ထို့ပြင် ကျွန်ုပ်တို့သည် ဘုရားသခင်၏ကျယ်ပြောလှသော စကြဝဠာနှင့်နှိုင်းယှဉ်လျှင် အစက်မျှသာဖြစ်သည့် ကြယ်ငယ်လေး၏အထက်ကို ကျော်လွန်၍ပင်မိမိကိုယ်ကို မမြှင့်တင်နိုင်ကြပါ။ ကျွန်ုပ်တို့သည် မည်သူဖြစ်သည်ကို အမှန်အတိုင်းဝန်ခံခြင်းကသာ၍ကောင်းပါ၏။ကျွန်ုပ်တို့၏အပြစ်များကို နောင်တရပြီး ယေရှုခရစ်ကိုယုံကြည်ခြင်းဖြင့် လုပ်ဆောင်သောအခါ၊ သခင်ကိုယ်တော်တိုင် ကျွန်ုပ်တို့ကို ချီးမြှောက်တော်မူမည်။

**ဆင်ခြင်ရန်** - ကျွန်ုပ် နှိမ့်ချခြင်းရှိသလား။
**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်အား နှိမ့်ချခြင်းငှါ၎င်း၊ ရှေ့တော်၌ ကိုယ်တော်နှစ်သက်သောအရာတို့ကို မစွမ်းဆောင်နိုင်သူဖြစ်ကြောင်း မြင်စေခြင်းငှါ၎င်း ကျေးဇူးတော်ကို ပေးတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၈)
**ယာကုပ် ၄း၁၁**
ဇဖတ် ၄း၂၅-၃၂

*"ခပ်သိမ်းသောစိတ်တိုခြင်း၊ စိတ်ဆိုးခြင်း၊ အမျက်ထွက်ခြင်း၊ အောက်ဟစ်ငေါက်ငေါ်ခြင်း၊ သူ့အသရေပျက်အောင် ပြောဆိုခြင်း တို့ကိုငင်း၊ ခပ်သိမ်းသောမနာလိုခြင်းကိုငင်း၊ သင်တို့မှပယ်ရှားကြလော့"*

# ကဲ့ရဲ့သောစကားမပြောပါနှင့်

ယာကုပ်၏နောက်ထပ်အမိန့်မှာ ဆိုးညစ်သောစကား (သို့) အချင်းချင်းကဲ့ရဲ့ခြင်းစကားကို ရပ်တန့်ရန်ဖြစ်သည်။ သူတို့သည် ထိုအရာကိုလုပ်ဆောင်ကြသောကြောင့် တမန်တော်က သတိပေးနေခြင်းဖြစ်သည်။ ထိုအရာကိုရပ်ပစ်ရမည်။ အချို့သောသူတို့သည် ညီအစ်ကိုတို့ကို ကဲ့ရဲ့ကြသည်ဟု ထင်ရှား၏။ အချို့သောသူတို့သည် ညီအစ်ကိုတို့ကို စီရင်ကြသည်။ ယာကုပ်က ၎င်းသည်ပညတ်တော်ကိုပြစ်တင်ဝေဖန်နေကြခြင်းဖြစ်ကြောင်း မိန့်ဆို၏။ အကျိုးသက်ရောက်မှုမှာ ပညတ်တော်ကို စီရင်ကြသောသူတို့သည် ပညတ်တော်ကိုလိုက်လျှောက်ကြသူများမဟုတ်ဘဲ တရားစီရင်ကြသူများကဲ့သို့ပြုမူကြသည်။ ထိုသို့သောအတွေးသည် ရယ်စရာကောင်းလှ၏။ လူသည် ဘုရားသခင်၏ပညတ်တော်ကို တရားစီရင်ဖို့ရန်အဘယ်သူဖြစ်သနည်း။

<u>အချင်းချင်းကဲ့ရဲ့ကခြင်းကိုမပြုကြနှင့်</u> - လူသည် မိမိညီအစ်ကိုကို ကဲ့ရဲ့ဖို့အချိန်မရှိပါ။ တစုံတခုသည် မိမိညီအစ်ကိုကို အသရေပျက်အောင် ပြောဆိုလျှင်၊ ညီအစ်ကိုကို မှားယွင်းစွာစီရင်နေ၏။ ညီအစ်ကိုကိုလုပ်ကြံသတ်ဖြတ်ခြင်း၌ ပါဝင်ပတ်သက်သောသူသည် ဘုရားသခင်၏ပညတ်တော်ကို ဆန့်ကျင်၏။ ပညတ်ချက်မှာ "ကိုယ်နှင့်စပ်ဆိုင်သောသူတဘက်၌မမှန်သောသက်သေကို မခံနှင့်" (ထွက် ၂၀း၁၆) ဟူ၍ဖြစ်သည်။

<u>ပညတ်တော်ကိုမကဲ့ရဲ့ကြပါနှင့်</u> - လူသည် ညီအစ်ကို၏ကောင်းကြောင်းကိုပြော၍ မှားယွင်းစွာ စီရင်၍ပညတ်တော်ကိုအသုံးပြုသည်ဟုဆိုသောအခါ၊ ပညတ်တော်ကိုမှားယွင်းစွာ အနက်ဖွင့်ဆိုခြင်းဖြစ်သည်။ ထိုအရာက ပညတ်တော်ကိုမကောင်းမှုအဖြစ် စီရင်ရာရောက်စေ၏။ ထိုသို့ပြုသောသူသည် ပညတ်တော်ကိုကဲ့ရဲ့ခြင်းဖြစ်၏။ အကြောင်းမှာ သူသည် ပညတ်တော်၌ဖော်ပြသောအရာကို ဆန့်ကျင်ဘက်လုပ်ဆောင်နေသောကြောင့်ဖြစ်သည်။ ယေရှုက "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်ရှိသမျှနှင့်ချစ်လော့၊ ဟူသောပညတ်သည် ပဌမပညတ်ဖြစ်၏။ ကြီးမြတ်သောပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ဟူသော ဒုတိယပညတ်သည် ပဌမပညတ်နှင့်သဘောတူ၏။ ဤပညတ်နှစ်ပါးတို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏အချုပ်အခြာပင်ဖြစ်သတည်း" (မသဲ ၂၂း၃၇-၄၀) ဟုမိန့်ဆိုသည်။ ပညတ်တော်၌ညီအစ်ကိုကို ကဲ့ရဲ့ခြင်းအ ကြောင်းပါရှိသလား။

ပညတ်တော်ကိုဆန့်ကျင်သောသူတို့သည် ပညတ်တော်ကိုစီရင်သောသူဖြစ်ကြ၏။ သူတို့သည် ပညတ်တော်ကိုကျင့်သောသူမဟုတ်ကြပါ။ ပညတ်တော်ကိုတရားစီရင်ဖို့ရန် ကျွန်ုပ်တို့ကို ပညတ်ထားသည်မဟုတ်၊ လိုက်လျှောက်နာခံဖို့ရန်ဖြစ်၏။ သင်သည်တရားစီရင်သောအခါ၊ သတိထားပါ။ ပညတ်တော်ကိုမှန်ကန်သောအနက်ဖွင့်ဆိုချက်အတိုင်း စနစ်တကျလေ့လာပါ။ သင့်စံနှုန်းအတိုင်း အခြားသူတို့ကိုစီရင်ဖို့ရန် ပညတ်တရားကိုဟန်ဆောင်၍အသုံးမပြုပါနှင့်။ မသဲ ၇း၁-၅ ကို ဖတ်ပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏ညီအစ်ကိုတို့ကို ကဲ့ရဲ့ပြောဆိုနေပါသလား။
**ဆုတောင်းချက်** - အဖ၊ ကျွန်ုပ်၏လျှာသည် သူတပါးကိုမစီရင်ဖို့ရန် စောင့်ထိန်းပေးတော်မူပါ။ ကိုယ်တော်၏ပညတ်တော်ကို လိုက်နာသောသူဖြစ်စေတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၉)

**ယာကုပ် ၄း၁၂**

ဟေရှာ ၃၃း၂၂

*“. . . ထာဝရဘုရားသည် ငါတို့၏တရားသူကြီး . . . ငါတို့၏ပညတ်တရားရှင်ဖြစ်တော်မူ၏”*

# ပညတ်တရားကို့ပေးပို့င်သူ့တပါးတည်း

ယာကုပ်က ပညတ်တရားကိုပေးသောသူတပါးတည်းသာရှိကြောင်း အတည်ပြုသည်။ ထိုသူသည် ထိန်းသိမ်းခွင့်နှင့်ဖျက်ဆီးပိုင်ခွင့်ရှိသည်။ ထို့နောက် အဘယ့်အကြောင့် အချင်းချင်းစီရင်ကြသနည်းဟု ယာကုပ်မေး၏။ ထိုအချိန်က ယုံကြည်သူများကြားပြဿနာတစ်ခုမှာ ဆင်းရဲသားများကို ခွဲခြားဆက်ဆံခြင်းပင်ဖြစ်သည်။ သူတို့သည် ဘုရားသခင်၏ပညတ်တော်အတိုင်းမဟုတ်ဘဲ သူတို့၏ကိုယ်ပိုင်စံအတိုင်း အခြေခံ၍ တစ်ဦးကိုတစ်ဦးစီရင်ကြရာတွင် တမန်တော်ကဤသာဓကကို ပေးခဲ့၏။ သူတို့သည် ညီအစ်ကိုတို့ကိုဖျက်ဆီးရန် ပညတ်တရားတော်ကို ဆိုးသွမ်းသောနည်းများဖြင့် အသုံးပြုဝံ့ကြသည်။ ယာကုပ်က ပညတ်တရားကိုအလွဲသုံးစားမလုပ်ကြရန်သတိပေး၏။ အကြောင်းမူကား ပညတ်တရားတော်ကိုပေးသောသူသည် အနန္တတန်ခိုးရှင်ဖြစ်၏။ အရာခပ်သိမ်းကို သိသောဘုရားသခင်သည် ကဲ့ရဲ့ခြင်းခံရသောညီအစ်ကိုတို့ကို ကယ်တင်နိုင်ပြီး ကဲ့ရဲ့သူများကိုလည်း ဖျက်ဆီးနိုင်၏။

<u>ကယ်တင်နိုင်သူ</u> - ဘုရားသခင်သည် ကယ်တင်နိုင်၏။ သူသည် ဤလောက၏တပါးတည်းသော ကယ်တင်ရှင်ဖြစ်သည် ။ “ထာဝရဘုရားမိန့်တော်မူသည်ကား၊ သင်တို့သည်၊ ငါ့ကိုသိမှတ်ယုံကြည်၍၊ ငါသည်မှန်ပြီဟုနားလည်မည်အကြောင်း၊ ငါ၏သက်သေ၊ ငါရွေးကောက်သောကျွန်ဖြစ်ကြ၏။ ငါ့ရှေ့မှာဖန်ဆင်းရာထဲက အဘယ်ဘုရားသခင်မျှမဖြစ်၊ ငါ့နောက်မှာလည်း၊ အဘယ်ဘုရားသခင်မျှမရှိရာ။ ငါတပါးသည် ထာဝရဘုရားဖြစ်၍၊ ငါမှတပါးကယ်တင်သောသခင်မရှိ” (ဟေရှာ ၄၃း၁၀-၁၁)။ “မြေကြီးစွန်းသားအပေါင်းတို့၊ ငါ့ကိုမျှော်ကြည့်၍၊ ကယ်တင်ခြင်းကျေးဇူးကိုခံကြလော့။ ငါသည်ဘုရားသခင်ဖြစ်၏။ ငါမှတပါးအခြားသောဘုရားမရှိ” (ဟေရှာ (၄၅း၂၂)။ ၁ ယော ၄း၁၄၊ ယောဟန် ၃း၁၆-၁၇ ကိုလည်း ဖတ်လော့။

<u>ဖျက်ဆီးနိုင်သောသူ</u> - ယေရှုက “တနည်းကား၊ ကိုယ်ခန္ဓာကိုသာသတ်၍စိတ်ဝိညာဉ်ကို မသတ်နိုင်သောသူတို့ကိုမကြောက်ကြနှင့်။ ကိုယ်ခန္ဓာနှင့်စိတ်ဝိညာဉ်ကိုငရဲ၌ဖျက်ဆီးနိုင်သောသူကိုသာ၍ကြောက်ကြလော့” (မသဲ ၁၀း၂၈) ဟု မိန့်တော်မူ၏။ ရှင်ပေါလုက “သခင်ယေရှုသည် တန်ခိုးရှိသောကောင်းကင်တမန်တို့နှင့်အတူ၊ ကောင်းကင်ဘုံကပေါ်ထွန်းတော်မူ၍၊ ဘုရားသခင်ကိုမသိသောသူ၊ ငါတို့သခင်ယေရှုခရစ်၏ဧဝံဂေလိ ကို နားမထောင်သောသူတို့ကို မီးလျှံအားဖြင့်ဒဏ်ပေးတော်မူသောအခါ၊ သင်တို့ကိုဆင်းဲ့စေဘူးသော သူတို့၌ဆင်းရဲခြင်းကိုဇင်း၊ ဆင်းရဲခံရဘူးသောသင်တို့၌ ငါတို့နှင့်အတူ ချမ်းသာခြင်းကိုဇင်း၊ ဘုရား သခင်ဆပ်ပေး၍၊ တရားသဖြင့်စီရင်တော်မူလိမ့်မည်။ ထိုသခင်သည် မိမိသန့်ရှင်းသူတို့အားဖြင့် ဂုဏ်အသရေတော် ထင်ရှားခြင်းကိုဇင်း၊ ငါတို့သက်သေကိုသင်တို့သည်ယုံကြည်သည်ဖြစ်၍၊ ယုံကြည်သောသောသူအပေါင်းတို့အားဖြင့် အံ့ဩချီးမွမ်းခြင်းကိုဇင်း၊ ခံအံ့သောငှါ ကြွလာတော်မူသော နေ့ရက်၌ ထိုသူတို့သည် သခင်ဘုရား၏မျက်နှာတော်နှင့်ဇင်း၊ တန်ခိုးရှိသောဘုန်းတော်နှင့်ဇင်းကွာ၍၊ ထာဝရပျက်စီးခြင်းတည်း ဟူသော အပြစ်ဒဏ်ကိုခံရကြလတံ့” (၂ သက် ၁း၇-၁၀) ဟုဆို၏။

ချစ်လှစွာသောစာဖတ်သူ၊ သင်၏ညီအစ်ကိုတို့အပေါ်တွင် ဘုရားသခင်၏ပညတ်တရားကို မကောင်းသောနည်းလမ်းဖြင့် အသုံးမပြုပါနှင့်။ ပညတ်တရားကိုကျင့်သောသူဖြစ်၍ စောင့်ရှောက်နာခံလော့။

**ဆင်ခြင်ရန်** - ပညတ်တရားကိုပေးတော်မူသောဘုရားသခင်ကို ကျွန်ုပ်ကြောက်ရွံ့ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်သည်ကိုယ်တော်အားချစ်သင့်သလောက် ချစ်နိုင်ဖို့ နှလုံးသားကိုပေး၍ညီအစ်ကိုများအား အကျွန်ုပ်ကို ကျွန်ုပ်ချစ်သကဲ့သို့ချစ်နိုင်ဖို့ရန် မစတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၁၀)

**ယာကုပ် ၄း၁၃-၁၄**

ဆာလံ ၃၉း၄-၅

*" . . . လူမည်သည်ကား၊ လူ၏အထွဋ်သို့ ရောက်သော်လည်း၊ အနတ္တသက်သက်ဖြစ်ပါ၏"*

# သင့်ဘဝကဘာအတွက်နည်း

မြေကြီးပေါ်တွင် ကျွန်ုပ်တို့၏အသက်တာမည်မျှကြာသနည်း။ ဆာလံဆရာ၏အဖြေကို ဆာလံ ၉၀း၉-၁၀ တွင်ဖတ်ပါ။

မဝါကြွားပါနှင့်- ယနေ့ခရစ်ယာန်များစွာ သက်တောင့်သက်သာရှိသောဘဝတွင် အခြေချ နေထိုင်ကြသည်။ သူတို့သည် နှစ်အတော်ကြာအောင် နေထိုင်နိုင်မည့်အလား ရေရှည်စီမံကိန်းများစွာ ရှိကြ၏။ ယုံကြည်သူများသည် ဘုရားသခင်ကို အစဉ်အမြဲကိုးစားရမည်။ အနာဂတ်ကို အဘယ်သူက မျှမသိသကဲ့သို့ တခဏအချိန်ကာလကိုပင် မသိနိုင်ကြပါ။ မနက်ဖြန် ဘာလုပ်မည် ဆိုသည်ကို ကြွားကြသည်က ရယ်စရာကောင်း၏။ ဤနေရာတွင် ယာကုပ်ဆုံးမသောအချက်မှာ လူသားတို့၏ မောက်မာခြင်းဖြစ်သည်။ "ဥမပေါက်ခင် ကြက်ကလေးများကိုရေတွက်" သကဲ့သို့ သူတို့စိတ်ထဲမှာ အစီအစဉ်များစွာရှိသည်။ ယေရှု၏ ပုံဥပမာတွင် ကြွယ်ဝသောလူမိုက်က ဤသို့ဆို၏ - "ငါ့ဝိညာဉ် အားလည်း၊ အချင်းဝိညာဉ်၊ သင်သည်နှစ်ပေါင်းများစွာသုံးဆောင်ရန် ဥစ္စာများကိုသိုထားလျက်ရှိပြီ။ ငြိမ်ဝပ်စွာနေလော့။ စားသောက်ခြင်း၊ ပျော်မွေ့ခြင်းကိုပြုလော့၊ ငါပြောမည်ဟု သူ့ဒွေးအကြံရှိ၏" (လုကာ ၁၂း၁၉)။

မမေ့ပါနှင့် - ထိုမိုက်သောသူကြွယ်အတွက် မေးစရာမှာ "မနက်ဖြန် သူအသက်ရှင်မည်ကို သူသိပါသလား"။ သခင်ယေရှုက အထက်ပါပုံဥပမာကို ဆက်၍မိန့်တော်မူသည်ကား "ထိုသို့ အကြံရှိ စဉ်တွင်ဘုရားသခင်က၊ အချင်းလူမိုက်၊ ယနေ့ညဉ့်ပင် သင်၏ဝိညာဉ်ကိုရုပ်သိမ်းရာအချိန်ရောက် လိမ့်မည်။ သို့ဖြစ်၍ သင်သည်ပြင်ဆင်သိုထားသောဥစ္စာကို အဘယ်သူပိုင်မည်နည်းဟု သူ့ဒွေးအား မိန့်တော်မူ၏" (လုကာ ၁၂း၂၀)။ အသက်တာတိုတောင်းခြင်းကို ကျွန်ုပ်တို့မမေ့သင့်ပါ။ ယာကုပ်က အခိုးအငွေ့နှင့်တူကြောင်း ဖော်ပြ၏။ မူရင်းစကားလုံးက ရေငွေ့(သို့)မြူခိုးငွေ့ကို ရည်ညွှန်းထားသည်။ ၎င်းသည် မြေကြီးအသက်တာသည် ယာယီသဘောဖြစ်ခြင်းကို ရည်ညွှန်းထားသည်။ ၎င်းသည် ဘဝ၏ချည့်နဲ့ခြင်း၊ တိုတောင်းမှုနှင့်မသေချာမှုများကိုလည်း ထင်ဟပ်စေသည်။

ချစ်လှစွာသောစာဖတ်သူ၊ ကျွန်ုပ်တို့ရှေ့တွင် ဘာရှိမည်ကိုမသိရှိနိုင်ကြပါ။ ကျွန်ုပ်တို့၏ အစီအစဉ်တွင် နာရီနှင့်မိနစ်ကို ကျွန်ုပ်တို့ပြင်ဆင်သတ်မှတ်နိုင်သော်လည်း မည်သို့ဖြစ်လာမည်ကို ကျွန်ုပ်တို့မသေချာပါ။ ကျွန်ုပ်တို့လုပ်ဆောင်ဖို့ရန် သတ်မှတ်ထားသောအရာကို မမြင်ရဘဲရှိနိုင်သည်။ ဤသည် ကျွန်ုပ်တို့ဘဝဖြစ်၏။ အချိန်ခဏတာပေါ်လာပြီး ပျောက်ကွယ်သွားလေ့ရှိ၏။ "ပျောက်ကွယ် သွားသည်" ဟူသောစကားသည် "ပျောက်ဆုံး သို့ မှတ်မိလို့မရအောင်ဖြစ်သည့်အရာကို ဖော်ပြသည်။ ဤသည်မှာ ကျွန်ုပ်တို့နေထိုင်ရာလောကဖြစ်သည်။

သို့သော်လည်း ယုံကြည်သူများအတွက် အခြားကမ္ဘာတွင်ဆက်လက်ရှိနေမည့်အသက်တာ ရှိသည်။ ဤဘဝသည် မသေချာသောကြောင့်၊ ဤသေချာပြီး လုံခြုံသောအနာဂတ်အတွက် အဘယ့် ကြောင့် ကျွန်ုပ်တို့မပြင်ဆင်ရသနည်း။ ဘာကြောင့် ယခုစီစဉ်မှုမရှိရသနည်း။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ထာဝရကာလ၏တန်ဖိုးများကို ရှုမြင်သုံးသပ်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကောင်းကင်ဘုံရှိ ကိုယ်တော်၏ထာဝရနိုင်ငံတော်ဆီသို့ ကျွန်ုပ်၏ စိတ်နှလုံးကို ညွှန်ပြတော်မူပါ။ ဤခဏတာကမ္ဘာကြီးကို မကြည့်ရှုပါရစေနှင့်။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၁)

**ယာကုပ် ၄း၁၅**

သုတ္တံ ၂၇း၁

*“. . . တစ်ရက်အတွင်းတွင် အဘယ်သို့ဖြစ်လိမ့်မည်ကို မသိနိုင်”*

# D.V

D.V ဆိုတာ ဘာကိုဆိုလိုသနည်း။ ၎င်းသည် လက်တင်ဘာသာ “Deo Volente” ၏အတိုကောက်ဖြစ်ပြီး ဘုရားသခင်အလိုတော်ရှိသည်ဟု ဆိုလိုသည်။ ယာကုပ်က “ထာဝရဘုရားသည် အလိုတော်ရှိ၍၊ငါတို့သည်လည်း အသက်ရှင်လျှင်၊ ဤသို့ပြုကြကုန်အံ့၊ ထိုသို့ပြုကြကုန်အံ့ဟု သင်တို့ဆိုသင့်ရာဖြစ်၏” (ယာကုပ် ၄း၁၅) ဟု ကြိုတင်စီစဉ်စွဲထားသူများကို အကြံပေးသည်။ ဘုရားသခင်ထံ၌ အရာအား လုံးကို အပ်နှံခြင်းသည်သာ၍ကောင်း၏။ အကြောင်းမှာ ကျွန်ုပ်တို့သည် နောက်တစ်ရှိအကြာတွင် အသက်ရှင်နေဦးမည်ကို မသေချာသောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် မြေကြီးပေါ်ရှိ ကျွန်ုပ်တို့၏ အသက်တာရှည်ကြာမှုကိုပင် မသေချာသောအခါတွင် သိသာထင်ရှားသောစည်းစိမ်ဥစ္စာများအမြတ် ရဖို့ကို မတွေးတောရဲသင့်ပေ။

<u>ဘုရားသခင်အလိုရှိလျှင်</u> - ဘုရားသခင်၏အလိုတော်အပေါ် ကျွန်ုပ်တို့၏မှီခိုအားထားမှုကို သတိပြုရန် ယာကုပ်သွန်သင်ပေးသည်။ ဘဝ၏အသေးအဖွဲ့ကိစ္စများကိုပင် ဘုရားသခင်ထံအပ်နှံဖို့ သင်ယူထားရပါမည်။ အရာအားလုံးကို သခင်ဘုရားထံအပ်နှံခြင်းတွင် ကျွန်ုပ်တို့စိတ်နှလုံးကို သူ့အား ကိုးစားရန်နှင့်ကျွန်ုပ်တို့အစီအစဉ်အတိုင်း သွားသည်ဖြစ်စေ၊ မသွားသည်ဖြစ်စေ သူ့ကိုရိုသေလေးစားဖို့ လေ့ကျင့်ထားရမည်။ ကိုယ်တော်၏အလိုတော်ကို မှီခိုအားထားခြင်းက ကျွန်ုပ်တို့အားအမြဲမပြတ်ဆုတောင်းခြင်းနှင့် ကိုးကွယ်ဆည်းကပ်ခြင်းသို့ ပို့ဆောင်၏။ အကြောင်းမှာ ကိုယ်တော်၏ခွင့်ပြုချက်မရှိ ဘယ်သည့်အရာကိုမျှ အကောင်အထည်မဖော်နိုင်သည်ကို ကျွန်ုပ်တို့သိပါသည်။ အရာအားလုံး သည် သူ၏ထိန်းချုပ်မှုအောက်တွင်ရှိပြီး မတော်တဆဟူ၍ဘယ်အရာမှမဖြစ်ပါ။ ကျွန်ုပ်တို့၏အချိန် နာရီများသည် ကျွန်ုပ်တို့လက်၌မဟုတ်၊ ကိုယ်တော်၏လက်တော်၌ရှိသည်ကို သတိရကြရမည်။ ကျွန်ုပ်တို့သည် သူ့သတ်မှတ်ထားသမျှကာလပတ်လုံး အသက်ရှင်လျက်ရှိသောကြောင့် ကိုယ်တော်ထံ သို့ အပ်နှံရမည်။

<u>ကျွန်ုပ်တို့အသက်ရှင်လျှင်</u> - ဘဝတွင် ကျွန်ုပ်တို့လုပ်ဆောင်မှုအားလုံးသည် ဘုရားသခင် ထိန်းချုပ်မှုအောက်တွင်ရှိသည်။ သို့တိုင်အောင် လွန်စွာဝန်ပိနေသည့်အရာကို များစွာသောလူတို့သည် စီစဉ်ကြသည်။ ကျွန်ုပ်တို့သည် မိမိကိုယ်ကို၊ မိသားစုနှင့်မိတ်ဆွေများအတွက် လုပ်ဆောင်ရန် ကြံရွယ်နိုင်သော်လည်း အမှန်တရားမှာ ဤအရာအားလုံးသည် ဘုရားသခင်တပါးတည်းအပေါ်တွင်သာ မူတည်၏။ ထို့ကြောင့် ကျွန်ုပ်တို့လုပ်ဆောင်ဖို့အကြံအစည်နှင့် အပြုအမူနှစ်ခုလုံးကို ဘုရားသခင်ထံ လွှဲပြောင်းပေးရမည်။ ကျွန်ုပ်တို့အစီအစဉ်ဆွဲသမျှနှင့် လုပ်ဆောင်သမျှအားလုံးကို နေ့စဉ်အသက်ရှင်ရန် အသက်ကိုပေးစွမ်းနိုင်သော ဘုရားသခင်အပေါ် အပ်နှံထားရပါမည်။

ကျွန်ုပ်တို့သည် အနာဂတ်အကြောင်းအရာများကို ပြောဆိုသောအခါ “ဘုရားသခင်အလိုရှိလျှင်”၊ “ဘုရားသခင်နှစ်သက်တော်မူလျှင်” (သို့) “ဘုရားသခင်ခွင့်ပြုလျှင်” စသည့် အသုံးအနှုန်းများကို ကျင့်သုံးကြပါစို့။ သို့သော် ဤအရာများကို အဓိပ္ပာယ်မဲ့သောခရစ်ယာန်ဗန်းစကားများသာ မဖြစ်ပါစေနှင့်၊ သို့မဟုတ် ၎င်းတို့ကိုမသုံးလျှင် အပြစ်ဟုယူဆကာ သန့်ရှင်းသောအမိန့်တော်အဖြစ် အသုံးမပြုပါနှင့်။ ထိုစကားကို ကျွန်ုပ်တို့နားလည်သောကြောင့် ကျွန်ုပ်တို့အသုံးပြု၏။ ၁ ကော ၁၆း၅-၇ တွင် ပေါလုပြောဆိုထားသည်ကို ဖတ်ပါ။

**ဆင်ခြင်ရန်** - “ဘုရားသခင်အလိုတော်ရှိလျှင်” ဟုပြောဆိုသောအခါ အမှန်တကယ်စိတ်ရင်းနှင့်ပြောသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်လုပ်ဆောင်သည့်အရာတိုင်း၌ ကိုယ်တော်၏အလိုတော်ကို အမြဲရှာဖွေနိုင်ဖို့ ကျွန်ုပ်ဘဝ၌ရှိသောအရာခပ်သိမ်းသည် ကိုယ်တော်၏လက်တော်နှင့်အစီအစဉ်အောက်တွင်ရှိကြောင်း နားလည်ဖို့အကျွန်ုပ်ကို ကူညီတော်မူပါ။

တနင်္လာ၊ ဒီဇင်ဘာ (၁၂)
**ယာကုပ် ၄း၁၆**
သုတ္တံ ၂၅း၁၄

*"ပေးမည်ဟုဝါကြွား၍ မပေးဘဲနေသောသူသည် မိုးရေမပါသောတိမ်နှင့်လေကဲ့သို့ဖြစ်၏"*

# အချည်းနှီးသောဝါကြွားခြင်း

ဝါကြွားခြင်းသည် စိတ်ကြီးဝင်နေသောသူ၏ သဘောထားကို ထင်ဟပ်စေသည်။ သူအစီအစဉ်နှင့်စွမ်းအားများဖြင့် သူ့ဘဝကိုထိန်းချုပ်နိုင်သည်ဟု သူထင်မှတ်၏။ မိမိကိုယ်ကို ယုံကြည်မှုရှိသော မိမိ၏မှန်ဘီလူးဖြင့် အရာများကိုရှုမြင်၏။ ဘုရားသခင်ကိုသူ၏အတွေး၌ လုံးဝဖယ်ရှားပြီး၊ အရာအားလုံးကိုသူ့စိတ်နှင့် စာရွက်ပေါ်တွင်ကောင်းမွန်စွာချထားခဲ့ပြီးဖြစ်သောကြောင့် အဆင်ပြေသည်ဟု သူယုံကြည်၏။ ထိုအရာသည် အချည်းနှီးသောဝါကြွားခြင်းဖြစ်သည်။ သုတ္တံ ၂၅း၁၄ ကို ဖတ်လော့။

<u>ဝါကြွားခြင်းသည် ဘုရားသခင်၏ဘုန်းတော်မထင်ရှားစေပါ။</u> လူ၏ဝါကြွားခြင်းသည် စကား လုံးအားဖြင့် (သို့) လုပ်ဆောင်ချက်အားဖြင့် သဘောဆောင်သောစိတ်ကြီးဝင်ခြင်းဖြစ်သည်။ သူသည် ဘုရားသခင်ကိုမချီးမွမ်းပါ။ ၎င်းသည် မာနထောင်လွှားခြင်းဖြစ်၏။ ဘုရားသခင်ထက် မိမိကိုယ်ကို ချီးမွမ်း၏။ ၎င်းသည် ရှေ့တွင်အောင်မြင်ခြင်းရုပ်ပုံကို မြင်နေရသကဲ့သို့ဖြစ်သည်။ သူသည် မိမိကိုယ် ကို ယုံကြည်မှုအပြည့်ရှိပြီး ဘုရားသခင်ကိုလျစ်လျူရှုရန် သူ၏စိတ်သည် အနတ္တနှင့်ရှုပ်ထွေးနေ၏။ သူသည် ဘုရားသခင်ကိုအလေးမထားဘဲ သူ၏မိုက်မဲသောစိတ်အာရုံများကို ကျေနပ်နေသည်။ သူသည် အခြားသူများအတွက် ကောင်းမှု(သို့)အကျိုးပြုမှုကို သက်သေမပြဘဲ မိမိကိုယ်ကိုအလွန်မြှောက်ပင့်တတ်သည်။

<u>ဝါကြွားခြင်းသည် မကောင်းသောအရာဖြစ်သည်</u> - ဝါကြွားခြင်းသည် လူစီဖာ၏ မာနထောင် လွှားခြင်းမှ ဆင်းသက်လာသောမျိုးစေ့ဖြစ်သောကြောင့်အပြစ်ဖြစ်သည် - "သင်သည် ကိုယ်၌ တင့်တယ်ခြင်းအသရေကြောင့်၊ ဝါကြွားသောစိတ်ရှိလျက် ဂုဏ်ထွန်းတောက်သောကြောင့်၊ သင်၏ ပညာသည်ဖောက်ပြန်လျက်ရှိလေပြီ။ ငါသည် သင့်ကိုမြေတိုင်အောင်နှိမ့်ချမည်။ ရှင်ဘုရင်တို့သည် သင့်ကိုကြည့်ရှု၍ ဝမ်းမြောက်စေခြင်းငှါ၊ သူတို့ရှေ့မှာသင့်ကိုငါချထားမည်" (ယေဇ ၂၈း၁၇)။ ၎င်းကို ဘုရားသခင်သည် ကျွန်ုပ်တို့ကိုစီမံထားသည့်အရာနှင့် မိမိကိုယ်ကိုမှားယွင်းသော အမြင်ပေါ် တွင် အခြေခံထားသည်။ ၎င်းက ကျွန်ုပ်တို့၏ ဘုရားသခင်အပေါ် လုံးဝမှီခိုမှုကင်းမဲ့နေခြင်းကို ပြသ သည်။ ၎င်းသည် ကိုယ်တော်၏ရှေ့တော်တွင် ကျွန်ုပ်တို့၏ဉာဏ်မမီမှုကို ဖော်ပြခြင်းဖြစ်ပြီး၊ ဘုရား သခင်ကို ကျွန်ုပ်တို့ဖယ်ထုတ်နေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဝါကြွားခြင်းကို မပြုကြပါစို့။ ဘုရား သခင်မပါဘဲ ကျွန်ုပ်တို့သည် အရာရာကိုအောင်နိုင်သည်ဟု ယူဆခြင်းသည် ဘုရားသခင်အား စော် ကားခြင်းဖြစ်ပြီး အမျက်တော်ကိုသာဖြစ်ပေါ်စေပါသည်။

ချစ်လှစွာသောစာဖတ်သူ၊ နေပုဒ်ခနေဇာမင်းကြီးသည် သူ၏နိုင်ငံတော်ကိုဝါကြွားသောအခါ တွေ့ကြုံခဲ့သောအရာကို ဆင်ခြင်ကြပါ။ "ထိုအမှုအရာအလုံးစုံတို့သည် နေဗုခဒ်နေဇာမင်းကြီး အပေါ်သို့ ရောက်သည်အကြောင်းကား၊ တဆယ်နှစ်လလွန်ပြီးသော်၊ ဗာဗုလုန်နန်းတော်ပေါ်မှာ စင်္ကြံ သွားလျက်၊ ဤမြို့ကား၊ ငါနိုင်ငံတည်ရာ၊ ငါ့ရွှေဘုန်းတော်ကို ချီးမြှောက်ဘို့ရာ၊ ငါ့တန်ခိုး အာနုဘော် အားဖြင့် ငါတည်လုပ်သောဗာဗုလုန်မြို့ကြီးမဟုတ်လောဟု မြွက်ဆို၏။ ထိုစကားကို မြွက်ဆိုစဉ်ပင်၊ ကောင်းကင်မှသက်ရောက်သောအသံဟူမူကား၊ အို နေဗုခဒ်နေဇာမင်းကြီး၊ နားထောင်လော့။ နိုင်ငံတော်သည်သင့်လက်မှရွေ့သွားပြီ" (ဒံယေလ ၄း၂၈-၃၁)။

**ဆင်ခြင်ရန်** - ငါသည် ဝါကြွားနေသူလား။
**ဆုတောင်းချက် -** အဘဘုရား၊ ကိုယ်တော်မှလွဲ၍ မည်သည့်အရာကိုမျှ မလုပ်နိုင်ကြောင်း အသိအမှတ်ပြုရန် နှိမ့်ချသောစိတ်ကိုပေးသနားတော်မူပါ။

အဂၢါ၊ ဒီဇင်ဘာ (၁၃)

**ယာကုပ် ၄း၁၇**

ယောဟန် ၉း၄၁

*“. . . သင်တို့မျက်စိကန်းသည်မှန်လျှင် အပြစ်မရှိ. . .”*

## ပျက်ကွက်ခြင်းနှင့်ကျူးလွန်ခြင်းအပြစ်များ

ခရစ်ယာန်တစ်ဦးအနေဖြင့် ဘုရားသခင်သည်သင့်ကားဘယ်အရာကိုလုပ်စေချင်ကြောင်းကို သိ၏။ သင်သည် သူ့ကိုမနာခံလျှင် အပြစ်လုပ်ခြင်းဖြစ်သည်။

သင်လုပ်ရမည့်ကောင်းသောအရာကို သိ၍မလုပ်သောအခါ - “နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာမီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏” (ဆာလံ ၁၁၉း၁၀၅) ဟု ဆာလံဆရာက ဆိုထားသည်။ သမ္မာကျမ်းစာက ယုံကြည်သူတိုင်းကို ဘုရားသခင်၏အလိုတော်ကိုလုပ်ဆောင်ရန် လမ်းညွှန်ထားသည်။ သိသာထင်ရှားသောအရာမှာ လူသားအားပေးထားသောပညတ်တော်ဆယ်ပါးသည် ကျွန်ုပ်တို့နေ့စဉ်မည်သို့နေထိုင်ရမည်ကို ရှင်းလင်းပြတ်သားစွာ လမ်းညွှန်ထားသည်။ ကျွန်ုပ်တို့သည် ၎င်းကိုလိုက်နာဖို့ ပျက်ကွက်သောအခါ ပျက်ကွက်ခြင်းအပြစ်ရှိသည်။ သခင်ယေရှုက “အကြင်ကျွန်သည် မိမိသခင်၏အလိုကိုသိလျက်နှင့် အသင့်မနေ၊ သခင်၏အလိုကိုမဆောင်၊ ထိုကျွန်သည် များစွာသောဒဏ်ကိုခံရ၏” (လုကာ ၁၂း၄၇) ဟုဆို၏။

သင်မလုပ်ရမည့်မကောင်းသောအမှုကိုပြုသောအခါ - အပြစ်ဆိုသည်မှာအဘယ်နည်း။ Westminster Larger Catechism က “အပြစ်ဟူသည်သင့်မြတ်လျော်ကန်သောသတ္တဝါအားစည်းမျဉ်းစည်းကမ်းအဖြစ် ပေးထားသည့်ဘုရားသခင်၏ပညတ်တရားမှန်သမျှကို မလိုက်နာလိုခြင်း (သို့) လွန်ကျူးလိုခြင်းဖြစ်သည်။ ၁ ယော ၃း၄ နှင့် ၈ တို့ကိုလည်းဖတ်ပါ။ ငါတို့သည် ဘုရားသခင်တားမြစ်သောအရာကိုလုပ်လျှင် ကျူးလွန်ခြင်းအပြစ်လုပ်သည်။

အပြစ်ဆိုသည်မှာ ပျက်ကွက်ခြင်း နှင့် ကျူးလွန်ခြင်း ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏စကားတော်ကို အဆက်မပြတ်ဖတ်ရှုလေ့လာခြင်းဖြင့် မှန်ကန်စွာသတင်းရဖို့ရန်သတိပြုကြပါစို့။ မသိရှိခြင်းက အဘယ်သူကိုမျှ ဆင်ခြင်မပေးပါ။ ယနေ့ခေတ်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သိနားလည်ရန် အခွင့်အလမ်းများစွာရှိသည်။ ဆိုရှယ်မီဒီယာပေါ်တွင် အချိန်ဖြုန်းမနေပါနှင့်။ သင့်စိတ်ဝိညာဉ်ကိုကျွေးမွေးရန်နှင့် ကြီးထွားစေရန် ဝိညာဉ်ရေးရာမီဒီယာကိုဖတ်ပါ။ နှုတ်ကပတ်တော်ကိုနာခံခြင်း၌ သစ္စာရှိရန်ဆုတောင်းပါ။ သိသာထင်ရှားသောတာဝန်ကိုပျက်ကွက်ခြင်းသည် အပြစ်ဖြစ်သည်။ ထင်ရှားသောအပြစ်ကို ပြုလုပ်ခြင်းသည် ကျူးလွန်ခြင်းဖြစ်သည်။

ချစ်လှစွာသောစာဖတ်သူ၊ ဆာလံဆရာ၏ငိုကြွေးသံကိုနားထောင်လော့။ “အကျွန်ုပ်တို့သည် ကြိုးစား၍ကျင့်ဘို့ရာ၊ ကိုယ်တော်သည်သြဝါဒပေးတော်မူပြီ။ ကိုယ်တော်၏အထုံးအဖွဲ့များကိုစောင့်နိုင်မည်အကြောင်း၊ အကျွန်ုပ်သည်လမ်းဖြောင့်ပါစေသော။ အကျွန်ုပ်သည် ပညတ်တော်အလုံးစုံတို့ကိုထောက်ထားသောအခါ၊ ရှက်ကြောက်ခြင်းနှင့်ကင်းလွတ်ရပါ၏။ ဖြောင့်မတ်စွာစီရင်တော်မူချက်များကို အကျွန်ုပ်လေ့ကျက်ပြီးမှ၊ ဂုဏ်တော်ကိုဖြောင့်သောသဘောနှင့်ချီးမွမ်းပါမည်။ ကိုယ်တော်၏အထုံးအဖွဲ့များကို စောင့်ပါမည်။ အကျွန်ုပ်ကိုရှင်းရှင်းစွန့်ပစ်တော်မမူပါနှင့်” (ဆာလံ ၁၁၉း၄-၈)။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်ကိုအမြဲနာခံရမည်။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်၏ပျက်ကွက်ခြင်းနှင့်ကျူးလွန်ခြင်းအပြစ်များကို ခွင့်လွှတ်တော်မူပါ။ ကိုယ်တော်ကိုသာ ကျေနပ်စေဖို့အသက်ရှင်ရန် ကူညီပေးတော်မူပါ။

**ယာကုပ် ၅း၁**
၁ တိ ၆း၉-၁၀

*“ငွေရတတ်ခြင်း၌ါ အလိုရှိသောသူတို့သည်*
*အပြစ်သွေးဆောင်ခြင်း၊ ဘမ်းမိခြင်း . . . သို့ကျရောက်၏”*

# မနာလိုခြင်းမရှိနှင့်

ဆာလံ ၄၉း၁၆-၂၀ တွင် ဆာလံဆရာ၏စကားများကိုဖတ်ပါ။

ငိုကြွေးရန်အမိန့် - ယာကုပ်က သူ့လက်ထက်တွင်ရှိသောချမ်းသာကြွယ်ဝသူများကို ရည်ညွှန်းပြီး “ငိုကြွေးရန်” (ယာကုပ် ၅း၁၊ ဂရိ Klaioo) မိန့်ဆိုသည်။ ဆိုလိုသည်မှာ “ကျယ်လောင်စွာရှိုက်ငိုဖို့” (သို့) “ဝမ်းနည်းပူဆွေးဖို့”ရန်ဖြစ်သည်။ တစုံတယောက်သေဆုံးသောအခါ ငိုကြွေးခြင်းမျိုးဖြစ်သည် (ဥပမာ မာကု ၅း၃၈-၃၉)။ ၎င်းသည် ပြင်းထန်သောအတွင်းစိတ်ခံစားချက်ကို ဖော်ပြခြင်းဖြစ်သည်။ ၎င်းသည် ငိုကြွေး၍မျက်ရည်ကျခြင်းနှင့် ငိုကြွေးသံကို အလေးပေးဖော်ပြသည်။ တခါတရံတွင် ပြင်းထန်သောအရှက်ကွဲခြင်းနှင့်အပြစ်ရှိကြောင်း ပြင်ပတုံ့ပြန်မှုကိုလည်း ဖော်ပြသည် (ဥပမာ ၂၆း၇၅)။

“ငိုကြွေးခြင်း” အပြင်၊ သူတို့သည် “ဟစ်အော်” (ဂရိ ololuzoo) ရမည်။ ဤစကားလုံးသည် ဓမ္မသစ်ကျမ်းတွင် ဤနေရာ၌သာပေါ်နေသည်။ ဤဝေါဟာရသည် ပို၍လေးနက်သောဝမ်းနည်းမှုကို ရည်ညွှန်းသည်။ ဤစကားသည် ဝမ်းနည်းပူဆွေးခြင်းသက်သက်ထက်ပိုနေပါသည်။ ၎င်းသည် အလွန်စိတ်ပျက်အားငယ်မှုနှင့်ထိန်းမနိုင်သိမ်းမရ ဝမ်းနည်းခြင်းကိုရည်ညွှန်းသည်။ ဓမ္မဟောင်းခေတ်ပရောဖက်များသည် အပြစ်၏အကျိုးဆက်ကြောင့် အဆက်မပြတ်ငိုကြွေးလေ့ရှိကြသည် (ဥပမာ ဟေရှာ ၁၃း၆)။

ရောက်လာမည့်ဆင်းရဲဒုက္ခ- ယာကုပ်ကဆိုးမိုက်သော သူကြွယ်တို့ကို သူတို့ထံရောက်လာမည့်ဆင်းရဲဒုက္ခအတွက် ငိုကြွေး၍ညည်းတွားရန် မိန့်ကြားခဲ့သည်။ “ဆင်းရဲဒုက္ခ” ဟူသောစကားလုံးသည် အတွင်းပိုင်း (သို့) အပြင်ပိုင်း ညှဉ်းဆဲခြင်းမှဖြစ်ပေါ်လာသည့်စိတ်ပိုင်းဆိုင်ရာ အခြေအနေတစ်ရပ်ကို ရည်ညွှန်းသည်။ ၎င်းသည် ဘဝ၏ပင်ပန်းဆင်းရဲမှုမှဖြစ်ပေါ်လာသော စိတ်ဆင်းရဲခြင်းဖြစ်သည်။ ဤစကားလုံးက “ဘာမှမရှိခြင်း” (သို့) “အကျိုးအစုတ်တစ်ထည်လောက်သာရှိခြင်း” ကိုဖော်ပြသည်။ ပေါလုက ဤစကားလုံးကိုနှစ်ကြိမ်သာအသုံးပြုသည်။ ရောမ ၃း၁၆ တွင် ပေါလုက မတရားသောသူ၏အသက်တာ၌သာ ရောက်ရှိမည်ကိုဖော်ပြရာ၌ ၎င်းစကားကိုအသုံးပြုထားသည်မှာ “သူတို့သွားရာလမ်း၌ပျက်စီးခြင်း၊ ဒုက္ခဆင်းရဲခြင်းရှိ၏”။ ဤဆင်းရဲဒုက္ခသည် အနာဂတ်ကိုပြောဆိုသော်လည်း သေချာပေါက်ရောက်လာလိမ့်မည်ဖြစ်သည်။

ယာကုပ်က သူကြွယ်တို့အား ဤကိစ္စကိုဆင်ခြင်ဖို့ရန်နှင့် သေချာချိန်ဆဖို့ရန် ဖိတ်ခေါ်၏။ စည်းစိမ်ဥစ္စာနှင့်ဇိမ်ကျကျနေထိုင်သော်လည်း တရားသူကြီးဘုရားသခင်ရှေ့တွင် မည်သို့ရပ်တည်ရမည်ကို စဉ်းစားရမည်ဖြစ်သည်။ ယာကုပ်ခေတ်တွင် သူကြွယ်အများစုသည် ခရစ်ယာန်ဘာသာကို ငြင်းပယ်ကြသည်။ သူတို့သည် မယုံကြည်ခြင်း၌ခိုင်မာကြပြီး ခရစ်တော်ကို ယုံကြည်သူတို့ကိုပင် နှိပ်စက်ညှဉ်းပန်းကြသည်။ ဘုရားသခင်၏အမှုတော်၌ သူတို့၏ပျင်းရိခြင်းအတွက် အလွန်ငိုကြွေးကြရန် ယာကုပ်မိန့်ကြားခဲ့သည်။

**ဆင်ခြင်ရန်** - ငါသည် ဤလောက၏စည်းစိမ်ဥစ္စာများကို ချစ်မြတ်နိုးပြီးခရစ်တော်ကို ငြင်းပယ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်၏စိတ်နှလုံးကိုကြည့်ရှုပြီး ရုပ်ဝတ္ထုပစ္စည်းများကိုချစ်သောစိတ်ကို ဖယ်ရှားပေးတော်မူပါ။

ကြာသပတေး၊ ဒီဇင်ဘာ (၁၅)
**ယာကုပ် ၅း၂**
မသဲ ၆း၁၉-၂၁

*“. . . မြေကြီးပေါ်မှာ ဘဏ္ဍာကိုမဆည်းပူးကြနှင့်”*

# ပျက်စီးနိုင်သောအရာများ

ပျက်စီးနိုင်သောအရာများသည် လျင်မြန်စွာဆွေးမြေ့သွားမည့်အရာများဖြစ်သည်။ “စိန်များသည် ထာဝရတည်” သော်လည်း ဂရပ်ဖိုက်အဖြစ်သို့ ကျဆင်းသွားနိုင်သည်။ ဤလောကမှာ ဘယ်အရာမှ မတည်မြဲပါ။ လက်ရှိစကြာဝဠာပင်လျှင် ကြာရှည်ခံမည်မဟုတ်ပါ။ ၂ ပေ ၃း၁၀-၁၂ ကိုဖတ်ပါ။

<u>ဥစ္စာပစ္စည်းများသည် ပျက်စီးလျက်ရှိ၏</u> - ဥစ္စာပစ္စည်းများက ယေဘုယျအားဖြင့် ကြွယ်ဝချမ်းသာမှုကိုရည်ညွှန်းသည် (မသဲ ၁၃း၂၂၊ ၁ တိ ၆း၁၇)။ ၎င်းသည် လူ့အဖွဲ့အစည်း၏ စံနှုန်းထက်ကျော်လွန်သောစည်းစိမ်ဥစ္စာပေါများခြင်းဖြစ်ပြီး ၎င်းက အပျက်သဘောဆောင်သော အဓိပ္ပါယ်ရှိသည်။ ယာကုပ်၏ဥစ္စာပစ္စည်းများရုံ့ချခြင်းတွင် ပိုင်ဆိုင်သမျှသော ဥစ္စာများပါဝင်၏။ ဤအရာများမှာ သူတို့ဘဝတလျှောက်လုံး စုဆောင်းထားသည့်အရာများဖြစ်၏။ သို့ရာတွင် ဤအရာအားလုံးသည် “ပျက်စီး” လိမ့်မည်ဟု တမန်တော်ကဆို၏။ အော်ဂဲနစ်ဒြပ်စင်၏ ပကတိပျက်စီးယိုယွင်းမှုဖြစ်စဉ်ကို ဖော်ပြသည့်စကားလုံးကို သူအသုံးပြု၏။ သူသည်အသားပုပ်ခြင်းနှင့်သစ်သီးများပုပ်ခြင်းကဲ့သို့သော စားသောက်ကုန်များကို ကျဉ်းမြောင်းစွာ ကိုးကားဖော်ပြသည်။ ချမ်းသာသူ၏ ဥစ္စာများတွင် ရွှေငွေများပါရှိသော်လည်း၊ ပျက်စီးသွားမည့် အစားအစာနှင့် သောက်စရာများကဲ့သို့သော နေ့စဉ်လိုအပ်ချက်များအဖြစ်သို့ ဤအရာများကို ပြောင်းလဲရမည်။ ထို့ကြောင့်ယာကုပ်က သူတို့၏ ရုပ်ပစ္စည်းအားလုံး အရှိန်အဟုန်ဖြင့် ယိုယွင်းပျက်စီးသွားသည်ဟု ရည်ညွှန်း၏။ ယေဘုယျအားဖြင့် ယာကုပ်၏ထောက်ပြချက်မှာ ဤကြွယ်ဝမှုအားလုံးသည် ကြာရှည်ခံမည်မဟုတ်ပေ။

<u>အဝတ်အစားများသည် ညှိုးနွမ်းကြ၏</u> - “အဝတ်များ” (ယာကုပ် ၅း၂) ဟူသောစကားသည် အဝတ်အပြင်ဘက်အလွှာ၊ ဥပမာ သက်န်း၊ ဝတ်လုံ၊ ခြုံထည်များကိုရည်ညွှန်း၏။ ၎င်းသည် အောက်ခံအဝတ်အစားများနှင့်ကွဲပြား၏။ အပြင်ဘက်အလွှာကိုမကြာခဏခြယ်လှယ်ပြီး ရတနာများဖြင့် အလှဆင်ထားသည်။ ကြွယ်ဝသောသူတို့သည် တတ်နိုင်သလောက် ထိုဝတ်လုံကို ပိုင်ဆိုင်ထားကြသည်။ သူတို့၏ဝတ်လုံများသည် ပိုးကိုက်ခံရခြင်း (သို့) ပိုးမွှားကောင်များဖြင့် ပျက်စီးသွားပြီး အပေါက်များပြည့်နေကြောင်း ယာကုပ်ပြောခဲ့သည်။ ၎င်းက ဇိမ်ခံဝတ်စုံကို အလွန်အကျွံဝတ်ဆင်ခြင်း၏ အနတ္တကို ညွှန်ပြပြီး အလှတရားသည် ကြာကြာခံနိုင်မည်မဟုတ်ပေ။

သင့်အသက်တာတွင် ငွေကြေးနှင့်အဝတ်အစားကို စုဆောင်းရန်သာ တွန်းအားပေးနေပါသလား။ ဤပျက်စီးလွယ်သော အရာများ၏အမှန်တရားနှင့်ပတ်သက်၍ ယာကုပ်၏သတိပေးချက်ကို သတိပြုပါ။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဥစ္စာပစ္စည်းကို အလွန်တပ်မက်သူလား။
**ဆုတောင်းချက်** - အဘဘုရား၊ စည်းစိမ်ဥစ္စာ၏အနတ္တဖြစ်ခြင်းကိုမြင်နိုင်ရန် ကူညီပြီး၊ ထာဝရတည်မည့်ဘဏ္ဍာများနောက်သို့လိုက်ရန် ကူညီပေးတော်မူပါ။

**ယာကုပ် ၅း၃**

၂ ပေ ၃း၁၀-၁၂

*"ဤအရာအလုံးစုံတို့သည် ကုန်စင်မည် မှန်သောကြောင့်"*

# နောက်ဆုံးသောနေ့ရက်များအတွက် ရတနာများ

နောက်ဆုံးသောနေ့ရက်များသည် ယေရှုမြေကြီးပေါ် မွေးဖွားချိန်မှစတင်ခဲ့ပြီး၊ ဤစကြာဝဠာကြီးပြိုပျက်သွားသည့်အချိန်အထိ တည်ရှိနေမည်ဖြစ်ပါသည်။ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အားအထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေးတော်မူသောဘုရားသခင် သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အားဗျာဒိတ်ပေးတော်မူပြီ။ ထို သားတော်ကိုအလုံးစုံတို့၏အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏" (ဟေဗြဲ ၁း၁-၂)။

<u>အချည်းနှီးဖြစ်ခြင်း</u>- ရွှေငွေသည် သူတပါးအားကူညီပေးဖို့ရန်အတွက် သူ၏လူတို့အား ဘုရားသခင်ကောင်းကြီးပေးသောအရာ ဖြစ်နိုင်သည်။ ယာကုပ်က မိမိတို့တပ်မက်စိတ်နှင့် မာနကို ကျေနပ်စေဖို့ ဥစ္စာများကိုစုဆောင်းထားသည့် သူကြွယ်များကို ပြစ်တင်ရှုတ်ချသည်။ ထို့ပြင်ဤ အရာများသည် ကျန်စာတစ်ခုဖြစ်လာသည်။ ဥစ္စာရတနာများကို စုဆောင်းပြီး အကျိုးမရှိဘဲ သုံးစွဲခြင်းသည် လောဘနှင့် လူမဆန်ခြင်း၏ လက္ခဏာများဖြစ်သည်။ ဖျက်ဆီး၍မရထင်ရသော ဤကုန်စည်များသည် "အချေးတက်" ၍ "ပျက်စီး" ကုန်သည် (ယာကုပ် ၅း၃)။ အချေးတက်သည်ဟူသောစကားသည် မူလစကားလုံး၏အဓိပ္ပာယ်ကို ပြင်းထန်စေသည့်ဝိဘတ် ပါရှိသော ဂရိပေါင်းစပ်စကားလုံးမှ ဆင်းသက်လာ၏။ ထို့ကြောင့် ၎င်းမှာ လုံးလုံးသံချေးတက်ခြင်း (သို့) ပုပ်သွားခြင်းဟုဆိုလို၏။ သူတို့၏ရွှေငွေသည် ပျက်စီးလိမ့်မည်။ ကျွန်ုပ်တို့သည် နောက်ဆုံးသောကာလများတွင် အသက်ရှင်နေကြသည်။ ကျွန်ုပ်တို့သည် ကြာရှည်မခံမည့် ဤလောကဆိုင်ရာ ဘဏ္ဍာများကို စုဆောင်းရန် မိမိအသက်တာကို မြှုပ်နှံမထားကြပါနှင့်။

<u>အလွန်ဒုက္ခရောက်ခြင်း</u> - "ရွှေငွေသံချေးတက်ခြင်းသည် ဘုရားသခင်၏အမျက်တော် တောက်လောင်မည့် အခါသမယဖြစ်လိမ့်မည်ဟု ယာကုပ်ဆို၏။ မီးနှင့်တူသောသံချေးသည် ၎င်းတို့ကို ဝါးမြိုလိမ့်မည်။ မီးဖြင့်လောင်ကျွမ်းနေသော အိမ်တစ်လုံးကို ပုံဖော်ထားသည်။ ပိုင်ဆိုင်ထားသော အရာတစ်ခုကိုမျှ နှမြောလိမ့်မည်မဟုတ်ပါ။ သံချေးသည် သူတို့လောဘ၏ သက်သေဖြစ်လိမ့်မည်၊ ထို့ကြောင့် ဘုရားသခင်၏တရားစီရင်ခြင်းမှ ကင်းလွတ်မည်မဟုတ်ပေ။ သူတို့၏ဆင်းရဲဒုက္ခသည် ယာယီမဟုတ်ဘဲ ထာဝရဖြစ်လိမ့်မည်။ ဗျာဒိတ် ၂၀း၁၁-၁၅ ကိုဖတ်ပါ။

တရားစီရင်ရာနေ့ရောက်လာပြီ။ မြေကြီးပေါ်မှာ အပေါ်ယံတောက်ပနေသောအရာများအတွက် သင့်ချစ်ခြင်းကိုနောင်တရပြီလော။ ရောမ ၂း၄-၆ တွင် ပေါလု၏သတိပေးချက်ကိုဖတ်ပါ။ ချစ်သောစာဖတ်သူ သင်သည်လူ့အဖွဲ့အစည်းတွင် ရာထူးတစ်ခုခုရဖို့ စည်းစိမ်ဥစ္စာများကို စုဆောင်းနေပါသလား။ နောက်ဆုံးဒဏ်ခတ်ရာနေ့တွက် သင်သည် ကြောက်စရာကောင်းသော ဘဏ္ဍာကို စုဆောင်းနေကြောင်း သဘောပေါက်ပါသလား။

**ဆင်ခြင်ရန်** - တရားစီရင်ရာနေ့အတွက် ကျွန်ုပ်သည်ဘုရားသခင်၏အမျက်တော်ဘဏ္ဍာကို စုဆောင်းနေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်သည်တရားသူကြီးဖြစ်တော်မူကြောင်းကိုသိရန် အကျွန်ုပ်၏စိတ်နှလုံးကို စီရင်တော်မူပါ။ ကိုယ်တော်သည်တရားသဖြင့် စီရင်တော်မူမည်။

စနေ၊ ဒီဇင်ဘာ (၁၇)
**ယာကုပ် ၅:၄**
ထွက် ၂၄:၁၄-၁၅

*"။ ။ ။ ဆင်းရဲငတ်မွတ်သောသူငှါးကို မညှင်းဆဲရ"*

# ဘုရားသခင်သိတော်မူ၏

ယာကုပ်က သူကြွယ်များကို မိမိတို့အတွက်ပင်ပန်းနွမ်းနယ်သည့် အလုပ်သမားများ၏ ဒုက္ခကိုအလေးထားဖို့ ဖိတ်ခေါ်၏။ သူကြွယ်တို့သည် ၎င်းတို့အလုပ်သမားများ၏ လုပ်ခများကို လိမ်လည်ကာ ပြန်သိမ်းထားကြသည်။ ချမ်းသာသောသူသည် သာ၍ချမ်းသာလာသည်မှာ မထူးဆန်းပါ။ အလုပ်သမားများကို အမြတ်ထုတ်ကြသည်။ သူတို့သည် ဆင်းရဲသားများအပေါ် အာဏာကိုအလွဲသုံးစားလုပ်ကြပြီး၊ လစာနည်းနည်းဖြင့်အလုပ်ခိုင်းခြင်း၊ လစာကိုချက်ချင်းမပေးဘဲ နှောင့်နှေးစေခြင်း၊ လစာမပေးဘဲနေခြင်းကို လုပ်ကြသည်။ သို့ရာတွင်အလွဲသုံးစားအလုပ်ခံရသူများ၏ အော်ဟစ်ငိုကြွေးသံကို အရှာခပ်သိမ်းသိတော်မူသောဘုရား နားထဲသို့ အမှန်ရောက်မည်ကိုတမန်တော်ပြော၏။

<u>သူကြွယ်တို့၏ရက်စက်ခြင်း</u> - ဆိုးသွမ်းသောသူကြွယ်တို့သည် ၎င်းတို့၏စည်းစိမ်ဥစ္စာကို မတရားသဖြင့်ဆည်းပူးပြီး၊ မတရားသဖြင့် သိုဝှက်ထားကြသည်။ "အငှါး" (ယာကုပ် ၅:၄)သည် အလုပ်သမားများ၏လုပ်ခပေးဆောင်ရခြင်းကို ရည်ညွှန်းသည်။ သို့သော်ထိုပေးချေမှုသည် စေတနာဖြင့်မဟုတ်ပါ။ တရား ၁၅:၉-၁၀ ကိုဖတ်ပါ။ အကြောင်းမှာ ဆင်းရဲသားများကို အမြတ်ထုတ်ပြီး၊ ချမ်းသာသူများကို မတရားမကျင့်ဖို့ရန်အမိန့်ပေးထားသည်။ ထိုသို့အစား သူကြွယ်တို့ကို မိန့်ထားတော်မူသည်မှာ "သင့်နေရာပြည်၌ ဆင်းရဲသားမပြတ်ရ။ ထို့ကြောင့်၊ သင့်ပြည်၌ဆင်းရဲငတ်မွတ်သောညီအစ်ကိုချင်းတို့အား သင်၏လက်ကိုကျယ်ကျယ်ဖွင့်ရမည်အကြောင်း ငါမှာထား၏" (တရား ၁၅:၁၁)။ လောဘကြောင့် ချမ်းသာသူတို့၏ ရက်စက်မှုကို ယာကုပ်ရှုတ်ချသည်။ သူတို့အကျိုးအတွက် ချွေးထွက်အလုပ်လုပ်ကြသောသူတို့ကို မသနားကြပါ။

<u>ဆင်းရဲသောသူတို့၏ အော်ဟစ်ခြင်း</u> - "အော်ဟစ်ခြင်း" (ယာကုပ် ၅:၄) က ဆင်းရဲသားများအပေါ် အလွန်ရက်စက်မှုရှိကြောင်းကို ပေါ်လွင်စေသည်။ အလုပ်သမားတို့သည် အလုပ်လုပ်သော်လည်း အခကြေးငွေမရရှိကြပါ။ သူတို့သည် မိမိတို့လုပ်အားဖြင့် သူကြွယ်တို့အား အစားအစာကို ပေးကြပြီး၊ သူတို့ကိုယ်တိုင်မှာ ငတ်မွတ်မှုဒဏ်ကိုခံစားကြရသည်။ သို့တိုင်အောင် သူတို့သည် ချမ်းသာသောသူတို့ကို ဆန့်ကျင်ပြု၍ အသံမထွက်နိုင်ကြပါ။ သို့သော် ဘုရားသခင်သည် သူတို့၏ ဝေဒနာကိုသိမြင်၍ သူတို့အော်သံကိုကြားတော်မူ၏။

များစွာသောစပါးရိတ်သိမ်းမှုတွင် အလုပ်သမားများ၏ လုပ်အားကြောင့်သူတို့သည် မိမိတို့၏ အရသာရှိလှသော အစားအစာများကို စားသုံးနိုင်ကြသော်လည်း ထိုအလုပ်သမားများအား ဆာလောင်စွာ ထားနိုင်ကြသည်မှာ တွေးလို့မရသောအရာဖြစ်သည်။ ဤသည်မှာ လူတို့၏အမြင်မှာပင်မတရားမှုဖြစ်သည်။ ဘုရားသခင်သည် မတရားသဖြင့်ပြုသောသူတို့၏ လုပ်ဆောင်မှုအတွက် လျော်ကြေးပေးလိမ့်မည်။ "ငှက်ထောင်အိမ်သည် ငှက်တို့နှင့်ပြည့်သကဲ့သို့၊ သူတို့အိမ်သည် လှည့်စားခြင်းပရိယာယ်နှင့်ပြည့်၏။ ထိုသို့သူတို့သည် အားတိုးပွါး၍ ရတတ်ခြင်းသို့ရောက်ကြ၏။ ဝလျှက်၊ မျက်နှာပြောင်လျက်ရှိကြ၏။ ဆိုးသောသူတို့ထက်သာ၍ဆိုးကြ၏။ တရားသဖြင့် မစီရင်ကြ။ မိဘမရှိသောသူငယ်၏အမှုကိုစောင့်၍အနိုင်မပေးကြ။ ဆင်းရဲသောသူဘက်၌ တရားသဖြင့်မစီရင်ကြ။ ထိုသို့သောအပြစ်တို့ကို ငါသည်မစစ်ကြောဘဲနေရမည်လော။ ထိုသို့သောအမျိုးကို ဒဏ်ပေး၍၊ ငါစိတ်ချင်ရဲမပြေဘဲ နေရမည်လောဟု ထာဝရဘုရားမိန့်တော်မူ၏" (ယေ ၅:၂၇-၂၉)။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည်အကျွန်ုပ်၏အလုပ်သမားများကို တရားမျှစွာနှင့်ရိုးသားစွာ ဆက်ဆံပါသလား။

**ဆုတောင်းချက်** - အဘဘုရား ဆင်းရဲသားတို့၏ အော်ဟစ်သံကို နားထောင်၍၊ ဆိုးသွမ်းသောသူကြွယ်တို့၏ အကျင့်မအောင်မြင်ပါစေနှင့်။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၁၈)
**ယာကုပ် ၅း၅**
သုတ္တံ ၄း၁၄-၁၉

*"ဒုစရိုက်နှင့်ဆိုင်သောမုန့်ကိုစား၍ ညှင်းဆဲခြင်းနှင့်ဆိုင်သောစပျစ်ရည်ကိုသောက်တတ်ကြ၏"*

# သင်၏ဘဝရည်မှန်းချက်သည်အဘယ်နည်း

ယာကုပ်သည် လောကအပျော်အပါးအတွက်သာ အသက်ရှင်နေထိုင်ပြီး၊ သူတို့၏ စိတ်နှလုံးသားကို ကျွေးမွေးဖို့ဇိမ်ခံသည့်ဘဝဖြင့် နေထိုင်သူများကို သတိပေးသည်။ ဤအရာသည် ဘဝ၏ ရည်မှန်းချက်လား။ Westminster Shorter Catechism မေးခွန်း၁က "လူသား၏ ဘဝရည်မှန်းချက်သည်ဘာလဲ" ဟုမေး၏။ အဖြေမှာ "လူ၏ဘဝရည်မှန်းချက်သည် ဘုရားသခင်၏ဘုန်းတော်ကို ထင်ရှားစေဖို့ရန်နှင့် သူ့ကိုထာဝရပျော်မွေ့စေရန်" ဖြစ်သည်။ ရှောလမုန်သည် ဒေသနာ ၁၂း၁၃-၁၄ တွင် ဤသို့ နိဂုံးချုပ်ထား၏ "အချုပ်အခြာစကားဟူမူကား၊ ဘုရားသခင်ကိုကြောက်ရွံ့၍ ပညတ်တော်တို့ကို စောင့်ရှောက်လော့။ ဤရွေ့ကား လူနှင့်ဆိုင်သောအမှုအရာအလုံးစုံတို့ကို ချုပ်ခြာသတည်း။ အကြောင်းမူကား ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှုစ၍ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကို စစ်ကြော၍၊ တရားသဖြင့် စီရင်တော်မူလတံ့သတည်း"။

<u>ပျော်မွေ့ဖို့အတွက်</u> - ယာကုပ် ၅း၅ တွင် ချမ်းသာကြွယ်ဝသူများ၏ ဇိမ်ခံခြင်းအကြောင်းကို ဖော်ပြသည်။ သူတို့သည် ၎င်းတို့၏အလုပ်သမားများကို ခေါင်းပုံဖြတ်နေစဉ်တွင် "ပျော်ရွှင်စွာ" နှင့် "ဇိမ်ကျကျ" နေထိုင်ကြသည်။ ယာကုပ်က အခြားသူများ၏ စရိတ်စကဖြင့် ဇိမ်ခံနေထိုင်ခြင်းအတွက် ဆိုးယုတ်သောသူကြွယ်များကို ရှုတ်ချခဲ့သည်။ သူတို့သည် ကာမဂုဏ်လိုက်စားကြ၏။ ပျော်ရွှင်မှုနှင့် ဇိမ်ခံမှုတို့ကို ရှာဖွေသူများသည် မိမိတို့၏မရောင့်ရဲနိုင်သော ရမ္မက်ကိုဖြည့်ဆည်းရန် ဒုစရိုက်သို့ ကျဆင်းသွားတတ်သည်။ ဤအရာများက ဘုရားမရှိသောလူများကို ပုံဆောင်နေမည်မှာ သေချာ၏။ သူတို့သည် မျက်စိကန်းသောကြောင့် လောကီအဆင်ပြေမှုများကို ကျော်လွန်၍ မမြင်နိုင်ကြပေ။ ယောဟန် ၃း၃ ကိုဖတ်ပါ။

<u>အာဟာရအတွက်</u> - သူတို့သည် မိမိတို့နှလုံးကို အာဟာရဖြည့်စွက်ဖြည့်တင်းပေးသည်။ အာဟာရဖြည့်ခြင်းဆိုသည်မှာ "အစာကျွေးမွေးခြင်း" ဖြစ်၍ ဆိုးဘက်သဘောဖြင့် ပျော်ပွဲရွှင်ပွဲကို အလွန်အမင်းနှစ်သက်ခြင်းကို ညွှန်ပြ၏။ ရုပ်ပိုင်းကားချပ်မှာ ဆင်းရဲသားများဖြစ်သော သားကောင်များထံမှ လုယူထားသောအရာများကို အီသည်အထိ စားသုံးသောဖိနှိပ်သူ၊ ဇိမ်ခံသောခားမြများ၏ ပုံစံဖြစ်သည်။ ဇိမ်ခံလိုသောဆန္ဒသည် ဒုစရိုက်သို့ပို့ဆောင်တတ်သည်။ ဤလုပ်ရပ်က မတရားစဆောင်းထားသူများကို တကိုယ်ကောင်းဆန်စွာ ရှာဖွေကာ သူတို့စိတ်နှလုံး၏ လိုအင်ဆန္ဒတိုင်းကို ဖြည့်ဆည်း၏။ သူတို့အာရုံများ၏ ကြည်နူးမှုများသည် ထိုသူတို့၏ အဓိကသာယာမှုဖြစ်သည်။ အငမ်းမရဘဲ သူတို့၏ကာမဂုဏ်စားချင်စိတ်ကို ကျေနပ်ဖို့ရည်ရွယ်ကြသည်။

ချစ်သောစာဖတ်သူ သင့်ဘဝ၏ရည်ရွယ်ချက်မှာ အဘယ်အရာနည်း။ ကောင်းကင်ဘုံ၌ ဘုရားသခင်ကို ချီးမွမ်းဖို့ရန်လား (သို့) ဤလောကမှာ စည်းစိမ်ဥစ္စာပျော်မွေ့ဖို့လော။ အလားတူ ၁ တိ ၆း၁၇-၁၉ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်ဘဝ၏ ရည်မှန်းချက်ကဘာလဲ။
**ဆုတောင်းချက်** - အဘဘုရား ကိုယ်တော်၏နှုတ်ကပတ်တော်အတိုင်း အကျွန်ုပ်ဘဝ၏ ရည်မှန်းချက်ကို ပြည့်စုံစေဖို့ နာခံခြင်းရှိပါစေ။

တနင်္လာ၊ ဒီဇင်ဘာ (၁၉)
**ယာကုပ် ၅း၆**
ဆာလံ ၉၄း၂၁-၂၃

*“သူတို့၏အပြစ်ကို သူတို့အပေါ်သို့ ရောက်စေတော်မူမည်”*

# ပြစ်မှုမှာ လစာမပေးခြင်းဖြစ်၏

ယာကုပ် ၅း၆ တွင် ချမ်းသာကြွယ်ဝသူများ၏ ဒုစရိုက်ကို ထပ်လောင်းဖော်ပြသည်။

<u>အပြစ်မရှိသောသူများကို ဆန့်ကျင်ခြင်း</u> - “ရှုံ့ချသည်” ဟူသောစကားလုံးသည် တရားဥပဒေဆိုင်ရာစကားဖြစ်ပြီး အပြစ်ရှိကြောင်းစီရင်ချက်ချခြင်းကိုဆိုလိုသည်။ တနည်းအားဖြင့်ဆိုသော်၊ “ဖြောင့်မတ်သောသူ” ကိုအပြစ်ရှိကြောင်းဆုံးဖြတ်ပြီး ပြစ်ဒဏ်ချမှတ်ကြသည်။ ချမ်းသာသူများ၏ဆုံးဖြတ်ချက်သည် အလွဲသုံးစားပြုမှုများဖြင့် စွန်းထင်းနေသည်။ တရားမဝင်သောနည်းလမ်းဖြင့် လူတစ်ဦး၏အသက်ကို ပိတ်ပင်ထားခြင်းဖြင့် ရည်ရွယ်ချက်ရှိရှိသတ်ဖြတ်ကြသည်။ ဆင်းရဲသားတို့သည် ဤရန်လိုမှုတို့ကို မဆန့်ကျင်နိုင်ပါ။ ဖြောင့်မတ်သောသူတို့ကို ဆန့်ကျင်လျက် ဤအရာကိုလုပ်ဆောင်ကြကြောင်းသတိပြုပါ။ ဤလူဆိုးများကအထူးသဖြင့် ယေရှုခရစ်ကိုအမှန်တကယ်မယုံကြည်သူတို့ကို နှိမ့်စက်ညှဉ်းပန်းကြသည်။ ဖြောင့်မတ်သောဆင်းရဲသားတို့ကို ရှုံ့ချပြီး၊ သတ်တောင်သတ်ပစ်ကြသည်။

<u>အားကိုးရာမဲ့သူများကိုဆန့်ကျင်ခြင်း</u>- ယာကုပ်သည် ချမ်းသာသောသူများ၏ဆိုးသွမ်းမှုဖော်ထုတ်ရာတွင် နောက်ဆုံးပိုင်းအဆင့်သို့ရောက်ရှိလာသည်။ သူတို့သည်မတရားသဖြင့် မိမိတို့ငွေကိုစုဆောင်းကြ၏။ ဆင်းရဲနွမ်းပါးသောအလုပ်သမားများ၏ လုပ်ခလစာများကို လုယက်ပြီးဝင်းတို့၏ကာမကုန်ကိုဖြည့်ဆည်းကြသည်။ ထို့ပြင်၊ ဖြောင့်မတ်သောသူတို့ကို ရှုံ့ချပြီးသတ်ပစ်ကြသည်။ သူတို့၏ ခမ်းနားသည့်ဘဝနေထိုင်မှုပုံစံကိုဆက်လက်လုပ်ဆောင်ဖို့ အဆင်သင့်ဖြစ်နေကြ၏။ ရောမ ၃း၁၅-၁၈ က ကယ်တင်ခြင်းမခံရသော လက္ခဏာရပ်များကို ကျွန်ုပ်တို့အား ဖော်ပြသည်။ “သူတို့ခြေသည် လူအသက်ကို သတ်ခြင်းငှါလျင်မြန်၏။ သူတို့သွားရာလမ်း၌ ပျက်စီးခြင်း၊ ဒုက္ခဆင်းရဲခြင်းရှိ၏။ ချမ်းသာလမ်းကိုသူတို့မသိကြ။ ဘုရားသခင်ကို ကြောက်ရွံ့ရသောအကြောင်းသည် သူတို့မျက်စိ၌ မထင်ဟု ကျမ်းစာလာသတည်း”။ ဖြောင့်မတ်သောသူတို့သည် ဆိုးသောသူကြွယ်တို့၏ ရန်လိုခြင်းကို မတားဆီး (သို့) မခုခံခဲ့ကြပါ။ ရောမ ၁၂း၁၉ တွင် သခင်ဘုရားသည် သူတို့အား ပေးတော်မူသည့်အတိုင်း လက်တုံ့ပြန်ခြင်းမပြုပါ။ “ချစ်သူတို့ သူတပါးသည် သင်တို့ကိုပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်၍မတုံ့ကြနှင့်။ အမျက်တော်ကို အခွင့်ပေးကြလော့။ ကျမ်းစာလာသည်ကား ငါသည်အပြစ်တရားကို စီရင်ပိုင်၏။ အပြစ်နှင့် အလျောက်ငါဆပ်ပေးမည်ဟု ထာဝရဘုရား မိန့်တော်မူ၏”။

အပြစ်စီရင်၍ သတ်တတ်သောဆိုးသောသူကြွယ်များကဲ့သို့ မပြုကြနှင့်။ သူတို့သည် မကြာမီတွင် ဘုရားသခင်၏တရားစီရင်မှုအောက်တွင် ထာဝရသေခြင်းကို ခံစားရကြမည်ဖြစ်သည်။ ပြစ်မှုမှာ လုပ်ခလစာမပေးခြင်းဖြစ်သည်။ ရှေ့တွင် အဆုံးမရှိသော ပြစ်ဒဏ်ရှမည် (မာကု ၉း၄၃-၄၈)။

**ဆင်ခြင်ရန်** - ဆိုးသောသူကြွယ်တို့ကဲ့သို့ သဘောထားမျိုးကျွန်ုပ်မှာရှိသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်၏ကိုယ်ကျိုးရှာမှုများကို ခွင့်လွှတ်ပါ။ ကိုယ်တော်၏ အမိန့်တော်ကို အမြဲတမ်းလုပ်ဆောင်နိုင်စေတော်မူပါ။

**ယာကုပ် ၅း၇**
ဟေဗြဲ ၁၂း၁-၃

*"。。。ငါတို့မျက်မှောက်၌ ထားသောပန်းတိုင်သို့ ရောက်ခြင်းငှါ အားမလျှော့ဘဲပြေးကြကုန်အံ့"*

# စိတ်ရှည်သည်းခံခြင်း

တမန်တော်က ယုံကြည်သူများအား အခက်အခဲများကြားမှ စိတ်ရှည်သည်းခံမှုကိုပြသရန် အမိန့်ပေးခဲ့သည်။ သူတို့သည် ညီအကိုတို့ထံမှ ခွဲခြားဆက်ဆံခြင်းကို ခံရပြီး မတရားသဖြင့် ချမ်းသာသူများ၏ ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ အချို့က ဆင်းရဲဒုက္ခကို မခံနိုင်ကြတော့ပါ။ သူတို့သည် သမ္မာကျမ်းစာတွင် ရေးထားသည့်အတိုင်း ဘုရားသခင်၏ကတိတော်များကို ယုံကြည်အားကိုးရန် အားပေးမှုလိုသည်။

<u>သခင်ဘုရားကြွလာတော်မူသည့်တိုင်အောင်</u> - "သည်းခံလော့" (ယာကုပ် ၅း၇) ဟူသော စကားသည် ဒေါသကို ချုပ်တည်းဖို့ကို ပြောခြင်းဖြစ်သည်။ ယုံကြည်သူသည် မိမိအားမတရားသဖြင့် ဆက်ဆံခြင်းနှင့် ဖိနှိပ်ခံရခြင်းတို့က မုန်းတီးခြင်း၊ နာကြည်းခြင်း သို့မဟုတ် စိတ်ပျက်အားငယ်ခြင်း သို့ တွန်းပို့ခွင့်မပြုရပါ။ ဒုက္ခဆင်းရဲတွင် ဆိုးသွမ်းသူများကို (သို့) ဘုရားသခင်ကိုဆန့်ကျင်သည့် စိတ်ခံစားချက်များပေါ် ပေါက်လာနိုင်သည်။ အစောပိုင်းတွင် ဆင်းရဲခြင်းကြောင့် ထိုသို့ခံစားနိုင်ပြီး၊ နောက်ပိုင်းတွင်ဘုရားသခင်သည် ဤဆင်းရဲခြင်းကိုခွင့်ပြုသောကြောင့် တာဝန်ခံဖြစ်သည်ဟု ခံစားနိုင်သည်။ ယုံကြည်သူတို့လက်တုံ့မပြန်ရခြင်းမှာ သခင်ဘုရားကြွလာတော်မူခြင်းကို လက်ခံခြင်းကြောင့်ဖြစ်ရမည်။ ယာကုပ်က သခင်ဘုရားကြွလာခြင်းကို ရည်ညွှန်းသည်။ ဤလောကတွင် စိန်ခေါ်မှုများစွာရင်ဆိုင်နေရသောကြောင့် ထိုအရာသည် ခရစ်ယာန်တိုင်း မျှော်လင့်သောအရာဖြစ်ရပါမည်။

<u>အဖိုးတန်အသီးအနှံများကို စောင့်မျှော်နေသကဲ့သို့</u> ပါလက်စတိုင်းတွင် စပါးစိုက်ရာကာလတွင်အဓိကမှီခိုရသည့် မိုးရာသီနှစ်ခုရှိသည်။ ၎င်းတို့မှာ ဆောင်းဦးနှင့်နွေဦးမိုးများဖြစ်ကြသည်။ သမ္မာကျမ်းစာတွင် ၎င်းတို့ကို အစောပိုင်းမိုးနှင့်နောက်ပိုင်းမိုးဟု ခေါ်၏ (တရား ၁၁း၁၄၊ ယောဘ ၂၉း၂၃၊ ယေ ၅း၂၄)။ ဆောင်းဦး (သို့) အစောပိုင်းမိုးရွာသွန်းမှုသည် များသောအားဖြင့် အောက်တိုဘာလနှောင်းပိုင်း (သို့) နိုဝင်ဘာလအစပိုင်းတွင် စတင်လေ့ရှိသည်။ အောက်တိုဘာလမှ မတ်လအထိ မိုးရာသီသီးသန့်အဖြစ် တည်ရှိနေသည်။ ထို့ကြောင့် ဆောင်းဦးပေါက်ရာသီမှ လယ်သမားများအတွက် အစောပိုင်းနှင့်နောက်ပိုင်းမိုးများကို ကာလကြာရှည်စွာ စောင့်ဆိုင်းနေရပါသည်။ အစောပိုင်းမိုးသည် ခြောက်သွေ့ပြီး ရေငတ်နေသော မြေကို ပြန်လည်ရှင်သန်စေကာ နွေဦးမိုးနှောင်းသည့်တိုင်အောင် မျိုးစေ့ကိုပြင်ဆင်၍ ရိတ်သိမ်းဖို့အတွက် ရင့်မှည့်သော သီးနှံများကို အရှိန်မြှင့်ပေးသည်။ ငါးလမှ ခြောက်လခန့်စောင့်ဆိုင်းရသော်လည်း လယ်သမားများက ရိတ်သိမ်းချိန်ကို စိတ်ရှည်စွာ စောင့်မျှော်ကြသည်။

ချစ်သောစာဖတ်သူ၊ မကြာမီ ယေရှုပြန်ကြွလာခြင်းသည် ရိတ်သိမ်းချိန်ထက်ပင် ပို၍သေချာ၏။ သို့သော် ၎င်းသည်အချိန်အကြာကြီး ယူထားပုံပေါ်သောကြောင့် များစွာသောသူတို့က သံသယဖြစ်ကြသည်။ ၂ ပေ ၃း၉ ကိုဖတ်ပါ။ ဘုရားသခင်၌သေချာသော မျှော်လင့်ချက်ရှိသောကြောင့် စိတ်ရှည်သည်းခံပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ် စိတ်ရှည်သည်းခံခြင်းရှိပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ အကျွန်ုပ်သခင်နှင့် ကယ်တင်ရှင်ယေရှုခရစ်ကြွလာတော်မူခြင်း ကို မျှော်လင့်ရင်းဘဝ၏ စိန်ခေါ်မှုများကို စိတ်ရှည်စွာ ခံနိုင်ရည်ရှိအောင် ကူညီပေးတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၁)

**ယာကုပ် ၅း၈**

လုကာ ၂၁း၂၇-၂၈

*". . . သင်တို့ကို ရွေးနှုတ်သောအချိန်ကာလ ရောက်လုနီးသည်ကို ထောက်သဖြင့်၊ မြော်ကြည့်၍ခေါင်းကိုကြွကြလော့"*

# ဘုရားသခင်ကြွလာချိန်နီးပြီ

ကျွန်ုပ်တို့၏သခင်နှင့် ကယ်တင်ရှင်သခင်ယေရှုကြွလာတော်မူခြင်းသည် ဓမ္မသစ်ကျမ်း၏ အရေးကြီးသောအနာဂတ်ဖြစ်ရပ်ဖြစ်သည်။ ဤကြွလာခြင်းသည် ကြီးစွာသော ဒုက္ခမစတင်မီ ချီဆောင်ခြင်းကို ရည်ညွှန်းသည်။ မသဲ ၂၄း၃၆-၄၂ ရှိ ကျွန်ုပ်တို့အရှင်ကိုယ်တော်တိုင်၏ ပရောဖက်ပြုချက်ကိုဖတ်ပါ။

<u>သည်းခံလော့</u> - တမန်တော်က သူ၏စာဖတ်သူများကို သည်းခံရန်သတိပေးခဲ့သည်။ ဤသည်းခံခြင်းသည် သခင်ဘုရားကြွလာကာ ဤဆိုးညစ်သောကမ္ဘာမှ ယုံကြည်သူများကို ကယ်နှုတ်မည့် သမ္မာတရားနှင့်မသက်ဆိုင်ပါ။ ထို့ကြောင့် ၎င်းက စိတ်ရှည်စွာ စောင့်နေဖို့ ဖော်ပြသည်။ ဤသည်းခံခြင်းသည် ကယ်တင်ရှင်၏စကားတော်ကို သန့်ရှင်းသူတစ်ဦး၏ ယုံကြည်စိတ်ချမှုဖြစ်သည်။ သူ၏ လက်ရှိအခက်အခဲမှ သက်သာရာရစေမည့် အခြားနည်းလမ်းများကို ရှာတွေ့ဖို့ လှည့်ရှောင်သွားမည်မဟုတ်ပါ။ သူသည် နာကျင်မှုဝေဒနာများကို စိတ်ရှည်စွာ ခံရပ်လိုစိတ်ရှိနေ၏။ အကြောင်းမှာ ဘုရားသခင်၏ချိန်းချက်သော အချိန်နှင့်ကယ်တင်ခြင်းရှိကြောင်း သိသောကြောင့်တည်း။ "ထို့ကြောင့် ကြီးစွာသောအကျိုးနှင့်ယှဉ်သော သင်တို့၏ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်။ ဘုရားသခင်၏ အလိုတော်ကိုဆောင်ပြီးမှ ကတိတော်အတိုင်း အကျိုးကိုခံရမည်အကြောင်း သည်းခံခြင်းစိတ်ရှိရမည်။ အဘယ်ကြောင့်နည်းဟူမူကား ကြွလာလတံ့သော သူသည် မဆိုင်းမလင့်ဘဲမကြာမမြင့်မီ ရောက်တော်မူလိမ့်မည်" (ဟေဗြဲ ၁၀း၃၅-၃၇)။

<u>မြဲမြံခြင်းရှိလော့</u> - သူတို့သည် မိမိတို့စိတ်နှလုံးကို တည်တံ့စေရမည်။ ဆိုလိုသည်မှာ သူတို့သည် မရွေ့လျော့ဘဲ သို့မဟုတ် ပုံသေရှိရပါမည်။ "တည်ကြည်" ရန် (ယာကုပ် ၅း၈) သည် စိတ်သဘာထား (သို့) ယုံကြည်ချက်၌ မပြောင်းလဲဘဲ ခိုင်ခံ့မြဲမြံလာစေရန်ဖြစ်သည်။ သန့်ရှင်းသူတို့သည် ဘုရားသခင်၏ထာဝရမေတ္တာတော်၌ ခိုင်မြဲ၍တည်ကြည်စေ၏။ ကျေးဇူးတော်ပဋိညာဉ်တရားသည် ခေတ်ကာလ၏ ကျောက်ဖြစ်သောခရစ်တော်၏ လက်တော်ဖြင့်အဆုံးတိုင် စောင့်ထိန်းတော်မူလိမ့်မည်။

စိတ်နှလုံးရွှင်လန်းကြပါစို့။ တွေဝေ၍စိတ်မပျက်ဘဲ ဖိအားအောက်တွင် မနှစ်မြုပ်ကြပါနှင့်။ အားယူ၍ ခေါင်းမော့လော့။ သခင်ဘုရားကြွလာချိန်နီးပြီ။ သခင်ဘုရား၏ဝမ်းမြောက်ခြင်းနှင့် ကယ်တင်ခြင်းမမျှော်လင့်ချက်နှင့် ထာဝရအသက်၏ အာမခံချက်တို့သည် စိတ်ရှည်သည်းခံပြီး ခိုင်ခံ့မြဲမြံစေရန် သင့်အတွက် ခိုင်လုံသောအကြောင်းရင်းများဖြစ်စေပါ။ ထိုကြွလာခြင်းသည် သင်ထင်ထားသည်ထက် ပိုမြန်မည်။ သိပ်မဝေးပါ။ ပို၍ပို၍နီးလာ၏။ အဆင်သင့်ဖြစ်ပါစေ။ ဘုရားသခင်သည် အနီး၌ရှိတော်မူပြီး မကြာမီတွင် ကျွန်ုပ်တို့မြင်တွေ့ရပြီး သူနှင့်အတူ ထာဝရနေရပါမည်။

**ဆင်ခြင်ရန်** - အကျွန်ုပ်သခင်နှင့် ကယ်တင်ရှင်ကို တွေ့ဖို့ရန် မျှော်လင့်နေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကြီးမားသော ဆင်းရဲဒုက္ခမရောက်မီ ယေရှုပြန်ကြွလာချိန် အလွန်နီးနေပြီဟူသော သိရှိနားလည်ခြင်းဖြင့် ကိုယ်တော်၏ သားသမီးများသည် အသက်ရှင်နေထိုင်နိုင်ကြပါစေသော်။

ကြာသပတေး၊ ဒီဇင်ဘာ (၂၂)
**ယာကုပ် ၅း၉**
ဝတ်ပြု ၁၉း၁၇-၁၈

*"သင့်အမျိုးသားချင်းသည် သင့်ကိုပြစ်မှားလျှင် ကိုယ်တိုင်အပြစ်ပြန်၍မတွေ့ရ။ အငြိုးမထားရ"*

# မငြူစူနှင့်

အငြိုးထားခြင်း (သို့) ငြူစူခြင်းသည် ညည်းတွားခြင်း (သို့) သက်ပြင်းချခြင်းဖြစ်သည်။ ၎င်းသည် အခြားသူများနှင့်ဆက်ဆံရေးတွင် သူကိုယ်ကို ပေါ်လွင်စေသော ခါးသီး၍နာကြည်းစိတ်ကို ဖော်ပြခြင်းဖြစ်သည်။ ယာကုပ်က ထိုသို့မပြုရန်တားမြစ်သည်။ ထို့နောက် သူတို့သည် ခရစ်တော် ပြန်ကြွလာသောအခါ အပြစ်တင်ခြင်းမခံရစေရန် ထိုကဲ့သို့ ခါးသီးသောညည်းညူမှုကို ရှောင်ဖို့ရန် ရိုးရှင်းသော်လည်း ပြင်းထန်သောစေ့စော်မှုကို ပေးသည်။

<u>ပြစ်တင်ခြင်းမခံရမည်အကြောင်း</u> - တမန်တော်က မတရားသောသူတို့၏ ဖိနှိပ်မှုနှင့် အမြတ်ထုတ်ခံရမှုကြောင့် ဆင်းရဲဒုက္ခနှင့် ပြည့်နှက်နေသောယုံကြည်သူများ ၏ ဘဝကိုဖော်ပြထား သည်။ အချင်းချင်းဆက်ဆံပုံတို့ကို သတိရှိကြရန်တိုက်တွန်းထားသည်။ အချင်းချင်းမပြစ်မှားကြရ ပါ။ အကြောင်းမှာ ဘုရားသခင်တရားစီရင်တော်မူမည်။ "စီရင်" ဟူသောစကားလုံး (ယာကုပ် ၅း၉) သည် အပြစ်ရှိသူအား စီရင်ချက် (သို့) တရားစီရင်ခြင်းအတွက် တရားဝင်စကားဖြစ်သည်။ ယေရှု ခရစ်၌ရှိသောသူတို့အတွက် အပြစ်စီရင်ခြင်းမရှိတော့ကြောင်း ကျွန်ုပ်တို့နားလည်၏ (ရောမ ၈း၁)။ သို့ရာတွင် ခရစ်ယာန်များသည် အချင်းချင်းတမင်တကာပြစ်မှားပါက သခင်ဘုရား၏ ဆုံးမခြင်းကို ခံရကြလိမ့်မည် (၁ ကော ၁၁း၃၂)။

<u>တရားသူကြီးရောက်လာသောကြောင့်</u> - တရားသူကြီးသည် "တံခါးရှေ့မှာ" ဖြစ်၍ (ယာကုပ် ၅း၉)၊ တံခါးထဲသို့ အချိန်မရွေး ဝင်နိုင်သည်ဟုစာဖတ်သူများကို ယာကုပ်သတိပေး၏။ ၎င်းက သခင်ဘုရားအနီးနား၌ ရောက်ရှိခြင်းနှင့်သူတို့၏ ပါးစပ်မှထွက်လာသော ညည်းညူခြင်း အကြောင်း သခင်ဘုရားသိရှိကြောင်းကို အလေးပေးဖော်ပြသည်။ မတရားသော သူတို့ကို အပြစ် ပေး၍ကောင်းသောသူတို့ကို ဆုပေးမည့်တရားသူကြီးသည် အနီးမှာ ရှိတော်မူပြီ။ တရားသူကြီးအဖြစ် ခရစ်တော်ပြန်ကြွလာခြင်း၏ သေချာမှုနှင့်နီးကပ်မှုက သူတို့၏စိတ်နှလုံးကို ဘုရားသခင်အား နာခံ စေရန်နှင့်ကောင်းသောအမှုကို ပြုစေရန် တည်ဆောက်ပေးပါစေ။ ယေရှုသည်ဆိုးသွမ်းသူတို့အပါ အဝင်၊ ဤလောကကို တရားစီရင်ဖို့ကြွလာမည်။ ယုံကြည်သူတို့သည် ပြစ်တင်ရှုတ်ချခြင်းတွင် မပါဝင် ရပါ။ ဘုရားသခင်နှင့်အတူနေ၍ သန့်ရှင်းသူတို့အား အပြစ်တရားမနှိပ်စက်တော့သည့် နိုင်ငံတော် ရှိ သူ၏သန့်ရှင်းရာဌာနကိုစောင့်မျှော်လော့။

ကျွန်ုပ်တို့၏ငြူစူခြင်း၊ မနာလိုခြင်း၊ ညည်းတွားခြင်းနှင့် ညည်းညူခြင်းအားဖြင့် ပြသသည့် စိတ်တိုခြင်းနှင့် မကျေနပ်ခြင်းက ကျွန်ုပ်တို့အပေါ်၌ဘုရားသခင်၏ တရားစီရင်ခြင်းကို ဖိတ်ခေါ်၏။ ကောင်းကြီးမင်္ဂလာများကို ခံစားရမည့်အစား ဘုရားသခင်၏ ဆုံးမခြင်းကို ကျွန်ုပ်တို့ခံစားရမည်။ ကျွန်ုပ်တို့သည် ညှင်းပန်းနှိပ်စက်မှုခံရသော အခြေအနေအောက်တွင် ရှိနေသောအခါ၊ ကိုယ်တော် ၏ အကူအညီနှင့်နှစ်သိမ့်မှုရယူရန် ဆုတောင်းကြပါစို့။ လုကာ ၁၈း၇-၈ တွင် သခင်ယေရှုမိန့်တော် မူချက်များကိုဖတ်ပါ။ မေးခွန်းက သင်ဆုတောင်းသလား။ သို့မဟုတ် ညည်းတွားနေသလား။

**ဆင်ခြင်ရန်** - ခရစ်တော်၌ ညီအကိုမောင်နှမများကို ကျွန်ုပ်ငြူစူသလား။
**ဆုတောင်းချက်** - အဘဘုရား အကျွန်ုပ်၏ငြူစူမှုနှင့် နာကြည်းမှုကိုခွင့်လွှတ်ပါ။

သောကြာနေ့၊ ဒီဇင်ဘာ (၂၃)
**ယာကုပ် ၅း၁၀**
မသဲ ၅း၁၀-၁၂

*"• • • အကြောင်းမူကား၊ ကောင်းကင်ဘုံ၌ သင်တို့၏အကျိုးသည်ကြီးလှပေ၏"*

# စံပြများဖြစ်သောပရောဖက်များ

သမ္မာကျမ်းစာအရ ပရောဖက်သည် ဘုရားသခင်၏စကားပြောသူ (သို့) ဘုရားသခင်အတွက် စကားပြောသူဖြစ်သည်။ သူ၏စကားများသည် သူ့စိတ်မှမဟုတ်ဘဲ ပို၍မြင့်မားသောအရင်းအမြစ်မှ ဆင်းသက်လာခြင်းဖြစ်သည်။ သူသည် ဘုရားသခင်ကိုယ်စား မှတ်သွင်းခံစကားများကို ကြိုတင်ပြောကြားခြင်းဖြင့် ကြေငြာသည်။ သူသည်လူတို့အား ၎င်းတို့၏ရိုင်းစိုင်းမှုအကြောင်းကို သတိပေးပြီး ဘုရားသခင်နှင့်သူလူတို့ အနာဂတ်ဆက်ဆံရေးအကြောင်းကို ပြောကြားသည်။ သူ၏စကားများသည် ဘုရားသခင်၏အခွင့်အာဏာဖြင့် မှုတ်သွင်းခံစကားများဖြစ်သောကြောင့် ဘုရားသခင်၏အခွင့်အာဏာရှိသောစကားများဖြစ်သည်။

<u>ဆင်းရဲဒုက္ခခံရခြင်း</u> - ယာကုပ်က ယုံကြည်သူတို့အား အတိတ်ကပရောဖက်များ၏အသက်တာကို ဆင်ခြင်သုံးသပ်ရန် မိန့်ကြားသည်။ ပုန်ကန်တတ်သောလူဆိုးများအလယ်တွင် သူတို့၏ တာဝန်များကို သစ္စာရှိကြသည်။ သူတို့၏စိတ်ရှည်သည်းခံမှုမှ သင်ယူကြဖို့ ယာကုပ်ဆိုသည်။ ပရောဖက်များသည် အသေးအမွှားဝေဒနာများသာမက စမ်းသပ်မှုနှင့်ဆင်းရဲဒုက္ခများစွာကို ခံစားခဲ့ရသည်။ များစွာသောပရောဖက်တို့သည် သေသည့်တိုင်အောင် ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည်။ သူတို့ကို ခန့်ထားသောအရှင်နှင့် သူတို့အား ကတိတော်ပေးထားချက်များကို သတိပြုသောကြောင့် သူတို့၏ယုံကြည်ခြင်း၌ သတ္တိရှိရှိတည်တံ့ခဲ့ကြသည်။ ထို့ကြောင့် ယုံကြည်သူများသည်လည်း သခင်ဘုရား၌စိတ်ရှည်သည်းခံရန် သင်ယူရမည်ဟု ယာကုပ်နိဂုံးချုပ်ထားသည်။

<u>ဆင်းရဲဒုက္ခကိုသည်းခံခြင်း</u> - ဆင်းရဲခြင်းဝေဒနာကို သည်းခံခဲ့သော ပရောဖက်များကို စံနမူနာ ညွှန်ကြားရာ၌ယာကုပ်က ယုံကြည်သူများအား မတရားခံရသောဆင်းရဲဒုက္ခများကို သည်းခံရန် ထပ်လောင်းတိုက်တွန်းထားသည်။ "ဆင်းရဲခြင်း" ဟူသောစကားလုံးမှာ ဂရိစကားဖြင့် kakopatheia ဖြစ်ပြီး kakos (မကောင်းမှု) နှင့် pathos (ဆင်းရဲခြင်း) တို့မှ ပေါင်းစပ်ထားသောစကားလုံးဖြစ်သည်။ သူတို့ပတ်ဝန်းကျင်မှာရှိသောသူတို့၏ မကောင်းမှုလုပ်ခြင်းကြောင့် သူတို့ဒုက္ခဝေဒနာခံစားကြသည်။ ပရောဖက်များသည် ရက်စက်ကြမ်းကြုတ်သော တုံ့ပြန်မှုများဖြင့်ပြန်လည်ပေးဆပ်ခဲ့ကြသည်။ သူတို့အထဲက အများစုသည် "• • • သာ၍မြတ်သော ထမြောက်ခြင်းသို့ ရောက်လိုသောငှါ၊ လွှတ်ခြင်းကိုမခံမယူဘဲ ပြင်းစွာသောညှင်းဆဲခြင်းကိုခံကြ၏။ အချို့သောသူတို့သည် ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာနေရသဖြင့် စုံစမ်းခြင်းကို ခံရကြ၏။ ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်းတိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ရှက်ခြင်း၊ ထားလက်နက်နှင့် ကွပ်မျက်ခြင်းကိုခံရကြ၏။ အလွန်ဆင်းရဲလျက် ညှင်းဆဲနှိပ်စက်ခြင်းကိုခံလျက် သိုးရေ၊ ဆိတ်ရေကို ဝတ်၍လှည့်လည်ရကြ၏" (ဟေဗြဲ ၁၁း၃၅-၃၈)။

ပရောဖက်များသည် ညှင်းပန်းနှိပ်စက်ခြင်းခံခဲ့ရသော်လည်း ဆက်လက်လုပ်ဆောင်ခဲ့ကြပြီး စုံစမ်းခြင်းနှင့် ဆင်းရဲဒုက္ခများ၌ ၎င်းတို့၏သည်းခံခြင်းသည် ယနေ့ကျွန်ုပ်တို့အတွက် စံနမူနာတစ်ခုဖြစ်၏။

**ဆင်ခြင်ရန်** - ဆင်းရဲဒုက္ခကို အကျွန်ုပ်သည်းခံနိုင်သလား။
**ဆုတောင်းချက်** - အဘဘုရား၊ အရာခပ်သိမ်းတတ်နိုင်တော်မူသော ကိုယ်တော်ကိုသာ ယုံကြည်ကိုးစား၍ ရှေးပရောဖက်များထံမှ စိတ်ရှည်သည်းခံခြင်းကို သင်ယူနိုင်စေပါ။

စနေ၊ ဒီဇင်ဘာ (၂၄)

**ယာကုပ် ၅း၁၁**

ယောဘ ၁၃း၁၅-၁၆ *“သူသည်ငါ့ကိုသတ်သော်လည်း သူ့ကိုငါကိုးစားမည်”*

# သည်းခံခြင်း၏ဝမ်းမြောက်ခြင်း

ယာကုပ်က ယောဘသည် စုံစမ်းနှောင့်ယှက်ခြင်းနှင့် ဆင်းရဲဒုက္ခများကို လူတစ်ဦးမှ ကျော်လွှားနိုင်စွမ်းထက် ကျော်လွှားနိုင်ခဲ့ကြောင်းကို ယာကုပ် ၅း၁၁ တွင်ဖော်ပြထားသည်။ သူ၏ ဇဒိုနယ်စပ် ဥဇပြည်၌ဘိုးဘေးများ လက်ထပ်က နေထိုင်ခဲ့သောချမ်းသာပြီး ဘာသာတရားကိုင်းရှိုင်းသောမြေပိုင်ရှင်ဖြစ်သည်။ သူ့အတွေ့အကြုံသည် အလွန်ကောင်းမွန်သော စံနမူနာတစ်ခုဖြစ်လိမ့်မည်။ အကြောင်းမှာ သူသည် ပြင်းထန်သောဒုက္ခကို ဖြတ်သန်းခဲ့ရသည်မှာ သေချာ၏။

<u>ယောဘ၏သည်းခံခြင်း</u> - ဒုက္ခရောက်နေသောယုံကြည်သူများအား နှစ်သိမ့်ပေးဖို့အတွက် ယောဘ၏စိတ်ရှည်သည်းခံခြင်းနှင့် ပတ်သက်သောအံ့ဖွယ်ဇာတ်လမ်းကို ယာကုပ်က မီးမောင်းထိုးပြသည်။ ယောဘသည် စာတန်၏ပြင်းထန်သော တိုက်ခိုက်မှုများဖြစ်သည့် စိတ်ကူးမယဉ်နိုင်လောက်သော ဆင်းရဲဒုက္ခများကို ဖြတ်သန်းခဲ့ရသည်။ သူ၏သားသမီးများ၊ စည်းစိမ်ဥစ္စာများ၊ ကျန်းမာရေး၊ ကျော်ကြားမှုနှင့် အဆိုးဆုံးမှာ ဘုရားသခင်အတူပါရှိခြင်း စိတ်ခံစားမှုများအားလုံးကို သူဆုံးရှုံးရသည်။ သို့သော် ယောဘတုံ့ပြန်ပုံကို ယောဘ ၁း၂၁-၂၂ တွင်ဖတ်ပါ။ သူ၏အောင်ပွဲချက်မှာ “သူသည်ငါ့ကို သတ်သော်လည်း၊ ငါသည်သူ့ကို ကိုးစားမည်၊ သူ့ရှေ့၌ ငါ၏လမ်းခရီးကို ငါစောင့်ထိန်းမည်” (ယောဘ ၁၃း၁၅)။

<u>ဘုရားသခင်၏ရည်မှန်းချက်ပန်းတိုင်</u> - ဘုရားသခင်၏ရည်ရွယ်ချက်ကို နားလည်မှသာ ဆင်းရဲဒုက္ခများကိုသည်းခံခြင်းကို ရွှင်လန်းစရာအဖြစ် မှတ်ယူနိုင်ပါမည်။ သူသည်အဘယ်သို့သောသူဖြစ်သည်ကို ကျွန်ုပ်တို့သိမှသာ သူသည် ကျွန်ုပ်တို့ကို မည်သို့ဆက်ဆံမည်ကို သိရမည်။ ယာကုပ်က ဘုရားသခင်၏ သဘောသဘာဝကို ကျွန်ုပ်တို့အား သတိပေးသည်။ ဘုရားသခင်သည် “အလွန်သနားစုံမက်တတ်သူ” ဖြစ်သည်။ ဓမ္မသစ်ကျမ်းတွင် ဤနေရာတွင်သာ သုံးထားသော ဂရိစကားလုံးသည် လူ့စိတ်ခံစားမှုနေရာအဖြစ် ခန္ဓာကိုယ်အတွင်းပိုင်းအကြောင်း ပြောသောဟေဗြဲဗန်းစကားဖြစ်သည်။ ဘုရားသခင်သည် ရင်တွင်ကြင်နာခြင်းရှိသည်ဆိုသော်၊ ဂရုဏာတရားအပြည့်ရှိကြောင်းကိုဆိုလို၏။ သူသည် သနားခြင်းဂရုဏာနှင့်ပြည့်စုံသည်။

ယာကုပ်က ဘုရားသခင်၏နောက်ထပ်ဂုဏ်အင်္ဂါရပ်ကို ဖော်ပြသည်မှာ - ဘုရားသခင်သည် “နူးညံ့သောဂရုဏာရှင်” ဖြစ်သည်။ ဤအချက်က ဘုရားသခင်သည် ဂရုဏာအပြည့်ရှိကြောင်းကိုပြသပြီး၊ ဤဂရုဏာကို အတင်းအကြပ်မဟုတ်ဘဲ သူ၏ရက်ရောမှုနှင့် နူးညံ့သောနည်းဖြင့်ပြသသည်။ ထို့ကြောင့် ဘုရားသခင်သည် သူ၏သားသမီးများကို စုံစမ်းနှောက်ယှက်ခြင်းနှင့် ဆင်းရဲဒုက္ခများကို ဖြတ်သန်းခွင့်ပြုသောအခါ သူသည် ရက်စက်သောကြောင့်မဟုတ်ပါ။ သူတို့နှင့် ဖွဲ့ထားသော ပဋိညာဉ်ကို ပြည့်စုံစေရာတွင် ဂရုဏာတော်ကိုပြသ၏။ အဆုံးသည် ကျွန်ုပ်တို့၏ကောင်းကျိုးနှင့်ဘုရားသခင်၏ဘုန်းတော်ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် ဆင်းရဲဒုက္ခများကြားတွင် ဝမ်းမြောက်နိုင်ကြောင်း ဘုရားသခင်က သူ့သားသမီးတို့အား အာမခံထားသည်။

**ဆင်ခြင်ရန်** - ဆင်းရဲဒုက္ခကြားတွင် ကျွန်ုပ်သည် ဘုရားသခင်၌ ဝမ်းမြောက်ခြင်းရှိသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်၏သားသမီးများအတွက် ကိုယ်တော်လုပ်ပေးသော ပန်းတိုင်ကို အကျွန်ုပ်အားမြင်စေ၍ ယောဘကဲ့သို့ကိုယ်တော်၏ ဂရုဏာတော်၌ ကျွန်ုပ်ဝမ်းမြောက်ခြင်းရှိပါစေသော်။

တနင်္ဂနွေ၊ ဒီဇင်ဘာ (၂၅)
**ယာကုပ် ၅း၁၂**
မသဲ ၅း၃၃-၃၇

*". . . ကျိန်ဆိုခြင်းကိုအလျှင်းမပြုရ"*

# အပြစ်စီရင်ခြင်းမရှိပါ

တစ်ချိန်က လူ့သမိုင်းတွင် ဘုရားသခင်သည် လူသားများနှင့်အတူ နေထိုင်သည်။ သခင်ယေရှုဖွားမြင်ခြင်းကို သတိရသည့်အခါ ရောမ ၈း၁-၂ ကိုလည်း သတိရကြပါစို့။ "ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌ ဇာတိပကတိအတိုင်းမကျင့်၊ ဝိညာဉ်ပကတိအတိုင်းကျင့်သောသူတို့သည် အပြစ်စီရင်ခြင်းမှလွတ်ကြ၏။ ယေရှုခရစ်၌တည်၍ အသက်ရှင်စေသောဝိညာဉ်တော်၏တရားသည် အပြစ်တရား၏လက်မှရင်း၊ သေခြင်းတရား၏လက်မှရင်း ငါ့ကိုကယ်လွှတ်ပြီ"။ လူသားများသည် ဘုရားသခင်၏ သားသမီးများဖြစ်လာစေခြင်းငှါ ဘုရားသခင်၏သားတော်သည် လူသားဖြစ်လာခဲ့သည်။ သူသည် ပြီးပြည့်စုံသော အသက်တာတွင် နေထိုင်ခဲ့ပြီး၊ အဖိုးတန်သွေးတော်သွန်းလောင်းရန် လက်ဝါးကပ်တိုင်သို့ သွားကာ၊ အသေခံပြီး သင်္ဂြိုဟ်ခြင်းကိုခံရသော်လည်း သေခြင်းမှပြန်လည်ထမြောက်ခဲ့သည်။ သူသည် ကောင်းကင်ဘုံသို့ပြန်တက်သွားပြီး သူပြန်လာမည်ဟု ကတိပေးခဲ့သည်။ ထိုပြန်လာမည့်နေ့မှာ ယနေ့လည်းဖြစ်နိုင်သည်။

<u>ကျိန်ဆိုခြင်းမပြုနှင့်</u> - "ကျိန်ဆိုခြင်း" (ယာကုပ် ၅း၁၂) သည် ကတိကဝတ်ပြုရာတွင် ပုဂ္ဂိုလ်တစ်ဦး (သို့) အရာဝတ္ထုထံ ကတိသစ္စာတိုင်တည်ခြင်းဖြစ်သည်။ ယုံကြည်သူများသည် ပေါ့ပေါ့တန်တန်ကျိန်ဆိုခြင်းမပြုရန် ယာကုပ်မိန့်ဆိုသည်။ ကျွန်ုပ်တို့သည် ကတိသစ္စာကို အလေးအနက်မစဉ်းစားသောအခါ ဘုရားသခင့်နာမတော်ကို ရှုတ်ချသည်ဖြစ်၍ အပြစ်ဖြစ်သည်။ ဘုရားသခင့်နာမတော်ကို ကရော်ကမည်သော်ငြင်း၊ မလေးမခန့်သော်ငြင်း၊ ပြောင်ပြောင်တင်းတင်းဖော်ပြခြင်းတွင် အပြစ်မရှိဟူ၍ကျွန်ုပ်တို့မတွေးသင့်ပါ။ မသဲ ၅း၃၃-၃၇ ကိုဖတ်ပါ။

<u>သံသယမရှိနှင့်</u> - ကျွန်ုပ်တို့၏စကားများကို မှန်ကန်စွာပြောရပါမည်။ သံသယမရှိပါနှင့်။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းနှင့် လက်တွေ့လုပ်ဆောင်ခြင်းတွင် ကျွန်ုပ်တို့၏အမြင့်ဆုံးနှင့် နောက်ဆုံးအခွင့်အာဏာအဖြစ် သမ္မာကျမ်းစာရှိသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာကို မလေးစားဘဲ သံသယရှိသောအခါ ဘုရားသခင့်နှုတ်ကပတ်တော်၏ မမှားယွင်းနိုင်မှု၊ အမှားကင်းစင်မှုနှင့် အခွင့်အာဏာရှိမှုကို အခြားသူများအား မည်သို့တင်ပြနိုင်မည်နည်း။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းနှင့် ကျင့်ကြံခြင်း၏ နောက်ဆုံးစံနှုန်းဖြစ်သော မှုတ်သွင်းထား၍ ထိန်းသိမ်းထားသော နှုတ်ကပတ်တော်ကို ကျွန်ုပ်တို့အားပေးသောကြောင့် ကိုယ်တော်ကို ကျေးဇူးတင်ပါသည်။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာမှ ထောက်ခံမှုမရသောအခါ ဘုရားသခင်၏ နာမတော်ကို ရှုတ်ချခြင်းဖြစ်၍ ကျိန်ဆိုခြင်းမပြုရပါ။ ပညတ်တော်ကိုသတိရကြပါစို့ - "သင်၏ဘုရားသခင် ထာဝရဘုရား၏နာမတော်ကို မုသာနှင့်ဆိုင်၍ မမြွက်မဆိုနှင့်။ အကြောင်းမူကား နာမတော်ကို မုသာနှင့်ဆိုင်၍ မြွက်ဆိုသောသူကို အပြစ်မရှိဟု ထာဝရဘုရားမှတ်တော်မမူ" (ထွက် ၂၀း၇)။

**ဆင်ခြင်ရန်** - ကျွန်ုပ်သည် ဘုရားသခင်၏နာမတော်ကို အချည်းနှီးအသုံးချမိပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ ကိုယ်တော်ရှေ့၌ မဟုတ်မမှန်ကျိန်ဆိုခြင်းမပြုပါမည်အကြောင်း သမ္မာတရားအတွက် ကျမ်းစာကိုရှာဖွေစေတော်မူပါ။

**ယာကုပ် ၅း၁၃**
ဆာလံ ၁၁၆း၂-၅

*" . . . ငါ့အသက်ရှင်သမျှကာလပတ်လုံး၊ ထာဝရဘုရားကို ပဌနာပြုမည်"*

# ဖျားနာခြင်းနှင့်ကျန်းမာခြင်း

ယခုတမန်တော်သည် လူ့ဘဝ၏အခြေခံအကျဆုံးအပိုင်းသို့ လှည့်သွားပါသည်။ လူသား၏ နေ့စဉ်တွေ့ကြုံမှုများသည် ဘုရားသခင့်ဘုန်းတော်အတွက်ဖြစ်ရပါမည်။ ဖျားနာခြင်းနှင့် ကျန်းမာခြင်းသည် လူသားတို့၏နေ့စဉ်ဘဝ၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။ ဖျားနာသောသူသည် ဆုတောင်းရမည်ဖြစ်ပြီး၊ ကျန်းမာသောသူတို့သည် ချီးမွမ်းရကြမည်။ အရာခပ်သိမ်းတွင် ကျွန်ုပ်တို့သည် ဘုရားသခင်ကို အသိအမှတ်ပြုရပါမည်။

__ဆုတောင်းပါစေ__ - ယာကုပ်၏ သင်းအုပ်နှင့်ဆိုင်သော ဂရုစိုက်မှုတွင် ပင်ပန်း၍ဆင်းရဲခံရသော ယုံကြည်သူများအတွက်ဖြစ်သည်။ သူတို့သည် ဘဝတွင် ခက်ခဲကြမ်းတမ်းစွာ ကြုံတွေ့နေရသူများဖြစ်သည်။ "ဆင်းရဲဒုက္ခ" ဟူသောစကားလုံး (ယာကုပ် ၅း၁၃) သည် ဆင်းရဲဒုက္ခပြဿနာခံစားနေရသူများကို ရည်ညွှန်းသည်။ သူတို့သည်ဘဝတွင် အခက်အခဲများကို သည်းခံကြသည်။ သည်းခံသည်ဟူသောအချက်သည် ဒုက္ခရောက်နေသော်လည်း လုပ်သင့်သည်များကို ဇွဲရှိရှိလုပ်ဆောင်ခြင်းကို ဖော်ပြသည်။ သူတို့သည် မြဲမြံစွာ ရပ်တည်ကြသည်။ သူတို့၏စိတ်ပျက်အားငယ်မှုကို ဖြေဖျောက်ဖို့ ဆုတောင်းရန် ယာကုပ်တောင်းဆို၏။ အထက်ဖော်ပြသည့်အတိုင်း ဆုတောင်းခြင်းသည် ဒုက္ခဆင်းရဲကို ခံနိုင်ရည်ရှိရန် မရှိမဖြစ်လိုအပ်သည်။ ဆာလံဆရာက "သေခြင်းကြိုးတို့သည် ငါ့ကိုဝိုင်း၍ မရဏာနိုင်ငံဘေးတို့သည် ငါ့ကိုဘမ်းမိသဖြင့် ဆင်းရဲဒုက္ခဝေဒနာနှင့် ငါတွေ့ကြုံရ၏။ ထိုအခါ အိုထာဝရဘုရား၊ အကျွန်ုပ်အသက်ကို ကယ်နှုတ်တော်မူပါမည်အကြောင်း တောင်းပန်ပါ၏ဟု ထာဝရဘုရား၏နာမတော်ကို ပဌနာပြု၏။ ထာဝရဘုရားသည် ကျေးဇူးပြုတတ်သောသဘော၊ ဖြောင့်မတ်သောသဘောရှိတော်မူ၏။ ငါတို့ဘုရားသခင်သည် ကရုဏာစိတ်ရှိတော်မူ၏" (ဆာလံ ၁၁၆း၃-၅) ဟုဆို၏။

__သီချင်းဆိုပါစေ__ - ကျန်းမာရွှင်လန်းသောသူတို့သည် ဘုရားသခင်အား ထောမနာသီချင်းဆိုကြစေ။ ရွှင်လန်းဖို့ရန် နှစ်သိမ့်ခွန်အားရှိဖို့ လိုသည်။ တမန်တော်က သူတို့သည် လောကတွင် ထင်ပေါ်ကျော်ကြားဖို့ အထိန်းအကွပ်မဲ့ရွှင်လန်းခြင်းကို ဆန့်ကျင်သည့်အနေဖြင့် ဆာလံသီချင်းကို သီဆိုရန်သတိမှတ်ပေးသည်။ ထို့ကြောင့် သူတို့၏ကြွယ်ဝမှုသည် ဘုရားသခင်ထံမှဖြစ်ကြောင်း နားလည်မှုဖြင့် သူတို့၏ဝမ်းမြောက်မှုကို ဖော်ပြရမည်။ ဆာလံ ၁၀၅း၁-၃ ကိုဖတ်ပါ။

ဆုတောင်းခြင်းနှင့်ချီးမွမ်းခြင်းသည် ယုံကြည်သူများဘုရားသခင်ကို ကိုးကွယ်နေစဉ် အမြဲရပ်တည်ရပါမည်။ ဝေဒနာခံစားရသောအခါ ကိုယ်တော်တပါးတည်းသာလျှင် ကုသခြင်း၏ အရင်းမြစ်ဖြစ်သည်။ ပျော်မြူးသောအခါ ကိုယ်တော်တပါးတည်းသာလျှင် ခွန်အားနှင့်ကျန်းမာခြင်းဖြစ်တော်မူ၏။ ထို့ကြောင့် ယုံကြည်သူများသည် ဘုရားသခင်နှင့်စဉ်ဆက်မပြတ် ဆက်ဆံခြင်းကို လျစ်လျူရှုဖို့အချိန်မရှိပါ။ ဘုရားသခင်သည် သင့်အားစက္ကန့်တိုင်း အုပ်စိုးနေသည်။ သူ့နောက်တော်ကို မရပ်မနားလိုက်ဖို့ မထိုက်ပေဘူးလား။ ချစ်သောစာဖတ်သူ ဖျားနာသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ ဘုရားသခင်ထံဆုတောင်းပြီး ချီးမွမ်းကြပါစို့။ ကျွန်ုပ်တို့သည် အရာခပ်သိမ်း၌ ကိုယ်တော်ကို ဘုန်းထင်ရှားစေရပါမည်။

**ဆင်ခြင်ရန်** - ဘုရားသခင်ကို ကျွန်ုပ်အမြဲရှာနေပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ ကျွန်ုပ်၏အသက်တာ၌ ကိုယ်တော်ကို ရှာရန် ဆာလောင်ငတ်မွတ်သောအသက်တာကို ဖန်ဆင်းတော်မူ၍ အချိန်တိုင်းကိုယ်တော့်ကို စောင့်မျှော်စေတော်မူပါ။

အင်္ဂါ၊ ဒီဇင်ဘာ (၂၇)
**ယာကုပ် ၅း၁၄**
တမန် ၁၄း၂၁-၂၃

*“အသင်းတော်တိုင်း၌ သင်းအုပ်တို့ကိုခန့်ထား၍၊ အစာရှောင်လျက် ဆုတောင်းပဌနာပြုပြီးလျှင်. . . ”*

## မကျန်းမာသောသူရှိသလား

“သင်းအုပ်များ” (ယာကုပ် ၅း၁၄) အတွက် ဂရိစကားမှာ အင်္ဂလိပ်စကားလုံး Presbyterian ဟူသောစကားဆင်းသက်လာရာဖြစ်သည်။ ဤအရာသည် ခရစ်ယာန်အဖွဲ့အစည်းများ (သို့) အသင်းတော်များကိုဦးစီးသောခေါင်းဆောင်များကို ရည်ညွှန်းသည်။ တမန် ၁၄း၂၃ တွင် အသင်းတော်တိုင်း၌ သင်းအုပ်များကို စတင်ခန့်ထားသည့်ပုံကို ကြည့်သောအခါ ပေါလုက အသင်းတော်၌ Presbyterian အုပ်ချုပ်မှုစနစ်ကို ဖော်ပြထားသည်။

<u>သင်းအုပ်များလာပါစေ</u> - ဘုရားသခင်၏လူတို့တွင် ဖျားနာသောသူတဦးရှိသောအခါ၊ အသင်းတော်၏အကူအညီနှင့် သင်းအုပ်များ၏ဆုတောင်းပေးခြင်းများကို ရယူလိုစိတ်ရှိရပါမည်။ သွန်သင်ပေးသောသင်းအုပ်များသည် နှုတ်ကပတ်တော်နှင့်အယူဝါဒကို တိုက်တွန်းဖို့ရန် ဆုလက်ဆောင်များထောက်ပံ့ခံကြရသည် (၁ တိ ၅း၁၇)။ ၎င်းမှာ သိုးစုကိုထိန်းကျောင်းရန် ဘုရားသခင်ခေါ်တော်မူခြင်းခံရသူတို့၏တာဝန်ဖြစ်သည်။

<u>သင်းအုပ်တို့ဆုတောင်းပါစေ</u> - သင်းအုပ်တို့သည် လာ၍မကျန်းမာသောသူတို့အတွက် ဆုတောင်းကြပါစေ။ ဖျားနာသောအသင်းသူအသင်းသားတို့အတွက် ဆုတောင်းရန်မှာ သင်းအုပ်ဆရာတို့၏တာဝန်ဖြစ်သည်။ သင်းအုပ်တို့သည် ဘေးဥပဒ်ခံရသူများအတွက် ကြားဝင်ပြန်ဖြေပေးခြင်း၊ ထိခိုက်နစ်နာသူများကို ဘုရားသခင်ရှေ့တော်၌ နေရာပေးခြင်းနှင့်ဖျားနာသူများကို ဘုရားသခင်ထံ ဆက်ကပ်ပေးရပါမည်။ ၎င်းသည် ခေါင်းဆောင်များနှင့်ပြည်သူတို့အကြား ပိုမိုချစ်ခင်ရင်းနှီးမှုနှင့် နွေးထွေးမှုကိုလုံ့ဆော်ပေးသည့်နည်းလမ်းလည်းဖြစ်သည်။

<u>သင်းအုပ်တို့က ဆီလိမ်းပေးပါစေ</u> - သင်းအုပ်တို့သည် ဖျားနာသောသူတို့ကိုဆီလိမ်းပေးကြလိမ့်မည်။ ဘိသိက်ပေးခြင်းမှာ ခန္ဓာကိုယ်အပြင်ဘက်ပိုင်း၏ အစိတ်အပိုင်းတစ်ခု (မသဲ ၆း၁၇)တွင် ဆီ (သို့) ဆီမွှေးလိမ်းခြင်း (မသဲ ၆း၁၇) ဖြစ်သည်။ ဤဆီလိမ်းခြင်း၏ရည်ရွယ်ချက်မှာ မြင့်မြတ်သောဘာသာရေးဆိုင်ရာ ထုံးတမ်းမဟုတ်ဘဲ ဆေးဖက်ဆိုင်ရာဖြစ်သည်။ “အရှေ့အလယ်ပိုင်းတွင် ပေါများသောသံလွင်ဆီသည် မောပန်းနွမ်းနယ်နေသောခန္ဓာကိုယ်ကို သက်သာစေရန်အတွက် မကြာခဏအသုံးပြုလေ့ရှိသည်” (Khoo )။

တမန်တော် ၂၀း၃၄-၃၆ တွင် ပေါလုသည် ဘုရားသခင်၏သိုးစုများကို ပြုစုစောင့်ရှောက်ခြင်းနှင့်ပတ်သက်၍ ဧဖက်မြို့ရှိသင်းအုပ်များကို ဤသို့တိုက်တွန်းခဲ့သည် - “ဤလက်တို့သည် ငါ့ကို၎င်း၊ ငါ့အပေါင်းအပါတို့ကို၎င်း လုပ်ကျွေးပြုဟုသင်တို့သည် ကိုယ်တိုင်သိကြ၏။ ထိုသို့သင်တို့သည်လည်းအလုပ်လုပ်၍ အားနည်းသောသူတို့ကို မစရမည်ကို၎င်း၊ အစွန့်အကြဲခံခြင်းအရာထက် စွန့်ကြဲခြင်းအရာသည် သာ၍မင်္ဂလာရှိသည်ဟု သခင်ယေရှုမိန့်တော်မူသော စကားတော်ကို အောက်မေ့ရမည်ကို၎င်း၊ အရာရာ၌ သင်တို့အားငါပြသပြီဟု ပေါလုဆိုပြီးလျှင် ဒူးထောက်၍ ထိုသူအပေါင်းတို့နှင့်တကွ ဆုတောင်းလေ၏”။ ဤအရာသည် ဘုရားသခင်၏သားသမီးများ၊ အထူးသဖြင့် ဖျားနာနေသူများ၏လိုအပ် ချက်များကို ဖြည့်ဆည်းပေးဖို့ ကျွန်ုပ်တို့သင်းအုပ်များ၏နှလုံးသားဖြစ်ပါစေ။

**ဆင်ခြင်ရန်** - ကျွန်ုပ်၏အသင်းတော်၌ရှိသောသင်းအုပ်များအတွက် ဆုတောင်းပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ အသင်းတော်၌ရှိသောသင်းအုပ်တို့သည် မိမိတို့တာဝန်ကိုမှတ်မိဖို့ရန် ကူညီပေးတော်မူပါ။

ဗုဒ္ဓဟူး၊ ဒီဇင်ဘာ (၂၈)
**ယာကုပ် ၅:၁၅**
ဆာလံ ၁၀၃:၁-၅

*"သင်၏အပြစ်အလုံးစုံတို့ကိုဖြေလွှတ်၍၊*
*သင်၏အနာရောဂါရှိသမျှတို့ကိုလည်း ပျောက်စေတော်မူ၏"*

# ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်း

ယာကုပ် ၅:၁၅ တွင် "ယုံကြည်ခြင်း" သည် သန့်ရှင်းသောကျမ်းစာတစ်အုပ်လုံး၏ သွန်သင်ချက်ကိုအမှန်တကယ်ယုံကြည်ခြင်းအား ရည်ညွှန်းသည်။ ၎င်းသည်ခရစ်ယာန်တစ်ဦးချင်းစီတိုင်း၏ ခံစားချက်ဖြစ်သောယုံကြည်ခြင်းမျိုးမဟုတ်ပါ။ ၎င်းသည် ခရစ်ယာန်တစ်ဦးက ဆုတောင်းခြင်း၌ယုံကြည်ကိုးစားမှုမျိုးကို ရည်ညွှန်းခြင်းမဟုတ်ဘဲ နှုတ်ကပတ်တော်တွင်ဖော်ပြထားသည့်အခြေခံမှုများအတိုင်း တောင်းလျှောက်သည့်ဆုတောင်းချက်ကို ရည်ညွှန်းသည်။

<u>ဖျားနာသူတို့ကိုကယ်လော့</u> - "နာမကျန်း" ဟူသောစကားလုံးကို ဂရိစကားလုံးက ပင်ပန်းနွမ်း နယ်နေသော (သို့) စိတ်ဓါတ်ကျနေသူများကို ဆိုလိုသည်။ ၎င်းက ပင်ပန်းလွန်းခြင်း (သို့) ဖျုန်းတီး ခြင်းကိုဆိုလိုသည်။ ဤနေရာတွင် ယုံကြည်ခြင်းဖြင့် ဆုတောင်းခြင်းက သင်းအုပ်တို့၏ဂရုစိုက်အုပ် ထိန်းမှုကို တောင်းဆိုသည်။ သူတို့သည် "နာမကျန်း" သူများ၏ဝိညာဉ်ရေးရာလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။ သမ္မာကျမ်းစာတွင် ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏အလိုတော်နား လည်မှုကို အခြေခံ၍ ထက်မြက်သောဆုတောင်းခြင်းသည် အားနည်းနေသောယုံကြည်သူကို ပြန်လည်ရှင်သန်စေမည်ဖြစ်သည်။ နှိပ်စက်ညှဉ်းပန်းမှု၊ ခွဲခြားဆက်ဆံမှု၊ ခေါင်းပုံဖြတ်မှုနှင့် ကပ်ပျက် ဖို့ရန်ပင် ခြိမ်းခြောက်ခံရမှုများက လွှမ်းမိုးနေသည်။ ယုံကြည်သူများသည် သင်းအုပ်တို့၏သာမန်နှင့် ပုံမှန်အတိုင်း ဆုတောင်းပေးခြင်းနှင့် သူ့ဒုက္ခပြဿနာနှင့်ဆိုင်သော မေးခွန်းတို့ကိုဖြေဆိုနိုင်သည့် ယုံကြည်ခြင်း၏ကောင်းကြီးမင်္ဂလာများလိုအပ်သည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်က သူတို့ကို အားပေးပြီး ဝတ်ပြုခြင်းနှင့်အမှုတော်လုပ်ငန်းဆီ ပြန်လည်ပို့ဆောင်ပေးပါလိမ့်မည်။ "သခင်ဘုရား သည် သူ့ကိုထမြောက်စေတော်မူမည်" (ယာကုပ် ၅:၁၅)။ "ထမြောက်" ဟူသောစကားလုံးက အိပ်ပျော်နေခြင်းမှ နိုးထလာသောသူကိုဆိုလိုသည်။ သို့မဟုတ် တစုံတဦးကို သတိအနေအထားနှင့် အဆင်သင့်ဖြစ်နေသောအနေအထားသို့ ပြောင်းလဲ စေခြင်းကိုဆိုလိုသည်။ လူသည် သတိရှိလာပြီး ဂရုတစိုက်တွေးတတ်ရန် (သို့) အာရုံစိုက်လာဖို့ ဖြစ်သည်။

<u>အပြစ်များကိုခွင့်လွှတ်လော့</u> - ယုံကြည်ခြင်းဖြင့် ဆုတောင်းခြင်းသည် ခရစ်ယာန်ယုံကြည်ချက်၌ ရှန်းကန်မှုများကိုဖြေရှင်းပေးသည်။ ဤဆုတောင်းခြင်းက တမန်တော်များ၏အမိန့်တော်ထက် စိတ်ရှည်သည်းခံဖို့ဆိုသည့်အချက်ကို လျစ်လျူရှုရန်မဟုတ်ပါ။ ထို့ပြင်၊ ယုံကြည်သူများစွာ ကျရှုံးသည့် အငြိုးထားခြင်းကိုလည်း မဖြစ်စေပါ။ အကယ်၍ လူသည်ချန်လှပ်သောအပြစ်နှင့် ကျူးလွန်ခြင်းအပြစ်နှစ်ခုလုံးကိုပြုလျှင် နောင်တတရားကိုရှာဖွေဖို့ ဒူးထောက်တောင်းပန်မည်မှာ သေချာလှသည်။ ၁ ယော ၁:၈-၁၀ ကိုဖတ်ပါ။

ထို့ကြောင့် ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်းက ပင်ပန်းနွမ်းနယ်နေသောယုံကြည်သူကို ပြန်လည်နိုးထစေရုံသာမက ဘုရားသခင်နှင့်သူ၏ရှင်လန်းသောဆက်ဆံရေးကို ပြန်လည်ရရှိစေမည်။ အကြောင်းမှာ သူ့အပြစ်တို့ကိုသန့်ရှင်းစေသောကြောင့်ဖြစ်သည်။ ဆာလံ ၅၁:၅-၈ တွင် ဒါဝိတ်ဆိုထားသည်ကို ဖတ်ပါ။

**ဆင်ခြင်ရန်** - ဆုတောင်းသည့်အခါ၊ အကျွန်ုပ်၏အပြစ်များကိုဝန်ခံသလား။
**ဆုတောင်းချက်** - အဘဘုရား၊ တစ်ချိန်က ကိုယ်တော်နှင့်မိဿဟာယဖွဲ့ခြင်း၏ ရှင်လန်းမှုကို ကျွန်ုပ်အားပြန်ပေးတော်မူပါ။

**ယာကုပ် ၅း၁၆**
ဆာလံ ၁၄၅း၁၈-၂၁

*“ထာဝရဘုရားသည် ပဌနာပြုသောသူအပေါင်း၊ သစ္စာနှင့်တကွ ပဌနာပြုသောသူအပေါင်းတို့၏ အနီးအပါး၌ရှိတော်မူ၏”*

# တန်ခိုးရှိသောဆုတောင်းခြင်း

ဂရိစကားလုံး “အရှိန်ကြီးသော” ဟုဆိုသောအခါ တန်ခိုး (သို့) စွမ်းအား ပါခြင်းကိုဆိုလိုပါသည်။ ဤဆုတောင်းချက်သည် ဖြောင့်မတ်သောသူ၏ဆုတောင်းခြင်းဖြစ်၍ ဝိညာဉ်တန်ခိုးပါဝင်ပါ၏။ ဆုတောင်းချက်က ကြီးသောတန်ခိုးကိုဖြစ်စေသည်မဟုတ်ဘဲ၊ အဖြေပေးတော်မူသော ထာဝရဘုရားက တန်ခိုးရှိစေခြင်းဖြစ်ပါသည်။ “အလွန်တန်ခိုးပါ၏” ဟူသောစကားလုံးက ဆုတောင်းသောသူနှင့်ထိုဆုတောင်းချက်အပေါ် အနန္တတန်ခိုးရှင်ဘုရားသခင်၏ တန်ခိုးရှိသောအဖြေပေးတော်မူခြင်းကို ဆိုလိုပါသည်။

<u>အချင်းချင်းအပြစ်ဝန်ခံကြလော့</u> ယာကုပ်က အချင်းချင်းအပြစ်ဝန်ခံခြင်းနှင့် အချင်းချင်း ဆုတောင်းကြရန် တိုက်တွန်းခြင်းဖြစ်ပါသည်။ ဤအပြစ်ဝန်ခံခြင်းက ဆုတောင်းသောသူနှင့် ဆုတောင်းခံသောသူတို့အတွက် သန့်ရှင်းခြင်းကိုဖြစ်စေပါသည်။ “ဘုရားသခင်ကို ကြောက်ရွံ့သောသူအပေါင်းတို့၊ လာ၍နားထောင်ကြလော့။ ငါ့ဝိညာဉ်အဖို့ အဘယ်သို့ကျေးဇူးပြုတော်မူမည်ကို ငါကြားပြောမည်။ ငါသည် ဘုရားသခင်ကိုနှုတ်နှင့်အော်ဟစ်၍၊ ဂုဏ်တော်ကိုလည်း လျှာနှင့်ချီးမွမ်းရပြီ။ ငါသည် စိတ်နှလုံးထဲမှာ ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားရှင်သည် နားထောင်တော်မမူ။ ယခုမူကား၊ ဘုရားသခင်သည်နားထောင်၍ ငါမြွက်ဆိုသောပဌနာစကားသံကို မှတ်တော်မူပြီ။ ငါမြွက်ဆိုသောပဌနာကိုပယ်တော်မမူ။ ကျေးဇူးတော်ကို ငါမှရုပ်သိမ်းတော်မမူသောဘုရားသခင်သည် မင်္ဂလာရှိတော်မူစေသတည်း” (ဆာလံ ၆၆း၁၆-၂၀)။ ဘုရားသခင်သည် ကျွန်ုပ်တို့အပြစ်များကို ဝန်ခံမှသာလျှင် ကျွန်ုပ်တို့၏ဆုတောင်းသံကို နားညောင်းတော်မူ၏။

<u>အချင်းချင်းဆုတောင်းပေးကြလော့</u> အချင်းချင်းဆုတောင်းပေးခြင်းငှါ ယာကုပ်တိုက်တွန်းခြင်းသည် ယုံကြည်သူများ ဘုရားသခင်ထံမှအနာငြိမ်းခြင်းခံရရန်ဖြစ်ပါသည်။ ဤအနာငြိမ်းခြင်းသည် ခန္ဓာကိုယ်အနာငြိမ်းခြင်းကိုသာ ဆိုလိုသည်မဟုတ်ပါ။ ဣသရေလလူတို့၏အပြစ်များကို ဘုရားသခင်ခွင့်လွှတ်ပေးတော်မမူခြင်း၌လည်း ဤစကားလုံးကို ရည်ညွှန်းချက်ဖြင့်အသုံးပြုခဲ့ပါသည် (မသဲ ၁၃း၁၅)။ ရှင်ပေါလုကလည်း ထိုစကားလုံးကို ဝိညာဉ်ပြုပြင်ခြင်းဖော်ပြချက်၌ အသုံးပြုခဲ့ပါသည် (ဟေဗြဲ ၁၂း၁၂-၁၃)။ ပေတရုကလည်း ယုံကြည်သူများအား ခရစ်တော်ပေးတော်မူသော အပြစ်မှလွတ်ငြိမ်းစေခြင်းဖော်ပြချက်၌ အသုံးပြုခဲ့ပါသည် (၁ ပေ ၂း၂၄)။ ယာကုပ်က ဤအနာငြိမ်းခြင်းဟူသောစကားလုံးကို နောင်တရသောယုံကြည်သူအား ဝိညာဉ်အရာ၌ပြန်လည်ပြုပြင်ခြင်းတည်းဟူသော ခွင့်လွှတ်ခြင်းကိုရည်ညွှန်း၍အသုံးပြုခြင်းဖြစ်ပါသည်။

ဒါဝိတ်၏ အပြစ်ဝန်ခံခြင်းဆာလံကို ကျွန်ုပ်တို့အားအမှတ်ရစေပါသည်။ သူသည် ဇိအုန်တစ်မြို့လုံးပြန်လည်ပြုပြင်ခြင်းအမှုကို မျှော်လင့်ခဲ့ပါသည်။ ဆာလံ ၅၁း၁၄-၁၉ ကိုဖတ်ပါ။

**ဆင်ခြင်ရန်** - အကျွန်ုပ်အပြစ်များကို ကျွန်တော်ဝန်ခံပါသလား။
**ဆုတောင်းချက်** - အဘဘုရား၊ သန့်ရှင်းသောဝိညာဉ်တော်သည် အကျွန်ုပ်အပြစ်များကိုဖော်ပြ၍ အကျွန်ုပ်သည် ကိုယ်တော်ရှေ့၌ အပြစ်ဝန်ခံမည်အကြောင်း မစတော်မူပါ။

သောကြာ၊ ဒီဇင်ဘာ (၃၀)

**ယာကုပ် ၅း၁၇-၁၈**

၃ ရာ ၁၈း၄၂-၄၅

*"မိုးကောင်းကင်သည် မိုးသက်မုန်တိုင်းနှင့် မည်း၍ ပြင်းစွာမိုးရွာ၏"*

# ငါတို့ကဲ့သို့လောကစံ၌ကျင်လည်သောသူ

ဧလိယသည် ဣသရေလရှင်ဘုရင် အာဟပ်ခေတ်၌ ကျော်ကြားသောပရောဖက်ဖြစ်ပါသည်။ ပထမဆုံး၌ ဧလိယကို (၃ ရာ ၁၇း၁) ကိလဒ်ပြည်၊ တိရှဘိမြို့သား ဧလိယ ဟု ဖော်ပြခဲ့ပါသည်။ သူ၏အဓိကအမှုတော်သည် ဘုရားသခင်ကိုပြစ်ပယ်သောလူမျိုးတို့အား ထိုဘုရားသခင်ထံ ပြန်လည်ခေါ်ဆောင်ရန်ဖြစ်ပါသည်။ ထိုအမှုတော်ဆောင်ခြင်း၌ အံ့ဩဖွယ်အမှုပြုခြင်းပါဝင်သည်ဖြစ်သောကြောင့် ထိုလူမျိုးတို့သည် မိမိတို့အပြစ်အတွက် ဖြေရှင်းချက်တစုံတရာမပေးနိုင်တော့ပါ။ ယာကုပ်က ဧလိယကို ကျွန်ုပ်တို့ကဲ့သို့သော လူပုဂ္ဂိုလ်ဖြစ်ကြောင်းဖော်ပြခဲ့ပါသည်။ ကျွန်ုပ်တို့ခံစားသကဲ့သို့၊ ကျွန်ုပ်တို့စိုးရိမ်သကဲ့သို့ ခံစားစိုးရိမ်တတ်သောပုဂ္ဂိုလ်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

<u>ကြိုးစားဆုတောင်းခြင်း၊</u> ယာကုပ်က ဖြောင့်မတ်သောသူ၏ကြိုးစားဆုတောင်းခြင်း၏အကျိုးကြီးမှုကို ဧလိယ၏ဆုတောင်းခြင်းအားဖြင့် ဥပမာပေး၍သက်သေပြခဲ့ပါသည်။ သူသည် ကောင်းကင်သော့ကိုပိုင်ဆိုင်သောသူကဲ့သို့ မြင်တွေ့ရပါသည်။ ဧလိယဆုတောင်းခြင်းက ကောင်းကင်ကိုပွင့်စေ၍ပိတ်စေနိုင်ပါသည်။ "ကြိုးစားဆုတောင်းခြင်း" ဟု ဆိုသောအခါ ဧလိယ၏အထူးဆုတောင်းခြင်းကို ဆိုလိုပါသည်။ များစွာသောလူတို့သည် ဆုတောင်းသယောင်တွေ့ရသော်လည်း၊ အမှန်ဆုမတောင်းကြပါ။ အချို့တရားဟောဆရာတို့က ကျွန်ုပ်တို့ဆုတောင်းချက်သည် ဘုရားကျောင်းခေါင်မိုးကိုပင် မကျော်တက် ဟု ဆိုတတ်ကြ၏။

<u>အကျိုးကြီးသောဆုတောင်းခြင်း၊</u> ယာကုပ်က ဧလိယဆုတောင်းသောအခါ ကောင်းကင်မှ မိုးရွာ၍ မြေကြီးသည်အသီးအနှံကို ပေး၏။ ဆုတောင်းသောသူသည် ဘုရားသခင်ရှေ့မှောက်၌ စိတ်နှလုံးဖြောင့်မတ်သောသူဖြစ်၍ အပြစ်ကို ချစ်ခင်နှစ်သက်သောသူမဖြစ်ရပါ။ အကျွန်ုပ်စိတ်နှလုံးသည် ဒုစရိုက်ကိုငဲ့ကွက်လျှင် ဘုရားသခင်သည် အကျွန်ုပ်ဆုတောင်းခြင်းကို နားညောင်းတော်မူမည် မဟုတ်ပါ (ဆာလံ ၆၆း၁၈)။ ထို့ပြင်၊ ဆုတောင်းချက်သည်လည်း အားကြီးသောဆုတောင်းချက်ဖြစ်ရပါမည်။

သို့သော်လည်း၊ ယာကုပ်က ဧလိယသည် ကျွန်တော်တို့ကဲ့သို့သော သာမန်လူသားတစ်ဦးသာဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။ ၃ ရာ ၁၉း၁-၂ ၄ ကိုဖတ်ပါ။

ဗာလဘုရားနှင့်ယေဇဗေလတို့၏ များစွာသောပရောဖက်တို့ကို အောင်နိုင်သောထိုပရောဖက်ဧလိယသည် စိုးရိမ်ထိတ်လန့်ခြင်းရှိ၍ ထွက်ခွာခဲ့ပါသည်။ ထို့ကြောင့် အားကြီးသောဆုတောင်းခြင်း၏တန်ခိုးသည် လူ၌မတည်၊ မိမိနူတ်ထွက်စကားအတိုင်း အရာခပ်သိမ်းကိုခွဲခန့်စီမံခဲ့သောထာဝရဘုရား၌တည်ကြောင်း ပေါ်လွင်ထင်ရှားလှပါသည်။ အကျွန်ုပ်တို့၏ထာဝရဘုရားသခင်ကို အစဉ်ကိုးစားယုံကြည်ကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် ဘုရားသခင်အသုံးတော်ခံဖြစ်ခြင်းငှါ သန့်ရှင်းသောသူ ဖြစ်ပါသလား။

**ဆုတောင်းချက် -** အဘဘုရား၊ ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်ခြင်းငှါ အကျွန်ုပ်တို့ကို ခွန်အားပေးတော်မူပါ။

စနေ၊ ဒီဇင်ဘာ (၃၁)
**ယာကုပ် ၅း၁၉-၂၀**
ဒံယေလ ၁၂း၂-၄

*“. . . လူအများတို့ကိုဖြောင့်မတ်ခြင်းတရားလမ်းထဲသို့ သွင်းသောသူတို့သည်လည်း၊ ကြယ်များကဲ့သို့ဝင်း အစဉ်အမြဲထွန်းလင်းကြလိမ့်မည်”*

# သေခြင်းမှကယ်တင်ခြင်း

ယာကုပ် ၅း၂၀ ထဲမှ “အပြစ်” ဟူသောစကားလုံးသည် လမ်းမှားခြင်း၊ မှားယွင်းသောလမ်းသို့လိုက်ခြင်းကို ဆိုလိုပါသည်။

<u>ထိုသူကိုပြန်စေလျှင်မူကား၊</u> ညှင်းဆဲခြင်းခံရသောယုံကြည်သူများသည် အပြစ်လွန်ကျူးခြင်းမှ ကွယ်ကာခြင်းခံရတတ်၏။ “သမ္မာတရားလမ်းမှလွဲသွား၍” (ယာကုပ် ၅း၁၉) ဟူသော စကားစုက သမ္မာကျမ်းစာသွန်သင်ချက်နှင့်ဆန့်ကျင်သောသူတို့ကို ဆိုလိုပါ၏။ ယာကုပ်က ထိုသို့သောအမှုရှိတတ်ကြောင်း သိခဲ့ပါသည်။ ရှင်ယာကုပ်သြဝါဒစာစောင်၏နိဂုံးတွင် လမ်းမှားသောညီအစ်ကိုတို့ကို ကြိုးစားကူညီမစခြင်းငှါ ကြိုးစားအားထုတ်ရန်အရေးကြီးမှုကို အထူးဖော်ပြခဲ့ပါသည်။ ဤတိုက်တွန်းချက်သည် ယုံကြည်သူတိုင်း အသင်းတော်တိုင်းအတွက်ဖြစ်ပါသည်။ “ပြန်စေလျှင်” ဟူသောစကားလုံးသည် အပြစ်သားကိုပြောင်းလဲစေခြင်းမဟုတ်ဘဲ၊ လမ်းလွဲသောသူကိုလမ်းမှန်သို့ပို့ဆောင်ခြင်းသာလျှင်ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဦးတည်ရာမဲ့လျှောက်သွားသောသူကို သမ္မာတရားနှင့် ဖြောင့်မတ်ခြင်းအကျင့်သို့ ပြန်လည်ခေါ်ဆောင်ခြင်းဖြစ်ပါသည်။ ဤကျမ်းပိုဒ်၌တွေ့ရသော သမ္မာတရားလမ်း၌ လွဲသောသူသည် အရင်ကသစ္စာရှိသောခရစ်ယာန်ဖြစ်ခဲ့မည်ဟု ထင်ရပါသည်။ ဤစကားလုံးက သူကျူးလွန်သောမှားယွင်းမှုမှ ပြန်စေခြင်းကို ဆိုလိုပါသည်။

<u>အပြစ်တို့ကိုဖုံးအုပ်တတ်၏၊</u> လူတစ်ဦးကို ထာဝရသေခြင်းမှကယ်နှုတ်ခြင်းထက် ပို၍နှစ်သက်စရာကောင်းသောအမှုမရှိနိုင်ပါ။ ထိုနည်းတူ မှားယွင်းသောညီအစ်ကိုအား ပြန်လည်ပြုပြင်ခြင်းအမှုသည် လျစ်လျူမရှုသင့်သော မြတ်သောအမှုဖြစ်ပါသည်။ ဆာလောင်သောသူနှင့်ရေငတ်သောသူတို့အား အစားအစာနှင့်သောက်စရာပေးခြင်းသည် ခရစ်တော်နှစ်သက်သောအမှုဖြစ်သော်လည်း၊ ခန္ဓာကိုယ်အသက်ရှင်ခြင်းထက် ပို၍မြတ်သောဝိညာဉ်ကယ်တင်ခြင်းကို ခရစ်တော်ပို၍နှစ်သက်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့သည်အမှုတော်ကို ကြိုးစားဆောင်ရွက်ကြရပါမည်။ ထိုအမှုတော်ဆောင်ခြင်းအားဖြင့် ဘုရားသခင်သည်လူတို့အားကယ်တင်ခြင်းပေးတော်မူ၏။

ချစ်သောစာဖတ်သူ၊ သင့်ပတ်ဝန်းကျင်၌ရှိသော ကူညီမစခြင်းလိုအပ်သောသူတို့ကို သင်အောက်မေ့ပါသလား။ ကျွန်တော်တို့ကယ်တင်ခံရခြင်းသည် ဤလောကီအပြစ်များ၌ ကျင်လည်ခြင်းမပြုရန်သာမက၊ သူတပါးတို့ကိုလည်း ထိုအပြစ်ထဲ၌မကျင်လည်ခြင်းငှါ အကူအညီပေးရန်ဖြစ်ပါသည်။ သမ္မာတရားကိုပြန်လည်ဆင်ခြင်အောက်မေ့သင်ယူလေ့လာခြင်းအားဖြင့် ကျွန်တော်တို့သည် ဤလောကအတွက် ဆားနှင့်အလင်းဖြစ်မည်အကြောင်း ဘုရားသခင်သည် ကျွန်ုပ်တို့ကို သနားတော်မူပါစေသော။ ဆက်လက်ကြိုးစားကြပါစို့။

**ဆင်ခြင်ရန်** - အကျွန်ုပ်သည် သူတပါးထံဘုရားသခင်၏ကောင်းကြီးကို သယ်ပိုးသော၊ ထိုက်တန်သောတန်ဆာပလာဖြစ်ပါသလား။

**ဆုတောင်းချက်** - အဘဘုရား၊ သားတော်သခင်ယေရှုခရစ်တော် ကြွလာတော်မူသည်တိုင်အောင်၊ သူတပါးထံကိုယ်တော်၏နှုတ်ကပတ်တရားတော်ကို ရဲရင့်စွာဝေငှမည်အကြောင်း အကျွန်ုပ်ကိုမစတော်မူပါ။